ပဒုံကာ။
ဆရာတော်ဘုရားကြီး
ပေါကြားတော်မူသော
စတုနိပုတ္တသုတ်တော်
ကထားငေါ်
(ဒုတိယတွဲ)
ဦးကံညွှန့်

၅၇

ပဒုတ္တာ။ ဆရာတော်ဘုရားကြီး



ဦးကုန်ဒေါဘာသ

ပုဂ္ဂိုလ်တော်ရေးဆရာကြီး



ပြီးခဲ့ပြီ

ပဒုမ္မာ
ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော
ဇာတိနိပါဌာန်
တရားတော
(ဒုတိယတွဲ)
ဦးကံညွှန့်

ဖြန့်ချိရေး "အင်ကြင်းညွှန့်" စာပေ

ကုတ် (၂၉၁/၅) ရန်ကင်းလမ်းမကြီး ရန်ကင်းမြို့နယ်

ရန်ကုန်မြို့ ☎ : ၁၁၆၇၉၉

၂၆၁၉၉

အာသာရေးဆိုင်ရာစာမူ

ခွင့်ပြုချက်အမှတ် - ၈၃/၂၀၀၂ (၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၁၇/၂၀၀၂(၃)

ပုံနှိပ်ခြင်း - ၂၀၀၂ ခုနှစ်၊ မတ်လ

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၉၀၀

ထုတ်ဝေသူ - ဦးကျော်ဟောင်း

- ယုံကြည်ချက်စာပေ၊ အမှတ် (၁၁၁)
(၃၃)လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့

ပုံနှိပ်တိုက် - သပြေညို ပုံနှိပ်လုပ်ငန်း
၁၃၇၊ သံသုမာလမ်း၊ သုဝဏ္ဏ

မျက်နှာဖုံးရိုက် - ကျောက်စိမ်းအော့ (ဖ်) ဆက်
၃၃ လမ်း၊ ရန်ကုန်မြို့။

ကွန်ပျူတာ - UNIQCOM ၊ ကုန်သည်လမ်း

ဖလင် - ဖူကျိုကို၊ (၁၄၅) ၄၈လမ်း

စာအုပ်ချုပ် - ဦးအေးမြင့် (၁၁၄)
၉၂ လမ်း ရန်ကုန်မြို့။

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	နိဒါန်း	(က-)
၂။	ဓမ္မာနုပဿနာ	၁
၃။	ခန္ဓာ	၆
၄။	အာယတန	၁၂
၅။	ဓါတ်	၁၃
၆။	သစ္စာ	၁၅
၇။	တရားအားလျော်စွာသိပါ	၂၁
၈။	ဓမ္မာရုံ ၆ မျိုး	၂၃
	ပညတ်တရား	
၉။	ပညတ်	၂၈
	ပရမတ်တရား	
၁၀။	ပရမတ်	၆၄

မာတိကာ

စဉ် အကြောင်းအရာ စာမျက်နှာ

အာရုံတရား

၁၁။ အာရုံ ၈၅

ဝိညာဏ်တရား

၁၂။ ဝိညာဏ် ၁၀၆

စိတ် (နာမ်) တရား

၁၃။ စိတ် ၁၂၀

၁၄။ လောကအဆုံးတရား ၁၃၆

၁၅။ စိတ်၊ စေတသိက်၊ ရုပ်ဖြစ်လာပုံတရား ၁၄၉

စေတသိက် (နာမ်) တရား

၁၆။ ဝေဒနာ ၁၆၉

၁၇။ သညာ ၁၇၆

၁၈။ ဖဿ ၁၈၄

၁၉။ စေတနာ ၁၈၇

၂၀။ သဒ္ဓါ ၁၉၀

၂၁။ သင်္ကေတာ ၁၉၄

မာတိကာ

စဉ် အကြောင်းအရာ စာမျက်နှာ

၂၂။ အဝိဇ္ဇာတရား ၁၉၉

ရုပ်တရား

၂၃။ ရုပ် ၂၀၉

သတ္တဝါအမြင်ပျောက်တရား

၂၄။ သတ္တဝါမဟုတ် ၂၃၄

သိမှတ်ဖွယ်ရာတရားများ

၂၅။ ဇာတိတရား ၂၄၆

၂၆။ ရဟန္တာ ၂၅၄

၂၇။ နိဗ္ဗာန် ၂၅၆

ဧပြီမိတ်ဆွေ

ဤစာအုပ်ပါ "နိဒါန်း" ကို ဖတ်ရှုပါလျှင်

"မြောနှုပသဿနာဒုတိယတွဲ"

တရားတော်မြတ်၏

တန်ဖိုးမဖြတ်နိုင်ပုံကို ပိုမိုသိရှိ၍

(ပညာ) တိုးပွားနိုင်ကြပါလိမ့်မည်

နိဒါန်း

“နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

တစ်မင်၊ တစ်ဖိုလ်ကို တကယ်တန်းအလိုရှိသော ပုဂ္ဂိုလ်သည် သာမန်ပုဂ္ဂိုလ်မျိုးမဟုတ်တော့ပြီ၊ သာမန်ပုဂ္ဂိုလ်မဟုတ်လျှင် လူသာမန်တို့လိုနှလုံးသွင်းနေထိုင်မှုကိုပယ်၍ တစ်မင်၊ တစ်ဖိုလ်ရောက်ရာရောက်ကြောင်းဖြစ်သည့် မှန်ကန်စွာနှလုံးသွင်းတတ်ပြီး၊ တရားအားလျော်စွာ အားထုတ်တတ်သော (နိဗ္ဗာန်)ရောက်ကြောင်း နည်းကောင်းလမ်းမှန်တို့ကို သိရှိရန်လိုအပ်ပါသည်။

(နိဗ္ဗာန်)ရောက်ကြောင်းတရားသည် “ဧကာယနောအယံ ဘိက္ခဝေမဂ္ဂေါ”ဖြစ်သည့်(ပရမတ်)ကိုသိပြီးသွားရသည့်တစ်ကြောင်းတည်းသောလမ်းသာဖြစ်ပါသည်။ (သတိပဋ္ဌာန်)တရားသည် (သတိ)ဖြင့်ပဋ္ဌာနဖြစ်သည့်(ရုပ်နာမ်)ပရမတ်ကိုရှုရသည့်အတွက် (အရှုခံ)ဘရားပင်ဖြစ်လေသည်။ (မဂ္ဂင်ရှစ်ပါး)တရားသည် (မဂ္ဂင်) ဖြစ်၍ (ရှုညာဏ်)တရားပင်ဖြစ်လေသည်။ (ပရမတ်)အရှုခံ(ရုပ်နာမ်)သတိပဋ္ဌာန်နှင့် ရှုညာဏ်(မဂ္ဂင်)တို့ပေါင်းမှ(နိဗ္ဗာန်)ရောက်ကြောင်း “ဧကာယနမဂ်” တစ်ကြောင်းတည်းသော လမ်းခရီးဖြစ်ပေတော့သည်။

(မဂ္ဂင်ရှစ်ပါး)၌ပညာမဂ္ဂင်(၂)ပါး၊သမ္မာဓိမဂ္ဂင်(၃)ပါး၊သီလမဂ္ဂင်(၃)ပါးတို့ဖြစ်ရာ၊ (သီလမဂ္ဂင်) ကို စောင့်ထိန်း၍ (ဘာဝနာ)အရာဖြစ်သော တရားအားလျော်စွာအားထုတ် ခြင်း၊ မှန်ကန်စွာနှုလုံးသွင်းတတ်ခြင်းအရာ၌ သမ္မာဓိမဂ္ဂင် (၃)ပါးနှင့် ပညာမဂ္ဂင် (၂)ပါးဖြစ်သော (ရှုညွှာက်တရား ၅ပါး) နှင့်အားထုတ် ရာ၏။

(သတိ) သည် (သမ္မာဓိမဂ္ဂင်) ကိုကိုယ်စားပြု၏။ (အသိ) ပညာသည် (ပညာမဂ္ဂင်)ကိုကိုယ်စားပြု၏။ ထို့ကြောင့် (မဂ္ဂင်)ဖြစ်သည့် ရှုညွှာက်တရား ၅ပါးသည်(သတိ)နှင့်(အသိ)ညွှာက်ပညာသာလိုရင်းဖြစ်ပါသည်။(ရှုညွှာက်)အရာ၌ရှုရသည့်(ညွှာက်)ဖြစ်စေသောအရာသည်(ပညာ)အသိဖြစ်ကြောင်းကိုလည်း မမေ့သင့်ပေ။(သတိ)ဟူသောဂရုစိုက်မှုကြောင့်(ညွှာက်)ဖြင့်(ပညာ)ဟူသော(ပရမတ်)ကိုသိလာသည်ကိုပွားများရသော အလုပ်ပင်ဖြစ်ပေသည်။တစ်နည်းအားဖြင့် "သတိသေတံ့နိဝရဏံ" ဆိုသလို (သတိ)က(နိဝရဏ)တရားတို့ကိုတားမြစ်တတ်၏။ "ပညာယေတေပိရိယေ"ဆိုသလို(အသိ)ပညာက(နိဝရဏ)တရားစသော (ကိလေသာ)များကိုပိတ်ဆို့ပေ၏။

(သတိ)နှင့်အားထုတ်တတ်အောင် အရှုခံ (ရုပ်နာမ်) ပရမတ်ကိုလည်းသိအောင် ရှင်တော်မြတ်ဘုရားသည် (မဟာသတိပဋ္ဌာန်)တရားတော်မြတ်ကြီးဖြစ်သော(သတိပဋ္ဌာန်)တရားငါးပါးကို ဟောကြားတော်မူခဲ့ပါသည်။(သတိပဋ္ဌာန်)တရားငါးပါးကား၊ (ဖေါက်ပြန်မှု)

ကိုရူရသော(ကာယနုပဿနာ)သတိပဋ္ဌာန်၊ (ခံစားမှု)ကိုရူရသော (ဝေဒနာနုပဿနာ)သတိပဋ္ဌာန်၊ (သိမှု) ကိုရူရသော(စိတ္တာနုပဿနာ) သတိပဋ္ဌာန်နှင့်(ဓမ္မ)သဘောတရားကိုရူရသော(ဓမ္မာနုပဿနာ) သတိပဋ္ဌာန်ဟူ၍ (သတိပဋ္ဌာန်တရား ၄ပါး)ကို ဟောကြားခဲ့ရာ၌ ကိုယ်နှင့် သန်ရာ သန်ရာ(သတိပဋ္ဌာန်)တရားတစ်ပါးပါးကို အားထုတ်ခြင်းဖြင့်လိုရင်းဖြစ်သော(ပရမတ်)ကိုရူနိုင်ပြီး(ဝိပဿနာ) ဖြစ်နိုင်တော့၏။ ထို့အပြင်သတိပဋ္ဌာန်(သတိ)ကြီးကိုလည်း ထူထောင်နိုင်ကြပါသည်။ သို့မှသာ(သတိ)ဖြင့်သိရသော(ပရမတ်)အသိ(ဉာဏ်)လမ်းကြောင်းသည်(ပရမတ်)မဂ္ဂင်လမ်းကြောင်းပေါ် သို့ ရောက်နိုင်တော့၏။

(သတိ)ရှိသော်လည်း သမ္မာသက်ပွား(ပညာ)မဂ္ဂင်အဆင်ချင် ဉာဏ်ဖြင့်(ပညတ်)ကိုဖယ်၍(ပရမတ်)ကိုသာ နှလုံးသွင်းတတ်ဖို့ ဖြစ်သော (ယောနိသောမနသိကာယ) တရားနှလုံးသွင်းမှန်ဖို့လို၏။ (ဓမ္မာနုဓမ္မပဋိပတ္တိ) တရားအားလျော်စွာ အားထုတ်တတ်ဖို့အတွက် (ပညာမဂ္ဂင်)ဖြစ်သော တရား(အသိ)မှန်(ပညာ)ရှိဘို့ လည်းလိုပါသေး၏။ ရှုဉာဏ်အရာတွင်(ပညာမဂ္ဂင်)ဖြစ်သော တရား(အသိ၊ ပညာ) ကို ရှေ့ထားဖို့ကားလိုနေပါ၏။ ဘယ်နေရာမဆိုမသိလျှင်မလုပ်နိုင်ကြပါ၊ (အသိပညာဉာဏ်)မရှိပဲ တုံးတိလုပ်လျှင် လမ်းမှန်၊ အကျင့်မှန်ကိုမရနိုင်ကြပါ။

ထို့ကြောင့် မြတ်စွာဘုရားသည် (အသိ၊ ပညာ၊ ဉာဏ်) ဖြစ်ဖို့

(ဃ) နိဒါန်း

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ (ပညာမဂ္ဂင် ၂ပါး) ကို (ဓမ္မစက္ကာ) တွင် ထိပ်ဆုံးဦးထား၍ ဟောကြားခဲ့ပါသည်။ ထို့အပြင် အလုပ်တရားနှင့် ပါတ်သက်လာလျှင် မဟာဝဂ္ဂ-မဂ္ဂသံယုတ်ပါဠိတော် သုတ်ပေါင်းများစွာတို့တွင် အလုပ်တရားနှင့်ဆိုင်လာလျှင် (သမ္မာဒိဋ္ဌိ) ကို ရှေ့ကထားဖို့ (သမ္မာဒိဋ္ဌိ) ကို အရင်ဆုံးဟောကြားခဲ့သည်များကို တွေ့ရှိနိုင်ကြပါသည်။

မြတ်စွာဘုရား၏သာသနာတော်သည် (သတိ)ကိုမူတည်၍ (အသိ၊ဉာဏ်၊ပညာ) သာသနာတော်ကြီးပင်ဖြစ်လေသည်။ (အသိဉာဏ်၊ပညာ)အမှန်ရဖို့သည်သာ အရေးကြီးဆုံးပင်ဖြစ်ပါသည်။(သတိ)ဖြင့်ကျင့်ကြံ့အားထုတ်နေကြသည်မှာလည်း (အသိဉာဏ်ပညာ)ရဖို့သာဖြစ်ပါသည်။

နိဒါနဝဂ္ဂသံယုတ်သုသိမသုတ်၌ "ပညာဝိမုတ္တာမယံခါသုသိမပုဗ္ဗေဓမ္မဒိဋ္ဌဉာဏပဋ္ဌာနိဗ္ဗာနိဗ္ဗာနေဉာဏံ" ဟူ၍ (သမ္မာဒိဋ္ဌိ) ဉာဏ်ဖြင့် ကိလေသာမှလွတ်ပုံကို ရှင်တော်ဘုရားဟောကြားထားခဲ့ပါသည်။

(နိဗ္ဗာန်) ရောက်ကြောင်းတရားသည် (အသိပညာမဂ္ဂင်) ကို ရှေးဦးစွာသိထားမှ (ဉာဏ်) ဖြစ်ပါသည်။ (ပညာမဂ္ဂင်) အမှန်တရား (သမ္မာဒိဋ္ဌိ) ကို သိထားမှအမှန်သိမြင်သောဉာဏ် (သစ္စာဉာဏ်)ကို ရပါသည်။ (သမ္မာသင်္ကပ္ပ) သည်လည်း (ပညာမဂ္ဂင်) ဖြစ်သည့်အတိုင်း

အမှန်ကိုဆင်ချင်တတ်သော တရားဖြစ်စေသည့်အတွက်(ပညာဣာ)
ကို ရစေ ပါသည်။ မြတ်စွာဘုရားကလည်း "သမ္မာသက်ပွဂေါစရော"၊
သမ္မာသက်ပွကို ရှေ့ကထားရမည်ဟူ၍လည်း ဟောပြထားခဲ့ပါသည်။

ပုထုဇဉ်တို့အဖို့ (ခန္ဓာပရမတ်)သဘောအမှန်ကိုသိသည့်
(သမ္မာဒိဋ္ဌိ)တည်းဟူသော အမှန်မြင်သစ္စာတရားကို သိသည့်အခါ၊
(ကာမသုခလ္လိက)ခေါ်သည့်ကာမ=အာရုံ၅ပါးကပ်ငြိမှုအပေါ် သုခ=
စိတ်အလိုကိုလိုက်ပြီး နှစ်သက်စွာ ကာမဂုဏ်ချမ်းသာကိုခံစားနေသည့်
ကာမဂုဏ် ဘက် (၀ါ) ကိလေသာဘက် (၀ါ) သံသရာလည်တဲ့ဘက်
(၀ါ)လောဘ၊ ဒေါသ၊ မောဟတို့ဖြင့်-စိတ်ညစ်ညမ်းသော(ကိလေသာ)
ဖြစ်စေသည့်ဘက်၊ ပုထုဇဉ်တို့၏အလေ့အကျင့်ဘက်၊ လက်ျာလမ်း
အယုတ်တရားအစွန်းတစ်ပါး။

အတ္တကိလာမထာနုရောဂေါ ခေါ်သည့် အတ္တ=အတ္တနော=
ကိုယ်နှင့်စိတ်ကို ကိလမထသ=ပင်ပန်းဆင်းရဲခြင်းအား‌ဖြင့်၊အနု
ရောဂေါ=စပ်မှီယှဉ်မှီ၍ အားထတ်သည့်ဘက်၊ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲ
အောင်ဖြစ်စေသည့်ဘက်၊(၀ါ)အကျင့်မှားသည့်ဘက်(၀ါ)အသိဉာဏ်
ပညာမဖြစ်စေသည့်ဘက်(၀ါ)ဒုက္ခ(ဝေဒနာ)တစ်ခုခုကိုထူထောင်
ပေးသည့်ဘက်၊ မခံမရပ်နိုင်သော(ဒေါသ)ကိလေသာဖြစ်စေသည့်
အနာခံရမှုကို ဇွတ်မှိတ်သီးခံနေရ၍စိတ်ဆင်းရဲမှု၊ စိတ်ညစ်ငြမ်းမှု
(ကိလေသာ)ဖြစ်စေသည့် လက်ဝဲအစွန်းတစ်ပါးပင်ဖြစ်ပါသည်။

(စ) နိဒါန်း

ဒီလိုကိလေသာဖြစ်စေသည့် လက်ဝဲ၊လက်ျာအစွန်းနှစ်ပါးကို ရှောင်ပြီး(မဇ္ဈိမပဋိပဒါ)အလယ်အလတ်လမ်းဖြစ်သည့်(သစ္စာအသိမှန်)ဖြစ်သော(ပညတ်)ကိလေသာမှလွတ်ပြီး(ပရမတ်)ဖြစ်စေသည့်အပြင်မသိမှု(အဝိဇ္ဇာ)ချုပ်(ကိလေသာ)ချုပ်၍ ဒုက္ခဆင်းရဲမှုသံသရာချုပ်စေသော(မဂ္ဂင်ရှစ်ပါး)လမ်းကိုဟောပြရာ၌ ရှင်တော်မြတ်ဘုရားသည်(ပညာမဂ္ဂင်)ကိုထိပ်ဆုံးမှဟောပြောခဲ့ပါသည်။

ရှင်တော်မြတ်ဘုရားသည် (ဓမ္မစက္ကာ) တရားတော်၌ (ဉာဏ်)(ပညာ)နှင့်သွားဖို့ကိုသာ ဟောထားခဲ့ပါသည်။ (မဇ္ဈိမပဋိပဒါ) အလယ်အလတ်လမ်း (ဓမ္မစက္ကာ) တရားတော်သည် (ပရမတ်) ရုပ်နာမ် ကိုမြင်စွမ်းသည့် စက္ခုကရဏီ = (ပညာ) မျက်စေ့ကိုဖြစ်စေတတ်သော၊ (ညာဏကရဏီ) = (ဉာဏ်) ဖြစ်ခြင်းကိုသာ ဟောထားခြင်းဖြစ်ပါသည်။ (ပညာ) ဉာဏ်က အရင်ပါရမှာဖြစ်ပါသည်။ (ဉာဏ်) ပါမှ အမှန်ဘက်ရောက်မှ (သမ္မာဒိဋ္ဌိ) ဖြစ်ပြီး (ဥပသမာယ) ကိလေသာငြိမ်းခြင်း (အဘိညာယ၊ သင်္ဘောဓာယ) သစ္စာလေးပါးကို ဉာဏ်ထူးဖြင့် ထူးကဲကောင်းမွန်စွာ ထိုးထွင်း၍သိခြင်းငှာ (နိဗ္ဗာနာယ) ကိလေသာမီးခန္ဓာမီးငြိမ်းခြင်းတည်းဟူသော အနုပါဒိသေသနိဗ္ဗာန်အကျိုးငှာ (သံဝတ္တတိ) = ဖြစ်၏လို့ နိဗ္ဗာန်ရောက်ကြောင်း တရားမှာ (ပညာ၊ ဉာဏ်)နှင့် ရှေ့ဆောင် ရှေ့သွားရှိကြဖို့ (ဓမ္မစက္ကာ) တရားတော်မှာ ဟောပြထားခဲ့ပါသည်။

အဆင်ချင်တရားဖြစ်စေသည့် ပညာမဂ္ဂင် (သမ္မာသင်္ကပ္ပ) သည်လည်း(သမ္မာဒိဋ္ဌိ) အမှန်မြင်ဖြစ်ပြီးလျှင် အကျိုးမရှိသည့်သံသရာလည်လမ်း(ပညတ်)နှင့် အကျိုးရှိသည့်(နိဗ္ဗာန်)လမ်း(ပရမတ်)ဟူ၍ အမှားအမှန်ခွဲခြားတတ်သည့်(ပညာ)ပင်ဖြစ်ပေသည်။ မမှန်သည့် အကျိုးမရှိသည့် အပါယ်သံသရာလမ်းဘက်မရောက်ရအောင်၊ ဒါက(သိအပ်)သည့်(ဓမ္မ)တရား၊ဒါက(ပယ်အပ်)သည့်တရား၊ မရှုအပ်သည့်(ပညတ်) တရားတွေကိုပယ်ပြီး၊ ရှုအပ်သည့် (ဆိုက်အပ်)သည့် (ပရမတ်)တရားကို(ဆိုက်)အောင် ဉာဏ်အဆင်အချင်ဖြစ်သည့် ဆင်ချင်တုံတရား(သမ္မာသင်္ကပ္ပ)ဉာဏ်ပညာဖြင့် လုပ်ရပါသည်။ (သန်တ)ပရမတ်(ဆိုက်)မှ(စိတ်၊ စေတသိက်၊ ရုပ်)ဖြစ်သည့်(ရုပ်၊ နာမ်) သန်တပရမတ်ကို (ပွား)တော့မှ (ဖြစ်ပျက်) နေသည့်(ရုပ်နာမ်)သန်တ (ပရမတ်)တွေ ချုပ်ဆုံးရာ မဖြစ်ရာမပျက်ရာ(အသင်္ခတ)ပရမတ် (နိဗ္ဗာန်)ကိုရောက်နိုင်အောင် (ပွား၍)မဲ့တရားဟူ၍ (သိ၊ ပယ်၊ ဆိုက်၊ ပွား)ဉာဏ်(ပညာ)ရှိအောင် ကျင့်တတ်ပွားတတ်အောင် (ပညာမဂ္ဂင် ၂ပါး)ကို ဟောကြားပြသပေး တော်မူခဲ့ပါပေသည်။

(ပညာသိ)၊ သိပြီးသောအခါ (မဂ်ဉာဏ်) ၏ အဖို့အစု အကြောင်းတရားဖြစ်စေသည့် သတိသမ္ဗောဇ္ဈင်ဖြင့် ဓမ္မဝိစယ သမ္ဗောဇ္ဈင် ဖြစ်သည့် ဓမ္မသဘောလေးမျှားကို (သတိ) နှင့် (ဉာဏ်) နှင့် စိစစ်တတ်သည့်သဘောဖြစ်သည့် (ဓမ္မသဘာဝ)အမြင်(သမ္မာဒိဋ္ဌိ)

နိဒါန်း

အမှန်မြင်သဘော ဓမ္မလေးတွေကိုသိပြီး ပယ်ရမှာကိုပယ်ရအောင်၊ ဆိုက်ရမှာကို ဆိုက်ရအောင်ဆိုက်ရောက်စေသည့် (ပရမတ်)ကို (နိဗ္ဗာန်) ထိပွားရမှာတို့ကို (ဉာဏ်) အဆင်အချင်နှင့် လုပ်တတ်သည့် (သမ္မာသင်္ကပ္ပ)ဖြစ်သည့် (ပညာ) မဂ္ဂင်ကြီးသည် တန်ဖိုးရှိလှပါပေသည်။

ထို့ကြောင့် တမင်၊ တဖိုလ်ကို တကယ်တန်းအလိုရှိသော ပုဂ္ဂိုလ်သည် (သတိ) ဖြင့် ရှုကျင့်အပ်သော (သတိပဋ္ဌာန်) တရား ၄ပါး ထဲမှ (ခန္ဓာငါးပါး) ဓမ္မများဖြစ်သော ရုပ်ဓမ္မ၊ နာမ်ဓမ္မတို့ကို အမှန်မြင်(သမ္မာဒိဋ္ဌိ)ဖြစ်စေပြီး၊ အဆင်ချင်ဉာဏ် (သမ္မာသင်္ကပ္ပ)တို့ဖြင့် (ဓမ္မသဘာဝ) တို့ကိုသိထားရမည့်တရား၊ ပယ်ရမည့်တရား၊ ဆိုက်ရမည့်တရား၊ ပွားရမည့်တရားဟူ၍ ယောနိသောမနသိကာရ (နှလုံးသွင်းမှန်စေမှု)၊ ဓမ္မာနုဓမ္မပဋိပဒိုယတို့ (တရားအားလျော်စွာ ကျင့်တတ်မှု) ကို (ဝိဇ္ဇာစရဏ) ဟုဆိုအပ်သည့် ဝိဇ္ဇာ=အသိ၊ စရဏ = အကျင့်ဖြစ်သော (အသိရော အကျင့်ပါ) ဖြစ်စေသည့်(ပညာမဂ္ဂင်) ကိုထိပ်ကထားသည့် (ဓမ္မာနုပဿနာ) သတိပဋ္ဌာန်တရားတော်ကြီးသည် (သတိပဋ္ဌာန်)၏အချုပ်ဟူ၍ လယ်တီဆရာတော်ဘုရားကြီး၏ ကမ္မဋ္ဌာန်းပေါင်းချုပ်တွင်တွေ့ရှိနိုင်ပါသည်။

(သတိပဋ္ဌာန်)တရားတော်မှ ကာယာ၊ ဝေဒနာ၊ စိတ္တာတို့ကို အနှစ်ထုတ်သော်(ပရမတ္ထဓမ္မ)သာရသည်ဖြစ်၍ သိနိုင်ခဲသော

(ပရမတ္ထဓမ္မ)ကိုသာဟောသော (ဓမ္မာနုပဿနာ) သတိပဋ္ဌာန်တရား တော်သည်(နိဗ္ဗာန်)ရောက်ကြောင်းအတွက် နည်းကောင်းလမ်းမှန်ကြီး တစ်ခုပင်ဖြစ်ပါသည်။ ဤနည်းကောင်းလမ်းမှန်ကြီးတင်ပြရသည့် အကြောင်းကိုလည်း ဆက်လက်ပြဆိုပါအံ့။

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတစ်ချို့တို့သည် ဗုဒ္ဓဘာသာဝင် များဖြစ်ကြပါလျက်နှင့် တစ်နေ့ထက်တစ်နေ့၊ မိုးလင်းမှမိုးချုပ်သည် အထိ (လောဘ၊ ဒေါသ၊ မောဟ) မီးတို့ဖြင့် တစ်မိနစ်၊ တစ်စက္ကန့်မျှ အနားမရှိ၊ တိုးတက်တောက်လောင်နေကြပါ၏။ ထို မီး ၃ ပါးသည် အပါယ်ဘေးသို့ မိနစ်မလပ်၊ စက္ကန့်မလပ်တွန်းချနေသည်သာ ဖြစ်ပေ တော့၏။

ဤကဲ့သို့ အပါယ် ၄ပါးအစာဖြစ်ရန် အတွန်းခံနေရခြင်းမှာ လောကီတစ်သက်တာမျှအတွက် ဥစ္စာပစ္စည်းတိုးတက်မှု၊ ဂုဏ်ပကာသနတွေတိုးတက်မှု၊ နာမည်ကြီးမှု၊ပကာသနတွေလိုချင်မှုစသည့် လောကီမှုအတွက် ကြိုးစားနေကြခြင်းကြောင့်သာဖြစ်ပေသည်။

ယင်းသို့ ကြိုးစားနေရာတွင် ရမ္မုလည်းရရာ၏။ မရမ္မုလည်း မရပဲရှိရာ၏။ ရသည်ထားစေကာမူ၊ ထိုလောကီစည်းစိမ်ဂုဏ်ပကာသန တို့သည် မည်မျှထိခံပါအုံးနည်း၊ မိမိမသေခင်ချို့ယွင်း ပျက်စီးသွား ကြရသည်မှာ မျက်မြင်ဒိဋ္ဌပင်ဖြစ်လေသည်။

နိဒါန်း

ထိုမျှမက မိမိသေသည့်တိုင်အောင် တည်မြဲပါသည်ဟု ဆိုရ စေကာမူ၊ မိမိသဲ့သောအခါ ထိုဥစ္စာစည်းစိမ်ဂုဏ်သိမ်ပကာသန အဝဝ တို့သည် သံသရာလည်ရအုံးမည့် မိမိနှင့်နောင်ဘဝသို့တိုင်အောင် ပါနိုင်ပါသည်ဟူ၍ မရှိကြချေ။

ဥစ္စာစည်းစိမ်ဟူသရွေ့တို့သည် မိမိသေသောအခါ အိမ်၌သာ ကျန်ရစ်ခဲ့ကြကုန်၏။ အချို့သားသမီးများ အမွေလုကြရကုန်၏။ မိမိသေသောအခါ **မိမိသား**မယား၊ လင်ယောကျ်ားနှင့် ဆွေမျိုးတစ်ခုတို့သည် သုဿာန်သင်ချိုင်းသို့သာ အစွမ်းကုန်လိုက်ပို့နိုင်ကြကုန်၏၊ မိမိနှင့်အတူသေရာသို့ မလိုက်နိုင်ကြပါပေ၊ မိမိနှင့်အတူသွားလေရာလိုက်ပါကြမည့် (ဥစ္စာ)တို့ကား မိမိ၏ (ကုသိုလ်ကံ) နှင့်မိမိ၏ (အကုသိုလ်ကံ)၊(တရားအသိဉာဏ်ပညာ)တို့သာလျှင် မိမိသွားလေရာ လိုက်ပါကြ မည်သာဖြစ်ပေသည်။

ထို့ကြောင့် ရှင်တော်ဘုရား၏စကားကို နားထောင်ကြသည့် ဗုဒ္ဓဘာသာဝင်ဖြစ်ရိုးမှန်လျှင် တသက်လျာမျှသာဖြစ်သော လောကီ ဥစ္စာစည်းစိမ်ဂုဏ်ရှိန်ဒြပ်ပကာသနအရပ်ရပ်တို့ ရရှိရေးအတွက်သာ အချိန်ကုန်ခံမနေကြပဲ မိမိသွားလေရာလိုက်ပါကြမည့် သူတော်ကောင်း ဥစ္စာ (၇)ပါးတို့ကိုလည်း နေ့ညမပြတ်ရှာဖွေကြိုးစားကြရပေမည်။ သူတော်ကောင်းဥစ္စာ (၇)ပါးတို့မှာကား -

သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ

ပညာ၊ ဟီရိ၊ ဩတ္တပ္ပ - တို့ဖြစ်ပေသည်။

ဤသူတော်ကောင်းဥစ္စာ (၇)ပါးနှင့် ပြည့်စုံသူကို သူဆင်းရဲဂုဏ်မဲ့သူ၊ အောက်တန်းစားဟူ၍ မခေါ်ဆိုနိုင်တော့ပြီ၊ ထိုမျှပင်မကသေးပါ။ ထိုပုဂ္ဂိုလ်အတွက်လည်း အပါယ် (၄)ပါး တံခါးပိတ်သွားပြီဖြစ်တော့၏။ သူတော်ကောင်းဥစ္စာ (၇) ပါးနည်းနည်းစုဆောင်းမိလျှင် နည်းနည်းသက်သာရာရ၏။ များများစုဆောင်းမိလျှင် များများအားကိုးရ၍ များများသက်သာရာရပြီး များများဝမ်းသာပီတိဖြစ်လျက်နေနိုင်တော့၏။ ထို့ကြောင့် သူတော်ကောင်းဥစ္စာ (၇)ပါးသည် မြောက်များစွာပြည့်စုံလာပါမူ၊ ဆင်းရဲဒုက္ခရောက်မည့်ဘေးကို မဆို ထားဘိ၊ သေရမည်ကိုပင်မကြောက်ပါတော့ချေ။

ထိုသူတော်ကောင်းဥစ္စာ (၇)ပါးထဲမှ (ပညာ) ဆိုသည်မှာ လောကီပညာမဟုတ်၊ လောကုတ္တရာ (ပညာ) သာဖြစ်ပေသည်။ လောကီပညာဟုခေါ်ဆိုနေကြသည့် ဝိဇ္ဇာ၊ သိပ္ပံပညာ (High Techanology) ခေါ်သည့် ယခုခေတ်ပေါ်အဆင့်မြင့်နည်းပညာများသည် သင်ယူမှတ်သားထားကြသည့် (သညာ) သိန္ဒြင်ယင်း (သညာ) သိအပေါ်အမှီသဟဲပြုပြီး စမ်းသပ်ရာမှထပ်၍ သိရသောအမှတ် (သညာ) သိများသာဖြစ်ကြကုန်၏။ (ပညာ) မဟုတ်ကြပါပေ။

လူသတ္တဝါတို့သည် (သညာ) သိဖြစ်သော (ပညာ်) သိများ၌ပင် လမ်းဆုံး၍သေကြရကုန်၏။ (ပညာ)ဆိုသည်မှာ လောကမှ

လွတ်မြောက်စေသည့် (လောကုတ္တရာပညာ)သည်သာ မြတ်စွာဘုရား ဟောကြားသည့် တကယ်(ပညာ)အစစ်သာဖြစ်ပေသည်။ (လောကုတ္တရာပညာ)အစစ်သည် (ပညတ်) (သညာ) သိကိုကျော်လွန်၍ (ပရမတ်) ရောက်အောင်သိရသည့် ဉာဏ်သိ၊ ပညာသိ၊ သစ္စာအမှန်သိ၊ သမ္မာဒိဋ္ဌိအသိ၊ သမ္မာသင်္ကပ္ပအသိတို့သာလျှင် (ပညာမဂ္ဂင်) အသိ (လောကုတ္တရာပညာအသိ)သာဖြစ်ပေသည်။

မြတ်စွာဘုရား၏သာသနာသည် (အသိပညာ)သာသနာ၊ (ဉာဏ်ပညာ)သာသနာပင်ဖြစ်လေသည်။ (အသိဉာဏ်ပညာ) အမှန်ရဖို့သည်သာ အရေးကြီးဆုံးဖြစ်ပါသည်။ ကျင့်ကြံအားထုတ်နေကြသည်မှာ လည်း (အသိဉာဏ်ပညာ)ရဖို့သာဖြစ်ပေသည်။ နိဒါနဝဂ္ဂသံယုတ်၊ သုသိမသုတ်၌ "ပညာဝိမုတ္တာမယံခေါသုသိမပုဗ္ဗေ ဓမ္မဒိဋ္ဌိညဏပစ္ဆာနိဗ္ဗာနေဉာဏံ"ဟူ၍(သမ္မာဒိဋ္ဌိဉာဏ်ပညာ)အမြင်ဖြင့် ကိလေသာလွတ်ပုံကိုရှင်တော်မြတ်ဘုရားဟောကြားထားပါသည်။

သူတော်ကောင်းဥစ္စာ (၇)ပါးထဲမှ (ပညာ) သိသည် အမြတ်ဆုံးရတနာ(အသိ)ပင်ဖြစ်ပါသည်။(ရဟန္တာ)မဖြစ်မှီ(ပညာ)ပါရမီအသိဉာဏ်(ပညာ)တို့သည် (ရဟန္တာ)ဖြစ်သည့်အထိ လိုက်ပါလျက်ရှိလေတော့၏။ မြတ်စွာဘုရားလက်ထက်က အလွန်တရာဆင်းရဲရုံမျှမက နေ့နာပင်စွဲနေသော သူတောင်းဧးကြီး (သုပ္ပဗုဒ္ဓ)ကိုပင်ကြည့်ပါလေ။ ဘဝဘဝက (ဒါန)မှုနည်းပါးခဲ့သည့်အတွက် သူတောင်းစား

ဖြစ်ရသော်လည်း လေ့လာဆည်းပူးခဲ့သည့် လောကုတ္တရာအသိ(ပညာ) ပါရမီကားရှိခဲ့၍ လိုက်ပါခဲ့ပါ၏။

ထိုသုပ္ပဗုဒ္ဓသူတောင်းစား နန္ဒနာသည်ကြီးသည် တစ်နေ့သော အခါ မြတ်စွာဘုရား တရားဟောရာမဏ္ဍပ်ကြီးသို့ သွားရောက်၍ မဏ္ဍပ်အစွန်အဖျားတစက်မြိတ် ဟစ်နေရာတွင် မြတ်စွာဘုရား၏ တရားကိုနာကြားရာ၊ တရားတော်ကိုနာကြားရင်း၌ပင်လျှင် ပညာ (ပရမတ်)ကိုသိနားလည်သွားရင်း (သောတာပန်)၌တည်လေ၏။ မြတ်စွာဘုရား၏တရားတော်သည်ကား(ပညာ)အစစ်ဖြစ်ပေသည်။

ဘုရား၏တရားကိုနာပြီးသည်နှင့်(ပထမတန်း)ဖြစ်ကြရသည့် တရားမျိုးသာဖြစ်ပါ၍ တရားတော်ကိုနာကြားရပြီး တရားတော်၏အဆုံး၌ (သောတာပန်)ကားမည်၍မည်မျှ၊ သကဒါဂါမ်၊ အနာဂါမ် အစရှိသည် တထိုင်တည်းဖြစ်ကြရခြင်းမှာ ဘုရားပွင့်ချိန် လူလာဖြစ်ကြရသည့် ဘုရား၏ဝေနေယျများဖြစ်ကြရာ၌ဘဝဘဝက(ပညာ) ပါရမီများ ဖြည့်ဆီးခဲ့ကြသည့်အတွက်(ပညာ)ပါရမီများလိုက်ပါမှုကြောင့်လည်း (ပညာဉာဏ်)ထက်မြက်သူတို့ဖြစ်ကြရပြီး မြတ်စွာဘုရားဟောကြားသောတရားတော်၌ (ဝိဇ္ဇာ၊ စရဏ)ခေါ်သည့်(အသိ)ရော၊ (အကျင့်)ပါတွဲလျက် နှလုံးသွင်းတတ်သော(ပညာ)သိ သိကန်ကြ၍သာ(အရိယာ)များဖြစ်သွားကြရပါသည်။ အညသိဘောဘော်ဖွဲ့ညောက် သဘောပေါက်ပါလေ။

မြတ်စွာဘုရားဟောကြားခဲ့သည့် ဓမ္မစကြာတရား၊ အနတ္တ လက္ခဏသုတ်အစရှိသည့် တရားတို့မှာ (ပညာ) များသာဖြစ်ကြ၍ စကွဲဥဒပါဒိ၊ ညာဏဥဒပါဒိ (ပညာဥဒပါဒိ) အစရှိသဖြင့် (ပညာ) ဉာဏ်တွေရပြီး (သောတာပန်) ဖြစ်သွားကြသည်ကို သိနိုင်ကြပါသည်။ (၇) ရက်တာမျှအားထုတ်လျှင် (အရဟတ္တဖိုလ်)တည်ကြောင်း မြတ်စွာဘုရားဟောကြားခဲ့ပါသည်။ ဟောကြားခဲ့သည့်အတိုင်းလည်း (၇) ရက်နှင့် အရဟတ္တဖိုလ်တည်သည့် ပုဂ္ဂိုလ်များရှိခဲ့ကြောင်း ကျမ်းဂန်များ၌ တွေ့ရသည်မှာ (ပညာ) ကြောင့်ပင်ဖြစ်ပါသည်။

ရှင်တော်မြတ်ဘုရားလက်ထက်က (ပညာ) ပါရမီကြောင့် မြတ်စွာဘုရားကို ဖူးတွေ့ရသူတို့ (ဉာဏ်ပညာ) ၊ ဘ်မြက်ကြပါသည်။ ယခုခေတ်တွင်လည်း (ဂတိမန္ဒ) ဉာဏ်ပညာထုံထိုင်းခြင်း၊ (သတိမန္ဒ) သတိတရားနုံထိုင်းခြင်း၊ (ဓမ္မမန္ဒ) ပရမတ်(ပညာ)တရားဗဟုသုတနည်းပါးခြင်း စသည်တို့မရှိလျှင် လိုရာခရီးကိုပေါက်ရောက်နိုင်ပါသည်။

လောကဌ်(ပညာ)ရှိမှ အလုပ်တွင်ကျယ်ပါသည်။(လောကုတ္တရာ) ပညာသည်ကား (ဓမ္မ) ဟူသော(ပရမတ်)သဘောသဘာဝကိုသိသောအသိ(ပညာ)ပင်ဖြစ်ပါသည်။ မည်သည့်လုပ်ငန်းမဆို သဘောသဘာဝကို နိုင်နင်းရန်၊ (ပညာ)သဘောဖြစ်သော လုပ်ငန်းသဘောကို(သိ)ရန်၊သဘောပေါက်ရန်မှာ အရေးကြီးဆုံးပင်ဖြစ်ပါ

သည်။ လုပ်ငန်း၏(ပညာ)ဖြစ်သောသဘောသဘာဝကိုမှ မသိပဲရမ်း လုပ်လျှင်အလုပ်မဖြစ်သောကြောင့် အချိန်မကုန်သင့်ပဲ အချိန်ကုန်ကြ ရပါသည်။ မပင်ပန်းသင့်ပဲ ပင်ပန်းကြရပါသည်။ ထို့အတူလောကမှ လွတ်မြောက်ကြောင်းတရားဖြစ်သော လောကုတ္တရာ(ပညာ)မှာလည်း (နိဗ္ဗာန်)ရောက်ကြောင်း (ဝါ)သံသရာ ဘေးမှလွတ်မြောက်ကြောင်း လုပ်ငန်းအမှန်သဘောဖြစ်သောဓမ္မအမှန်သဘော၊ မဂ္ဂင်သဘော၊ ပရမတ်(ပညာ)သဘောမှမသိလျှင် ခရီးမပေါက်နိုင်ပါပေ။

(တရားဓမ္မ)မှာလည်း(ဓမ္မ)သဘောတရားဆိုတာဘယ်လို ရှိ၏။ ဒါကဓမ္မသဘာဝဆိုက်၏။ (နိဗ္ဗာန်) ရောက်ကြောင်း ကျင့်စဉ် အမှန်ကဘယ်လိုရှိ၏ စသည်ဖြင့် (နိဗ္ဗာန်ရောက်ကြောင်း)နှင့်ဆီလျော် သည့်သဘောအမှန်ပညာဗဟုသုတရှိထားသင့်ပါ၏။ (သောတာပန်) ဖြစ်ကြောင်း၌လည်း အရေးကြီးသည့်ယောနိသောမနသိကရ ပရမတ် ဖြင့်(နှလုံးသွင်းမှန်ကန်စွာ)နေတတ်မှု(ပညာ)နှင့် ဓမ္မာနုဓမ္မပတိယတ္တို ဖြစ်သည့် (တရားအားလျော်စွာ)ပရမက်ကိုအားထုတ်တတ်သည့် (ပညာ)သဘောအမှန်၊ နည်းပညာအမှန်ကိုလည်းသိထားဖို့ လိုအပ် ပါသည်။

(ဓမ္မ) ဆိုသောတရားသဘောသဘာဝကို မသိခြင်း၊ (ပညာ မဂ္ဂင် ၂ပါး) ကိုလည်းမသိခြင်း၊(သတိပဋ္ဌာန်) တရားကိုလည်းမသိခြင်း (သောတာပန်)ဖြစ်ကြောင်းအရာ၌ အရေးကြီးသည့် (ပရမတ် ဖြင့်

နှလုံးသွင်းမှန်ကန်စွာနေတတ်ခြင်း၊ (ပညာ)ဖြင့်(ပရမတ်)ကို တရားအားလျော်စွာအားထုတ်တတ်သော(ဉာဏ်ပညာ)မျိုးမှ မသိနားမလည်သောသူသည် တရားအားထုတ်ခြင်းအရာ၌ လောကီစကားအရဆိုလျှင် "အမေမှာတဲ့ဆန်တစ်ခွဲ သုံးစိတ်ရတော့သူမလဲ" ဆိုသလိုဖြစ်တတ်ပါသည်။

ထိုစကားဆိုလိုသည်မှာ ဆန်တစ်တင်းတွင်ဘယ်နှစ်စိတ်ရှိသည်ကိုပင်မသိ၊ ဆန်တစ်ခွဲဆိုသည်မှာ ၂စိတ်မျှသာရှိ၍၊ ၃ စိတ်ပေးခြင်းမှာ အမေမှာလိုက်သော ဆန်တစ်ခွဲထက် ၁စိတ်ပိုမျှားသည်ကို သဘောမပေါက်ကြခြင်းကြောင့်သာ လမ်းမှန်၊ အသိမှန်တရားစစ်တရားမှန်အကျိုး ကျေးဇူးကိုခံစားရန် အခွင့်အလန်းရှိပါလျက်နှင့် မခံစားလိုက်ရခြင်းပင် ဖြစ်ပေသည်။

ဆိုလိုသည်မှာအချို့ပုဂ္ဂိုလ်တို့သည် (သောတာပန်) ဖြစ်ကြောင်းအင်္ဂါလေးပါးအတိုင်း ဆရာကောင်းထံတွင်ဆည်းကပ်ခြင်း၊ တရားတော်ကိုနာယူခြင်းဖြင့် တစ်မင်္ဂတစ်ဖိုလ်ရရှိရေးအတွက် ဆရာကောင်းဆရာမှန် ရရှိဖို့ဆည်းကပ်ကြပါသည်။ သို့သော် ထိုသူတို့သည် ဆရာကောင်း ဆရာမှန်ဖြစ်သည်ကိုလည်း အကဲမဖြတ်တတ်ကြ၊ ဆန်တစ်ခွဲတွင် ဘယ်နှစ်စိတ်ရှိသည်ကိုမသိသလို တရားသဘောအမှန်ကိုလည်းမသိ၊ ပညာမဂ္ဂင်ဖြင့်(ပရမတ်)ကိုလည်းနှလုံးသွင်းမှန်အောင်သိမထားကြသည့်အတွက်၊ မသိသူကိုတကယ်နားမလည်သူ (ဆရာ)

တစ်ချို့ကတောဟောလိုက်၊ တောင်ဟောလိုက်နှင့် တောင်စဉ်ရေမရ တွေကိုသာ ဟောလွတ်လိုက်သည်ကိုပင် တရားမသိတော့အဟုတ်ကြီး ထင်ပြီး ငါဆရာမှ ငါဆရာဟူ၍ ဆရာစွဲရှိကြသူတို့ကို လမ်းမှန်၊ အသိ မှန်တရားကို ဘယ်လိုပဲပေးပေး၊ သူ့ဆရာတရားနှင့်သူမလဲတော့ပါ။ အမေမှာသော ဆန်ဟစ်ခွဲ၃စိတ်ရတော့ သူမလဲဆိုသလိုဆရာစွဲကြောင့် သူမလဲတော့ပါပေ၊ မြတ်စွာဘုရားဟောကြားခဲ့သည့် ကာလာမသုတ် တော်ပါ စကားကြီးဆယ်ခွန်းကိုလည်းမသိ၊ သိကြသောသူများက လည်း ဆရာစွဲကြောင့်သတိမမူကြသည့်အတွက် လမ်းမှန်၊အသိမှန် တရားကိုမယူတတ်ကြပဲ၊ ငါဆရာမှငါဆရာဟူသော ဆရာစွဲများရှိနေ ကြသည့်အတွက် ထိုသူတို့သည်ဆရာကောင်း ဆရာမှန်၊ တရားကောင်း တရားမှန်၊ လမ်းမှန်၊အသိမှန်ကိုမရကြပဲ ခရီးရောက်သင့်သလောက် မရောက်ကြသည်ကို တွေ့နေရပါသည်။ ထိုသူတို့သည် အဇာတသတ် မင်းသားကဲ့သို့ ဆရာကောင်းမရွေးတတ်ကြသလို ဖြစ်ကြရ၍ အလွန် သနားစရာကောင်းလှပါပေသည်။

သီလကွန်ပါဦးတော်၊ သာမညဖလသုတ်အဆုံး၌ပါရှိသည်မှာ-အို-ချစ်သား ရဟန်းတို့၊ ဤအဇာတသတ်မင်းသည် တရားသဖြင့် မင်းပြုသောခမည်းတော် ဗိမ္ဗိသာရမင်းကြီးကိုသတ်ခြင်းဖြစ်သော ပိတုဃာတကကံ မရှိခဲ့ပါလျှင် ဤနေရာ၌ပင် (သောတာပန်)ဖြစ် လတ္တံ့ဟု ရှင်တော်ဘုရားမိန့်တော်မူ၏။

နိဒါန်း

အဇာတသတ်မင်းသည် ကြီးစွာသောမင်္ဂလာအကျိုး ဖိုလ်အကျိုးကို ရနိုင်ပါလျက် ဆရာပေါင်းမှားခြင်းကြောင့် အကျိုးမရပဲဖြစ်ခဲ့ရ၏။ ရှင်တော်ဘုရားသည် (ဘာဝနာလုပ်ငန်း)တွင် ဆရာကောင်းဆရာမှန် ရရှိရေးကို အထူးထပ်ခါထပ်ခါ မိန့်တော်မူခဲ့ပါသည်။ ယခုခေတ်အခါ၌ အဇာတသတ်မင်းသားပေါင်းသည့် ဆရာလောက်ဆိုးသည့်ဆရာကို မပေါင်းမိ ကြသော်လည်း တရားနည်းပေးချို့ယွင်းသည့်ဆရာများ၊ တရားကို ကောင်းကောင်းမသိကြရသေးသည့် ဆရာများ၊ မိမိအတွက် အချိန်ကုန် လူပန်းပြီးအရာမရောက်သည့် ဆရာများကိုအကဲဖြတ်တတ်ကြဖို့၊ ကြာကြာပေါင်းမထားမိကြဖို့အရေးကြီးလှပါသည်။

တရားမှန်၊အသိမှန်ကိုကြိုးစားအားထုတ်ကြရာတွင် (ဓမ္မ) သဘာဝကိုနိုင်သော်၊ တရားဟော်အတွက် အယောင်အယောင်အမှားမှားဖြစ်ခြင်းမှကင်းဝေးပေ၏။ (ဓမ္မ) သဘာဝကိုသိရှိရန်မှာ (ဓမ္မ) သဘောတွေဖြစ်ကြသည့် ခန္ဓာငါးပါး၊အာယတန(၁၂)ပါး၊ ဓါတ်(၁၈)ပါးတို့ကိုလည်း အခြေခံအားဖြင့်သိရှိထားရန်လိုအပ်ပါ၏။ ထိုမှတဆင့် တက်သော်မဂ္ဂင်ရှစ်ပါး၊ သတိပဋ္ဌာန်တရား၄ပါး၊ ပရမတ္ထသစ္စာတရား၄ပါးဖြစ်သော စိတ်(၁)ပါး၊ စေတသိက်(၅၂)ပါး၊ရုပ်(၂၈)ပါးဖြစ်သည့် (၈၁)ပါးသော(သဒ္ဒ်တ)တရား၊ နိဗ္ဗာန် (၁)ပါးစသော (၈၂)ပါးသော တရားများ (အဘိဓမ္မာ)တရား ထိုမှတစ်ဆင့်တက်သော်(ပညတ်၊ ပရမတ်) တရား၊ အာရုံ၊ အရမ္မဏကတရား၊ ဓမ္မဝိစယသံဃောဇဉ်ကို

နားလည်စေသည့် (ဓမ္မ)သဘောသဘာဝတရား၊(နိဗ္ဗာန်)တရားစသည် သိသင့်သိထိုက်သော တရားစသည်တို့ဖြစ်ကြပါသည်။

တရားတော်မြတ်ကိုသိဖို့အတွက် ဤတရားစာအုပ်တွင် သိသင့်သိထိုက်သည့် တရား (ဓမ္မ) သဘောသဘာဝနှင့်သက်ဆိုင်သည့် ပညတ်၊ပရမတ်(ပညာ)တရားများပါရှိပါသည်။ စာရေးသူ၏တစ်သက်တာတွင် မကြားမိခဲ့ဘူးသော၊ မဖတ်ခဲ့ရဘူးသော မသိရသေးသော(ဓမ္မ)သဘာဝတရားများစေ့စုံအောင်(ပခုက္ကူ၊ဆရာတော်ဘုရားကြီး)ဟောပြပေးခဲ့ပါသည်။ ဆရာတော်ဘုရားကြီး ဟောကြားပေးတော်မူသော(ဓမ္မ)သဘာဝကို ရှုရသည့် (ဓမ္မာနုပဿနာ)တရားအစပိုင်းကို ပထမဦးစွာ(ဓမ္မနုပဿနာ)တရားတော်စာအုပ်အဖြစ်တင်ဆက်ခဲ့ပြီးဖြစ်ပါသည်။

(ပခုက္ကူ၊ဆရာတော်ဘုရားကြီး)သည် မြတ်စွာဘုရား၏တစ်ခုတည်းသောလိုအပ်ချက်ဖြစ်သည့် (ဥပသမာယ)ဖြစ်သည့် သံသရာတွင်ဒုက္ခပေးနေသည့် (ကိလေသာ)မီးများငြိမ်းသွားဖို့အတွက် (ဓမ္မာနုပဿနာ)တရားဖြင့်ဟောကြားထားပါသည်။ ဆရာတော်ဘုရားကြီးဟောကြားသည့် (ဓမ္မာနုပဿနာ)တရားသည် (ရာဂ၊ ဒေါသ၊ မောဟ)(ကိလေသာ)များကို ပယ်သတ်သည့်တရားများ သာ ဖြစ်ပါသည်။

မြတ်စွာဘုရားအားထုတ်စေလိုသည့် တရားအမှန်သည် (ရာဂ၊ ဒေါသ၊ မောဟ) ကိလေသာမဖြစ်ဖို့ကိုသာ အားထုတ်စေလို

ကြောင်း ပဏာသ၊ အင်္ဂုတ္တရအထကထာ၊ တိကအင်္ဂုတ္တရပါဠိတော် အာဇီဝကသုတ်တို့၌ ပါရှိပါသည်။ (နိဗ္ဗာန်)ရောက်သည့်သဘောသည် (ကိလေသာ)ချုပ်ငြိမ်းမှုနှင့် (သဒ္ဓါရ)ကုန်ပျောက်မှုသာ လိုရင်းဖြစ်ပါသည်။ (ဓမ္မာနုပဿနာ)သည် (ကိလေသာ)ချုပ်ငြိမ်းမှုနှင့် (သဒ္ဓါရ)ကုန်ပျောက်မှုကို အဓိကထားဟောကြားခဲ့သော မြတ်စွာဘုရား အားထုတ်စေလိုသည့် တရားတော်ကြီးပင်ဖြစ်လေသည်။

ဦးစွာတင်ဆက်ခဲ့သည့် (ဓမ္မနုပဿနာ) ပထမစာအုပ်ရှိ တရားတော်များ၏တရားအဆင့်အတန်းမှာ အထက်ပိုင်းသို့ရောက်နေသောကြောင့် သာမာန်ပုဂ္ဂိုလ်တို့ (ဉာဏ်) ကျက်စားရာမဖြစ်နိုင်သဖြင့် (ပဋိစ္စသမုပ္ပါဒ်)နှင့်(ပရမတ္ထ)ဓမ္မတရားအခြေခံရှိကြသူများသာနားလည်ကြပြီး၊ တရားအခြေခံနည်းသူတို့ ဉာဏ်မကျက်စားနိုင်အောင်ဖြစ်ခဲ့ရပါသည်။

တစ်ချိန်က တက္ကသိုလ်တွင်ကျောင်းနေဘက်များ ဖြစ်ခဲ့ကြသည့် အသက် ၆၀ ကျော်ဓမ္မမိတ်ဆွေများကလည်း ဆိုကြပါသည်။ အငြိမ်းစား စစ်ဘက်အရာရှိဟောင်းများကလည်း ဆိုကြသည်မှာ စာရေးသူရေးသားပူဇော်ခဲ့သည် တရားစာအုပ် (၈)လုံးကို ဝယ်ဖတ်ခဲ့ကြပါကြောင်း၊(စိတ္တာနုပဿနာသတိပဋ္ဌာန်)အစရှိသည့် စာအုပ်(၇)အုပ်ကိုတော့ နားလည်ကြောင်း၊ တရားအသိတွေ တိုးတက်ပြီး (ဓမ္မ)ပီတိများလည်း ရကြလို့စာရေးသူကိုကျေးဇူးတင်ကြကြောင်း သို့သော်

လည်း (ဓမ္မာနုပဿနာ) တရားမှာတော့ (ဉာဏ်) မမှီဘူးဖြစ်နေကြ ကြောင်း၊ ဒီတစ်ခါ (ဓမ္မာနုပဿနာ) တရားကိုရေးရင် အလွယ်ဆုံး ဖြစ်နိုင်သမျှ ဖြစ်အောင်ရေးပြပေးစေလိုပါကြောင်းဖြင့် ပြောဆိုလာကြ ပါသည်။ ခေတ်ပညာတတ်ဓမ္မမိတ်ဆွေတစ်ဦးကလည်း ကျွန်တော် လည်း (အဘိဓမ္မာ)သင်တန်းကို တက်ထားတာပဲ၊ ဒါပေမဲ့ ဆရာရေးတဲ့ (ဓမ္မနုပဿနာ)ကြတော့ နက်နဲနေလို့ကောင်းကောင်းနားမလည် နိုင်ဘူးဟုပြောလာခဲ့ပါသည်။

(ဓမ္မာနုပဿနာ) ဆိုသည်မှာ ဓမ္မ = သည်ပရမတ် (ရုပ်နာမ်) အနုပဿနာ = သည် (သတိ) ပါသော (ဉာဏ်ပညာ) ဖြင့်ရှုခြင်းဖြစ် ပါသည်၊ ထို့ကြောင့် (ဓမ္မာနုပဿနာ) သည် (ပရမတ်) ကိုသာသိဖို့ အလွန်လိုအပ်သောတရားပင်ဖြစ်ပါသည်။ (ပရမတ်)ကို ရှုနိုင်မှလည်း (ဝိပဿနာ)ဖြစ်ပြီး၊ (ပရမတ်)ကို (ဉာဏ်)နှင့် မြင်နိုင်ပါမှလည်း တရား ရနိုင်သည်မှာအမှန်ပင်ဖြစ်ပါသည်။

(ဓမ္မာနုပဿနာ) သည် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် ကြီး(ပရမတ်)ကို တိုက်ရိုက်ဟောသောတရားဖြစ်ပါသည်။ (ဓမ္မာ နုပဿနာ) ပိုင်းခွဲဟောသော နိဝရဏ၊ ခန္ဓာ၊ အာယတန၊ ဗောဇ္ဈင်၊ သစ္စာစသည့်အပိုင်း (၅)ပိုင်းဟောစဉ်တို့မှာ

နိဝရဏဓမ္မပိုင်းသည် = နာမ် (ပရမတ်)

ခန္ဓာဓမ္မပိုင်းသည် = ရုပ်နာမ်နှစ်ပါးလုံးပါသော (ပရမတ်)

နိဒါန်း

အာယတနဓမ္မပိုင်းသည် = ရုပ် (ပရမတ်)
ဗောဇ္ဈင်ဓမ္မပိုင်းသည် = နာမ် (ပရမတ်)
သစ္စာဓမ္မပိုင်းသည် = ရုပ်နာမ်နှစ်ပါးလုံးပါသော (ပရမတ်)
ဖြစ်၍(ဓမ္မာနုပဿနာ)သည်(ပရမတ်) သဘောချည်းသာဖြစ်ပါသည်။ ပထမထွက်သည့်(ဓမ္မာနုပဿနာ)စာအုပ်၌ ပခုက္ကူဆရာတော်ဘုရားကြီးသည် ဘုရားဟောမူရင်း (၅) ပိုင်းလုံးအတိုင်း မြတ်စွာဘုရား၏ ဆိုလိုရင်းကို ရဟန်းရှင်လူတို့နားလည်အောင် အရှင်းဆုံးဟောကြားထားခြင်းဖြစ်ပါသည်။

(မဟာသတိပဋ္ဌန) သုတ်တွင် မြတ်စွာဘုရားသည် (ပရမတ်) ဓမ္မသက်သက်ချည်းပါသည့် (ဓမ္မာနုပဿနာ) ကို တိုက်ရိုက်မဟောသေးပဲ (သတ္တဝါ) တို့သိလွယ်သော ကာယာ= ဖေါက်ပြန်မှု၊ ဝေဒနာ= ခံစားမှု၊ စိတ္တာ = သိမှု (သတိပဋ္ဌာန်) တရား(၃)ပါးတို့ဖြင့် (ပညတ်) နှင့် (ပရမတ်) ကိုခွဲခြားတတ်အောင်၊ လိုရင်း (ပရမတ်) ကိုသိအောင် (သတိ၊ သမ္ပဇဉ်ဉာဏ်) အားကြီးလာအောင် ဦးစွာဟောပြီးမှ (သတိပဋ္ဌာန်) ၏အချုပ်ဖြစ်သည့် (ဓမ္မာနုပဿနာ) ကိုနောက်ဆုံးမှ ဟောရသည်ဆိုလျှင် မှားမည်မထင်ပါ။

(ပရမတ်)ကိုသိလွယ်သော(စိတ္တာနုပဿနာ)တရားကို အားထုတ်ကြသူများအဖို့(စိတ်)ခန္ဓာ(ပရမတ်)ကိုသိလွယ်အောင် (ပဋိစ္စသမုပ္ပါဒ်)တရား၊ သစ္စာ (၄)ပါးတရားတို့ဖြင့် ဒေါင့်ဇစ်အအောင် ဟောပြောပြသပေးခဲ့သည့် (မိုးကုတ်ဆရာတော်ဘုရားကြီး)လိုဆရာ

ကောင်းနှင့် တွေ့ကြရသည့် ရောဂါများအတွက် အလွန်ဟန်ကျကြပြီး တရားရမြန်ကြသူများကိုကြား၊ မြင်၊ သိရခဲ့ရပါသည်။

(ကာယနုပဿနာ)နှင့်(ဝေဒနာနုပဿနာ)ဆိုလျှင် ဆရာကောင်းနှင့်တွေ့ကြရ၍ ခရီးရောက်သွားကြသူများကို မဆိုလိုပါ။ အချို့ဆိုလျှင်ကိုယ့်အထင်နှင့်ကိုယ့်တရားကို မြတ်စွာဘုရား တရားလုပ်ပြီးဟောကြသောဆရာတို့နှင့် တိုးနေကြသောသူများအဖို့ (ပရမတ်)ကို မသိနိုင်ကြပဲ(ပညတ်) ခံနေကြသောကြောင့် (ပညတ်) ရှုကြီး၊ (သတ္တဝါ) ရှုကြီးများဖြစ်နေကြသည်ကို တွေ့မြင်ကြားသိနေ ရပါသည်။ (ပညတ်) ရှုကြီးများဖြစ်နေကြပါလျှင် ပိုးသာကုန်မောင်ပုံစောင်းမတတ်ဆိုသလို ဒီဘဝတရားရဖို့ မလွယ်လှပါ။

စာရေးသူ၏ ဖခင်ကြီးကိုယ်တိုင်နှစ်ပေါင်း (၄၀) မျှ တရားအားထုတ်ခဲ့ပါလျက်နှင့် လွန်ခဲ့သော (၆)နှစ်ခန့်က ဖခင်ကြီး အသက် (၈၉)နှစ်တွင် ကွယ်လွန်သောအခါ ဖခင်ကြီးသည် သေခါနီးအချိန်၌ မျက်ရည်များကျ၍ သားစွဲ၊ သမီးစွဲဖြင့် တစ်နေ့သောညနေပိုင်း၌ သေသွားသည်ကို စာရေးသူ၏မျက်မြင်ကိုယ်တွေ့ဖြစ်ပါသည်။ သေသည့်ညမှာပင်သူချစ်သော နိုင်ငံခြား၌အင်ဂျင်နီယာအလုပ်သွားလုပ်နေသည့် သားငယ်ထံသွားရောက်၍ သားငယ်အိပ်သည့်အခန်းရှိပြူတင်းပေါက်ကိုပုတ်၍နှိုးပြီး (Signal) သွားပြပါသည်။ သားငယ်ဖြစ်သူ (စာရေးသူ) ၏ ညီငယ်က နောက်နေ့မနက်၌ ဖုံးဆက်မေးလာ

သဖြင့် မနေ့ညကပဲ ကွယ်လွန်သွားကြောင်း ဒို့လည်းဖုံးဆက်မလို့ပါပဲဟု ပြန်ပြောခဲ့ပါသည်။

ဖခင်ကြီးသည်တရားဗဟုသုတနည်းပါးသူမဟုတ်ပါ။ဝိသုဒ်မဂ် အဘိဓမ္မာတရားများကိုလည်းတတ်ပါသည်။မီးရထားပင်စင်စား ဓမ္မသာဂစ္ဆာအဖွဲ့၊ (၃၇)လမ်းရှိ ဓမ္မသာဂစ္ဆာအဖွဲ့တို့၌ လက်ကမ်း စာစောင်များ ထုတ်ဝေပြီး တရားဓမ္မများကို နှစ်ပေါင်း အတော်ကြာ ဟောပြောခဲ့သူ ဖြစ်ပါသည်။ အဖေဟောသော တရားများ၌ (ဓမ္မ) တရားများဖြစ်သည့်(ခန္ဓာ)၏ဂွင်းဆက်ဖြစ်စဉ် (ခန္ဓာဖြစ်စဉ်)သဘာဝ တရား(ဓမ္မ) ဖြစ်သည့် (ပဋိစ္စသမုပ္ပါဒ်) တရားလုံးဝမပါပါ။ သားဖြစ်သူ ကျွန်တော်က (ပဋိစ္စသမုပ္ပါဒ်) ဖြင့်ငါသူမဟုတ်(ခန္ဓာငါးပါး) (နာမ်နှင့် ရုပ်)ဖြစ်ကြောင်း ဟောပါလားအဖေဟု အဆိုပြုခဲ့ပါသေးသည်။ အဖေကားသားဖြစ်သူ ကျွန်တော်ပြောသမျှ လုံးဝလက်မခံပါ။ (ပဋိစ္စသမုပ္ပါဒ်)မလိုဘူး၊ ငါဆရာက မလိုဘူးပြောတယ်ဟူ၍ အဖေသည် တယူသန်ဖြစ်သည့်အတိုင်း ငါဆရာမှငါဆရာဟူသောဆရာစွဲကြီးလှသူ ဖြစ်ရကားအဖေသည် “အမေမှာသော ဆန်တစ်ခွဲ သုံးစိတ်ရတော့သူ မလဲ”ဆိုသလို ဖြစ်ခဲ့ပါသည်။ အဖေမှားသလား၊သူ အားထုတ်သောသူ့ ဆရာပြသည့် တရားကမှားသလားဆိုသည်ကို သုံးသပ်ကြည့်ကြပါလေ။

အဖေမှားလျှင် အဖေ့မှာရှိသည့် (ငါ) အရင်းခံသည့် သံယောဇဉ်(သက္ကာယဒိဋ္ဌိ)ကို တရားအားထုတ်သူ ဖြစ်သည့်အလျောက်

တစ်နှစ်၊ နှစ်နှစ်၊ အများဆုံး (၁၀) နှစ်အတွင်း၌ (ဒီဋ္ဌ)ကိုခွါနိုင်ပါသည်။ အခုတော့ ဆရာပေါင်း များသည့်အတွက် (ဒီဋ္ဌ) ကြီးတန်းလန်းဖြင့် နှစ်ပေါင်း(၄၀)ကြာ အလုပ်တရားအများကြီးကို ရင်ဝယ်ပိုက်ပြီး သေသည်အထိ (နှလုံးသွင်းများပြီး) (ဝိနိပါတံ သံသာရဲ့) ရောက်မိ ရောက်ရာသို့ ရောက်သွားသည့် အဖေ့အား အလွန်သနားမိလှပါသည်။ အဖေကား (အလုပ်) တရား၌ (ပရမတ်)နှင့် မသွားနိုင်ပဲ (ပညတ်) ရှုကြီး (သတ္တဝါ) ရှုကြီးဖြင့် သေသည်အထိ အချိန်ကုန်ခဲ့သူဖြစ်ခဲ့ရပါသည်။

(ပရမတ်) သဘောကို နားလည်လျှင် သိသွားလျှင် (ဓမ္မာနုပဿနာ) သည် မခက်ပါ။ မြတ်စွာဘုရားလက်ထက်တော်အခါက ဗဟုသုတနည်းပါးကြသည့် သူတောင်းစားကြီး (သုပ္ပဗုဒ္ဓ)(ပဋ္ဌာစာရီ) သမ္မာဝတီမိဘုရားကြီး၏ အထိန်းတော်ပန်းအဝယ်တော်ဖြစ်သည့် (ခုလုတ္တရာ) အစရှိသည့် သာမန်လူများပင်လျှင် (ပရမတ်) သဘောကို သိနိုင်ကြသဖြင့် မြတ်စွာဘုရား (ပရမတ်) ကို တိုက်ရိုက်ဟောသော တရားဖြင့်(သောတာပန်) တည်သွားကြကြောင်း (ဓမ္မပဒ)တွင်တွေ့မြင်နိုင်ကြပါသည်။

ဥပရိပဏ္ဏာသဆဆက္ကသုတ်တွင် မြတ်စွာ ဘုရား (ပရမတ္တ) ဓမ္မသက်သက်ကို ဟောသည့် တရားကိုနာရသည့် ရဟန်း (၆) ကျိပ် ဟစ်ထိုင်တည်း (ရဟန္တာ) ဖြစ်သွားကြပါသည်။ ထိုသုတ်ကိုပင် အရှင်သာရိပုတ္တရာဟောပြန်တော့လည်း ၆ ကျိပ်သော ရဟန်းများတစ်ထိုင်

(ယ) နိဒါန်း

တည်း (ရဟန္တာ)ဖြစ်ကြပါသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးနှစ်ပေါင်း (၅၀၀)ကျော်မှ သီဟိုဠ်ကျွန်းတွင် အရှင်ဒေဝမထေရ်၊ တိပိဋကစူဠနာဂမထေရ် အစရှိသည်တို့သည်(ပရမတ်) ကိုတိုက်ရိုက်ဟောသော ထိုသုတ်တံတရားကို ပြန်လည်ဟောပြရာတွင်လည်း ၆ကျိပ်သောရဟန်းများတစ်ထိုင်တည်း (ရဟန္တာ)ဖြစ်ကြပြီး ကျန်သောရဟန်းများသောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်အစရှိသည်တို့ ဖြစ်ကုန်ကြပါသည်။

ပထမဦးဆုံးထွက်သည့် (ဓမ္မနုပဿနာ) စာအုပ်မှာ ပခုက္ကူ ဆရာတော်ဘုရားကြီး ဉာဏ်ကျက်စားသလိုဟောကြားသည့်အတိုင်း စာရေးသူသဘောပေါက်နားလည်၍ ဆရာတော်ကြီး၏ ဟောစဉ် (စကားစု) များအတိုင်း ပြန်လည်ရေးပြခဲ့ရာတွင် လွယ်သည်များလည်း ရှိသလို (ဉာဏ်)မမှီစရာ ခက်သည်များလည်း ပါသွားခဲ့ပါသည်။

(သုတ)သည်လည်းအရေးကြီးလှပါသည်။**အသုတဝါပုထုဇနော**၊ သုတဝါအရိယာသာကောဆိုသလို(ဃုတ)ဆိုသည်မှာ (အသိနှင့်အကျင့်)ဖြစ်သည့် (ဝိဇ္ဇာ၊ စရဏ)ပင်ဖြစ်ပါသည်။ (ဝိဇ္ဇာ)သည်(ဉာဏ်)ပွင့်ခြင်းကိုဖြစ်စေ၏။ (စရဏ) သည် ကံမဟုတ် (ဉာဏ်) ရဖို့ပင်ဖြစ်၏။ (ဉာဏ်)ဆိုသည်မှာလည်း ထိုးထွင်းသိတတ်သည့် စွမ်းရည်သာဖြစ်ပါသည်။ (ဓမ္မာနုပဿာ)သည် (ဝိဇ္ဇာ၊ စရဏ)ဖြစ်သည့် (အသိရော

အကျင့်)ပါရစေသည့် (ပညာမဂ္ဂင်)ကိုသိသော တရားတော်ကြီးပင်ဖြစ်ပါသည်။

စာရေးသူသည် ကမ္ဘာအေးဘုရားလမ်းနှင့် တက္ကသိုလ် ရိပ်သာလမ်းဒေါင့်ရှိ (တေဇိန္ဒာရာမ) ကျောင်းတွင်သီတင်းသုံးနေသော ပခုက္ကူဆရာတော်ဘုရားကြီးထံ အပါတ်စဉ်ဆွမ်းပို့ရင်း တရားတော်များနာကြားနေခဲ့ရာ၊ (၃)နှစ်ပင်ရှိခဲ့ပါသည်။ ဆရာတော်ဘုရားကြီးသည် (ဓမ္မနုပဿနာ) တရားတော်ကိုအကြောင်းအရာမထပ်စေရပဲ ဟောကြားနေခဲ့ရာ၌ (ဓမ္မာနုပဿနာ) တရားကိုဟော၍ မကုန်နိုင်အောင်ရှိနေပါသည်။

ဆရာတော်ဘုရားကြီးသည် (ဓမ္မ) တရားများ (သတိ) တရားများ ဟောကြားသည့်နေ့များရှိသလို (ပညတ်) တရားများ (ပရမတ်) တရားများ (စိတ်) နှင့် (စေတသိက်) တရားများဟောကြားသည့်နေ့များလည်းရှိပါသည်။ အဆိုပါတရားအကြောင်း အချက်အလက်များစုံလင်အောင် ပေါင်းစပ်ပြီးဟောကြားသည့် နေ့များလည်း ရှိခဲ့ပါသည်။

ဆရာတော်ဘုရားကြီး ဟောကြားပြသပေးသည့်တရားတော်များသည် မြတ်စွာဘုရား၏ နက်နဲသောတရားတော်များပင် ဖြစ်ပါသဖြင့် ဆရာတော်ဘုရားကြီးသည် စာရေးသူအား အဖိုးတန်ကျောက်မျက် (ရတနာ) များကို ပေးအပ်သူနှင့်တူလှပါသည်။ (ဓမ္မာနုပဿနာ)

ပထမစာအုပ်ထွက်ပြီးနောက်ပိုင်း ဟောကြားသည့်တရားများသည် အဘိဓမ္မာနှင့် ပဌာန်းတရားများပါလာပါ၍ ပို၍ပင်နက်နဲသော အထက်ပိုင်းရောက်တရားများ ဖြစ်လာပါတော့သည်။

တရားစာဖတ်ပရိသတ်များ၏ တောင်းဆိုချက်ကိုအလေးဂရုမပြုပဲ (ဓမ္မာနုပဿနာ) ပထမစာအုပ်ရေးစဉ်ကကဲ့သို့ ယခု (ဓမ္မာနုပဿနာ) ဒုတိယတွဲစာအုပ်ကိုလည်း ထိုစာအုပ်အတိုင်း ရေးပြခဲ့လျှင် ပို၍ပင်နားမလည်သည်မှလွဲ၍ ဘာမျှအကျိုးထူးရှိမည်မဟုတ်တော့ပေ။

သို့ဖြစ်၍ စာရေးသူသည် ယခင်စာအုပ်၏အတွေ့အကြုံကိုယူ၍ယခု (ဓမ္မာနုပဿနာ) ဒုတိယတွဲစာအုပ်ကို ရေးလျှင်အများပြည်သူများထဲမှ တရားအခြေခံရှိသူရော၊ တရားအခြေခံမရှိသူရော နားလည်အောင်ရေးပြမှဖြစ်မည်။ တရားမူလည်းမပျက်ရအောင် ဘယ်လိုကနေ ဘယ်လိုရေးသားတင်ပြရလျှင် ကောင်းမှာလဲဟု စဉ်းစား ခဲ့ရာ တစ်နှစ်ခန့်ပင်ကြာခဲ့ပါသည်။

နောက်ဆုံး၌ လိုရင်ကြံဆနည်းလမ်းရဆိုသလို အကောင်းဆုံးသောတင်ပြမည့်နည်းလမ်းကို ရခဲ့ပါသည်။ တင်ပြမည့်နည်းလမ်းမှာ ဆရာတော်ဘုရားကြီးပေးသော အဖိုးတန်(တရား)ကျောက်မျက်ရတနာများထဲမှ လည်ဆွဲဘယက်တစ်ခုစီအနေဖြင့် စိန်လည်ဆွဲက

သပ်သပ်၊ ပတ္တမြားတွေက ဘယက်တစ်ခုအနေနှင့်သပ်သပ်၊ ပုလဲက သပ်သပ်၊ ကျောက်ဗိမ်း၊ နီလာ၊ မြတို့ကသပ်သပ်စီအနေဖြင့် စာရေးသူ ကရွှေပန်းတိမ်ဆရာပုံစံမျိုးအဖြစ် အဖိုးတန်(တရား)လက်ဝတ်ရတနာများ စီချယ်ပြုလုပ်၍ နားလည်လွယ်အောင် သပ်သပ်စီတင်ပြရန် အကြံရပါတော့သည်။

ထိုနည်းအတိုင်းတင်ပြရန် ဆရာတော်ဘုရားကြီး ဆက်လက်ဟောကြားခဲ့သည့် တစ်နှစ်တာနာကြားခဲ့ရသည့် Mini Cassette ကက်ဆက်ခွေအသေးဖြင့် ဖမ်းထားခဲ့သော တရားခွေများကို ပြန်လည်နားထောင်ပြီး တရားခေါင်းစဉ်များအဖြစ် (၀မှ) တရား၊ (ပညတ်) တရား၊ (ပရမတ်) တရား၊ (အာရုံ) တရား၊ (ဝိညာဏ်) တရား၊ (စိတ်) တရား၊ (စေတသိက်) တရား၊ (ရုပ်) တရား အစရှိသည့် ဆရာတော်ဘုရားကြီး ဟောကြားသည့်အထဲတွင်ပါသည့် တရားများမှတရားခေါင်းစဉ်များကို ရွေးချယ်၍ ဆရာတော်ဘုရားကြီး ဟောကြားထားသောတိတ်ခွေများ ထဲမှ တရားခေါင်းစဉ်နှင့် သက်ဆိုင်သော ဟောစဉ်စကားလုံးများကို သပ်သပ်စီရွေးထုတ်၍ အစ်အစဉ်ကျနေအောင်၊ အဆင်ပြေအောင် ခက်သည်များကိုထားခဲ့ပြီး အများနားလည်လွယ်သည်များကို ထုတ်နုတ်၍ ဟောစဉ်များကို ဆက်စပ်ပေးပါသည်။

ခေါင်းစဉ်တစ်ခုက စိန်ဘယက်ကြီးသဖွယ်၊ နောက်ခေါင်းစဉ်တစ်ခုက ပတ္တမြားဘယက်ကြီးသဖွယ် ရတနာလက်ဝတ်တန်ဆာအမျိုး

အစားများ သူ့ကျောက်အမျိုးအစားနှင့် သူ့လက်ဝတ်တန်ဆာများ ဖြစ်သွားကြသလို ဆရာတော်ဘုရားကြီးဟောသည့် တရားခွေများထဲမှ ဟောစဉ်တရား စကားလုံးများကို ရွေးချယ်၍ သူ့အကြောင်းအရာကို သူ့တရားခေါင်းစဉ်နှင့် ဆက်စပ်ပေးလိုက်သည့်အခါ ခေါင်းစဉ်က (စိတ်)ဆိုလျှင် စိတ် တရားများသာပါဝင်ပြီး (ပညတ်)ဆိုလျှင် (ပညတ်) တရားများသာပါပါသည်။ (ပရမတ်)ဆိုလျှင်(ပရမတ်)အကြောင်း တရားများမှလွဲ၍ ခက်ခဲသည့်စာမျိုးတွေလည်းမပါတော့ပဲ၊ နားမလည် စရာလည်း အကြောင်းမရှိတော့ပါပေ။

တစ်ခုတော့ရှိပါသည်။ မြတ်စွာဘုရား၏တရားတော်များသည် အထက်ပိုင်းသို့ ရောက်လေလေခက်ခဲနက်နဲလေလေ ရှိပါသည်။ တရားတော်သည် အထက်ပိုင်းသို့ရောက်ရှိလာသောအခါ အသုတဝါ ပုထုဇ္ဇနောဆိုသလို တရားဗဟုသုတနည်းသော သာမာန်ပုဂ္ဂိုလ်တို့၏ (ဉာဏ်)ကျက်စားရာမဟုတ်တော့ပြီ ဖြစ်ပေသည်။

ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော (ဓမ္မာနုပဿနာ) ဒုတိယတွဲသည် အာဘိဓမ္မာတရား၊ ပဋ္ဌာန်းတရားစသည့် ဒေသနာကြောင်းများကို ဟောသောတရားများ ပါဝင် လာပါသဖြင့် (သညာ) သိဖြစ်အောင်ရေးပြ၍ ရနိုင်သော (စာ)မျိုးကား မဟုတ်တော့ပြီဖြစ်ပါသဖြင့် စာသိမျိုးဖြင့် ဆန်းစစ်၍ မရနိုင် တော့ပြီ၊ (စာ)ကပြလို့သိရတာက (စာသိ)။ ဉာဏ်ကပြလို့သိရတာက (ဉာဏ်) သိ ဖြစ်သလို "သုတဝါ

အရိယာသာဝကော”ဆိုသလို (ဉာဏ်) ရှိသူတို့ (ပဋိစ္စသမုပ္ပါဒ်) အသိဉာဏ်ရှိသူတို့၊ ဘာဝနာမယဉာဏ်ဖြင့် ခန္ဓာဉာဏ်ရောက်အောင် အားထုတ်၍(ပရမတ်)သဘောသိထားသူတို့၏(ဉာဏ်)ဖြင့်သာ သိနိုင်ပါတော့သည်။

(ဉာဏ်) စခန်းကိုဟောပြရာတွင် ဟောပြသူဆရာတော်ဘုရားကြီးသည် (ပဋိစ္စသမုပ္ပါဒ်) စကားဖြစ်သော (အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ ဝိညာဏ်၊ နာမ်၊ ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ) စသည့် ပဋိစ္စသမုပ္ပါဒ် (terms) စကားလုံးများကိုသာ သုံးနှုံး၍ ဟောပြောရပါသည်။ (ဉာဏ်) ဖြစ်စေသာအရာတွင် ပဋိစ္စသမုပ္ပါဒ် (terms) စကားမှလွဲ၍ အခြားသောစကားနှင့်ပြော၍ မရနိုင်ခြင်း ကြောင့်ဖြစ်ပါသည်။

အကြောင်းမှာ “ယောပဋိစ္စသမုပ္ပါဒံ ပဿတိသောဓမ္မံ ပဿတိ” ဆိုသလို(ပဋိစ္စသမုပ္ပါဒ်)ကိုသိသောသူသည် တရားကိုသိသော သူပါပဲလို့ မြတ်စွာဘုရားဟောထားသည့်အတွက်ကြောင့် ဖြစ်ပါသည်။ (ပဋိစ္စသမုပ္ပါဒ်) ကိုသိထားမှ ဘာဝနာသိဖြစ်စေမည့် (ဓမ္မ) တရားများကိုဟောပြသည့်အခါ၌ (ပဋိစ္စသမုပ္ပါဒ်)စကားနှင့်သာ နားလည်နိုင်၍ တရားတော်ကို (ဉာဏ်) အသိဖြင့်သိနိုင်ပေမည်။ (ဥပမာ) ဆိုရသော် ခေတ်ပညာဘက်၌ ဆရာဝန်အတတ်ပညာ၊ (ဝိဇ္ဇာ) ပညာတို့၌ ဒေါက်တာဘွဲ့ရအောင် ဘတ်ထားသော်လည်း Maths

(သခ်ၤာ) နှင့်ကျတော့ (သခ်ၤာ) တွက် တတ်သည့်ဉာဏ် (Maths Brain) သခ်ၤာဦးနှောက်မပါခဲ့သော်၊ ထို ဒေါက်တာအား (Maths) သခ်ၤာကို အထက်တန်းထိတတ်မြောက်အောင် သင်၍မရပါပေ။ ထို့အတူ (ပဋိစ္စသမုပ္ပါဒ်) သဘောနှင့် ဟာပြောရသော အထက်တန်းကျသော နက်နဲသော တရားတော်များကို သိရှိရန်မှာ အခြေခံအားဖြင့် (ပဋိစ္စသမုပ္ပါဒ်) သဘောကို နားလည်သိရှိထားဖို့ လိုအပ်ပါသည်။

သို့ပါ၍ (ဓမ္မာနုပဿနာ) ကို သေသေချာချာဂဂနန နားမလည်နိုင်သေးလျှင် "စိတ္တာနုပဿနာ" တရားကို ဟာပြောပြ သသော မိုးကုတ်ဆရာတော်ဘုရားကြီး၏ (ပဋိစ္စသမုပ္ပါဒ်) တရားတော်များကို အထူးလေ့လာသင့်ပါသည်။ (ပဋိစ္စသမုပ္ပါဒ်) တရားကို အမြန်ဆုံးသိလိုပါလျှင် စာရေးသူပူဇော်ထားသော(မိုးကုတ်ဝိပဿနာ အခြေခံ၊ တရား၊ အနှစ်သာရနှင့် ရှုပွားနည်း) စာအုပ်ကို ဖတ်ရှုပါလေ၊ ထိုစာအုပ်၌ ပဋိစ္စသမုပ္ပါဒ်နိဒါန်း၊ပဋိစ္စသမုပ္ပါဒ်အဓိပ္ပါယ်၊ပဋိစ္စသမုပ္ပါဒ် သဘောတရား၊ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းဒေသနာရှင်းလင်းချက်၊ စာရေးသူ၏ ပဋိစ္စသမုပ္ပါဒ် (အဖွင့်) ရှင်းလင်းချက်များ နှင့် မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော(ပဋိစ္စသမုပ္ပါဒ်)တရားတော်များပါဝင်နေသောကြောင့် တစ်အုပ်တည်းနှင့် အမြန်ဆုံးခရီးရောက်နိုင်သည့်အတွက် မိုးကုတ်ဆရာတော်ဘုရားကြီး၏ (ပဋိစ္စသမုပ္ပါဒ်) တရားတော်များကို လေ့လာကြပါရန် ဓမ္မလမ်းညွှန်မှုပြုရပါသည်။

ယခုရေးသားတင်ဆက်သည့် ပခုက္ကူဆရာတော်ဘုရားကြီး ဟောကြားတော်မူသော ဓမ္မာနုပဿနာ (ဒုတိယတွဲ) စာအုပ်ကို ဖတ်ရှုရပါလျှင် တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်ဆိုသလို လွယ်ကူစွာသိနားလည်ရအောင်စီစဉ်တင်ဆက်ထားပါသည်။ ဤသို့တင်ဆက်နိုင်ခြင်းကြောင့် မသိသေးသည့် ခက်ခဲသည့်အဓိပ္ပါယ်မဖွင့်နိုင်ကြသေးသည့် တရားတွေကိုလည်း အလွယ်လေးနှင့်သိသွားနိုင်သည့်အပြင်၊ ခက်ခဲသည်ဆိုသော (ပထမ) ဦးဆုံး ထုတ်ခဲ့သည့် (ဓမ္မာနုပဿနာ) စာအုပ်ကိုပင် နားလည်သွားနိုင်အောင် စာရေးသူသိသလိုအမျှားပြည်သူတို့ တရားသိကြပြီး၊ တရားရကြပါစေကြောင်းဌာ၊ နာကြားရသောတရားထူးများ ပေးလိုသောဆန္ဒဖြင့် အိပ်သွန်ဖါမှောက် သိသမျှတရားများကို အကုန်လုံးပေးပါသည်။ ဤသို့သိသမျှတရားများပေးလှူခြင်းဖြင့် အများပြည်သူရဟန်းရှင် လူတို့အပြင် နောင်လာနောင်သားများနှင့် သာသနာတော်ကြီးအကျိုးများစေဖို့ရာ စေတနာကောင်းဖြင့် စီစဉ်တင်ဆက်လိုက်ရခြင်းဖြစ်ပါတော့သည်။

ဓမ္မော ဟဝေ ရက္ခတိ ဓမ္မာစာရိံ

ဦးကံညွှန့်
၂၀၀၁ ခုနှစ်၊ အောက်တိုဘာလ (၂၁) ရက်

ဓမ္မာနုပဿနာတရားတော်

(ဒုတိယတွဲ)

ဒကာကြီး (ဓမ္မာနုပဿနာ)က နိဝရဏပိုင်း၊ ခန္ဓာပိုင်း၊ အာယတနပိုင်း၊ဗောဇ္ဈင်ပိုင်း၊သစ္စာပိုင်းရယ်လို့ မြတ်စွာဘုရား (မဟာသတိပဋ္ဌာန်)တရားတော်ကြီးကိုဟောကြားရာမှာ(ဓမ္မာနုပဿနာ)ကို ပိုင်းပြီးဟောခဲ့ပါတယ်(မှန်ပါ့)ခန္ဓပဋ္ဌ ခန္ဓာပိုင်းအနေနဲ့(စိတ်၊ စေတသိတ်၊ ရုပ်) ဖြစ်တဲ့ ခန္ဓာငါးပါး (ရုပ်နာမ်) တရားတွေ အကုန် ပါတယ်(မှန်ပါ့)အဲဒါကို(သတိပဋ္ဌာန်)အနေနဲ့ဟောခဲ့ပြီးပြီ (မှန်ပါ့ ဘုရား)။

အခု (ဓမ္မ) ဆိုတဲ့သဘော (ဓမ္မ)တွေကို နုပဿနာ = ရှုဖို့ (ဝိပဿနာ) ရှုဖို့အတွက် ဟောပြဖို့အပိုင်း ဧ့ောက်လာတော့ (ဓမ္မာနုပဿနာ) ကိုရှုတတ်ဖို့ (ဝိပဿနာ) ရှုတတ်ဖို့အတွက် (ဓမ္မ) ဆိုတာ ဘယ်လိုဟာလဲဆိုတာကို အရင်ဆုံးသိထားဖို့လိုအပ်တာပေါ့ (မှန်ပါ့)

(ဓမ္မာနုပဿနာ) ဆိုတာ (ဓမ္မ) ဆိုတဲ့သဘောသဘာဝ (တရား)တွေကို သိဖို့ဟောခဲ့တာပါပဲ (မှန်ပါ့)၊ ဓမ္မဆိုတာ သဘော

သဘာဝပဲပေါ့ (ဓမ္မောတိသဘာဝေါ) တဲ့ (ဓမ္မ) ဆိုတာသဘောပဲ (မှန်ပါ့) (ဓမ္မ) ဆိုတာအကြောင်းအားလျော်စွာ ဖြစ်လေတာမှတ်ပါ သဘာဝ (ဓမ္မ) တဲ့ (မှန်ပါ့) အရှင်သာရိပုတ္တရာကို ဟောတဲ့ ယေဓမ္မာ ဟေတုပဘဝါဆိုတာကိုပဲကြည့်ပေါ့ (မှန်ပါ့)

(ဓမ္မ) ဆိုတာဟေတုပဘဝါပဲ၊ ဒီ (ဓမ္မ) သဘာဝလေးတွေ ဖြစ်တာအကြောင်းရှိတယ်၊ ဖြစ်တာလေးက ဥဒယဓမ္မပေါ့၊ မျက်စိက မြင်ဓာတ်၊ နားကကြားတယ်၊ နှာခေါင်းကနံတယ်ဆိုတဲ့ ဖြစ်တာလေးတွေက အကြောင်းအားလျော်စွာဖြစ်တာ၊ အဲဒါကို သဘာဝ (ဓမ္မ) လို့ ခေါ်တယ်၊ သဘာဝဆိုတာကလည်း အကြောင်းအားလျော်စွာ ဖြစ်ခါ လေးမျှကိုသဘာဝ (ဓမ္မ)လို့ ခေါ်တယ် (မှန်ပါ့) ခန္ဓာကိုယ်မှာ ဖြစ်သဘောပျက်သဘော တွေကလည်း ရှိနေတယ်၊ အဲဒါ (သဒ်တ) တရားဖြစ်တဲ့စိတ်၊ စေတသိက်၊ ရုပ် (ရုပ်နာမ်) ပေါ့ (ရုပ်နာမ်) က ဖြစ်သဘော၊ ပျက်သဘောတွေရှိတယ် (မှန်ပါ့)၊ မဖြစ်သဘော မပျက်သဘောကလည်းရှိတယ်။ အဲဒါကအသဒ်တ (နိဗ္ဗာန်) ပေါ့ (မှန်ပါ့)

မြတ်စွာဘုရားက အမှန်ရှိ၊ အဟုတ်ရှိတရား (ဓမ္မ) အနေနဲ့ ပရမတ္ထတရားလေးပါးဖြစ်တဲ့ (စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်) ကို ဟောပါတယ်၊ (စိတ်၊ စေတသိက်၊ ရုပ်) ဖြစ်တဲ့ (ရုပ်နာမ်) ပရမတ်တွေ ဖြစ်လိုက်ပျက်လိုက်နေတဲ့ (သဒ်တ) နယ်ကိုဟောပါတယ်၊ ဒီဖြစ်ပျက်နေတဲ့ (ဒုက္ခ) ကနေ လွတ်ရာမဖြစ်မပျက်တဲ့ အသ်ခတ (နိဗ္ဗာန်)

ပရမတ်ကိုလည်း ဟောပါတယ် (မှန်ပ့ါ)

ဒီ (သခ်ၤတ) နယ်ထဲကစိတ်၊ စေတသိက်၊ ရုပ်ဖြစ်တဲ့ (ရုပ် နာမ်) ကို သိဖို့အတွက်မြတ်စွာဘုရားက (မဟာသတိပဋ္ဌာန) သုတ်မှာ "ဧကာယနောအယံဘိက္ခဝေ မဂ္ဂါ" ဆိုတဲ့ (နိဗ္ဗာန်) ကိုသွားဖို့ တစ်ကြောင်းတည်းသောလမ်းသည် (မဂ္ဂါ) ဆိုတဲ့ (သတိ)ကနေ (ဉာဏ်) ဖြစ်စေတဲ့၊ ရှေ့ပြေး (မဂ်) ဖြစ်စေတဲ့ (မဂ္ဂင်) ဖြစ်စေတဲ့ (မဂ်ဉာဏ်)ဖြစ်စေတဲ့ (မဟာသတိပဋ္ဌာန်) တရားလေးပါးကို ဟောပါတယ် (မှန်ပ့ါ)

အဲဒီ (သတိပဋ္ဌာန်) တရားလေးပါးမှာ (ဉာဏ်) ရော (ပညာ) ပါဖြစ်အောင် (ဝိဇ္ဇာစရဏာ) ဆိုတဲ့ဝိဇ္ဇာ = အသိနဲ့ရော၊ စရဏာ = အကျင့်နဲ့ပါသိစေတာက "ဓမ္မာနုပဿနာ သတိပဋ္ဌာန်" ဆိုရင်မမှား ဘူးပေါ့ ဒကာကြီး (မှန်ပ့ါ) "ဓမ္မာနုပဿနာသတိပဋ္ဌာန်"ဆိုတာ (ဓမ္မ) သဘောလေးတွေကို သတိသမ္မဇဉ်ဉာဏ်နဲ့ ပညာနဲ့ရှုကြည့်ရတဲ့ အလုပ်ပေပဲ ဒကာကြီး (မှန်ပ့ါ) ဒီတော့ (ဓမ္မာနုပဿနာ)က (ဓမ္မ) ဆိုတာသဘောတရား အကြောင်းအကျိုးတရားတွေပေါ့ (မှန်ပ့ါ) ဒီအကြောင်းအကျိုး (ဓမ္မ) သဘောတရားလေးတွေကို (နိဗ္ဗာန်) ရောက်သည်အထိသိအောင်လို့ မြတ်စွာဘုရားက ဘယ်လိုခွဲပြသလဲ ဆိုတော့ (ဓမ္မ) ဆိုတာ (စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်၊ ပညတ်) ရယ်လို့ (ဓမ္မ) ကို ဥယျဓံတရားနဲ့ သိပြီး ဟောပြပါတယ်၊ ဒီ (ဓမ္မ)

လေးတွေရဲ့ (အာရုံ) တွေကို (ဓမ္မာရုံ) လို့ဟောပြပါတယ် (မှန်ပါ့)

(ဓမ္မာရုံ) က ဖြပါးရှိတယ်၊ အာရုံ ဖြပါးရဲ့ ဓမ္မအာရုံဖြစ်လို့ (ဓမ္မာရုံ) လို့ခေါ်ရတာပေါ့ (မှန်ပါ့) ဓမ္မသဘောလေးတွေရဲ့ အာရုံကိုး (မှန်ပါ့) ဒီဓမ္မာရုံက (ပဿဒရုပ်၊ သုခုမရုပ်၊ စိတ်၊ စေတသိက်၊ နိဗ္ဗာန်၊ ပညတ်) တို့ရဲ့ သဘောသဘာဝလေးတွေရဲ့ (အာရုံ) တွေပဲပေါ့ (မှန်ပါ့)

(ဓမ္မ) ဆိုတာသဘောသဘာဝဆိုတော့ ကျယ်ပြန့်ပါတယ်။ (ဓမ္မနုပဿနာ) ဆိုတော့ (နိဗ္ဗာန်) ရောက်ကြောင်းနဲ့သက်ဆိုင်တဲ့ (ဓမ္မ) သဘောသဘာဝတွေကို မြတ်စွာဘုရားဟောပြပေးတာပါ (မှန်ပါ့) ဘာ (ဓမ္မ) သဘောသဘာဝလေးတွေလဲဆိုရင် အဏ္ဏတ္တနဲ့ဗဟိဒ္ဓနဲ့ဆိုင်တဲ့ အတွင်း၊ အပြင် (ဓမ္မ) သဘောတွေပေါ့။ စိတ်၊ စေတသိက် ရုပ် (ပရမတ်) အပြင် (ပညတ်) တို့ (အာရုံ) တို့ (သညာ) တို့ (ဇာတိ) တို့ ဖဿ ဝေဒနာစတာတွေ မသိမဖြစ်တာတွေကို သိအောင်ဓမ္မသဘာဝကိုနားလည်အောင် (ညတပရိညာ) အနေနဲ့ ပိုင်းခြားသိအောင်နဲ့ (ပဋိဝေဓညာဏ်) ဆိုတဲ့ တရားအားလျော်စွာသိတဲ့ အသိနဲ့ ဉာဏ်ရအောင်ဟောပြတာ (ဓမ္မာနုပဿနာ) ပဲပေါ့ (မှန်ပါ့)

မြတ်စွာဘုရားရဲ့ တရားတော်က ဘုရားရဲ့တရားကိုနာပြီးတာနဲ့ ပထမတန်းဖြစ်တဲ့တရားပေါ့ ဒကာကြီး (မှန်ပါ့)

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပစတဲ့ (ပညာ)တရားတွေကိုသိအောင် (မဂ္ဂင်) ပေါ်တင်ပေးလို့ (မဂ္ဂင်) ပေါ်ကိုရောက်သွားကြတယ်၊ အဲဒီ တော့မှလည်း စိတ်ကလမ်းကြောင်းမှန်သွားတယ် (မှန်ပါ့)

(ဓမ္မနုပဿနာ) က (ဓမ္မစက္ခာ) လိုဓမ္မတရား၊ သစ္စာတရား၊ သမ္မာဒိဋ္ဌိ၊ တရားတွေဖြစ်လို့ (ဓမ္မနုပဿနာ) က (ဝိပဿနာ) နဲ့ ဆိုရင် အထွဋ်အထိပ်လို့ဆိုလို့ရတယ် (မှန်ပါ့) "ဓမ္မာဓိပရေယျ" တဲ့၊ ဓမ္မကို အကြီးအမှူးလုပ်ရတယ်၊ ဓမ္မကိုကြံရတယ်၊ ပွားရတယ် (မှန်ပါ့) "ဓမ္မာ နုပဿနာ"က ဓမ္မဆိုတော့ အမျိုးမျိုးပါတယ်။

(ဓမ္မ) ဒေတွေကို ပိုင်းခြားပြီး (ဉာဏ်) သိသိရမဲ့ (အသိ) ကို (ဉာတပရိညာ)လို့ခေါ်တယ်။ မသိရမဲ့ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ် သတ္တဝါလူစတဲ့ (ပညတ်) အသိတွေနဲ့ သိရမဲ့ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာကိုခွဲပြီး၊ ပိုင်းခြားပြီး သိရတာကို (ဉာတပရိညာ) လို့ခေါ်တယ်၊ မရှိတဲ့ (ပညတ်) ကိုမသိပဲ၊ ရှိတဲ့ (ပရမတ်) ကိုသိရင်လည်း (ဉာတပရိညာ)ပဲပေါ့၊ (မှန်ပါ့)

(ဉာတပရိညာ) ဆိုတာသိမှုပဲ၊ ဘာသိမှုလဲဆိုရင် (ဓမ္မ) သဘောတရားတို့ရဲ့ လက္ခဏာ၊ ရသစတာတွေကို ဟုတ်တိုင်းမှန်စွာ ပိုင်းခြားပြီးသိတာကို ခေါ်တယ် (မှန်ပါ့) ရုပ်နာမ်ကို အသိဉာဏ်နဲ့ ပိုင်းခြားသိပြီး ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကိုအသိနဲ့ ဖြုတ်နိုင်တဲ့ (အသိဉာဏ်)

ရတာကိုလည်း (ဉာတပရိညာ) လို့ခေါ်နိုင်တာပေါ့ (မှန်ပါ့)

ဉာတ = ဉာဏ်

ပရိညာ = ပိုင်းခြားသိမြင်မှု

(ဓမ္မ) သဘောတွေကို ပိုင်းခြားပြီး သိမြင်မှုဖြစ်တော့ ဓမ္မသဘောတွေက ခန္ဓာ၊ အာယတန၊ ဓာတ်သစ္စာတွေ တနည်းအားဖြင့် (စိတ်၊ စေတသိက်၊ရုပ်)ဖြစ်တဲ့(ရုပ်နာမ်)(ပရမတ်)နဲ့(ပညတ်)သဘောတွေကို ပိုင်းပိုင်းခြားခြားသိထားမှ (ဉာတပရိညာ) နဲ့ ပြည့်စုံသော ဉာဏ်ရတယ် (မှန်ပါ့) ပထမဦးစွာ (ခန္ဓာ) ကို အရင် ပြောမယ် (မှန်ပါ့)

ခန္ဓာ

ခန္ဓာက ဖေါက်ပြန်တတ်တဲ့သဘောရှိတဲ့ရုပ် (ရူပက္ခန္ဓာ)၊ (ဝိဉာဏ်) က (စိတ်) သိတတ်သောသဘောရှိတဲ့ (ဝိညာနက္ခန္ဓာ)၊ ဝေဒနာက ခံစားတတ်တဲ့သဘောရှိတဲ့စေတသိက် (ဝေဒနက္ခန္ဓာ)၊ သညာက မှတ်တတ်တဲ့သဘောရှိတဲ့ စေတသိက် (သညာနက္ခန္ဓာ)၊ သင်္ခါရက စေ့ဆော်တိုက် တွန်းတတ်တဲ့သဘောရှိတဲ့ စေတသိက် (သင်္ခါရက္ခန္ဓာ) ရယ်လို့ (ခန္ဓာငါးပါး) ရှိတာပေါ့၊ (မှန်ပါ့) (ခန္ဓာငါးပါး) ကိုအပေါင်းအစုငါးခု လို့ပဲခေါ်တာပဲ၊ ဘာအပေါင်းအစုလည်း လူသတ္တဝါမှာရှိတဲ့ ကိုယ်ခန္ဓာ ကြီးမှာ ဒီအပေါင်းအစုသဘော ငါးခုသာ ရှိလို့ (ခန္ဓာငါးပါး)ပဲရှိတယ်လို့ မြတ်စွာဘုရားကဟောတာပေါ့၊ (မှန်ပါ့)၊

ဖေါက်ပြန်တတ်တဲ့(ရုပ်)ခန္ဓာက (တစ်ပါး)၊ သိတတ်သောသဘောရှိတဲ့ (ဝိညာဏ်)စိတ်ခန္ဓာက(တစ်ပါး)စေတသိက်ခန္ဓာက ခံစားတတ်တာ၊ မှတ်သားတတ်တာ၊ စေ့ဆော်တိုက် တွန်းတတ်တာ (သုံးပါး) ပေါင်းတော့ (ခန္ဓာငါးပါး) ရှိတာပေါ့ (မှန်ပါ့) (ခန္ဓာငါးပါး)က ခန္ဓာကိုယ်မှာ သူကိစ္စ၊ သူသဘောနဲ့သူ ဆောင်ရွက် နေတယ်၊ ဖြစ်လိုက် ပျက်လိုက်နဲ့ သူတာဝန်ကိုသူဆောင်ရွက်နေတဲ့ သဘောတရားဓမ္မအစုငါးစုပဲပေါ့၊ (မှန်ပါ့)

ရူပက္ခန္ဓာ (ရုပ်)

ရူပက္ခန္ဓာက (ရုပ်) ပေါ့ (ရုပ်) ဆိုတာ ဖေါက်ပြန်တတ်တဲ့ သဘောအစု ဖြစ်ပျက်မှုကိုခေါ်တယ်၊ (ရုပ်) ကသူမှာပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဆိုတဲ့မာမှု၊ ပျော့မှု၊ ပူမှု၊ အေးမှု၊ ယိုစီးမှု၊ ဖွဲ့စည်းမှု၊ တွန်းကန် မှုဆိုတဲ့ ဒီဓါတ်ကြီး ၄ပါးရှိလို့ မတည်ငြိမ်ဘူး ဖေါက်ပြန်တယ်၊ ဖြစ်လိုက်၊ ပျက်လိုက်ရှိတယ်၊ တော်ကြာပူတဲ့ရုပ်ဖြစ်လိုက်၊ ပျက်လိုက်၊ တော်ကြာ အေးတဲ့ရုပ်ဖြစ်လိုက်၊ ပျက်လိုက်၊ မာတဲ့သဘော ဖြစ်လိုက်၊ ပျက်လိုက်၊ ပျော့တဲ့သဘောဖြစ်လိုက်၊ ပျက်လိုက်၊ ယိုစီးမှုတွေဖြစ်လိုက်၊ ပျက်လိုက်၊ လေတွေတိုးတိုက်တဲ့ တွန်းကန်မှုတွေ ဖြစ်လိုက်ပျက်လိုက်နဲ့ မတည်မမြဲဘူး၊ (ရုပ္ပတီ) ဖေါက်ပြန်နေတဲ့ သဘောရှိလို့ "ရုပ္ပတီတိရူပံ" (ရုပ်) လို့ခေါ်တာပေါ့၊ ဒီရုပ်ကလည်း (မဟာဘူတရုပ်)

မဟာ = ကြီးသော

ဘူတ = ဖြစ်သောဓာတ်ကြီးလေးပါး မဟာဘူတ်ရုပ်ကို (ရူပ်) လို့ခေါ်တယ်(ရုပ်)ကမျက်စိနဲ့မြင်တဲ့ရုပ်က(ပညတ်ရုပ်)ယနပညတ်ရုပ် တွေပေါ့၊ မျက်စေ့နဲ့မမြင်ပဲ (ဉာဏ်) နဲ့မြင်ရတဲ့ (ရုပ်) မှသာ (ပရမတ်ရုပ်) ဖြစ်တာ (မှန်ပါ့)

ဝိညာနက္ခန္ဓာ (ဝိညာဏ်)

ဝိညာနက္ခန္ဓာ (ဝိညာဏ်) ကသိတဲ့သဘောပေါ့၊ ဒီသိတဲ့သဘောလေးက ဦးခေါင်းထဲမှ ဝမ်းထဲမှကိုယ်ကောင်ကြီးမှာရှိနှင့်တာ မဟုတ်ဘူး၊ ကိုယ်ကောင်ကြီးမှာရှိနေတဲ့ မျက်စေ့၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ မနော၊ အာယတန ၆ပါးခေါ်တဲ့ တံခါး၆ပေါက်ဖြစ်တဲ့ ဒုတွင်း အာယတန ၆ပါးက ဗဟိဒ္ဓခေါ်တဲ့အပြင်မှာရှိနေတဲ့ အဆင်း အသံ၊ အနံ့၊ အရသာ၊ ထိတွေ့မှု၊ ကြုံတွေးမှုခေါ်တဲ့အပြင်က (အာယတန)၆ပါးနဲ့ (အာရာမဏ) ပစ္စယပစ္စည်းခေါ်တဲ့ အာရုံက ကျေးဇူးပြုပေးတော့ (စက္ခု)မျက်စေ့မှအဆင်း (ရုပ်) ကိုမြင်တဲ့ (ရူပါရုံ) မြင်သိစိတ် (စက္ခု ဝိညာဏ်) (သောတ) နားမှအသံ (ရုပ်) (သဒ္ဒါရုံ)ကို ကြားသိတဲ့စိတ် (သောတဝိညာဏ်) (ဃာန) နှာခေါင်းမှအနံ့ (ရုပ်) ကိုနံတဲ့ (ဂန္ဓာရုံ) နံသိစိတ် (ဃာနဝိညာဏ်) (ဇိဝ) လျှာမှာအရသာ (ရုပ်) ကို လျှက်တဲ့ (ရသာရုံ) အရသာသိစိတ်(ရသာဝိညာဏ်) (ကာယ) ကိုယ်မှာထိတွေ့မှုဖြစ်လာရင် အာရုံက (ဖွတ္ဌာဗရုံ) ထိတွေ့စိတ်

(ဖွတ္တာပ္ပဝိညာဏ်) (မန) မနောစိတ်မှာ ကြံတွေးမှုဖြစ်လာရင် အာရုံက (ဓမ္မာရုံ) ကြံသိစိတ် (မနောဝိညာဏ်) ရယ်လို့ (ဝိညာဏ်) ဝိညာနက္ခန္ဓာတွေဖြစ်လာတယ်။ ဒီလိုအပြင်အာရုံကြောင့် အာရုံက ကျေးဇူးပြုလို့ အပြင်အာရုံ (၆)ပါးနဲ့ ကိုယ်မှာရှိတဲ့ ဒွါရ ၆ခုနဲ့ တွေ့တိုက်တော့ မြင်သိစိတ် ကြားသိစိတ်ဆိုတဲ့ စက္ခုဝိညာဏ်၊ သောတ ဝိညာဏ်စတဲ့ ဝိညာဏ် ၆ပါးနေရာမှာ (ဝိညာဏ်) သိတဲ့ (ဝိညာနက္ခန္ဓာ) သဘော (နဂိုစိတ်) ကလေးတွေက ဖြစ်လာကြရတာ (မှန်ပါ့) ဝိညာနက္ခန္ဓာ ဝိညာဏ်က (နာမ်) ပေါ့ (သိစိတ်) ပေါ့ (မှန်ပါ့)

ဝေဒနက္ခန္ဓာ (ဝေဒနာ)

ဝေဒနက္ခန္ဓာ(ဝေဒနာ)က(ခံစား)တဲ့ သဘောပေါ့၊ (ဝေဒနက္ခန္ဓာ) ကြတော့ ခံစားတဲ့သဘောအစုပေါ့ (ဝေဒနာ) ဆိုတာ ခံစားတာပဲ၊ ဘာခံစားတာလဲ (သုခ၊ ဒုက္ခ၊ ဥပက္ခာ) ဆိုတာ ချမ်းသာတာရော ဆင်းရဲတာရော လစ်လျူရှုတဲ့သဘောတွေကို ခံစားတဲ့သဘောကို (ဝေဒနာ)၊ ဒီခံစားတဲ့သဘောအစုကို (ဝေဒနက္ခန္ဓာ) ရယ်လို့ခေါ်တာ ပေါ့ (မှန်ပါ့) ဝေဒနာဆိုတဲ့ ခံစားမှုက ခေါင်းထဲဝမ်းထဲမှာရှိနှင့်တာ မဟုတ်ဘူး၊ မျက်စေ့၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်တို့မှာ (အာရုံ) ကဖြစ်ပေါ်လာမှ(ဖဿ)ကတွေ့တိုက်မှ (ဖဿ)ကြောင့် ခံစားတတ်တဲ့ (ဝေဒနာ)ရယ်လို့ဖြစ်ပေါ်လာတာ (ဝေဒနာ)က စေတသိက်(နာမ်)ပေါ့(မှန်ပါ့)

သညာနက္ခန္ဓာ (သညာ)

သညာနက္ခန္ဓာ (သညာ) ကမ္မတ်သားတာ (သညာနက္ခန္ဓာ) ကြတော့မှတ်သားတဲ့ သဘောအစုကိုခေါ်တာ၊ လူပြော၊ သူပြော၊ စာကပြောတာတွေကို မှတ်သားတဲ့သဘောပေါ့။ ဒါက ဘာ၊ ဒါက ဘာ ခေါ်တယ်၊ ဒါကဘာဖြစ်တယ်နဲ့ မှတ်သားတဲ့သဘောအစုကို (သညာနက္ခန္ဓာ)ရယ်လို့ ခေါ်တာ၊ ဒီ(သညာ)ဆိုတဲ့မှတ်သားမှုကလည်း ခေါင်းထဲမှာဝမ်းထဲမှာ ရှိနေနှင့်တာမဟုတ်ဘူး၊ အာရုံ ၆ပါးဖြစ်တဲ့အခါ (အာရုံ) ကပြမှ မှတ်သားထားတဲ့၊ မှတ်သားတဲ့ (သညာ)ဆိုတာဖြစ်လာတာပဲ (မှန်ပါ့) သညာကလည်း (စေတသိက်နာမ်) ပေါ့ (မှန်ပါ့)

သင်္ခါရက္ခန္ဓာ (သင်္ခါရ)

(သင်္ခါရ) က စိတ်ကိုချယ်လှယ်တဲ့သဘော၊ (စိတ်) ကို ပြုပြင်တဲ့သဘောပဲ၊ စိတ်ဆိုတဲ့ (ဝိညာဏ်) လေးက (သိမှု) သဘောသက်သက်ပဲရှိတာ (သင်္ခါရ) လို့ခေါ်တဲ့ (စေတသိက်) ကဝင်လာတော့မှ (သင်္ခါရ) က(ဝိညာဏ်)စိတ်ကို (ပညတ်) အာရုံတွေနဲ့တွေ့တိုက်၊ နှိုးဆော်ပြုပြင်ချယ်လှယ်လိုက်တော့မှ အသိပြည့်စုံတဲ့ (စိတ်) ဖြစ်သွားတယ် (သင်္ခါရက္ခန္ဓာ) က စေတသိက်က ၅၂ ပါးရှိတော့ (ဝေဒနာ) နဲ့ (သညာ) ကို နှုတ်လိုက်ရင် (သင်္ခါရက္ခန္ဓာ) (သင်္ခါရ) မှာစိတ်ကိုချယ်လှယ်တဲ့သဘော (စေတသိက်) က (၅၀) နဲ့ ချယ်လှယ်ကြတော့တာပေါ့

(မှန်ပါ့) သခ်ၤါရက္ခန္ဓာ စေတသိက် က စိတ်နဲ့အတူဖြစ်ပြီး စိတ်နဲ့အတူ ချုပ်သွားကြတယ် (မှန်ပါ့)

(သခ်ၤါရက္ခန္ဓာ) မှာ (ဖဿ) နဲ့ (စေတနာ) က (သခ်ၤါရ) ပဲ၊ အာရုံ ၅ပါးကြောင့် ဒွါရ ၅ပေါက်မှာ သိစိတ် (ဝိညာဏ်) ဖြစ်လာရင် (သခ်ၤါရခန္ဓာ)ဖြစ်တဲ့ (ဖဿ) က (မနော) ရောက်အောင် တွေ့တိုက်ပေးတော့ (မနောဝိညာဏ်စိတ်)ဖြစ်လာတယ်၊ (မနောစိတ်)ဖြစ်လာတဲ့ အခါမှာ စိတ်ကိုလှုံ့ဆော်တဲ့ ဆော်သြတဲ့ စေတနာဆိုတဲ့ (သခ်ၤါရ) စေတသိက်က (စိတ်) ကို ဘာလုပ်လိုက်၊ ဘာပြောလိုက်စတာတွေနဲ့ လုပ်ဟ လုပ်ဟ၊ ပြောဟ ပြောဟနဲ့ ဆော်သြတော့အာရုံရဲ့သဘော အမှန်ကိုမသိကြတဲ့ ပုထုဇဉ်တွေက(အဝိဇ္ဇာ)တွေဖြစ်နေတော့၊ (အဝိဇ္ဇာ)ဆိုတာက

အ = ဆန့်ကျင်ဘက်၊ ဝိဇ္ဇာ = သိမှု (ဉာဏ်)

သိမှုရဲ့ဆန့်ကျင်ဘက်ဆိုတော့ (မသိမှု) ပေါ့ (မှန်ပါ့) ဉာဏ်မရှိတဲ့တရားသိမှုမရှိတဲ့ (အဝိဇ္ဇာ) အခံရှိနေတဲ့ပုထုဇဉ်တွေက စေတသိက် (စေတနာ) သခ်ၤါရက လုပ်ဟ၊ လုပ်ဟ၊ ပြောဟ၊ ပြောဟလို့ ခိုင်းတဲ့အတိုင်း ငရဲရောက်အောင်လည်း (အကုသိုလ်) လုပ်တယ်၊ နတ်ပြည်ရောက်အောင်လည်း (ကုသိုလ်ကံ) လုပ်တာမျိုးဖြစ်ဘော့ (သခ်ၤါရ)ဖြစ်ဘဲ့ (စေတနာ) က ကံဖြစ်သွားတာပေါ့ (မှန်ပါ့)

ကာယကံ၊ ဝစီကံ၊ မနောကံတွေက (သခ်ၤါရ) ပဲပေါ့၊ ပုံညာ

ဘိသခ်ိၤရကောင်းမှုလုပ်တယ်၊ အပုံညဘိသခ်ိၤရ မကောင်းမှုလုပ်တာတွေဖြစ်ကြရလို့ သံသရာလည်စေတာပေါ့ (မှန်ပါ့) အဲဒီသခ်ိၤရကွန္ဓာ (သခ်ိၤရ) က သိပ်ကြောက်ဖို့ကောင်းတယ်၊ ငရဲရောက်အောင်လည်း ပို့နိုင်တယ်၊ သံသရာလည်အောင်လည်း သူပဲချယ်လှယ်တာပေါ့၊ (သခ်ိၤရ) က အတော်ကျယ်ပြန့်ပါတယ် (မှန်ပါ့)

ခန္ဓာဆိုတဲ့ ခန္ဓာငါးပါးသိပြီးရင်တော့ (အာယတန) ကို ပြောရအုံးမယ် (မှန်ပါ့)

အာယတန (ဖြစ်ရာ)

(အာယတန) ဆိုတာ (ဖြစ်ရာ) ကိုပြောတာ၊ ဘာဖြစ်ရာလဲ၊ ဘယ်မှာဘယ်လိုဖြစ်တာလဲဆိုရင် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် စိတ်ဆိုတဲ့အတွင်း (အာယတန) နဲ့အပြင်ကအဆင်း၊ အသံ၊ အနံ့၊ အရသာ၊ ထိတွေ့မှု ကြံတွေးမှုဖြစ်တဲ့အပြင် (အာယတန) တို့ကို အာရမဏပစ္စယောတိ ရူပါရတနံ့၊ စက္ခုဝိညာဏဓါတုယာ (ပ) သောတာယတန၊ ဂန္ဓာယတနအစရှိတဲ့ (ပဋ္ဌာန်း) မှာဟောသလိုပဲ၊ (အာရုံ) ရဲ့ အစွမ်းသတ္တိနဲ့ (ဖဿ) က တွေ့တိုက်ပေးတော့ ဒီမျက်စေ့၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်မှာ ရုပ်နာမ်(ခန္ဓာငါးပါး)လာဖြစ်ရာကို (အာယတန) လို့ခေါ်တယ် (မှန်ပါ့) (အာယတန) ၆ပါးဆိုတာ ခန္ဓာတွေဖြစ်ရာ (၆) နေရာပေါ့၊ ဒီခန္ဓာငါးပါးဖြစ်တဲ့ (၆)နေရာကို

(အာယတန) ၆ပါးလို့ ခေါ်တယ် (အာယတန) ၆ပါးကို သံသရာခဲ့ရာလို့လည်း ပြောကြ တယ်၊ သစ်ပင်နဲ့သစ်သီးလိုပေါ့၊ သစ်ပင်က သစ်သီးဖြစ်လိုက်၊ သစ်သီး ကသစ်ပင်ပြန်ဖြစ်လိုက်နဲ့ ဒီ (ခန္ဓာငါးပါး) က ခန္ဓာဖြစ်စဉ်တွေ (ပဋိစ္စသမုပ္ပါဒ်) သဘောနဲ့ အကြောင်းအကျိုးဖြစ်ပြီး၊ သံသရာလယ်နေတာပေါ့ (မှန်ပ့ါ)။ (အာယတန) ကကိုယ်မှာရှိတဲ့အတွင်း အာယတန ၆ပါးနဲ့ အပြင်ကရှိတဲ့ အာယတန ၆ပါးပေါင်းတော့ (အာယတန ၁၂ပါးရှိတာပေါ့) (မှန်ပ့ါ)၊ ဒီ အတွင်းအာယတန၆ပါးနဲ့ အပြင်အာယတန၆ပါးနဲ့ တွေ့တိုက်တော့ (ခန္ဓာ) ဆိုတာ ဖြစ်လာရတာပဲ အတွင်းအာယတန (မျက်စေ့) ရုပ်နဲ့ အပြင်အာယတန (ရူပါရုံရုပ်) တို့ကို အာရုံအစွမ်းသတ္တိကြောင့် မြင်စိတ်စက္ခုဝိညာဏ် (ဝိညာနက္ခန္ဓာ) ဖြစ်စေလို့ (ခန္ဓာ) ရလာတယ်၊ နားနဲ့အသံက သောတဝိညာဏ် နှာခေါင်းနဲ့အနံ့၊ လျှာနဲ့အရသာရုပ်၊ ကိုယ်နဲ့အတွေ့အထိစတာတွေကြောင့် (ခန္ဓာ) တွေရလာတော့တာပဲ၊ ခန္ဓာဖြစ်တာလည်း ပြောပြီးပြီ (အာယတန) လည်းပြောပြီးပြီဖြစ်တော့ (ဓါတ်) ကိုပဲပြောရမှာပေါ့ (မှန်ပ့ါ)

ဓါတ်တရား

ဓါတ်ဆိုတာ သူ့သဘောသူ့ဆောင်တာ (ဓါတ်) ပဲ (မှန်ပ့ါ)၊ အတွင်းအာယတန ၆ပါးလို့ခေါ်တဲ့ ဒွါယ ၆ပါး (အခံဓါတ်) ကို အာရုံ၆ပါးလို့ခေါ်တဲ့ အပြင်က အာယတန ၆ပါး (အတိုက်ဓါတ်) တို့ အတွင်း

အပြင်အာယတန ၁၂ပါးတွေ့တိုက်ကြတော့ အာရုံနဲ့ဒွါရတွေ့တိုက်ကြတဲ့အခါ သူ့သဘောသူဆောင်တဲ့ အပွင့်ခါတ် ၆ပါးရတော့တာပေါ့။ ဒီအပွင့်ခါတ်၆ပါးက မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ထိတွေ့စိတ်၊ ကြံတွေးစိတ်တွေက အပွင့်ခါတ် (၆)ပါးပေါ့၊ ဒီအပွင့်ခါတ် (၆)ပါးနဲ့အခံခါတ် အတိုက်ခါတ်ဖြစ်တဲ့ အာယတန ၁၂ပါးနဲ့ ပေါင်းတော့ (ခါတ် ၁၈ပါး) ရတာပေါ့ (မှန်ပါ့)၊ သူ့သဘောသူဆောင်တဲ့ ခါတ်သဘောတွေက အများကြီးပြောလို့ရတယ်၊ မဟာဘုတ်ကလည်း ခါတ်ကြီး ၄ပါးပဲပေါ့၊ စက္ခုပသာဒက စက္ခုခါတ် (မျက်စိ) က သူ့သဘော သူဆောင်တဲ့ (ခါတ်) ပေါ့၊ ရူပါရုံ (ရုပ်) ခါတ်ကလည်း သူ့သဘောသူ ဆောင်တယ်၊ မြင်သိစိတ်က စက္ခုဝိညာဏခါတ်ကလည်း သူ့သဘော သူဆောင်တယ် ဖဿနဲ့ရှင်တဲ့ စေတသိက်တွေကလည်း သူ့သဘောသူဆောင်တဲ့(ဓမ္မ)ခါတ်တွေပေါ့၊ အားလုံးကခါတ်သဘောပဲ၊ (ဒန္ဓာ) သဘောပြောချင်တော့ ခါတ် (၁၈)ပါးပဲ ပြောရတာပေါ့ (မှန်ပါဘုရား)

သစ္စာတရား

(သစ္စာ) က (အမှန်တရား) ကိုပြောတာ၊ သစ္စာအပြားမှန် ၄ပါးတဲ့၊ မြတ်စွာဘုရား ဓမ္မစကြာမှာ ပဉ္စဝဂ္ဂီငါးဦးကို ဟောကြားခဲ့တာက သစ္စာ ၄ပါးပဲ၊ သစ္စာလေးပါးက -

(၁) ဒုက္ခသစ္စာ = ဒုက္ခဆင်းရဲခြင်းအမှန်တရား
(၂) သမုဒယသစ္စာ = ဒုက္ခဖြစ်ကြောင်းအမှန်တရား
(၃) နိရောဓသစ္စာ = ဒုက္ခချုပ်ငြိမ်းရာအမှန်တရား
(၄) မဂ္ဂသစ္စာ = ဒုက္ခချုပ်ကြောင်းအကျင့်မှန်တရား

ရယ်လို့ သစ္စာ ၄ပါးကိုဟောကြားခဲ့တယ် (မှန်ပါ့)၊ သစ္စာဉာဏ်ဆိုတဲ့ မှန်တဲ့ အမှန်အမြင်ဉာဏ်ရအောင်လည်း သစ္စာ (အမှန်တရား) သိသောဉာဏ် သစ္စာနုလောမိကဉာဏ်ရအောင်လည်း အလွန် ဟောခဲ့တာပဲ (မှန်ပါ့)

(သစ္စာ) ဆိုတဲ့ (အမှန်) တရားကို မြတ်စွာဘုရား ထပ်ပြီး ဟောကြားတာက သမုတိသစ္စာနဲ့ ပရမတ္ထသစ္စာ ၂မျိုးကိုလည်း ဟောခဲ့ပါတယ်၊ (သမုတိသစ္စာ) က လောကသားတွေအတွက်တော့ မှန်တယ်၊ ခေါ်ဝေါ် သမုတ်ကြတဲ့ (ပညတ်) တွေပေါ့။ လောကီသားတွေ အတွက်တော့ ခေါ်ဝေါ်သုံးစွဲကြတော့ မှန်တဲ့နာမည်တွေ သန္တာန်တွေ ပေါ့ (ပညတ်) တွေပေါ့။ တကယ်ရှိဟာတော့မဟုတ်ဘူး၊ ဒီသမုတိသစ္စာ (ပညတ်) တွေကလည်း (ဓမ္မ) ပါပဲ၊ ဥယျံတရားဟောကြားရာမှာ (စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်၊ ပညတ်) တွေထဲမှာပါတယ် (မှန်ပါ့)

(ပရမတ္ထသစ္စာ) က = တကယ်ရှိ အဟုတ်ရှိတရားလေးပါး ပဲ၊ ပရမတ္ထသစ္စာ ၄ပါးက (စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်) ပေါ့

(မှန်ပါ့)၊ စိတ်၊ စေတသိက်၊ ရုပ်ဆိုတဲ့ (ရုပ်နာမ်) ကလွဲလို့လည်း ဘာမှမရှိဘူး၊ စိတ်၊ စေတသိက် ရုပ်က (သခ်ါရ) တရားတွေဖြစ်တော့ ဖြစ်ခြင်းလည်းရှိတယ်၊ ပျက်ခြင်း လည်းရှိတော့ (ဖြစ်ပျက်) ပဲရှိတယ်လို့ ပြောလို့ရတယ် (မှန်ပါ့)

မြင်ရင်လည်း (စိတ်၊ စေတသိက်၊ ရုပ်) ထဲကပဲမြင်ရမယ်၊ ဒီပြင်ဟာတွေမမြင်ရဘူး၊ ဒီအတိုင်းပဲ မြင်ကြား၊ နံ၊ စား၊ ထိတွေ့၊ ကြံတွေးတဲ့အာရုံ ၆ပါးမှာလည်း (စိတ်၊ စေတသိက်၊ ရုပ်) ပရမတ်ကိုပဲမြင်ရမယ်၊ ဒီပြင် (ပညတ်)တွေမမြင်ရဘူး (မှန်ပါ့) ဒီပြင် (ပညတ်) တွေမြင်ရင် အမှားမြင် (ဒိဋ္ဌိ) ဖြစ်တာပေါ့ (မှန်ပါ့) ဒီပြင် ဟာတွေက (ပညတ်) အမြင်ဖြစ်တော့ (သမုတိသစ္စာ) အမြင် (ပညတ်) အမြင်ဖြစ်တဲ့ (ဒိဋ္ဌိ) အမြင်တွေဖြစ်တာပေါ့။ (ပရမတ္ထသစ္စာ) အမြင်ဖြစ်တော့မှ လောဘ၊ ဒေါသ၊ မောဟ၊ အဘိဇ္ဈာ၊ ဗျာပါဒ၊ သောက၊ ပရိဒေဝ၊ဒုက္ခ၊ ဒေါမနဿစတဲ့(ကိလေသာ)တွေကနေ ကင်းဝေးသွားတာပေါ့ ဒကာကြီး(မှန်ပါ့ဘုရား)။

(ပရမတ်)မှာတောင် (သခ်ၤတ) ပရမတ်နဲ့ (အသခ်ၤတ) ပရမတ် ရယ်လို့ ၂မျိုးရှိတယ်၊ (စိတ်၊ စေတသိက်၊ ရုပ်) တို့က (အနိစ္စ၊ ဒုက္ခ၊ အနတ္တ) တရား (ရုပ်နာမ်) တွေဖြစ်လို့ (သခ်ၤတပရမတ်) တွေပေါ့ (မှန်ပါ့) အသခ်ၤတ ပရမတ်ဖြစ်တဲ့ (နိဗ္ဗာန်) ကြတော့မှ (အနိစ္စ၊ ဒုက္ခ) တွေမဖြစ်တော့ဘူး၊ (နိစ္စ) မြဲတယ်၊ (သုခ) ချမ်းသာတယ်၊ မဆင်းရဲဘူး၊

(နိဗ္ဗာန်) ကို (အတ္တာ) လို့မဆိုရဘူးလို့ အနက်ပေးရတယ် (သဗ္ဗေဓမ္မာ) အနတ္တာထဲက (ဓမ္မ) မှာ (နိဗ္ဗာန်) ပါတယ် (မှန်ပါ့)

(ဓမ္မ) = ဆိုတာ (သဘောတရား) ကိုယ်ရတယ် (သဗ္ဗေဓမ္မာ) ဆိုတာအလုံးစုံသော သဘောတရားတွေ (ဓမ္မ) တွေပဲ၊ လောကကြီး တစ်ခုလုံးပါသွားတယ်၊ လောကကြီးကလည်း သဘောတရားပဲ၊ သူ့သဘောနဲ့သူရှိကြတာပေါ့ (မှန်ပါ့)

(ဓမ္မ) က နိဿတ္တာ၊ နိဇီဝပဲ၊ အသက်ကောင်၊ လိပ်ပြာကောင် မဟုတ်ဘူး၊ သတ္တဝါမဟုတ်ဘူး (သဘောတရား) ပဲ၊ အခုသိပ္ပံခေတ်မှာ လူသားစက်ရုပ်တွေလုပ်နေကြတာ ဒီစက်ရုပ်တွေက လူလိုပဲ လမ်းလျှောက်တယ်၊ လှေခါးထစ်တောင်တက်နိုင်တယ်၊ စကားပြောတယ်၊ အဲဒါအသက် ကောင်လိပ်ပြာကောင်ထည့်ထားတာမဟုတ်ဘူး၊ (အသက်) မဟုတ်ဘူး၊ (သတ္တဝါ) မဟုတ်ဘူး၊ (သဘောတရား) ထည့်ထားတာပဲ (မှန်ပါ့)၊ လူပ်တဲ့ သဘောတရားထည့်ထားတယ်၊ စကားပြောတဲ့လမ်းလျှောက်တဲ့ သဘောတရားတွေအားလုံးစုပြီး ထည့်ထားတာ၊ ဒီသဘောတရားအစု ကို (ခန္ဓာ) ခေါ်တယ် (မှန်ပါ့)၊

အခု့သိပ္ပံပညာရှင်တွေဆိုရင် ဂဏန်းပေါင်းစက်တို့ ကက်ဆက်တို့ထဲက ပစ္စည်းလေးတွေကို ထုတ်ယူပြီး၊ ဝါယာကြိုးနဲ့ ပေါင်းစပ်ပြီး ပိုးနှံကောင်လိုအကောင်လေးသဏ္ဌာန် ဖန်တီးထားတာ၊ အဲဒီ

အကောင်ပုံလေးက လှုပ်ပြီးသွားနေတာပဲ၊ အဲဒါ နိဿတ္တ၊ နိဇီဝပဲ၊ အသက်ကောင်၊ ဝိညဉ်ကောင်တည့်ထားတာ မဟုတ်ဘူး၊ လှုပ်ရှားသွားလာစေတဲ့ သဘောတရားခန္ဓာတွေ၊ သဘော တရားအစုဖြစ်တဲ့ (ခန္ဓာ) အစုတွေထည့်ထားတာပဲ (မှန်ပါ့)

လူလို့၊ တိရိစ္ဆာန်လို့ခေါ်တဲ့ (သတ္တဝါ) တွေမှာလည်းအသက်ကောင်၊ လိပ်ပြာကောင်၊ ဝိညာဉ်ကောင်မရှိဘူး၊ သဘော (ဓမ္မ) လေးတွေပေါင်းစုထားတဲ့ (ခန္ဓာ) သဘောဆိုတဲ့ (ဓမ္မ) သက်သက်ပဲရှိတယ်၊ (ရုပ်နာမ်) ဓမ္မပဲပေါ့။ (ရုပ်) ခန္ဓာကြီးမှာ အရိုးအသွေး၊ အသား၊ အသဲ၊ အူ၊ အဆုပ်၊ အစာအိမ်အစရှိတဲ့ ၃၂မျိုးနဲ့ပေါင်းစုထားတဲ့ (ရူပက္ခန္ဓာ) ခေါ်တဲ့ (ရုပ်အစု) မှာ (မဟာဘုတ်ရုပ်)ခေါ်တဲ့ ဓါတ်ကြီး၄ပါးရှိတယ်၊ ဒီဓါတ်ကြီး ၄ပါးကို လှုပ်ရှားစေတာ၊ စကားပြောစေတာ၊ သွားလာစေတာက (စိတ်) သဘောအစုခေါ်တဲ့ (ဝိညာနက္ခန္ဓာ) နဲ့ (စေတသိက်) သဒ္ဒါရုသဘောအစုဖြစ်တဲ့ (သဒ္ဒါရက္ခန္ဓာ) မှက်သားစေတာက သညာ (သညာနက္ခန္ဓာ) ခံစားမှုဖြစ်စေတာက (ဝေဒနက္ခန္ဓာ)၊ စတဲ့ (နာမ်ခန္ဓာ၄ပါး) ခေါ်တဲ့ (နာမ်) လို့ခေါ်တဲ့ (ဓမ္မ)သဘောတရားအစု(၄)ပါးက (ရုပ်ခန္ဓာ) အစုကြီးကို သွားလာလှုပ်ရှား၊ စကားပြောစေတာပဲ (မှန်ပါ့) အာယတနလို့ ခေါ်တဲ့ ဒွါရ ၆ပါးက စိတ် ၆ပါးဖြစ်ပြီ (ခန္ဓာ၁၂ပါး) ရတဲ့သဘောဓမ္မတွေ ဆောင်ပြီးသွားလာလှုပ်ရှားပြီး ကုသိုလ်၊ အကုသိုလ်လုပ်ကြပြီး သံသရာလည်နေကြရတာပဲ (မှန်ပါ့)

(ခန္ဓာကိုယ်)မှာ သူ့သဘောသူဆောင်တဲ့ (ဓမ္မ) သဘောလေး တွေပဲရှိနေတဲ့ (ရုပ်နာမ်) သဘောဆောင်နေတာကို (ငါ) လို့ယူတဲ့ (အတ္တ)လို့ယူတဲ့စိတ်ထားက သိပ်ကျဉ်းမြောင်းလှတယ်။ ငါ၊ ငါ့စိတ်၊ ငါ့ဥစ္စာ၊ ငါ့မယား၊ ငါ့သား၊ ငါ့သမီး၊ ငါ့ဆွေမျိုးလို့ သဘောထားတာတွေက စိတ်ထားသိပ်ကျဉ်းမြောင်းလှတယ် (မှန်ပါ့)၊ ဒီကိုယ်ကောင်ကြီးက သဘော (ဓမ္မ) ခန္ဓာ (အစု) တွေပေါင်းစပ်ထားတဲ့ (ခန္ဓာငါးပါး) ကြီးက သူ့သဘာဝသူ့ (ဓမ္မ)နဲ့ သူ့သဘောသူဆောင်တယ်၊ ငါ့သဘောကိုမဆောင်ဘူး၊ ငါ (လေ) မရှုချင်ဘူး၊ ငါမဆာချင်ဘူး၊ ငါအစာမစားပဲနေချင်တယ်ဆိုလို့မရဘူး (ငါ) ဆိုတဲ့ (အတ္တ) မဟုတ်ဘူး၊ ငါအစိုးမရတဲ့ (အနတ္တ) ခန္ဓာကိုယ်ပဲ၊ အတ္တဆိုတဲ့ (ငါ) မဟုတ်ဘူးဆိုတာသိသင့်တယ် (မှန်ပါ့)

(ခန္ဓာ့) သဘောကို (ဉာဏ်) နဲ့ကြည့်လို့ အမှန်မြင်တဲ့ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောမှန် သိရင် (အနတ္တ) က (ငါ၊ ငါ့ဟာ၊ ငါ့ဥစ္စာ) နဲ့မငြိကပ်ဘူး၊ ဘာမဆို စွန့်လွှတ်နိုင်တယ်။ စွန့်လွှတ်နိုင်တော့ ငြိမ်းတာပေါ့၊ မြင့်မြတ်တာပေါ့၊ စွန့်လွှတ်နိုင်တာ (နိဗ္ဗာန်) ပေါ့ (ငါ) လို့ယူဆတဲ့ (အတ္တ)က (တဏှာ၊ မာန၊ ဒိဋ္ဌိ) တွေဖြစ်လို့စိတ်ထားကျဉ်းမြောင်း တာပေါ့၊ စိတ်ထားကျဉ်းမြောင်းတော့ (လောဘ၊ ဒေါသ၊ မောဟ) ဆိုတဲ့မကောင်းတဲ့စိတ်တွေဖြစ်ပြီး မကောင်းတဲ့ကံတွေလုပ်တော့ ကံမကောင်းသူတို့ရဲ့သွားရာလမ်းက

အပါယ် ၄ပါးဇာတိရတော့တာပေါ့ (မှန်ပါ့)

သဗ္ဗေမမွာ အနတ္တာယထာပညာယပသတိ = အလုံးစုံသော (ဓမ္မ) တရားတို့သည် (အတ္တ) မဟုတ် (အနတ္တာ)၊ သူ့သဘောသူ ဆောင်တာကို ယထာပညာယပသတိ = ဒီသဘော(ဓမ္မ)လေးတွေကို (ဉာဏ်)ပညာနဲ့မြင်ရမှာ၊ (စိတ်) နဲ့ မမြင်ရဘူး (မှန်ပါ့)။

(စိတ်) က လောကီဘက်အာရုံပြုတာကိုသိတယ် (ဉာဏ်) ကမှ (အနိစ္စ) သဘော၊ (ဒုက္ခ) သဘော၊ (အနတ္တ) သဘောကို သိရတယ် (မှန်ပါ့)၊ ဉာဏ်က(သတိ)ထားလို့သိရတဲ့ (အသိ)၊ ဒီအသိက (မဂ္ဂင်) အသိဖြစ်စေတယ်၊ (မှန်ပါ့) သတိပဋ္ဌာန်ဆိုတာ(သတိနဲ့ဉာဏ်ပညာ)ပါတာပေါ့ (မှန်ပါ့)

အကြောင်းအားလျော်စွာ ဖြစ်လေတာမှတ်ပါသဘာဝတဲ့၊ အဲဒါ (ဓမ္မ) ပဲပေါ်လာတာ၊ နားနဲ့အသံနဲ့ တိုက်လို့ကြားစိတ် (သဒ္ဒါရုံ)၊ မျက်စေ့နဲ့အဆင်းနဲ့တိုက်လို့ မြင်စိတ်ပေါ်လာတဲ့အာရုံတွေမှာပေါ်လာတာက အကြောင်းအားလျော်စွာ သူ့ (Channel) သူ့သဘာဝနဲ့ သူဖြစ်နေတာ၊ ပေါ်နေတာလေးတွေကို ဘာ၊ ညာစတဲ့ (သညာ) နဲ့ မှတ်ထားတဲ့ အမြင်၊ အသိတွေနဲ့မသိပဲ၊ နဂိုလ်အာရုံ၊ နဂိုလ်စိတ်ဖြစ်တဲ့ ဝိညာဏ်စိတ်နဲ့မြင်ကာမတ္တာ၊ ကြားကာမတ္တာဖြစ်တဲ့ (ပရမတ်)အသိစိတ်နဲ့မြင်ပါလား၊ ကြားပါလား ဆိုတဲ့မြင်ကာမတ္တာ၊ ကြားကာမတ္တာ၊ ပေါ်သိ

ပေါ်သိလေးအဖြစ် ပစ္စုပ္ပန်တည့်တည့်ကို(သတိ)လေးထားပြီး (ဉာဏ်) နဲ့သိသိပေးတာက ယထာပညာယ ပသတ္ထိ(ပရမတ်)ဖြစ်တာပေါ့ (မှန်ပါ့)၊ သတိက (သတိပဋ္ဌာန်) သတိဖြစ်တော့ (ပညတ်) တို့ (သဉာ) တို့ဘက်မရောက်အောင် (ဉာဏ်ပညာ)ကူပေးတော့ သတိသမ္ပဇဉ်နဲ့သိတာဖြစ်တော့ သမ္ပဇာနကာရိဟောတိဖြစ်တော့ (ဓမ္မ) လေးတွေပေါ်သိ၊ ပေါ်သိနဲ့နေရင် (နိဗ္ဗာန်)သိဖြစ်တော့ တာပေါ့ ဒကာကြီး (မှန်ပါ့ ဘုရား)

တရားအားလျော်စွာသိပါ

(ဓမ္မ) ဆိုတာကအကြောင်းအားလျော်စွာ ဖြစ်နေတာ၊ ဖြစ်ပြီးရင်ပျက်နေတယ်၊ ဖြစ်ချင်တာကအကြောင်း (သမုဒယ) ဖြစ်တာ၊ ပျက်တာကအကျိုး (ဒုက္ခ) ဒါပဲရှိတဲ့ (ဓမ္မသဘာဝ) ကိုသိရင်၊ မြင်ရင်ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါဆိုတဲ့ ခေါ်ဝေါ်သမုတ်တဲ့ (ပညတ်) တွေဝမ်းထဲမှာမရှိတော့ဘူး (မှန်ပါ့)

(ရှုပါရုံ) လို့ခေါ်တဲ့၊ ပြတဲ့ (ရုပ်) ကလည်း ဟိုပြ၊ ဒီပြ (ရုပ်)တွေ ကလည်း မမြဘူး၊ မြင်တဲ့စိတ်ကလည်းဟိုမြင်၊ ဒီမြင်နဲ့ မြင်စိတ်တွေကလည်း မမြဲဘူး၊ မြင်စိတ်တစ်ခုဖြစ်လိုက် ပျက်လိုက် နောက်ရှုပါရုံတစ်ခုနဲ့ မြင်စိတ်တစ်ခုဖြစ်လိုက်၊ ပျက်လိုက် တစ်ခုမြင်၊ တစ်ခုပျက်၊ နောက်တစ်ခုမြင်၊ တစ်ခုပျက်၊ နောက်တစ်ခုမြင် ပျက်နဲ့ (ဖြစ်ပျက်)

တာတွေ့ ကလည်း မမြဲဘူး၊ မမြဲတော့ (အနိစ္စ) သဘောကိုသိတာပေါ့ (မှန်ပါ့) မြင်တဲ့ကိစ္စတွင်မကဘူး၊ ကြားတဲ့အခါကြားစိတ်၊ နံတဲ့အခါနံစိတ်၊ စားတဲ့အခါစားစိတ်၊ ထိတွေ့တဲ့အခါ ထိတွေ့စိတ် ကြုံတွေ့တဲ့အခါ ကြုံတွေ့စိတ်တွေက အာရုံနဲ့ဒွါရတိုက်လို့ဖြစ်လာတဲ့ အာရုံ၆ပါးကဖြစ်တဲ့ စိတ် ၆ပါးလုံးမှာလည်း ဖြစ်ပြီးရင်ပျက်သွားတဲ့ မမြဲတဲ့(အနိစ္စ) ကိုသိတာပေါ့ (မှန်ပါ့)

ဒီအာရုံ ၆ပါးကဖြစ်နေတဲ့အကြောင်းအကျိုး၊ ဖြစ်နေတဲ့သဘော (ဓမ္မ)တွေကမမြဲဘူး (အနိစ္စ) သဘောဆောင်တယ်၊ ဆင်းရဲတဲ့ (ဒုက္ခ) သဘောလည်းရောက်တယ်၊ အစိုးမရတဲ့ (အနတ္တ) သဘောကိုသိတာပေါ့ (မှန်ပါ့)၊အာရုံ ၆ပါးကတိုက်လို့ ဒွါရ ၆ပါးမှာဖြစ်လာတဲ့ (အနိစ္စ၊ ဒုက္ခ၊ အနတ္တ) ဆိုတဲ့ လက္ခဏာရေးသုံးပါးကို (ဘာဝနာ) လို့ခေါ်တဲ့ (သတိ) ကလေးနဲ့ (ဉာဏ်) ကလေးနဲ့ရှုပွားနေတော့ ရှင်းရှင်းလင်းလင်းသိတော့ (ဓမ္မာနုအနုဓမ္မစာရီ)ပေါ့၊ တရားအားလျော်စွာသိတော့တာပေါ့ (မှန်ပါ့) ဘာဝနာမယဉာဏ် ရတာပေါ့ (မှန်ပါ့)။

ဘာဝနာမယဉာဏ်မှာ ၂မျိုးရှိတယ်၊ အနုဗောဓဉာဏ်နဲ့ပဋိဝေဒဉာဏ်ပေါ့ (မှန်ပါ့) အကြောင်းအားလျော်စွာသိတော့ (အနုဗောဓ) ဉာဏ်ပေါ့ (မှန်ပါ့)၊ အနုဗောဓဆိုတာ (ပါဠိ) အခေါ်၊ မြန်မာလိုက တရားအားလျော်စွာသိခြင်းပဲ၊ အကြောင်းအားလျော်စွာသိခြင်းပဲ၊ (မှန်ပါ့)၊ ဒါကြောင့် အကြောင်းအားလျော်စွာ သိလေတာ

မှတ်ပါ (သဘာဝ) တဲ့၊ အဲဒါ (ဓမ္မ) ပဲ၊ (ဓမ္မာနုပဿနာ) နဲ့အကြောင်း အားလျော်စွာသိတော့ (ဓမ္မနုပဿနာ) က (ပထမတန်း) ဖြစ်တာပေါ့ ဒကာကြီး (မှန်ပါ့)

(ဓမ္မနုပဿနာ) က အကြောင်းအားလျော်စွာသိတဲ့ (အနုဗောဒဉာဏ်) လည်းရတယ်၊ နောက်တော့ မဂ်ဉာဏ်ဖိုလ်ဉာဏ်သိတဲ့ (ပဋိဝေဓ) ဆိုက်အောင်သိသွားတော့ ပဋိဝေဓဉာဏ်နဲ့ (နိဗ္ဗာန်) ရသွားတာပေါ့ (မှန်ပါ့)

ဓမ္မာရုံ ၆မျိုး

(ရုပ်နာမ်) စတဲ့ ဓမ္မတွေရဲ့အာရုံဖြစ်တဲ့ ဓမ္မာရုံက ၆မျိုးရှိတယ်၊ ဒီ ၆မျိုးက (အဘိဓမ္မတ္ထသင်္ဂဟ) မှာ လည်းပါတယ်။

ဓမ္မာရမ္မဏံပန၊ ပသာဒ၊ သုခုမရူပ၊ စိတ္တ၊ စေတသိက္က
နိဗ္ဗာန၊ ပညတ္တိဝသေနဆမာသင်္ဂယ္ဟတိ တဲ့

ဓမ္မာရုံ ၆ မျိုးက

(၁) ပသာဒ (ရုပ်) = အကြည်ရုပ် (၅)ပါး
(၂) သုခုမ (ရုပ်) = သိမ်မွေ့သော ရုပ် (၁၆)ပါး
(၃) စိတ် = ဝိညာဏ၁၆ပါး၊ အာရုံ ၆ပါး ကဖြစ်တဲ့ ၆ပါးဝိညာဏ် လို့ခေါ်တဲ့ အသိစိတ်အားလုံး ပါတယ်၊

(၄) စေတသိက် = စေတသိက်က ၅၂ လုံး

(၅) နိဗ္ဗာန် = အသင်္ခတ (နိဗ္ဗာန်)

(၆) ပညတ် = အမည်နာမပညတ်၊ ပုံသဏ္ဌာန်ပညတ် ကသိုဏ်းပညတ်စတဲ့ ပညတ် အမျိုးမျိုး

(ဓမ္မ) သဘောက (စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်၊ ပညတ်) တွေပါတော့ (သင်္ခတ) တရားရော (အသင်္ခတ) နိဗ္ဗာန်ရောပါတယ် (မှန်ပါ)၊ (ဓမ္မ) ကို (သင်္ခတ)နဲ့ဆိုင်တဲ့ ဓမ္မနဲ့ (အသင်္ခတ) နဲ့ဆိုင်တဲ့ (ဓမ္မ) ရယ်လို့ နှစ်စုခွဲကြည့်လိုက်ရင် -

သင်္ခတဓမ္မ		အသင်္ခတဓမ္မ
(၁) စိတ်		(နိဗ္ဗာန်)
(၂) စေတသိက်	= ပရမတ်	
(၃) ရုပ်		
(၄) ပညတ်	= ပညတ်	

(သင်္ခတဓမ္မ) က (ပညတ်) နဲ့ (ပရမတ်) ပဲရတယ်၊ ဒါကြောင့် (သင်္ခတ) နယ်က (အသင်္ခတ) နယ် (နိဗ္ဗာန်) ကိုသွားဖို့ (ပညတ်)ကို လည်းသိထားရမယ်၊ (ပရမတ်) ကိုလည်းသိထားရမယ်၊ (ပရမတ်) ဆိုကာ (စိတ်၊ စေတသိက်၊ ရုပ်) အနေနဲ့လည်းသိရမယ် (ဝိဉာဏ်၊ ရုပ်) အနေနဲ့လည်းသိရတယ် (မှန်ပါ)

(သခ်ၤတဓမ္မ) မွာ (ပညတ်) နဲ့ (ပရမတ်) ပဲရတယ်၊ (အသခ်ၤတ ဓမ္မ) ကတော့ (နိဗ္ဗာန်) ရတယ်ပေါ့ (မှန်ပါ့)၊ ဒီတော့ အသခ်ၤတ (နိဗ္ဗာန်)ကိုမျက်မှောက်ပြုဖို့ (ပညတ်) နဲ့ (ပရတမတ်) ဓမ္မ ၂မျိုးကို သိပြီးတော့ (ပညတ်) ကိုရှောင် (ပရမတ်) ကိုဆောင်ဆိုတဲ့ လိုရင်း အဓိပ္ပါယ် ၂လုံးပဲထွက်လာတော့တယ် (မှန်ပါ့)

(ပညတ်) ကို ရှောင်ဖို့၊ ဖယ်ဖို့ဆိုတာ (ပညတ်) ဆိုတာဘာလဲ (ပညတ်) ရဲ့သဘော (ဓမ္မ) တွေအားလုံးသိထားဖို့လိုတယ်၊ ရှေးက လူကြီးတွေ ဝိပဿနာရှုကြတာ သိ၊ ပယ်၊ ဆိုက်၊ ပွားနဲ့ (ဝိပဿနာ) ကို ရှုကြတာ အရင်ဆုံး (သိ) ဆိုတာက (ပညတ်) နဲ့ (ပရမတ်) ဖြစ်တဲ့ဓမ္မသဘောတရားလေးတွေနဲ့ (သစ္စာ) ဆိုတဲ့အမှန်တရားဓမ္မ တွေကို သိအောင်လုပ်ကြတယ် (မှန်ပါ့)

မြတ်စွာဘုရားက (သောတာပန်) ဖြစ်ကြောင်း အင်္ဂါလေးပါး ဟောကြားထားတဲ့အတိုင်း လိုက်နာကြတယ် (မှန်ပါ့)၊ သောတာပန် ဖြစ်ကြောင်း အင်္ဂါ ၄ပါးက -

(၁) သပ္ပုရိသသံသေဝေါ = သစ္စာလေးပါးနဲ့ဓမ္မတရား တွေကို သိတဲ့သူတော် ကောင်းကို မှီဝဲဆည်းကပ် ကြတယ်။

(၂) သဓမ္မသာဝနံ = သစ္စာတရားဖြစ်တဲ့ ဓမ္မတရားတွေကို နာယူကြတယ်။

(၃) ယောနိသောမနသိကာရော = တရားဓမ္မတွေကို နှလုံးသွင်းမှုမှန်စေအောင် ကြိုးစားနေကြတယ်။

(၄) ဓမ္မာနုဓမ္မပဋိပတ္တိ = တရား ဓမ္မလေးတွေ ခန္ဓာမှာဖြစ်နေတဲ့ အားလျော်စွာ ခန္ဓာအရှိကို ဉာဏ်အသိနဲ့ကိုက်အောင် လုပ်ကြတယ် (မှန်ပါ့)

သူတော်ကောင်းကို မှီဝဲဆည်းကပ်ပြီး တရားဓမ္မသဘောတွေကို အရင်ဆုံးသိအောင်လုပ်ကြတယ် (မှန်ပါ့)၊ ဓမ္မသဘောလေးတွေဖြစ်တဲ့ (ပညတ်၊ ပရမတ်) ဓမ္မတွေကိုသိတော့ (သမုဒယ) ဖြစ်စေမဲ့ (ပညတ်)တွေကို ပယ်ကြပြီး (မဂ္ဂင်) လမ်းပေါ်ရောက်စေတဲ့ (ပရမတ်) တရားတွေကို (သတိပဋ္ဌာန်) သတိကြီးနဲ့ဆောင်တော့ (အနိစ္စ) တရားတွေမြင်လာတော့ (နိရောဓဓမ္မ) ဖြစ်တဲ့အငြိမ်းဓမ္မဓါတ်တွေဆိုက်တော့တာပေါ့(မှန်ပါ့)၊ ဒီလို သစ္စာတပရမတ်နဲ့ (နိရောဓ ဓမ္မ) လေးတွေဆိုက်နေတာကိုပဲ အစဉ် (နိရောဓ) ဖြစ်အောင် (နိရောဓ

သစ္စာ) ဖြစ်တဲ့ ငြိမ်းအေးတဲ့ချမ်းသာသုခဖြစ်တဲ့ အသင်္ခတ (နိဗ္ဗာန်) ရောက်တဲ့အထိ (နိရောဓ ဓမ္မ) တွေကိုပွားကြတာပေါ့ (မှန်ပါ့)

အခုလည်း (သင်္ခတ) တရားနဲ့ (အသင်္ခတ) တရား ၂ပါးကို ခွဲကြည့်တော့ အသင်္ခတ (နိဗ္ဗာန်) ရောက်ဖို့ (သင်္ခတ)နယ်ထဲက(ဓမ္မ) တွေကို (သိ၊ ပယ်၊ ဆိုက်၊ ပွား) နဲ့သွားဖို့အတွက် (ပညတ်) နဲ့ (ပရမတ်) ဓမ္မတွေကို ကွဲကွဲပြားပြား (သိ) အောင်၊ သိပြီးရင် (ပညတ်) ကို ပယ်နိုင်အောင်၊ (ပရမတ်) ကို ပွားနိုင်အောင်ဟောပါ့မယ် (မှန်ပါ့)။

ဒီ(ပညတ်)နဲ့(ပရမတ်)တို့ဟာ(နိဗ္ဗာန်)ရောက်ကြောင်း အတွက်အရေးကြီးဆုံးပေါ့ (မှန်ပါ့)။(ပညတ်)ကိုသိအောင် အရင် ဟောပါ့မယ်၊ (မှန်ပါ့) (ပညတ်) ဆိုတာသိရမဲ့ ပယ်ရမဲ့ တရားဆိုတာ (ဝိပဿနာ) တရားအားထုတ်တဲ့သူတိုင်းသိကြပါတယ်၊ (ပညတ်) ကိုပယ်လိုက်တော့ (ပရမတ်) ရောက်သွားတာပေါ့၊ ဒါကြောင့်သိရမဲ့ ပယ်ရမဲ့ (ပညတ်) တရားပညတ် (ဓမ္မ) ကိုအရင် ဟောပြမှ လွယ်လွယ် ကူကူနဲ့ ဓမ္မသဘောတွေကိုနားလည်ကြမှာပေါ့ (မှန်ပါ့)

ပညတ်တရား

ပညတ်

(ဓမ္မနုပဿနာ) မှာ (ပညတ်) ကိုသိဖို့အရေးကြီးဆုံးပဲ ဒကာကြီး (မှန်ပါ့) (ပညတ်) ဆိုတာကမ္ဘာပေါ်ရှိတဲ့ အခေါ်အဝေါ် (အမည်နာမ) တွေ (ပုံသဏ္ဌာန်) တွေ (လူသတ္တဝါ) တွေ (ပစ္စည်းအခေါ်အဝေါ်) တွေ အားလုံးဟာ (ပညတ်) တွေပေါ့။ "သင်္ကေတဝစနံသစ္စံ၊ လောကသမုတိ ကာရဏာ"တဲ့၊ လောကရဲ့အမှတ်သညာ အမည်နာမတွေအားလုံး၊ လောကသား တို့ သူတို့ရဲ့ ဘာဝအလျောက် ခေါ်ဝေါ်ပညတ်သုံးစွဲအပ်တဲ့ သင်္ကေတ အမှတ်အသားတွေအားလုံး ဟာလည်း (ပညတ်)ပဲပေါ့။ အင်္ဂလိပ်လိုဆိုရင် (ပညတ်) ဆိုတာ (All are Noun) လို့ပြောလည်းမမှားဘူးပေါ့ (မှန်ပါ့) Noun ကိုဘယ်လိုပြောလဲဒကာကြီး (မှန်ပါ့) A noun is a name of a person or things (လို့ဆိုပါတယ်ဘုရား) အေး (ပညတ်) ဆိုတာလည်း Noun လိုပဲ

နာမည် = နာမပညတ်

သန္ဓာန် = သန္ဓာန်ပညတ်

နာမည်တွေ သန္ဓာန်တွေ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ အိမ်တို့ကား တို့ မြို့၊ ရွာ၊ တော၊ တောင်၊ ရေ၊ မြေ၊ စတာတွေခေါ်ရတဲ့

အခေါ်အဝေါ်အားလုံး၊ ပစ္စည်းမှန်သမျှတို့ရဲ့ အခေါ်အဝေါ် နာမည်တွေ ပုံသဏ္ဌာန်တွေအားလုံးကို (ပညတ်) လို့ မြတ်စွာဘုရားက တစ်လုံးတည်းခေါ်ဝေါ်သမုတ်ထားတာပေါ့။ သမုတ်ထားတဲ့ (သမုတိသစ္စာ) ဆိုတာက (ပညတ်) ပေါ့ (မှန်ပါ့)

ပြီးတော့ (သင်္ကေတ) လုပ်ထားတဲ့ အမှတ်အသားလေးတွေကိုလည်း (ပညတ်) ထားလို့ အဲဒါအားလုံးကိုလည်း (ပညတ်) လို့ ခေါ်တယ် (မှန်ပါ့)။ ပုထုဇဉ်တွေအားလုံးဟာ (ပညတ်) တွေကိုပဲ သိကြပြီး (ပညတ်) တွေနဲ့ပဲ ပြောဆိုဆက်ဆံနေကြတယ် (မှန်ပါ့)။ ဒကာကြီး ငယ်ငယ် (၆)လသားလောက်က ဒကာကြီးရဲ့မိဘတွေက ဒကာကြီးရဲ့နာမည်ကိုကင်ပွန်းတပ်ပေးကြတယ်၊ အမည်နာမ သမုတ်ပေးကြတယ် (မှန်ပါ့)၊ ဒကာကြီးက အဲဒီတုန်းက ကိုယ့်နာမည် (ပညတ်) ကိုလည်း ကိုယ်မသိသေးဘူး၊ အဖေတို့အမေတို့စတဲ့ (ပညတ်) တွေကိုလဲလည်း မသိသေးဘူးဆိုတော့ ဒီအရွယ်က တခြားဆိုရင် ဘာ (ပညတ်) မှမသိသေးဘူးပေါ့ (မှန်ပါ့)

အဲ၊ နည်းနည်းလေးကြီးလာတော့ ချိုချိုတို့၊ မဲမဲတို့သိလာတယ်၊ ဒါက (ငှါ) ကို ခေါ်တာပါလား၊ ဒါက ငှါနာမည်ပါလားဆိုတဲ့ (ငါ) ဆိုတာ (သူ) ဆိုတာသိလာ တယ်။ ဒါက ငှါ ဖေဖေ၊ မေမေ၊ ကိုကို၊ မမပဲ၊ ဒီထက်နည်းနည်းပိုကြီးလာတော့ အဖေနာမည်၊ အမေနာမည် ဒါက ကိုကိုနာမည်၊ ဒါက မမနာမည်၊ ဒါကထမင်း၊

ဒါက ဟင်း၊ ဒါက အကြီ၊ ဒါက ဘောင်းဘီ၊ ကျောင်းသွားမယ်ကအစ၊ ကျောင်းတို့စာအုပ်တို့ အစရှိတဲ့ နာမည်တို့ သန္ဓာန်စတဲ့ (ပညတ်) တွေကို တဖြည်းဖြည်းကြီးလာ သလောက်သိလာတယ်မဟုတ်လား (မှန်ပါ့)

ဒကာကြီး မွေးလာတဲ့ အချိန်ကစပြီး လသားအရွယ်အတွင်းမှာ (ပညတ်) တွေကို မသိခင် ဒကာကြီးမှာ (စိတ်) တွေ (စေတသိက်) တွေ (ရုပ်) တွေရှိနေတယ် (မှန်ပါ့)၊ ဒကာကြီးမှာ အဲဒီ (စိတ်၊ စေတသိက်၊ ရုပ်) တွေနဲ့ အသက်ရှင်နေတာ၊ အဲဒါ (ပရမတ်) ပဲ (မှန်ပါ့)။ လသားအရွယ်၊ ပုခက်ထဲက ကလေးငယ်လေးရဲ့ ဘဝလေးဟာ (စိတ်၊ စေတသိက်၊ ရုပ်) (ပရမတ်) တွေနဲ့ပဲ အသက်ရှင်နေတာ ဘယ်လောက် ချစ်စရာကောင်းသလဲ၊ အပြစ်တွေကင်းစင်ပြီး ကြည်လင်နေတာပဲ (မှန်ပါ့)၊ တချို့ကလေးများ နှစ်ထပ်အိမ်ပေါ် ကကျတာတောင် မသေဘူးလို့ သတင်းစာထဲမှာပါဘူးတယ်၊ ကလေးကို နတ်စောင့်တယ်လို့ပြောကြတယ်၊ အဲဒါ ကလေးစိတ်က စင်ကြယ်နေလို့ပေါ့ (မှန်ပါ့)

ကလေးဘဝတုန်းက (ပညတ်) တွေမကပ်သေးတော့ ကလေးမှာအပြစ်တွေ ကင်းစင်ပြီး စင်ကြယ်နေလို့ပေါ့ (မှန်ပါ့)၊ အဲ . . . နည်းနည်းလေးကြီးလာတော့ ကလေးမှာ (ပညတ်) တွေ ကပ်လာပြီး (ပညတ်)တွေနဲ့ ပြောဆိုဆက်ဆံပြီး (ပညတ်) တွေကိုပဲ

မက်မောတွယ်တာလေတော့ မိဘကဒါဆိုရင် ကလေးကဟိုဟာ၊ ဟို (ပညတ်) ကိုခုံမင်ပြီး ပေကပ်ကပ်နဲ့ရိုက်ချင်စရာ ဖြစ်လာတော့တယ်၊ အရိုက်ခံရတဲ့ဘဝနဲ့ပဲ သံပုရာသီးလို ကြီးလေးချဉ်လေ၊ ကြီးလေချဉ် လေဘဝထဲ ရောက်လာတယ် (မှန်ပါ့) (ပညတ်) တွေကို လိုချင်၊ မက်မောတွယ်တာမှုတွေ ပိုများလာတော့ မဟုတ်တာတွေ လည်းလုပ်ချင်တယ်၊ ခိုးတာဝှက်တာတွေ လုပ်လာတယ်၊ လူဆိုး ခါးပြ ဖြစ်လာတဲ့ လူကဖြစ်လာတာပေါ့ (မှန်ပါ့)

လူဆိုးမဖြစ်ပဲ လူကောင်းဘဝနဲ့ပညာတတ်ကြီးတွေ အရာရှိကြီးတွေ ဖြစ်လာကြပေမဲ့လည်း ဒီ (ပညတ်) တွေနဲ့ပဲ ပြောဆိုဆက်ဆံနေကြရတယ် (မှန်ပါ့)၊ (ပညတ်) တွေကို နှလုံးသွင်းရလေတော့ (လောဘ၊ ဒေါသ၊ မောဟ) တွေနဲ့ပဲ လူကြီးဖြစ်လာကြလေတော့၊ သေတော့လည်း အကုသိုလ်များတဲ့သူတွေက ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရယ်ဆိုတဲ့ အပါယ်လေးပါးရောက်သူရောက်၊ ကုသိုလ်စိတ်မွေးသူက လူ့ဘုံ၊ နတ်ဘုံမှာပြန်ဖြစ်ကြပြီး သံသရာခရီးသည်တွေ အနေနဲ့ ဒုက္ခဘဝသံသရာတွေထဲမှာပဲ လည်ကြရတာပေါ့ (မှန်ပါ့)

ဒကာကြီး (နာမည်) ဟာ (ပညတ်) ပဲ၊ နာမည် (ပညတ်) ကြောင့်လည်း မာနကြီးတယ်၊ ငါက ဗိုလ်မှူး၊ ငါက ညွှန်မှူး၊ ငါက ညွှန်ချုပ်၊ ငါက ဗိုလ်မှူးကြီး စတဲ့ နာမည် (ပညတ်) တွေကြောင့် ကိုယ့်ကိုယ်မှာ (တဏှာ၊ မာန၊ ဒိဋ္ဌိ) ဆိုတဲ့ အကုသိုလ်တရားတွေ

ဝင်လာတယ် (မှန်ပါ့) သန္တာန် (ပညတ်) တွေကြောင့်လည်း (တဏှာ၊ မာန၊ ဒိဋ္ဌိ) တွေဖြစ်ကြရတယ်၊ ငါ့မှာ လှတဲ့သန္တာန် ရှိပါလား၊ ငါက လှတယ်၊ ငါကချမ်းသာတယ်၊ ငါ့မှာ ရွှေငွေတိုက်တာ ခြံမြေစည်းစိမ် ဥစ္စာတွေရှိတယ်စတဲ့ (သန္တာန်) (ပညတ်) တွေနဲ့ မာနကြီးကြတယ်၊ (ရာဂ၊ ဒေါသ၊ မောဟ) တွေဝင်နေကြတာပေါ့ (မှန်ပါ့)၊ ငါကဘာပဲ၊ သူကဘာပဲ၊ ဒါက ငါမိန်းမ၊ ဒါက ငါယောကျ်ား၊ ဒီပုဂ္ဂိုလ်ကသူငှေးစတဲ့ (ပညတ်) ဖြစ်တဲ့ (နာမ၊ သန္တာန်)တွေဟာ အကုသိုလ်ဖြစ်စေတဲ့တရား တွေပေါ့ (ပညတ်ဓမ္မ) တွေပေါ့ (မှန်ပါ့)

(နာမ၊ သန္တာန်) ဖြစ်တဲ့ (ပညတ်) တွေဟာ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဘာညာတွေပေါ့ (မှန်ပါ့)၊ အဲဒါ (ပညတ်) တွေပေါ့။ (နာမသန္တာန်) ဆိုတာ မဖြူဆိုရင် (နာမည်) ကမဖြူ။ (သန္တာန်) က မိန်းမပေါ့။ မောင်ညိုဆိုရင် (နာမည်) က မောင်ညို။ (သန္တာန်) က ယောကျ်ားပေါ့။ ရုပ်ရည်နဲ့ ပုံပန်းသန္တာန်က ကိုယ် (သညာ) နဲ့ မှတ်ထား တဲ့ ကိုယ်သိတဲ့အတိုင်းပေါ့ (မှန်ပါ့)

ရွှေဆိုရင် (နာမည်) က ရွှေ၊ သန္တာန်ကအဝါရောင်၊ လက် ကောက်၊ ဆွဲကြိုးလက်ဝတ် (သန္တာန်) အမျိုးမျိုးပေါ့ (မှန်ပါ့)၊ အိမ်တို့ တိုက်တို့ ကားတို့ကလည်း၊ သူ့နာမည်နဲ့သူ့သန္တာန်နဲ့သူ (နာမည်နဲ့ သန္တာန်) တွေပါတာပေါ့၊ (မှန်ပါ့)၊ ဒါကြောင့် (ပညတ်) ဆိုတာ (Name) အမည်၊ (Person) ငါ၊ သူ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ

(Thing) အရာဝတ္ထုပစ္စည်းတွေ သူ့ (အမည်) နဲ့သူ၊ သူ့ (သန္တာန်) နဲ့သူ **ရှိကြတာဖြစ်လေတော့** (ပညတ်) ဟာ (နာမသန္တာန်) တွေပေါ့။ (မှန်ပါ့) မြတ်စွာဘုရားက ဒါတွေအားလုံးကို နာမည်တစ်လုံးထဲ **ပေးထားတာက** (ပညတ်) တဲ့ (မှန်ပါဘုရား)

(ပညတ်) ကို အတိုချုံးပြီး မြတ်စွာဘုရားက နှစ်မျိုးနှစ်စား ပညတ်ထားတယ်၊ တစ်မျိုးက (အဟုတ်) ရှိတာကိုခေါ်ဆိုတဲ့ (ဝိဇ္ဇမန ပညတ်) နဲ့ နောက်တစ်မျိုးက (သမုတ်ရှိ) ဖြစ်တဲ့ (မရှိတာ) ကို ခေါ်ဆို တဲ့ (အဝိဇ္ဇမနပညတ်) ရယ်လို့ နှစ်မျိုးနှစ်စားပညတ်ထားတယ်၊ အဟုတ်ရှိတာကတော့ (သန်တ) နဲ့ (အသန်တ) တို့မှာ တကယ်ရှိတဲ့ ၈၂ ပါးသော (ဓမ္မသဘာဝ) ကို သိဖို့မြတ်စွာဘုရားက ဓမ္မသဘာဝနဲ့ ကိုက်ညီတဲ့အမည် (နာမ) (ပညတ်) တွေကိုပေးထားပါတယ်။ (မှန်ပါ့)၊ စိတ်က (၁)ပါး၊ စေတသိက်က (၅၂)ပါး၊ ရုပ်က (၂၈)ပါး၊ နိဗ္ဗာန်က (၁)ပါးဆိုတော့ အဟုတ်ရှိအခေါ်အဝေါ် (ပညတ်) က (၈၂)ပါးပေါ့ (မှန်ပါ့)

ဝိဇ္ဇာမန (ပညတ်) က တကယ်ရှိတဲ့ (ပညတ်) ပေါ့၊ ပထဝီ၊ တေဇော၊ အပေါ၊ ဝါယော၊ ဝိညာဏ်၊ နာမ်၊ ရုပ်၊ နိဗ္ဗာန်စတဲ့တကယ်ရှိ တဲ့ **အခေါ်အဝေါ်**(ပညတ်)တွေပေါ့(မှန်ပါ့)ရုပ်နာမ်ဆိုတဲ့ (နာမ ပညတ်) က ဓမ္မသဘာဝတစ်ခုကို လူတွေသိဖို့မှည့်ခေါ်ထားတဲ့ အဟုတ် ရှိတဲ့ (ပညတ်) ပဲ၊ တကယ် တော့ (ဓမ္မသဘာဝ) မှာနာမည်မပါဘူး၊

နာမည်ကလည်း (ဓမ္မသဘာဝ) မဟုတ်ဘူး (မှန်ပါ့)၊ စာနဲ့ရေးပြထားတဲ့ (ရုပ်နာမ်) ကလည်း (ဓမ္မသဘာဝ) မဟုတ်ဘူး၊ (ဓမ္မသဘော) ကိုဆိုလို တဲ့ အက္ခရာပညတ်လို့ပဲ မှတ်ယူရမယ်၊ သူတစ်ပါး ပြောသံကြားရတဲ့ (ရုပ်နာမ်) ဆိုတဲ့အသိကလည်း (ဓမ္မသဘာဝ) မဟုတ်သေးဘူး (သဒ္ဒပညတ်) ပဲဖြစ်တယ် (မှန်ပါ့)**(ရုပ်နာမ်)ဆိုတဲ့(ဓမ္မသဘာဝ)ကို ဉာဏ်နဲ့သာသိရတယ် (မှန်ပါ့)**

အဝိဇ္ဇာမန (ပညတ်) က သမုတ်ရှိသော်လည်း အဟုတ်မရှိတဲ့ (ပညတ်) မျိုးပေါ့၊ တနင်္ဂနွေ၊ တနလ်ာ၊ ဝါဆို၊ ဝါခေါင်၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ လူ၊ နတ်၊ ဗြဟ္မာအစရှိတဲ့ အခေါ်အဝေါ်နာမည်တွေဟာ (ပညတ်) ထားတဲ့ (နာမည်) ပေးထားတဲ့ (နာမပညတ်) တွေပေါ့တကယ်မရှိဘူး (မှန်ပါ့) တကယ်ရှိတဲ့ (ဝိဇ္ဇာမနပညတ်) က **(စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်) ပရမတ္ထသစ္စာလေးပါး) က အမှန်ရှိတရားလို့မြတ်စွာဘုရား ဟောထားပါတယ် (မှန်ပါ့) ပရမတ်ရဲ့သဘောအမှန်ကို သိချင်ရင် (ဉာဏ်) နဲ့မှသိလို့ ရတယ်၊ အရိယာအသိပဲ၊** (စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်) က ပုထုဇဉ်တို့သိအောင်ပြောရတဲ့အခေါ်ပညတ်ပဲ (မှန်ပါ့)

လူ၊ ပုထုဇဉ်တွေဟာ (အဝိဇ္ဇာမနပညတ်) တကယ်မရှိတဲ့ (ပညတ်) ကိုမှကြိုက်ကြတယ်၊ ရုပ်ရှင်ကြည့်တာတို့ ဗွီဒီယိုကြည့်တာတို့ မှာဘာကြောင့် စွဲစွဲလန်းလန်းနဲ့ ကြိုက်နေကြတာတုန်း၊ ရုပ်ရှင်

ဗြဒ္ဓိယုိဇာတ်လမ်းတွေမှာ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်အစရှိတဲ့ (ပညတ်) တွေကြောင့်ကြိုက်ကြတာ (တဏှာရာဂ) တွေရှိကြလို့လည်း ကြိုက်ကြတာ၊ မြင်ရတဲ့ရုပ်ပုံသဏ္ဌာန်တွေဟာ (ပညတ်) မှန်းသိပြီး ပယ်တတ်တဲ့အရိယာတွေဟာ ဒါတွေကြည့်ရင်၊ စိတ်ကို (ကိလေသာ) ဖြစ်စေတယ်၊ ငြိမ်းအေးနေတဲ့စိတ်ကိုဆွပေးတဲ့သဘော၊ ပူလောင်တဲ့သဘော ဖြစ်စေတယ်၊ စိတ်ကိုညစ်ငြမ်းစေတဲ့အလွမ်း၊ အဆွေး၊ အသော (ပညတ်)တွေကိုမကြိုက်တော့ဘူး၊ ကြည့်လည်းမကြည့်ချင်ကြတော့ဘူး၊ လောကီစကားတောင်မပြောချင်ကြတော့ဘူး (မှန်ပါ့)

ဒီ(ပညတ်)တွေနဲ့ စိတ်ညစ်ညူးအောင် ဇာတ်လမ်း၊ ဇာတ်ထုတ်လုပ်ထားတဲ့ဟာတွေဟာ စိတ်မှာ(သမုဒယ)နဲ့ (ဒုက္ခ)ဖြစ်စေတဲ့အတွက် မကြည့်ပဲနေရတာကမှ နှလုံးစိတ်ဝမ်း အေးချမ်းနေတယ် (မှန်ပါ့)၊ ဒီလိုချမ်းသာစွာနေရတာမျိုးနဲ့၊ စိတ်ညစ်ငြမ်းစေတဲ့ (ပညတ်) မျိုးတွေ ကိုကြည့်ရတာနဲ့မလဲချင်တော့ဘူး၊ (ပညတ်) မပါတဲ့ငြိမ်းချမ်းပြီးချမ်းသာတဲ့ ဒီအငြိမ်းချမ်းသာကြီးကို ဘာနဲ့မှမလဲနိုင်ဘူးဆိုတာ သူသိပြီးငြိမ်းငြိမ်းချမ်းချမ်းပဲ နေချင်လာတယ် (မှန်ပါ့)

ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ စတဲ့နာမသဏ္ဌာန် (ပညတ်) ကိုခွါထားတတ်ရင် (ဒိဋ္ဌ) ကိုအသိနဲ့ခွါထားနိုင်တော့ ပထမတန်းစားဖြစ်တယ် ဒကာကြီး (မှန်ပါ့) လူတွေဟာ မြင်မြင်သမျှ (ပညတ်) မှန်းမသိလို့ (တဏှာ) လောဘတွေ ဖြစ်ကြရတာ၊ ရန်ဖြစ်

ကြတာ၊ ဒေါသဖြစ်ကြတာပေါ့ (ပညတ်) မှန်းသိရင် (လောဘ) ဆိုတဲ့ လိုချင်တာမျိုး၊ (ဒေါသ) ဆိုတဲ့ ရန်ဖြစ်တာမျိုး၊ ရန် လုပ်တာမျိုး မဖြစ်တော့ဘူး (မှန်ပါ့)၊ ပညတ်ပြုတ်ရင် မာနလည်းပြုတ်တယ် (ရာဂ၊ ဒေါသ၊ မောဟ) ဆိုတဲ့ (နိဗ္ဗာန်) ရဲ့ ဆန့်ကျင်ဘက် တရားတွေအကုန် ပြုတ်တာပေါ့ (မှန်ပါ့)

ဝိပဿနာတရား အားထုတ်တယ်ဆိုတာလည်း "ပညတ္တံ၊ ဥ ပေတွာအနိစ္စ ဒီကာရေန ဝိဝိဒံပဿတိတိ ဝိပဿနာ "ပညတ္တံသမတ် ဂ္ဂမိတွာစတဲ့အတိုင်းပဲ၊ ဝိပဿနာတရားအားထုတ်ရာမှာ (ပညတ် ကို ပယ်ခွာပြီး (ပရမတ်) ရဲ့၊ (အနိစ္စ၊ ဒုက္ခ၊ အနတ္တ) ဖြစ်တဲ့အချင်းအရာ အထူးထူးအပြားပြားကို (ဉာဏ်) နဲ့မြင်အောင်ကြည့်ရတာမျိုးပဲ (ဝိပဿနာ) တရားအားထုတ်ကြတဲ့ ရောဂီတိုင်း (ပညတ်) ကို ပယ်ခွါပြီး (ပရမတ်)ကို ရှုရတယ်ဆိုတာသိကြပါတယ် (မှန်ပါ့)

(ပညတ်) သိက စိတ်ကူးသိတာတို့၊ တွေးတာတို့မှာလည်း (ပညတ်) တွေပါလို့ဖြစ်ရတာ၊ အမှန်ကတွေးကိုမတွေးရဘူး၊ တွေးရင် စိတ်လေလွင့်နေတာပဲ၊ အဆင်ချင်ဉာဏ်မပါပဲ (မောဟ) နဲ့သိတာမှ် ကတွေးတဲ့ (ပညတ်) သိပဲ (မှန်ပါ့)၊ (ပညတ်) ကိုခွါတယ်ဆိုတာ (ပညတ်) မှန်း သိပြီးပယ်လိုက်တာပဲပေါ့၊ (ပညတ်) ဟာ ဥယျဒံတရား ဒီတရားကို အလေးအနက်ထားမှ (နိဗ္ဗာန်) ရောက်တာ (မှန်ပါ့)၊ (ပညတ်) ကို မပယ်တတ်၊ မခွါတတ်တော့ တရားအားထုတ်ရ

နေရာမှာ (ပိုး) သာ ကုန်မောင်ပုံစောင်းမတတ် ဆိုသလိုဖြစ်ရတာပေါ့ (မှန်ပါ့)

မြတ်စွာဘုရားက (ပညတ်) ဖြစ်တဲ့ ဥယျဒံတရားကိုသိလို့ သမ္မာသဗုဒ္ဓဘုရားဖြစ်ကြောင်း ဟောပါတယ် (မှန်ပါ့)၊ အရှင်မဟာမောဂ္ဂလန်မထေရ်ကြီး တောထဲမှာရှိစဉ်က မိန်းကလေးတွေ မြူဆွယ်တာခံရဘူးတယ် (မှန်ပါ့) ကိုယ်တော်မြတ်ကြီးက မိန်းမဆိုတာ (ပညတ်) မှန်းသိလို့ မြူဆွယ်လို့မရဘူးပေါ့ (နာမ်ရုပ်) ပဲသိနေတာကိုး၊ နောက်တော့ ဒီမိန်းမတွေကိုပဲပြန်ပြီး တရားဟောလွှတ်ရသေးတယ် (မှန်ပါ့) မိန်းကလေးတွေကို (ပညတ်) မှန်းသိရင်ကိုယ့်မှာ (ရာဂ) မဖြစ်တဲ့အတွက် မြူဆွယ်လို့မရဘူးပေါ့ (မှန်ပါ့)

(ပညတ်)အသိက (ပုထုဇဉ်) သိခေါ်တာပေါ့(ပညတ်) ကိုခွါမှ (ပရမတ်) ရောက်တာပေါ့ (မှန်ပါ့)၊ ပရမတ်ရောက်အောင်သိတော့မှ အရိယာသစ္စာနံဒဿနံ အရိယာသစ္စာသိရောက်တာပေါ့၊ နောက်တော့ နိဗ္ဗာန်နံ သစ္ဆိကိရိယာ ဖြစ်တဲ့ (နိဗ္ဗာန်) ကိုမျက်မှောက်ပြုတာပဲပေါ့ (မှန်ပါ့)

ဘာကိုသိတယ်၊ ညာကိုသိတယ်၊ ဘယ်သူကိုသိတယ်ဆိုတာ (ပညတ်) ပါမှဖြစ်ရတာ၊ (ရာဂ၊ ဒေါသ၊ မောဟ) ဖြစ်ရတာကလည်း (ပညတ်) ပါမှဖြစ်ရတာ၊ "ရာဂ ဒေါသံ ပဟာယမောဟံ" ဆိုတဲ့၊ (ရာဂ၊

ဒေါသ၊ မောဟ) ကိုပယ်၍ နေရမယ်တဲ့၊ ဒီတော့ (ပညတ်) ကိုခွါနေရင် (ရာဂ၊ ဒေါသ၊ မောဟ) တွေမဖြစ်တော့ဘူးပေါ့ (မှန်ပါ့)

စိတ်ဆိုးတယ်ဆိုတာ ငါ၊ သူ (ပညတ်) တွေဝင်လာလို့ (ပညတ်) ပါလို့စိတ်ဆိုးတာ (ပညတ်) မပါရင် စိတ်မဆိုးဘူး (မှန်ပါ့)၊ ငါ၊ သူမဖြစ်ရင် စိတ်မဆိုးဘူး (မှန်ပါ့)၊ ဒါကြောင့် **"ရာဂ၊ ဒေါသ ဖြစ်လေ ရာ (ပညတ်) တွေလည်းပါရတာ"** လို့စပ်ထားတာပေါ့၊ (ပညတ်) ပါလို့ ရာဂ၊ ဒေါသဖြစ်တာ (နိဗ္ဗာန်) ဆိုတာ (ရာဂ၊ ဒေါသ၊ မောဟ) မဖြစ်ရာ၊ ကုန်ရာပဲ (မှန်ပါ့)၊ မိန်းမ၊ ယောကျ်ားတွေအမှတ်ရ တာတွေ အတိတ်ကမိန်းမ ယောကျ်ားတွေနဲ့ ပြောခဲ့ဆိုခဲ့ဘူးတာတွေ ဖြစ်ပျက်ခဲ့တာတွေကို အမှတ်ထားတဲ့ အတိတ်စိတ်ကလေးတွေကို မနောဝိညာဏ် (ပညတ်) လို့ခေါ်တယ်၊ ဒါတွေကို နှိပ်ကွပ်ရမယ် (ပညတ်) တွေကို မအောင်း မေ့ရဘူး၊ မတွေးရဘူး **"အတိတ်စိတ်သာ နှိပ်ကွပ်ပါ သစ္စာငှဖြာ သိစမြဲ"** တဲ့စိတ်မှာ (ပညတ်) မပေါ်အောင်နေ တတ်ရတယ် (မှန်ပါ့)

(နာမည်) တို့ (သန္တာန်) တို့နဲ့သိတဲ့ (ပညတ်) သိက (အဝိဇ္ဇာ) သိပဲပေါ့၊ (ပညတ်) မပါသောအသိကသာ (ပရမတ်) သိဖြစ်တာပေါ့ ဒကာကြီးရ (မှန်ပါ့) နာမည်တွေသန္တာန်တွေပါတဲ့ (ပညတ်) ကိုခွာလိုက်တော့မှ (ပရမတ်) ရောက်ပြီး (ပရမတ်) အနိစ္စ (ဖြစ်ပျက်) တာတွေတွေ့တာပေါ့၊ နောက်တော့မဖြစ်ရာ မပျက်ရာ (နိဗ္ဗာန်) ရောက်တော့

တာပေါ့ (မှန်ပါ)

ဒကာကြီး ပုခက်ထဲက ကလေးဘဝတုန်းက (ပညတ်) မဖက် သေးဘူး၊ ငါတို့၊ သူတို့၊ ယောက်ျား၊ မိန်းမ ပုဂ္ဂိုလ် သတ္တဝါ၊ ရွှေ၊ ငွေ၊ အသိမဖြစ်သေးဘူး၊ အဲ ဒီတုန်းက စိတ်၊ စေတသိက်၊ ရုပ် (ပရမတ်) နဲ့ အသက်ရှင်နေတော့ ကလေးဘဝက (ပညတ်) မဖက်လို့ သန့်ရှင်း စင်ကြယ်နေတာပေါ့ (မှန်ပါ)

အဲဒီကလေးဘဝတုန်းက စိတ်ဟာ (ပညတ်) မပါသော (ဝိညာဏ်) စိတ်ကလေးပေါ့ (နဂိုစိတ်) ပေါ့၊ (ပညတ်) မပါရင် (ပရမတ်) စိတ်ပေါ့၊ (ဝိညာဏ်) ပေါ့၊ (မှန်ပါ) ကြီးလာတော့ (ပညတ်) နဲ့ဖြစ်လာတဲ့ (စိတ်)တွေ ဖြစ်လာတယ်၊ အဲဒါ (ပညတ်) ပါသော (စိတ်) ဖြစ်လာတာပေါ့၊ အဲဒါ (အပို) စိတ်ပေါ့ (မှန်ပါ) (ပညတ်) ပါသော စိတ်က (ရာဂ၊ ဒေါသ၊ မောဟ) တွေဖြစ်စေ တော့အပယ် ကျတာနဲ့ သံသရာလည်တဲ့ဘဝရောက်တော့တာပေါ့ (မှန်ပါ)၊ (ပညတ်)ဖြစ်တဲ့ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ရွှေ၊ ငွေ၊ ပစ္စည်း၊ အသိတွေက ဒါတွေနဲ့ (တကယ်၊ လောဘ) ဖြစ်ရ၊ မသင့်မြတ်လို့ ဒေါသဖြစ်ရ၊ ရန်ဖြစ်ရ၊ လူသတ်ရ၊ အမွေလုကြရလို့ ငိုကြွေးရနဲ့ (ဒုက္ခ) တွေရောက် စိတ်တွေညစ်ညမ်းပြီး ဘယ်လောက်အကုသိုလ်များသလဲ ဒကာကြီး (မှန်ပါ)

“ရာဂ၊ ဒေါသဖြစ်လေရာ (ပညတ်) တွေလည်း ပါရတာလို့ စာဆိုရှိတယ်၊” မိန်းမတို့ ယောကျ်ားတို့စတဲ့ (ပညတ်) ကို အကြောင်းပြုမှ (ရာဂ၊ ဒေါသ) ဖြစ်တာ (ပညတ်) ကိုအကြောင်းမပြုရင် (ရာဂ၊ ဒေါသ) ကမဖြစ်ဘူး (မှန်ပါ့)

(ပညတ်) မပါသောစိတ်က (ဝိညာဏ်) ဆိုတဲ့ (ပရမတ်) စိတ်၊ နှာသီးဝမှာ လေကလေးဝင်တာသိ၊ ထွက်တာသိပြီး ပစ္စုပ္ပန်တည့် အောင်စိတ်ကို ထားပြီး (ကိလေသာ) ဖြစ်စေတဲ့ (ပညတ်) မဝင်ရ အောင်ထိန်းနေတဲ့ သိကာလေးမျှ (ဝိညာဏ်) စိတ်က (ပရမတ်) စိတ်ပေါ့။ (ရာဂ၊ ဒေါသ၊ မောဟ) တွေကင်းပြီး (နိဗ္ဗာန်) ပို့မဲ့မဂ္ဂင်လမ်း မပေါ်ရောက်နေတာပေါ့ (မှန်ပါ့)

ထွက်လေဝင်လေ (နာမ်) နှစ်ထွေတဲ့၊ အဲဒါ (စိတ်၊ စေတသိက်) ပဲပေါ့ (မှန်ပါ့) အဲဒါနဂိုလ်စိတ်၊ (ပရမတ်) စိတ်ဖြစ်နေတာ၊ ဒီစိတ်ကနှာသီးဝမှာရှိတဲ့ ထွက်လေဝင်လေ (အာရုံ) မှာမနေပဲ အပြင်ထွက်ပြီး (ပညတ်) တွေနဲ့သွားမပေါင်းမိဖို့ပဲ အရေးကြီးတယ်၊ (ပညတ်) ဘက်ရောက်ရောက်သွားတယ်ဆိုတာ အတွေးထဲက (နာမသန္ဆာန်) ပါတဲ့ (ပညတ်) ဘက်ဖြစ်တဲ့ ဘယ်သူဘယ်ဝါစတဲ့ ယောကျ်ားမိန်းမ၊ ရွှေငွေပစ္စည်းအိမ်တို့ ရုံးတို့စတဲ့ (ပညတ်) တွေဘက်မရောက်ဖို့ အရေးကြီးတယ်၊ စိတ်က (ပညတ်) တွေဖက်ကို ရောက်သွားတာ သိသိပေးရတယ်၊ သိလိုက်ရင် (ပညတ်) ပျောက်ပြီး (ပရမတ်စိတ်)

(ထွက်လေဝင်လေစိတ်) ဘက်ရောက်ပြီး ငြိမ်းနေတာပေါ့ (မှန်ပါ့)

(ပညတ်) မကပ်ဖို့ (ပညတ်) ဘက်မရောက်ဖို့ (ပညတ်) ခွါတက်ဖို့က သက်သက်သာသာထိုင်လျက်ဖြစ်စေ လဲလျောင်းလျက်ဖြစ်စေ၊ ဘယ်အခါမဆိုအားနေရင် နှာသီးဝလေးမှာ(အာရုံ)ကိုထား၊ (ပညတ်)ဖြစ်တဲ့(နာမသန္ဆာန်)ပါတဲ့ ဘယ်အာရုံ(ပညတ်)မှကိုယ့်ခေါင်းထဲ ရင်ထဲမဝင်ရအောင် (သတိ) ကိုဦးခေါင်းမှာ အစောင့်ချထား၊ ကပ်ထား၊ (မှန်ပါ့)၊ ဒီလို (နာမသန္ဆာန်) တွေ ခေါင်းထဲမဝင်ရအောင် သတိပြုနေရင် ဒီ (နာမသန္ဆာန်) ပညတ်က ကိုယ့်ခေါင်းထဲ နှလုံးထဲမရောက်တော့ပဲ နေရင် (ဝင်လေထွက်လေ)ဟာ ထင်ရှားနေတော့တာပေါ့ (မှန်ပါ့)

ဒီဝင်လေ ထွက်လေလေး ထင်ရှားလေလေ (ပညတ်) ပျောက်လေလေပဲ (သတိ) ကပိုပြီးထင်ရှားလေဆိုတော့ သတိက ပစ္စုပ္ပန်တည့်တည့်မှာဖြစ်နေတော့ (ပရမတ်) ဘက်ရောက်နေတာပေါ့ (မှန်ပါ့)။ ဒီလို (ပရမတ်) ဘက်ရောက်တာကြာတော့ (ဖြစ်ပျက်) တွေ တွေ့ရတော့တာပေါ့ (ဖြစ်ပျက်) တွေ့ရာကနေ မဖြစ်မပျက်တဲ့ (နိဗ္ဗာန်)ကို ရောက်သွားတာပေါ့ ဒကာကြီး (မှန်ပါ့)

ထွက်လေ ဝင်လေလေးသိနေတာ့ သိနေတာလေးက ဝိညာဏ် (ဝိညာနက္ခန္ဓာ) ဝိပါက်စိတ်၊ ဝိပါက်စိတ်နဲ့၊ ထွက်လေ ဝင်လေ

လေးနှစ်ခုကိုပဲ သိနေတာ (မှန်ပါ့)၊ ဒီလိုသိနေတာ (ပရမတ္ထ) တရား ဖြစ်နေတယ်၊ (ဓမ္မသ စအနုဓမ္မစာရီ) ပေါ့၊ ပရမတ် (ဓမ္မ) လေးကို ရှုနေတာကလူမဟုတ်ဘူး၊ ငါသူမဟုတ်ဘူး ရှုနေတာက (ဝိညာက္ခန္ဓာ) သိစိတ်ကလေးကို (ဉာဏ်) နဲ့ရှုနေတာ၊ ထွက်လေဝင်လေလေးက (ဓမ္မ) ပေါ့၊ ဒီလိုအသိက တန်ဘိုးရှိတယ်ဒကာကြီး (မှန်ပါ့)

(ပညတ်) မကပ်ရင် (အဝိဇ္ဇာ) ဖြစ်စရာအကြောင်းမရှိဘူး၊ (သခ်ါရ) လည်းဖြစ်စရာအကြောင်းမရှိဘူး ဒကာကြီး(မှန်ပါ့)၊ (ပညတ်) မဖြစ်ရင် (ဥပါဒါန်) လည်းဖြစ်စရာမလိုတော့ဘူး (ပညတ်) မဘက် သောဓမ္မလေးနဲ့နေတော့ (ရာဂ) တွေလည်းကင်းနေတယ်၊ သတိ၊ သံပဇ္ဉ၊ ဉာဏ်အဆင်ချင်ရှိတော့ (ပညတ်) ပါသောစိတ်တွေလည်း မဖြစ်ဘူး (ပညတ်) ပါမှ (စိတ်)ကဖြစ်တာ (ပညတ်) ပါသော စိတ် ပေါ့ (မှန်ပါ့)၊

(စိတ်)ဆိုတာအဘိဓမ္မာနဲ့ကျမှ(စိတ်)လို့ပြောတာ(ပညတ်) မပါသောစိတ်က(ဝိညာဏ်)ချည်းပဲဖြစ်နေတော့(ရာဂ၊ဒေါသ၊ မောဟ) ကနေလွတ်တဲ့စိတ် (သုဝိမုတ္တစိတ္တာ)တဲ့ ကောင်းစွာလွတ်မြောက် သောစိတ်ဖြစ်နေလို့ ဒီလိုသုဝိမုတ္တစိတ်အစဉ်ဖြစ်လာ တဲ့အခါ အနုပါဒိယမာနော ကွဲဒံဝါဟုရံဝါ = ဤလောကတို့ ဟို လောကတို့ မတောင်းတောတဲ့ဘူး (မှန်ပါ့) မိန်းမ၊ ယောကျ်ား၊ ပုဂ္ဂိုလ်၊ သတ္တဝါတွေ မစွဲလန်းတော့တဲ့အသိနဲ့ (ဖြစ်ပျက်) တဲ့လောကကိုလည်း မတောင်းတ

တော့ပဲ 'သမဂ္ဂံဝါသာမညဿဟောတိ' = အရဟတ္တဖိုလ် ရောက်ဖို့ရှိသော သာမညရဟန္တာဖြစ်သွားတာပေါ့ (မှန်ပါ့)

(ပညတ်)ခွါထားတတ်ရင် တနေကုန်ကိုယ့်ကိုယ်လည်း မရှိတော့ဘူး၊ အကုန်လုံးမရှိတော့ပဲ (ပထမတန်း)ဖြစ်သွားတယ် ဒကာကြီး (မှန်ပါ့)၊ (ပညတ်) ခွါသိ (နိဗ္ဗာန်) သိဆိုတာ ဘာဖြစ်လို့တုန်းဆိုတော့ (ပညတ်) ပျောက်လို့ပဲ၊ ကြာတော့ကိုယ့်ကိုယ်ကိုလည်း မရှိတော့ပဲ (နိဗ္ဗာန်) ပဲရှိတော့တယ် (မှန်ပါ့)

ဒါကြောင့် (ပညတ်) ပျောက်အောင်ပဲ ကြိုးစားပါဒကာကြီး (မှန်ပါ့ဘုရား) (ပညတ်) ခွါပုံလေးတွေ ဒိဋ္ဌဒိဋ္ဌမတွံနဲ့နေပုံလေးတွေဟာ လူတွေကျင့်ရမဲ့တရားတွေပဲ (မှန်ပါ့)

ကြိုက်တာတို့၊ မကြိုက်တာတို့ စိတ်ဆိုးတာတို့ တပ်မက်တာတို့ဆိုတာ (ငါ၊ သူ) ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ရွှေ၊ ငွေ ပစ္စည်းစတဲ့အမည်နာမတွေ၊ သန္တာန်တွေပါတဲ့ (ပညတ်) တွေပါလို့ ဖြစ်တာ (မှန်ပါ့)၊ ပညတ်ကိုနှလုံးသွင်းမိလို့ဖြစ်တာ (မှန်ပါ့) (ပညတ်) တောထဲနေရတာကိုး၊ ဒါကြောင့် (ပညတ်) အာရုံဝင်လာရင် (ပညတ်) မှန်းသိသိပေးရတယ်၊ (ပညတ်) ဝင်မှန်းသိရင် (ပညတ်) ကိုခွါတဲ့အနေနဲ့ ဆင်ချင်ပြီး (ပညတ်) ပျောက်အောင် (အသိ) လိုက်နှိုင်အောင် ကြိုးစားရတယ် (မှန်ပါ့)၊ (အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ ဥပါဒါန်ကံ) ဆိုတဲ့၊

ပဋိစ္စသမုပ္ပါဒ် (ခန္ဓာဖြစ်စဉ်) တွေတန်းစေတာတွေက (ပညတ်) တွေပါလို့ဖြစ်ရတာ (မှန်ပါ)၊ ဒါကြောင့် (ပညတ်) မပါဖို့သိပ်အရေးကြီးတယ် ဒါမှ (ပညာ) ဉာဏ်ဖြစ်မယ်ဒကာကြီး (မှန်ပါဘုရား)

(ပညတ်) အာရုံက (ဓမ္မာရုံ) ဖြစ်တော့ (သတိ) လေးနဲ့ ဒီ (ပညတ်) အာရုံကိုသိပြီး ပယ်လိုက်တော့ (ဓမ္မနုပဿနာ) ဖြစ်တာပေါ့၊ (ပညတ်) ကိုသိတယ်၊ ပယ်တယ် ပညတ်ပျောက်တော့ (ပရမတ်) ဆိုက်တာပေါ့၊ ဒီ (ပရမတ်) ဆိုက်တဲ့အသိ ပရမတ် (သမ္မာဒိဋ္ဌိ) ကိုပွားတော့သိ၊ ပယ်၊ ဆိုက်၊ ပွားပေါ့ (သမ္မာဒိဋ္ဌိ) ဟိုး ပွားတော့ (အနိစ္စဉာဏ်) ရပြီး (ဝိပဿနာသမ္မာဒိဋ္ဌိ) ဖြစ်ပြီးတော့ (မဂ္ဂသမ္မာဒိဋ္ဌိ) ဆိုတဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်တာပေါ့ (မှန်ပါ)

(ပညတ်) ပျောက်ရင် (ပရမတ်) က ရှင်းရှင်းလင်းလင်းကြီးနဲ့ (နိဗ္ဗာန် ပရမံ သုခံ) ဖြစ်တဲ့ချမ်းသာတဲ့ (နိဗ္ဗာန်) ကြီးကိုမျက်မှောက်ပြုနိုင်တာပေါ့ (မှန်ပါ)၊ ကျင့်တယ်ဆိုတာ (ပညတ်) မှန်းဆက်တိုက်သိအောင် ကျင့်ရတယ်၊ ဒါမှ ပထမတန်းဖြစ်တာ၊ (နာမသန္တာန်) ဆိုတဲ့ (ပညတ်) ကိုသာသတိထားပါ ဒကာကြီး ဒါကအရေးကြီးဆုံးပဲ (မှန်ပါ)

ဒီဌေ၊ ဒီဌ မတ္တံတရားက (ပညတ်) ကိုခွါ၍ရတဲ့တရားပေါ့။ (ဝိပဿနာ) တရားကလည်း ပညတ်ကိုဌပေထွာတဲ့၊ ပညတ်ကိုသမ

တိက္ကမိထွာ တဲ့ (ပညတ်) ကိုဖယ်၍ (ပညတ်) ကိုကျော်၍ရှုတာ မဟုတ်လား (မှန်ပါ့)၊ အဲ (ဝိပဿနာ) က (ပညတ်) ကို ရှုတာမှ မဟုတ်တာ (ပညတ်) ကိုခွါရှုရတာ (မှန်ပါ့)၊ (ပညတ်) ပါနေရင် (ပညတ်) မခွါတတ်ပဲရှု နေကြရင် (ဝိပဿနာ) ဖြစ်ကိုးမဖြစ်ဘူး (မှန်ပါ့)၊ (ဝိပဿနာ) ကိုရှုရာမရောက်တော့ဘူး၊ (ပညတ်) ရှုကြီး ဖြစ်နေတာပေါ့၊ (သတ္တဝါ) ရှုကြီးဖြစ်နေတော့ ပိုးသာကုန် မောင်ပုံစောင်းမတတ်ပြောသလို ဖြစ်ကြရတာပေါ့ (မှန်ပါ့)

(ပညတ်) ခွါရှုရတော့ (အဝိဇ္ဇာ) လည်းမဖြစ်ဘူး (ပညတ်) အာရုံမှအဝင်မခံပဲကိုး၊ ဒါကြောင့် (အဝိဇ္ဇာ) မဖြစ်ဘူးပြောတာပေါ့၊ (အာရုံ) က (ပရမတ်) အာရုံမရောက်ပဲ (အာရုံ) ရဲ့သဘောအမှန်ကို မသိတဲ့ (အဝိဇ္ဇာ)ကဖြစ်စေတဲ့ (ပညတ်) အာရုံရောက်နေရင် (အဝိဇ္ဇာ) တို့ (သခ်ါရ) တို့ကလာတော့ (ဝိညာဏ်၊ နာမ်၊ ရုပ်) ခန္ဓာငါးပါးရတာတွေ ဖြစ်တာပေါ့၊ အဲဒီကနေ (တဏှာ၊ ဥပါဒါန်၊ ဘဝ်) တွေနဲ့ ဒုက္ခဖြစ်ပြီ၊ ဒုက္ခကနေ သမုဒယ၊ တစ်ခါဒုက္ခ၊ ပြီးတော့ သမုဒယဒုက္ခတွေနဲ့ပဲ သံသရာလယ်တာပေါ့၊ ဒါကြောင့် (ပညတ်) ကသိပ်ကြောက်စရာကောင်းလို့ အရေးကြီးလို့ ဒီလောက်ဟောပြောပြသပေးရတာပေါ့ (မှန်ပါ့)

ဓမ္မာနုပဿနာက ပေါ်တာသိရတယ်၊ ပေါ်သိ၊ ပေါ်သိ (နိဗ္ဗာန်သိ) ပေါ့၊ပေါ်တာကြောင့် ပေါ်တာတုန်း၊ နာမသန္တာန် (ပညတ်)

တွေဝင်လာလို့ (အဝိဇ္ဇာ) ဖြစ်လို့ (သင်္ခါရ) ကြောင့်ပေါ်လာတာကို (ဝိညာဏ်) နဲ့သိရတာပေါ့၊ နာမသန္ဓာန် ပညတ်တွေ ကိုယ်ခေါင်းထဲဝင်မလာအောင် သတိအစောင့်ချထားတော့ သတိနဲ့စဉ်မှာတော့ (ပညတ်) တွေဝင်ဝင်လာတာပေါ့ (ပညတ်) ဖြစ်တဲ့ ငါသူ ယောကျ်ားမိန်းမ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ပစ္စည်းစတဲ့ နာမသန္ဓာန်တွေ ပေါ်ပေါက်လာတာပေါ့၊ ဒီလိုပေါ်လာရင် (ပညတ်) ပေါ်တာသိပေးရတယ် (မှန်ပါ့)

ဒါကြောင့် (ဓမ္မာနုပဿနာ) က ပေါ်သိ ပေါ်သိ နိဗ္ဗာန်သိတိုင်အောင် ဝိရိယစိုက်ပြီး သတိကလေးနဲ့ ဉာဏ်ကလေးနဲ့ သိသိပေးရတယ်၊ စွန်းလွန်းဆရာတော်ဘုရားကြီးအသိလိုက်ပေးသလိုပေါ့ (ပညတ်)မပါရင် (မဂ္ဂသမ္မာဒိဋ္ဌိ) အမှန်မြင် (သတိ) လေးနဲ့သိလိုက်တော့ (ပညတ်) ကပျောက်ပြီး မဂ္ဂင် (ပရမတ်) ပေါ်မှာချည်း (ဉာဏ်) နဲ့နေနိုင်တော့တာပေါ့ (မှန်ပါ့)

မြတ်စွာဘုရားက သားတော်ရာဟုလာကို ဟောတဲ့ရာဟုလာသုတ်ကြတော့ အနိမိတ္တဉာဏဝေဟိလို့ ဟောတာပေါ့၊ အဓိပ္ပါယ်က (အရိပ်၊ နိမိတ်) မထင်အောင်ပွါးလော့ဆိုတော့ (ပညတ်) မဝင်အောင်ပွားခိုင်းတာပဲ (မှန်ပါ့) **"နိမိတ်"**ဆိုတာ အာရုံ၆ပါးမှာ (ဥပမာ) ရူပါရတန် (ရူပါရုံ) အဆင်း (ရုပ်) ကိုမြင်ရမှာကို၊ (သညာ) နဲ့မှတ်ထားတဲ့ မိန်းမ ယောကျ်ားပုဂ္ဂိုလ် သတ္တဝါ စတဲ့ (ပညတ်) နဲ့မြင်တော့ (နိမိတ်) ဖြစ်ရော၊ (ရာဂ) လည်း ဖြစ်တော့တာပေါ့၊ (အာရုံ) ဟာ

(နိမိတ်) ဖြစ်သွားတော့တာပေါ့၊ အာရုံကို (ပညတ်)နဲ့ပေါင်းမိရင် (နိမိတ်) ဖြစ်သွားတော့တာပေါ့၊ သေခါနီးမှာ ဘဝတစ်လျှောက်လုံး (ပညတ်) တွေနဲ့ပြုခဲ့တဲ့ ကံနမိတ်၊ ကမ္မနိမိတ်အတိုင်း တဏှာ၊ ရာဂနဲ့ စွဲပြီး (နိမိတ်) ထင်တော့တာပေါ့၊ ဒီတော့ စွဲလမ်းရာ (ပညတ်)ကိုမြင်တဲ့ (နိမိတ်)အတိုင်းသွား ဖြစ်ကြတာပေါ့ (မှန်ပါ့)

သေခါနီးထင်လာတဲ့ (အာရုံ) မှာ မိန်းမ၊ ယောကျ်ား၊ ရွှေ၊ ငွေ၊ တိုက်တာ၊ အိုးအိမ်ပစ္စည်းဘာညာစတဲ့ (ပညတ်)တွေ(ရာဂ)တွေ ဝင်လာတော့ (နိမိတ်) ထင်တာလို့ဆိုရတာပေါ့၊ (မှန်ပါ့) ကံနိမိတ်၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တွေဟာ (ပရမတ်) အာရုံမဟုတ်ဘူး၊ (ပညတ်) အာရုံတွေမှာ (ရာဂ) ဝင်ထားလို့ သေခါနီးသတိလစ်နေတာတောင်၊ ဒီ (နိမိတ်) တွေထင်ပြီး အကုသိုလ်မျှားရင် တိရိစ္ဆာန်ဖြစ်၊ ပြိတ္တာဖြစ်တဲ့ (အာရုံ)ပညတ်ကိုစွဲလန်းရာကိုမြင်တဲ့ (နိမိတ်)အတိုင်းသွားဖြစ်ကြတာပေါ့ (မှန်ပါ့)

(ပညတ်) မဖြစ်အောင် နေထိုင်ပါမှ တော်ကာကျမယ် (ပညတ်) ပါနေရင် (အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကံ) ကံနိမိတ်တွံ့၊ ကမ္မနိမိတ်တွံ့၊ ဂတိနိမိတ်တွံ့၊ ဂတိ ၄ပါးမှာအားလုံးသွားဖြစ်တာပဲ ဒကာကြီး (မှန်ပါ့)

ပညတ်ကို ဘူတံဝါ = (ပညတ်) တို့ဖြင့်ဖြစ်သော

ကံ၊ ကမ္မနိမိတ်တွံ့၊ ဂတိနိမိတ်တွံ့သဗ္ဗတံ = (ပညတ်) အာရုံပါတဲ့

(အတိတ်) အာရုံနဲ့ ပဋိသန္ဓေစတော့တာကို (ဇာတိ) လို့ခေါ်တယ် (မှန်ပါ့)

(ပညတ်) မရှိရင် သံသရာလည်ဖို့ ကံနိမိတ်၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တို့က မလာတော့ဘူး (မှန်ပါ့)၊ ပညတ္တိဘူတံ = (ပညတ်) အာရုံကြီးက အပါယ်ပဋိသန္ဓေ ၄မျိုးကိုဖြစ်စေတယ်၊ ဒီတော့ (ပညတ်) က ဘယ်လောက်ကြောက်စရာကောင်းသလဲဆိုတာ သိရောပေါ့ ဒကာကြီး (သိပါပြီဘုရား)

ဒါကြောင့် မြတ်စွာဘုရားက သားတော်ရာဟုလာကို (နိမိတ်) တွေမထင်အောင် ပွားလောဆိုတော့ (ပညတ်) ကို ခွါခိုင်းတာပေါ့ (မှန်ပါ့)၊ ပညတ်ကို (ပညတ်) မှန်းသိအောင် (သတိပဋ္ဌာန်) က (ပဇာနာတိ) နဲ့ (ပညတ်) ကိုသိအောင် (ပညတ်) ကိုခွါတဲ့ (ဝိပဿနာ) ဖြစ်အောင်အားထုတ်ခိုင်းတာပေါ့ (မှန်ပါ့) ယောက်ျား မိန်းမတို့ အိမ်တို့ တိုက်တို့ဆိုတာက နိမိတ်ကြီးတွေပေါ့၊ မျက်နှာခြေလက်တို့ ဆိုတာက နိမိတ်သေးတွေပေါ့၊ အဲဒီနိမိတ်တွေကလည်း သန္တာန်နဲ့ တူပြန်ရော

ပုထုဇဉ်တွေဟာ (ပညတ်) နဲ့နေတဲ့သူတွေဖြစ်နေတော့ (ပညတ်) အဖုံးခံရသူ၊ (အဝိဇ္ဇာ) နဲ့နေသူတွေဖြစ်နေကြတာပေါ့ ဒကာကြီး (မှန်ပါ့)၊ သခ်ၤါရဆိုတာကလည်း (ပညတ်) မပါပဲမဖြစ်ဘူး

(မှန်ပါ့)။ အဝိဇ္ဇာက (ပညတ်) အဖုံးခံရလို့ (အဝိဇ္ဇာ) ဖြစ်တာ (အဝိဇ္ဇာ) ဖြစ်တော့ (သခ်ါရ) ဖြစ်တာပေါ့။ (အဝိဇ္ဇာ၊ သခ်ါရ) အကြောင်းရင်းခံက (ပညတ်) အဖုံးခံနေကြရလို့ပေါ့ (မှန်ပါ့)

စာမှာကတော့ (အဝိဇ္ဇာ) ကြောင့် (အဝိဇ္ဇာ) ကြောင့်လို့သာပါနေလို့ ဒီစာပါအတိုင်းပြောနေကြတာ၊ (အဝိဇ္ဇာ) ကဘယ်လိုကြောင့် ဖြစ်လာသလဲဆိုတာ နားလည်အောင်မသိကြတော့ (အဝိဇ္ဇာ) ကို ဘယ်လိုပယ်ရကောင်း မှန်းလည်းမသိကြတော့ ဂွကျနေကြတာပေါ့ (မှန်ပါ့)၊ တကယ်တော့ (အဝိဇ္ဇာ) ဆိုတာ (အာရုံ) ရဲ့ သဘောအမှန်ကို မသိတာ (အာရုံ) ရဲ့ သဘောအမှန်က (ရုပ်) တို့ (စိတ်) (စေတသိက်) ပရမတ်ကိုပဲ သိရမှာ၊ ဒါကမှ အရှိတရား (ပရမတ်) တရား၊ ဒီ (ပရမတ်) အရှိတရားကို မသိပဲ (ပညတ်) ကိုသိနေကြတာက ငယ်ငယ်ကမိဘကပြောလို့ ဆရာကသင် လို့အပေါင်းအသင်းက သင်ထားတဲ့ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ် သတ္တဝါလို့မှတ်ထားတဲ့ (သညာ) ကအမှတ်မှားပြီး (ပညတ်) ကိုပဲသိနေကြတာက (အာရုံ)ရဲ့ သဘောအမှန်ကိုမသိတဲ့ (အဝိဇ္ဇာ) ဖြစ်ကြရတော့တာပေါ့ (မှန်ပါ့)။

မြင်လို့သိပြန်တော့လည်း မျက်စေ့ကဘယ်ဘက်လိုက်သလဲဆိုရင် (ရုပ်) လို့အမှန်မြင်တဲ့ (ပရမတ်) ဖက်ကိုမလိုက်ဘူး (ပညတ်) ဘက်ကိုလိုက်ပြီး သိနေတယ် (မှန်ပါ့)၊ အဲဒါ (ပညတ်) ဖုံးတာပေါ့ (ပညတ်) ဖုံးတော့ (အာရုံ) ရဲ့ သဘောအမှန်ကိုသိရမဲ့ (ပရမတ်)

ရုပ်ကိုမသိတော့ပဲ ဒါ မိန်းမ၊ ဒါ ယောကျ်ား၊ ဒါကဘာညာစတဲ့ (ပညတ်) အမြင်နဲ့သိစေတော့ ဒီနေရာမှာ (အာရုံ) ရဲ့သဘောအမှန်ကို မသိတော့ (အာရုံ) ရဲ့သဘောအမှန်ကို ဆန့်ကျင်ပြီးသိတော့ (အဝိဇ္ဇာ) လို့ခေါ်ရတာ ပေါ့ (မှန်ပါ့) (အဝိဇ္ဇာ)၊ ဆိုတာ အ=ဆန့်ကျင်ဘက်၊ ဝိဇ္ဇာ=သိတာ၊ ဒီတော့ (အာရုံ) ရဲ့သဘောအမှန်ကို ဆန့်ကျင်ဘက်သိတာဟာ (အဝိဇ္ဇာ)ပေါ့၊ အသိမှား အမှားသိလို့ ပြောနေကြတဲ့ ဟောပြောနေကြတဲ့ (အဝိဇ္ဇာ) ဖြစ်ရတာပေါ့ (မှန်ပါ့)

အမှန်သိ (ပရမတ်) ရောက်အောင်သိရင် (သစ္စာ ၄ပါး) လည်း သိတော့တာပေါ့ (မှန်ပါ့)၊ ဒါကြောင့် (အဝိဇ္ဇာ) က သစ္စာ ၄ပါးမသိတာကိုပဲ အရကောက်တော့ ဘာကြောင့် (အဝိဇ္ဇာ) က သစ္စာ ၄ပါးကိုမသိတာ လဲဆိုတာကို လူတွေကနားမလည်နိုင်တာကို အခုနားလည်ရောပေါ့၊ (မှန်ပါ့)၊ ဒါကြောင့် (အဝိဇ္ဇာ) က (အာရုံ) ကို (အသိမှား) တာ (သညာ) က (အာရုံ) ကို (အမှတ်မှား) တာလို့ ဒီလိုယူရတာပေါ့ (မှန်ပါ့)

ဒါကြောင့် (ပရမတ်) ကိုမသိပဲ (ပညတ်) ကိုပဲသိလို့ (အဝိဇ္ဇာ) ဖြစ်တာ ဘာကြောင့်လည်းဆိုတော့ မြတ်စွာဘုရားက ရူပါယတန် စက္ခု၊ ဝိညာဏဓါတုယာလို့ (ပဌာန်း) အာရာမဏပစ္စည်းမှာ ဟောထားတာ ကိုကြည့်လေ (မှန်ပါ့)၊ ရူပါရတန် = ရူပါရုံသည်တဲ့၊ စက္ခုဝိညာဏဓါတုယာ = မြင်စိတ် (ဝိညာဏ်) ကိုဖြစ်စေတယ်ဆိုတာ (ရူပါရုံ) က

အဆင်း (ရုပ်) နဲ့အတူဖြစ်တဲ့ မြင်စိတ် (ဝိညာဏ်) ကို (အာရုံ) ရဲ့ ပစ္စယအစွမ်းသတ္တိကြောင့် (အာရုံ) ကအကျိုးပြုလို့ (ရုပ်) ကိုမြင်တဲ့ အကျိုးမြင်စိတ် (စက္ခုဝိညာဏ်) ကိုပြောတာ၊ လူတွေ ကအဆင်းရုပ် ကိုမမြင်ပဲ ငါပဲသူပဲ၊ ယောကျ်ားပဲ၊ မိန်းမပဲဆိုတဲ့ (ပညတ်) ကိုမြင်တော့ လှတယ်၊ ချောတယ်၊ ချစ်တယ်၊ ပိုက်ဆံရှိတယ်၊ လိုချင်တယ်ဆိုတဲ့ ကပ်ငြိတဲ့ (တဏှာ၊ ရာဂ) တွေဝင်လာတော့ (အာရုံ) ကိုအသိမှားပြီ ပေါ့။ (အသိမှား) တော့ (အဝိဇ္ဇာ) ဖြစ်ပြီပေါ့ (မှန်ပါ့)

(ပရမတ်) ကိုမမြင်ပဲ (ပညတ်) အမြင်နဲ့အသိမှားတော့ (အဝိဇ္ဇာ) ဖြစ်တာပေါ့ (မှန်ပါ့) ဒါကြောင့် (ပညတ်) ကြောင့် (အဝိဇ္ဇာ) ဖြစ်တာ ရှင်းရောပေါ့ (မှန်ပါ့) ရှင်းပါပြီဘုရား၊ မြတ်စွာဘုရားက (ပညတ်) စတဲ့ ဥယျဓံတရားသိလို့ (အဝိဇ္ဇာ) သိတော့ (ပဋိစ္စသမုပ္ပါဒ်) သိပြီးဘုရားဖြစ်တာ၊ ဒါကြောင့် (ပညတ်) တို့ (ပရမတ်) တို့ (အာရုံ) တို့ဆိုတာ (နိဗ္ဗာန်) ရောက်ကြောင်းမှာ အလွန်အရေးကြီး တာပေါ့ (မှန်ပါ့) (အဝိဇ္ဇာ) တစ်လုံးကို သေသေချာချာသိရင် (ဝိဇ္ဇာဥဒပါဒိ) ဖြစ်တယ်၊ အသိမှန်ဖြစ်တော့ ဘယ်လောက် ကောင်း သွားသတုံးဒကာကြီး၊ (ပထမတန်း)ဖြစ်စေတဲ့တရားတွေနော် (မှန်ပါ့)

(အဝိဇ္ဇာ) ဖုံးတယ်ဆိုတာ (ပညတ်) ဖုံးတာ၊ မြတ်စွာဘုရားက (ဓမ္မာနုပဿနာ) ခန္ဓပဋ္ဌ (ခန္ဓာပိုင်း) မှာ ကွတိရူပံ = ဤဟာ (ရုပ်) လို့ မြင်ပါလို့ ဟောထားတာ၊ (ပုထုဇဉ်) လူတွေက (ရုပ်) ပရမတ်ကို

မမြင်ပဲ (ပညတ်)ဖြစ်တဲ့ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါလို့ မြင်တယ်၊ မိန်းမလို့မြင်တဲ့အပြင် လှတဲ့မိန်းမ၊ ချစ်စရာမိန်းမ၊ မုန်းစရာ မိန်းမလို့လည်း မြင်ကြတယ်၊ ယောကျ်ားကိုလည်း ဒီလိုပဲမြင်ကြတယ်၊ မြင်တဲ့ (အာရုံ) မှာတွင်မကဘူး ကြားတဲ့အာရုံ၊ နံတဲ့အာရုံ၊ ထိတွေ့တဲ့ အာရုံ၊ ကြံတွေးတဲ့အာရုံ၊ စတဲ့ အာရုံ (၆)ပါးလုံးမှာ လှလို့ ကြိုက်လို့ စွဲမက်စရာ၊ မုန်းလို့မကြိုက်လို့ ဒေါသဖြစ်စရာဆိုပြီး (ရာဂ၊ဒေါသ၊ မောဟ) တွေဝင်လာကြတော့ (အပါယ်)ဇာတိတွေ ရကြတာပေါ့၊ (ပညတ်)က ကြောက်စရာကောင်းတယ် ဒကာကြီး (မှန်ပါ့)။

အဝိဇ္ဇာ (ပညတ်) ဖုံးတာဟာ သမုဒယသစ္စာပါလား၊ သံသရာဖြစ်ကြောင်းပါလား၊ သူ့ကြောင့်လို့ချင်တာပါလား၊ အဲဒီလို သိရင် (အဝိဇ္ဇာ၊ သခ်ါရ) ဟာ ဖြစ်ချင်တဲ့သမုဒယသစ္စာပါလားလို့ ဒီလို (သမုဒယသစ္စာ) ကိုလည်း သိပြီးတော့ (အဝိဇ္ဇာ၊ သခ်ါရ) ကြောင့် ဖြစ်တဲ့၊ ရတဲ့ (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ) ဖြစ်တဲ့ (ခန္ဓာငါးပါး) ဒုက္ခသစ္စာလည်းသိတာပေါ့။ မဖြစ်တော့တဲ့ (နိရောဓသစ္စာ) လည်းသိ၊ မဖြစ်ချင်တဲ့ (မဂ္ဂသစ္စာ) လည်းသိလို့ ဒီလိုသစ္စာလေးပါးသိသွားပြီးတဲ့နောက်၊ သမ္မာသမ္ဗုဒ္ဓဘုရားဖြစ်တာပေါ့။ ဥယျမံတရားနဲ့ (ပညတ်)ကိုသိပြီး ဘုရားဖြစ်တာပေါ့ (မှန်ပါ့)

ပုထုဇဉ်တွေက (ပညတ်) နဲ့ နေကြတော့ (သမုဒယနဲ့ဒုက္ခ) ချည်းပဲပေါ့ (ပညတ်) တွေကိုနှလုံးသွင်းတော့ (ဖဿ၊ ဝေဒနာ၊ တဏှာ

ဥပါဒါန်၊ ကမ္မဘဝ)→ ဇာတိဆိုတဲ့သံသရာလည်တဲ့ဘက်ကို ရောက်နေကြတာပေါ့ (မှန်ပါ့)

ပညာပိယေတိ ပညတ္တိတဲ့ = (သတိ) လွတ်နေတော့ (ပရမတ်) ရုပ်ကို မိန်းမ၊ ယောကျ်လားပဲလို့ (ပညတ်) ဖုံးပြီးသိတော့တယ်၊ မိန်းမ၊ ယောကျ်ားပဲလို့သိတော့ (အဝိဇ္ဇာ) သိဖြစ်သွားတာပေါ့ (မှန်ပါ့) (အဝိဇ္ဇာ) သိဖြစ်တော့ (တဏှာ၊ ရာဂ) က ဝင်ပြန်ရော(မှန်ပါ့) မိန်းမ၊ ယောကျ်ားက အခေါ်အဝေါ်နာမည်၊ သန္တာန်က သူ့ သန္တာန်နဲ့သူပေါ့၊ အဲဒါကြောင့် (ပညတ်) ကနာမသန္တာန်ပေါ့ (မှန်ပါ့)၊ ယောကျ်ား မိန်းမ (နာမသန္တာန်) ကို နှလုံးမသွင်းပဲ ကျတိရူပံ = ဤဟာ (ရုပ်) လို့သိရင်၊ (ပရမတ်) ရုပ်ကိုသိရင် (အဝိဇ္ဇာ၊ သခ်ါရ၊ တဏှာ၊ ဥပါဒါန်၊ ကံ) ဘက်မရောက်တော့ (ရာဂ၊ ဒေါသ၊ မောဟ) ကင်းရာ သံသရာလွတ်မြောက်ရာ၊ ငြိမ်းရာ (နိဗ္ဗာန်) ဘက်ကိုရောက်တော့တာပေါ့ (မှန်ပါ့)

ယောကျ်ား၊ မိန်းမ အသိဆိုတာ (ပညတ်) မှန်းသိရင် မိန်းမ၊ ယောကျ်ားဘယ်လောက်ပဲ ကောင်းကောင်း၊ မကောင်းကောင်း (ပညတ်) မှန်းသိနေရင် (ဥပါဒါရုပ်) မှန်းသိနေရင် (ပညတ်) ကိုခွါသိရင် (ဉာဏ်) က သူ့ဖါသူ့ဖြစ်ပြီး (ရာဂ၊ ဒေါသ၊ မောဟ) မဖြစ်တော့ ငြိမ်းရာ (နိဗ္ဗာန်) ဘက်ရောက်တော့တာပေါ့ (မှန်ပါ့)

(သံယောဇဉ်) ဆိုတာကလည်း (ပညတ်) ကြောင့်ဖြစ်လာတဲ့ (သံယောဉ်) ပဲ (ပညတ်) အဖုံးခံရတာ၊ (ပညတ်) ဖြစ်တဲ့ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ ပုဂ္ဂိုလ်၊ သတ္တဝါရယ်လို့ (ပညတ်) သိက အရင်းခံရှိနေလို့ (သံယောဇဉ်) ဆိုတာဖြစ်လာရတာ (မှန်ပါ့)

လူတောထဲနေတော့ (ပညတ်) တွေနဲ့ပဲမြင်ရ၊ တွေ့ရ၊ ပြောဆိုဆက်ဆံနေကြရပေမဲ့လည်း (ပညတ်) မှန်းတသိထဲသိနေရတယ် (ပညတ်) ကို (ပညတ်) မှန်းသိပြီး ခွါခွါပစ်လိုက်ရတယ်၊ ကိုယ့်အသိထဲမှာ (ပညတ်) မရှိရင် (ပရမတ်) ဖြစ်တဲ့ (မရှိတာ) လေးကို (ဉာဏ်)နဲ့ သိနေရတယ်၊ အဲဒီ (ပရမတ်) ကိုနှလုံးသွင်းနေရတယ်၊ ဘုရား ရဟန္တာတို့လည်း လူတောထဲနေပေမဲ့ (ပညတ်) ကို ခွါသိကြတော့ (ပညတ်) မကပ်တော့ဘူးပေါ့ (မှန်ပါ့)

တောရောဆောက်တည်ကြတဲ့ပုဂ္ဂိုလ်များ တောထဲမှာနေပြီး (ပဉ်ညတ်) မခွါနိုင်ပဲမြို့စိတ်၊ ရွာစိတ်ပေါက်နေရင် အလကားပဲ (မှန်ပါ့)၊ (ပညတ်) ပေါ်မူတည်ပြီး ကာမဆန္ဒ နိဝရဏတို့ဗျာပါဒတို့ဆိုတာ တွေကဖြစ်လာရတာ (မှန်ပါ့) (ပညတ်) ကို ပါယ်ခွါပြီးနေနိုင်ရင် (နိဝရဏ) တရားတွေလည်း ပါယ်ခွါနေနိုင်တာပေါ့ (မှန်ပါ့)၊ လူတောထဲနေပေမယ့် (ပညတ်) ကို ပါယ်ခွါထားနိုင်ရင် (ပညတ်) ဖြစ်တဲ့ (နာမသန္တာန်)အာရုံတွေကိုယ့်ခေါင်းထဲ၊ ရင်ထဲ၊ စိတ်ထဲရောက်မလာအောင် သတိနဲ့ထိန်းထားပြီးနေနိုင်ရင် လူတောထဲနေပေမဲ့

တောရဆောက်တည်နေသလိုပဲ ဒကာကြီး၊ အဲဒီလောက်ခရီးရောက်တယ် (မှန်ပါ့)

(ပညတ်) ဖြစ်တဲ့ (နာမည်) တို့ (သန္တာန်) တို့ကိုနှလုံးသွင်းရင် (ရာဂ၊ ဒေါသ၊ မောဟ) ဖြစ်တဲ့ (လောဘ၊ ဒေါသ၊ မောဟ) တွေဖြစ်ပြီး အကုသိုလ်စိတ်တွေဖြစ်ပြီး အပါယ်လေးပါးရောက်ကြတော့တာပေါ့၊ ဒါကြောင့် (ပညတ်) ကိုနှလုံးမသွင်းမိဖို့ သိပ်အရေးကြီးတယ် ဒကာကြီး (မှန်ပါ့)

အာရုံ (ပညတ်)၊ စိတ်က (ဝိညာဏ်)

ဆုံရင် (ဖဿ) ဖြစ်သတည်း

မဆုံရင် (နိဗ္ဗာန်) ရောက်သတည်းဆိုတာ ဘုန်းကြီးစပ်ထားဘာပေါ့ (မှန်ပါ့) (ဖဿ) ဖြစ်တော့ ဖဿပစ္စယာဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝပစ္စယာဇာတိ၊ ဇရာ၊ မရဏတွေတန်းဖြစ်တော့ သံသရာလည်တဲ့ဘက်ရောက်တာပေါ့ (မှန်ပါ့) (ဖဿ) မဖြစ်တော့ (သခ်ါရ) မဖြစ်ဘူး (သခ်ါရ) တရားတွေဖြစ်တဲ့ ဖဿက ဝေဒနာ တဏှာ ဥပါဒါန်ကံတွေမဖြစ်တော့ ဟိုဘက်မှာ နောက်ထပ်ဇာတိ၊ ဇရာ၊ မရဏတွေ မရတော့ဘူးပေါ့ (မှန်ပါ့)

စိတ်က (ဝိညာဏ်)၊ နဂိုလ်စိတ်က (ဝိညာဏ်) ပေါ့၊ (ပညတ်) ကပ်တော့ (သညာ) ဖြစ်ပြီး (စေတနာ)ဆိုတဲ့ (ဖဿ) ဆိုတဲ့ (သခ်ါရ) ကြောင့် (ခန္ဓာငါးပါး) ရတဲ့ ဝေဒနာကနေ(တဏှာ၊ ဥပါဒါန်၊ ကံ)

ကနေ (ဇာတိ) သံသရာဆက်တော့တာပေါ့။ ဒါကြောင့် တရားအား ထုတ်တဲ့အခါတိုင်း၊ သတိရတဲ့အခါတိုင်း (နာမသန္ဆာန်) မရောက်ရန် အမှန်သတိပြုနေပါဆိုတဲ့ ဘုန်းကြီးချပေးထားတာက(ပညတ်) ခွါတတ်အောင် (ပရမတ်) နဲ့ နေတတ်အောင်ဖြစ်စေတာပေါ့ (မှန်ပ့ါ) (ပညတ်) ခွါနေတော့ (ရာဂ၊ ဒေါသ၊ မောဟ) ကိလေသာတွေလည်း ကင်းငြိမ်းတယ်၊ (ကိလေသာ) တွေကင်းငြိမ်းတဲ့အတွက် နှလုံးစိတ်ဝမ်းအေးချမ်းပြီး အသက်လည်းရှည်တယ်၊ (နိဗ္ဗာန်) လည်းရောက်တာပေါ့ ဒကာကြီး (မှန်ပ့ါ)

(ပညတ်) ခွါတတ်အောင် ဘယ်အခါမဆို (ပညတ်) ကို မသိရင် (နာမသန္ဆာန်) သာမှတ်ထား၊ အဲဒါ (ပညတ်) အာရုံပဲ၊ အဲဒီ (နာမ သန္ဆာန်)က မိန်းမဆိုတာက နာမည် (နာမ)၊ သန္ဆာန်က မိန်းမ သန္ဆာန် ပေါ့။ ယောကျ်ားဆိုတာ နာမည် (နာမ)၊ သန္ဆာန်ကလည်း ယောကျ်ားသန္ဆာန်ပေါ့။ ယောကျ်ားမိန်းထဲက ကိုယ်နဲ့သိတာ ပတ်သက်တာက ဘယ်သူဘယ်ဝါ သန္ဆာန်ကကိုယ်ဟာကိုယ်မှတ်မိလို့ သိနေတာပေါ့၊ (ရွှေ) ကနာမည်၊ သန္ဆာန်က (အဝါ) လေ၊ (တိုက်) ကနာမည်၊ သန္ဆာန်ကကိုယ်သိတဲ့ တိုက်သန္ဆာန်ပေါ့ (မှန်ပ့ါ)

ဒါကြောင့် ဘယ် (ပညတ်) မဆို (နာမသန္ဆာန်) တွေချည်းပဲ၊ ဒီ နာမသန္ဆာန်(ပညတ်)အာရုံတွေကို ကိုယ့်ခေါင်းထဲဝင်မလာရအောင် သတိနဲ့တိန်းထား၊ ဝင်လာရင် (သတိ) လေးနဲ့ပဲ သိပေးလိုက်၊ သိလိုက်

တာနဲ့ ဒီ (ပညတ်) နာမသန္ဆာန် တွေဟာ ပျောက်ပျောက်ကုန်တော့ သတ္တေသဒ်ီရ အနိစ္စ ယထာ ပညာယပသတ်ိဖြစ်ပြီပေါ့ (မှန်ပါ့)

အဲ . . . (နာမသန္ဆာန်) ကိုမှ နားမလည်သေးရင် ကိုယ့်ခေါင်း ထဲဝင်လာတဲ့ ဘယ်သူဘယ်ဝါဘာညာစတဲ့ ပညတ် (အာရုံ) တွေဟာ နာမ သန္ဆာန် (ပညတ်) တွေပဲ၊ ဒီတော့ ဘယ် (ပညတ်) အာရုံမှ ကိုယ့်ခေါင်းထဲဝင် မလာစေနဲ့၊ ကိုယ့်အသိ (ပညာ) ကိုယ် (သတိ) ကလေးနဲ့ (ဉာဏ်) ကလေးနဲ့ မောင်းထုတ်ပစ်ပြီး ပညတ် (အာရုံ) အဖုံးမခံရအောင် (ဝါ) ပညတ် အဖုံးမခံရအောင် (ပညတ်) ကို (သိ) ပေးလိုက်ပါ၊ (ပညတ်) တွေမရှိတော့ပါဘူး၊ ဒီလို(မရှိတာ)ကိုပဲသိရ တော့(ပညတ်)တွေပျောက်ပြီး ကိုယ့်(ဉာဏ်)ကရောက်သွားပါလိမ့် မယ်၊ ဒီလို (ခန္ဓာဉာဏ်ရောက်) အောင်နေပါ (မှန်ပါ့ဘုရား)

တွေးတာ၊ စဉ်းစားတာ၊ ဆင်ခြင်တာတွေကိုက (ပညတ်) မပါရဘူး၊ (ပညတ်) ကို မအောင်းမေ့ရဘူး (ပညတ်) ကို အောင်းမေ့ ရင် (ရာဂ၊ ဒေါသ၊ မောဟ) တွေပါတယ်၊ (ပညတ်) ကိုခွါပြီး နေတတ် ရင်လောကီတွေကပဲ (ပရမတ်)ဖြစ်နေတော့ လောကကနေ လွတ် ကြောင်းလောကုတ္တရာ (ပရမတ်ဉာဏ်) ရောက်တော့တာပေါ့ (မှန်ပါ့) အဲဒါ ဝိရာဂနုပဿီ၊ အနိစ္စနုပဿီ၊ နိရောဓနုပဿီ ရှုမှတ်နေတာဖြစ်လို့ လောကီပရမတ်ကနေ လောကုတ္တရာပရမတ် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ဘက်ကို ဦးဘဲညတော့တာပေါ့ (မှန်ပါ့)

(ပညတ်) ဆိုတာ (ရာဂ၊ ဒေါသ၊ မောဟ) ဖြစ်စေတဲ့ (သညာ)ကိလေသာ (အာရုံ) တွေပေါ့ (နိဗ္ဗာန်) နဲ့ဆန့်ကျင်ဘက်ပေါ့ (မှန်ပါ့)၊ သေခါနီး လူ့ဘုံ၊ နတ်ဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ ငရဲဘုံ တို့ထင်တာဆိုတာ (ပညတ်) နိမိတ်အာရုံတွေထင်တာ (ပညတ်) တွေကို အဟုတ်ထင်ပြီး နှလုံးသွင်းနေကြတာတွေဟာ အသိမှားတဲ့ (အဝိဇ္ဇာ) ဖြစ်သွားတယ်ဆိုတာသိရောပေါ့ (မှန်ပါ့) (အဝိဇ္ဇာ)မဖြစ်ရင် (သခ်ါရ) မဖြစ်တော့ဘူးပေါ့၊ (သခ်ါရ) မဖြစ်တော့ (တဏှာ၊ ဥပါဒါန်၊ ကံ) ဘက်မရောက်တော့ အပါယ်၄ဘုံလည်း မရောက်တော့ဘူးပေါ့၊ သံသရာဝဋ်လည်း မဖြစ်တော့ဘူး (နိဗ္ဗာန်) ဆိုတာသံသရာဝဋ်မဖြစ်တာကိုခေါ်တာ (မှန်ပါ့)

အတ္တိစိတ္တန္တိဝါပနဿသတိ ပစ္စုပ္ပတ္တိတံ ဟောတိတဲ့ ပစ္စုပ္ပန်တည့်တည့်ဖြစ်နေတဲ့ ထိုရောဂီရဲ့စိတ်မှာ (ပညတ်) တွေ (ရာဂ) တွေ မရှိတော့ဘူးတဲ့၊ စိတ္တံ - စိတ်သည်သာ၊ အတ္ထိ-ရှိတော့၏တဲ့ (မှန်ပါ့)၊ (ပညတ်) ကိုသာပယ်လိုက်နိုင်ရင် အဘိဏှာတို့ ဗျာပါဒတို့ မိစ္ဆာဒိဋ္ဌိတို့ပါမရှိနိုင်တော့ဘူးပေါ့ (မှန်ပါ့)

(သခ်ၤတ) သခ်ါရက အစမထင်ပဲဖြစ်လာတာတွေ (မှန်ပါ့) သခ်ါရလောကနဲ့ (ပညတ်) နဲ့က အတူတူပဲ၊ သခ်ါရလောကချုပ်ငြိမ်းရင် ကိလေသာချုပ်ငြိမ်းတယ်၊ သမုတိသစ္စာနဲ့ (ပညတ်) နဲ့လည်း အတူတူပဲ၊ (ပညတ်) ချုပ်ငြိမ်းရင် (သခ်ၤတ) လောက ကလည်း

ချုပ်ငြိမ်း တာပဲ (သခ်ၤတ) လောကချုပ်ငြိမ်းရင်လည်း (ပညတ်) ချုပ်ငြိမ်းတာပဲ (မှန်ပါ့)၊ (ပညတ်) တွေရှိနေလို့ (သခ်ၤါရ) ကြောင့် ပဋိစ္စသမုပ္ပါဒ် (ခန္ဓာ) ဖြစ်စဉ်တွေရနေကြတာ (မှန်ပါ့)

သမုတိသစ္စာက - နာမည်တွေသန္ဓာန်တွေနဲ့ (ပညတ်)
ပရမတ္ထသစ္စာက - စိတ်၊ စေတသိက်၊ ရုပ်ပဲ (မှန်ပါ့)

(ရာဂ၊ ဒေါသ) ဖြစ်လေရာ (ပညတ်) တွေလည်း ပါရတာလို့ ရှေးကဆရာတော်ဘုရားကြီးတွေ စပ်ထားခဲ့တယ် (မှန်ပါ့)၊ (ပညတ်) မပါ လို့ရှိရင် (ရာဂ၊ ဒေါသ၊ မောဟ) တွေက မဖြစ်တော့ဘူး (ပညတ်) အမြင်ရှိရင် (သက္ကာယဒိဋ္ဌ) (သဿတဒိဋ္ဌ) လည်းဖြစ်တယ်၊ ၆၂ပါး သော ဒိဋ္ဌတွေလည်းဖြစ်တယ်၊ (ပညတ်) အမြင်ရှိရင် (နိဗ္ဗာန်) နဲ့ ဆန့်ကျင်ဘက် (ရာဂ၊ ဒေါသ၊ မောဟ) တွေဖြစ်တာပေါ့၊ (နိဗ္ဗာန်) က (ရာဂ၊ ဒေါသ၊ မောဟ) တွေမဖြစ်တာပဲ (မှန်ပါ့)

(ပညတ်) က သန္တတိ (ပညတ်) ရှေ့နောက်တစ်ဆက်တည်း ဖြစ်တဲ့သဘော၊ ဂနပညတ် (အခဲပညတ်)၊ အာရုံကလည်း ဂနပဲ၊ သမုဟ ပညတ် (အင်္ဂါအစိတ်အပိုင်း) ပေါင်းထားတဲ့သဘော ခေါင်း၊ ကိုယ်၊ ခြေလက်တွေပေါင်းထားတဲ့သဘော၊ အာရုံရုပ်ကို မိန်းမလို့ ထင်လိုက်ရင် (ဂန) ပညတ်တို့ သမုဟ (ပညတ်) တို့ဖြစ်တာပေါ့ (မှန်ပါ့)

(ရုပ်) မှာအခဲမရှိဘူး၊ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော (ရုပ်)ဓါတ်တွေမှာအခဲမရှိဘူး၊ (ပညတ်)မှာတော့ အခဲသန္ဓာန် (ပညတ်) တို့ (ဂနပညတ်) လို့ခေါ်တာ (ရုပ်) မှာ ရှေ့မာနောက်မာဆက်ဖြစ်နေတဲ့ (သန္ဓတိ) ပညတ်မျိုးမရှိဘူး (ရုပ်) မှာသမူဟ ပညတ်လို (အင်္ဂါအစိတ်အပိုင်း) လည်းမရှိဘူး (ရုပ်) ကိုမြင်ရင် (အနိစ္စ) မြင်တာပဲ နဂိုလ်(ပရမတ်) တို့က (အနိစ္စ) ပဲ (မှန်ပါ့)၊ ဒါကို (ပညတ်) နဲ့တွဲလိုက်တော့ (အပိုအနိစ္စ) တွေရှုရာရောက်တာပေါ့ (မှန်ပါ့) စိတ်၊ စေတသိက်ပရမတ်တွေကလည်း (ရုပ်ပရမတ်)လိုပဲ (မှန်ပါ့) ပုထုဇဉ်တွေမှာ (ပညာ) သိမရှိကြဘူး (သညာ)သိနဲ့ (ပညတ်) တွေကိုသာသိကြလို့ (ပညတ်) ကိုခွါတတ်အောင် ဒီလောက်ထိဟောပြနေရတာပေါ့ဒကာကြီး (မှန်ပါ့)

မြတ်စွာဘုရားက တရားကိုရှင်းရှင်းလင်းလင်း ဟောကြားထားတာ လူတွေက နာမည်တွေ သန္ဓာန်တွေ (ပညတ်) ဆိုင်းဘုတ်တွေနဲ့ ရှုပ်အောင်လုပ်နေကြတာ (မှန်ပါ့) (သတိပဋ္ဌာန်) ကလည်း (နိဗ္ဗာန်) အတွက်တစ်ကြောင်းတည်းသော လမ်းပဲ၊ ဒါပေမဲ့ (ပညတ်) ဘက်မရောက်အောင် (ပစ္စုပ္ပန်) တည့်တည့် (ပရမတ်) ဖြစ်အောင် (သတိသမ္ပဇဉ်) နဲ့ ထိန်းရတာမျိုးပဲ (မှန်ပါ့)၊ (ပညတ်) ဘက်မရောက်အောင်ထိန်းတော့ (ပရမတ်) လည်းဖြစ်တယ် (ဝိပဿနာ) လည်းဖြစ်တာပေါ့ (မှန်ပါ့)

(သတိပဋ္ဌာန်) မှာလည်း (ပညတ်) ဖယ်လိုက်မှ (ဝိပဿနာ) ဖြစ်တယ်၊ (ဝိပဿနာ) မှာ (ပညတ်)ကို မဖယ်နိုင်ရင် (ပညတ် ဝိပဿနာ) ဖြစ်ပြီး၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ လက္ခဏာရေးသုံးပါးကို မထင်နိုင်ဘူး (မှန်ပါ့)

(ဓမ္မာနုပဿနာ) က (သတိ) နဲ့ (ဉာဏ်) ပြဋ္ဌာန်းတယ် (သတိ) သမ္မဇဉ် (ဉာဏ်) ပါတော့ (သတိ) က (ပညတ်)ကိုသိသိပေးတော့ (ပညတ်) ကိုခွါစေတာပေါ့ (မှန်ပါ့) ဒီလို (ပညတ်) ကို ခွါရတယ်ဆိုတဲ့ (ဉာဏ်) ပညာမရှိရင် (ပညတ်) ကိုခွါဖို့ (သတိ) မရှိရင် (ပညတ်) တွေနဲ့ ရောထွေးပြီး (ပညတ်) ရှုကြိုးဖြစ်နေတတ်တယ် (မှန်ပါ့)၊ အဲဒီလိုဆိုရင်ဘာမှအကျိုးမရှိဘူး (မှန်ပါ့)၊ ပညာ် (အနိစ္စ) ကို ရှုခိုင်းနေတာမျိုးဆိုရင် (အပိုအနိစ္စ) ကို ရှုနေတာနဲ့အတူတူပဲ (မှန်ပါ့) ရှုရမဲ့ (အနိစ္စ) က (နဂိုလ်အနိစ္စ) (ပရမတ်) ရုပ်နာမ်တွေ့ရင် (အနိစ္စ) ကိုတွေ့တယ်၊ အဲဒီ (ပရမတ်အနိစ္စ) ကို ရှုရမှာ (မှန်ပါ့ဘုရား)

ပညတ်တိ သမတိက္က မိတွာ = ပညတ်ကိုဖယ်၍
ပညတ်တိ ထပေတွာ = ပညတ်ကိုထားခဲ့၍
စိတ်၊ စေတသိက်၊ ရုပ်ဆိုထဲက (ပညတ်) ကမပါတော့ဘူး (မှန်ပါ့)၊
မနာပ = ဆိုတာလိုချင်တဲ့ (လောဘ) ဖြစ်ဝာ
အမနာပ = ဆိုတာမလိုချင်တဲ့ (ဒေါသ) ဖြစ်တာ

(မနာပ) နဲ့ (အမနာပ) ဖြစ်တယ်ဆိုတာ (ပညတ်) ပါလို့ဖြစ်တယ် ဆိုတာမှတ်ရမယ် (မှန်ပါ့)

(ပညတ်) မသိပဲ (ပဋိစ္စသမုပ္ပါဒ်) ကိုမရောက်ဘူး (မှန်ပါ့) လူတွေပြောဆိုနေကြတာ (ပညတ်) တွေက အရင်လာတော့ (ပညတ်) သိမှ (ပဋိစ္စသမုပ္ပါဒ်) ကိုနားလည်မယ် (မှန်ပါ့)

(ပညတ်) တရားက ဥယျဒံတရားပဲ၊ ဥယျဒံတရားက (သခ်ါရ ဝိကာရလက္ခဏာ၊ နိဗ္ဗာန်၊ ပညတ်) အဲဒါ ပဉ္စအင်္ဂုတ္တရ် ပဉ္စင်္ဂုတ္တရ်မှာပါတယ်၊ (ပညတ်) ဆိုရင် လောကီသံရာထဲရောက်သွား ပြီ၊ (နိဗ္ဗာန်) ဆိုရင်လောကကနေ လွတ်မြောက်တဲ့ (လောကုတ္တရာ) ဘက်ရောက်သွားတာပေါ့ (မှန်ပါ့)

(ပညတ်) ကိုဖယ်လိုက်ရင် (ပညတ်) စိတ်ကနှိပ်စက်တဲ့ လောကကြီးတစ်ခုလုံး ဆိပ်သုံးပြီး ငြိမ်းအေးသွားတဲ့ (သုံညတ) ဆိုက် တာပေါ့။ ဘုရား၊ ရဟန္တာတို့ရဲ့အာရုံက "သုညတော၊ အနိမိတ္တောစ ဝိမောက္ခော၊ တေသံဂေါစရော" တဲ့ (သုံညတ) အာရုံပဲရှိတော့တယ် (အဘိဓမ္မာ) ဟောတာလည်း (ပညတ်) မပါဘူး၊ (နိဿတ္တ၊ နိဇ်ဝ) ဆိုတော့ သတ္တဝါဖြစ်တဲ့ (ပညတ်) မပါဘူး (မှန်ပါ့)

မြတ်စွာဘုရားက ယထာဟ ဒဝအစရှိတဲ့ဂါထာမှာ (အဝိဇ္ဇာ၊ ပညတ်) တို့၏ ဓယံ = ကုန်သွားတာလည်း ငါသိပြီ၊ အကြောင်းမဲ့တို့၏

ခယံ = ကုန်သွားတာကိုလည်း ငါသိသွားပြီတဲ့၊ (အဝိဇ္ဇာ၊ ပညတ်) ပါရင် သံသရာဖြစ်တာကိုး၊ (အဝိဇ္ဇာပညတ်) မပါရင် သံသရာမဖြစ်ဘူး ဆိုတာ ငါသိသွားပြီလို့ ဒီလိုဆိုတာ (မှန်ပါ့)၊ ကဲ ဒီလောက်ဆိုရင် (ပညတ်) သဘောတရားကို ကောင်းကောင်းနားလည်ကြရောပေါ့ (မှန်ပါ့ဘုရား၊ နားလည်ပါပြီဘုရား)

ပရမတ်တရား

ပရမတ်

(ပရမတ်) ဆိုတာ (ဉာဏ်) ရဲ့အာရုံကို (ပရမတ်) ခေါ်တယ် (ပညတ်) က တကယ်မရှိတဲ့ဟာ၊ (ပရမတ်) က တကယ်ရှိတဲ့ဟာ (မှန်ပါ့)၊ (ပရမတ်) ဆိုတာ မျက်စိနဲ့မမြင်ရဘူး၊ (ဉာဏ်) နဲ့မှသိရတာ၊ ပါဠိလိုက **"ညာဏာဿအတ္ထောဂေါစရော ပရမတ္ထော"** တဲ့၊ (ဉာဏ်) နဲ့ သိရတဲ့အာရုံကို (ပရမတ်) ခေါ်တယ်၊ မျက်စေ့နဲ့ကြည့်လို့မြင်ရတာ (ပရမတ်) မဟုတ်ဘူး (မှန်ပါ့)

ပရမတ္ထသစ္စာဆိုတာ (စိတ်၊ စေတသိက်၊ ရုပ်) ဖြစ်တဲ့ ရုပ်နာမ် (ပရမတ်) ပေါ့။ ပရမတ္ထဝစနံ သစ္စံဓမ္မာနံ ဘူတကာရဏာ ဆိုတဲ့အတွက် (ပညတ်) မဖက်သက်သက်သော (ရုပ် ပရမတ်၊ နာမ် ပရမတ်) တို့ရဲ့ အမှန်တရားလမ်းကြောင်းပဲ၊ လောကမှာ ရှိတဲ့သက်ရှိ၊ သက်မဲ့၊ ကုန္ဒြိယဗဒ္ဓ၊ အနိန္ဒြိယဗဒ္ဓဆိုတဲ့ (ရုပ်) ဝတ္ထု၊ (နာမ်)ဝတ္ထု အားလုံးဟာ (ပရမတ်)ချည်းပေါ့ (မှန်ပါ့) တနည်းပြောရရင် သြကာသ လောကထဲက ရှိရှိသမျှတွေကိုစုပေါင်းပြီး သဘောတရားထုတ်လိုက်ရင် (ရုပ်နာမ်) ပရမတ်ကလွဲလို့ ဘာမှမရှိဘူး (မှန်ပါ့)

(ရုပ်နာမ်) ဟာ (ပရမတ်) လို့ပြောတာတောင်မှ အခေါ်အပြော (ပညတ်) နဲ့ မကင်းသေးဘူး၊ (ရုပ်) က ပါဠိလို (ရူပံ) ပေါ့။

ခန္ဓာဝဂ္ဂသံယုတ်ပါဠိတော် ခဇ္ဇနီယသုတ်မှာ "ကိဉ္စဘိက္ခု ရူပံဒေထ" ချစ်သားရဟန်းတို့၊ ဘယ်ဟာဘယ်သဘောကို (ရူပံ) ဆိုမလဲကိုမေးပြီး တော့

"ရူပဟိတိ ခေါဘိက္ခဝေတသ္မာရူပံန္တိဝုစ္စတိ"လို့ ကိုယ်တော်တိုင် ဖြေဆိုတော်မူတယ် (မှန်ပါ့) ချစ်သားတို့ စင်စစ်အားဖြင့် အကြင် သဘောတရားသည် ဖေါက်ပြန်တတ်၏။ ထိုဖေါက်ပြန်တတ်သော ပြောင်းလဲတတ်သော တရားသဘောကို "ရူပံ" ဟူ၍ ဆိုအပ်၏လို့ ဟောပါတယ် (မှန်ပါ့ဘုရား) စက္ခုံစပဋိစ္စရူပေစဥပ္ပဇ္ဇတိစတဲ့ ပုဒ်မှာ တော့ "ရူပံ"ကို (အဆင်း)ပရမတ်အနက်ရပြန်တယ် (မှန်ပါ့) ဒါတောင် မှ(အဆင်း)တို့၊(ဖေါက်ပြန်)တာတို့ဆိုတာ အခေါ်အပြော(ပညတ်)နဲ့ မကင်းသေးဘူးလို့ စကားကိုကပ်ပြောတတ်တဲ့သူတွေ ကပ်ပြောလို့ရပါ သေးတယ်၊ (ပရမတ်) ကိုရှင်းရတာဟာ မြန်မာစကားနဲ့ မရှင်းရရင် ဘာနဲ့မှရှင်းလို့မရဘူး (မှန်ပါ့)

မြတ်စွာဘုရားတို့ရဲ့ထုံးစံက (သတ္တဝါ) ဟွာသိလောက်တဲ့ စကားအပြော (ပညတ်) နဲ့တွဲပြီး ဟောပြောလို့ နားလည်သဘောပေါက် လာတော့မှလိုအပ်တဲ့ (ပရမတ်) ကို ဟောရတဲ့ အကြောင်းဒေသနာ တွေမှာလာပါတယ်၊ (မှန်ပါ့) (ပရမတ်) က (ဉာဏ်) နဲ့သိရတဲ့ (ပရမတ်) ကိုဆိုလိုတာပါပဲ (မှန်ပါ့)။

(ရုပ်နာမ်) ကို (ရုပ်) ကဖေါက်ပြန်တာ (နာမ်) က သိတာ (ရုပ်နာမ်) ကိုဖေါက်ပြန်တာနဲ့သိတာလို့ (ပရမတ်) အတွက် အနီးစပ် ဆုံးသိအောင်ပြောရတာ၊ တကယ်တန်းအလုပ်နယ်မှာဆိုရင် ခန္ဓာမှာ ပစ္စုပ္ပန်တည့်တည့်ကျအောင် ၅။တတ်ရင် ခန္ဓာရဲ့ဖေါက်ပြန်မှုကို ကိုယ်တွေ့၊ ကိုယ်တိုင် (ဉာဏ်)နဲ့ သိတာမှ (ပရမတ်) သိဖြစ်တော့တယ် ဒကာကြီး (မှန်ပါ့ဘုရား)

အနိဒဿနံ၊ အနိစ္စဓါတ်ပရမတ်၏
ရှေ့နောက် ကာလ ရပ်ဒေသနှင့်
သန္တာန်ပမာဏညွှန်ပြခြင်းငှာ မထိုက်ဆိုတာ ရှေ့ကဆရာ တော်ကြီးတွေစပ်ခဲ့တာတွေပဲ၊ အဲဒါသခ်ၤတ (ပရမတ်) ပဲ၊ (ပရမတ်)က ရှေ့နောက်မရှိဘူး၊ ရှေ့နောက်ကလဲ ရေစီးဆင်းနေသလို အရင်ရေ အခုရေနောက် ရေရယ်လို့မရှိသလို (ပရမတ်) ကလည်း သန္တာန်ဆက် နေတော့ ရှေ့နောက်မရှိ၊ အရပ်ဒေသနဲ့ သန္တာန်ပမာဏကမရှိဘူး (ပရမတ်)က (Un seen) မမြင်ရဘူး (ဉာဏ်) နဲ့သိရတာမျိုး (မှန်ပါ့)၊ (အသခ်ၤတ) ပရမတ်က နိဗ္ဗာန်ပေါ့ (မှန်ပါ့)၊ စိတ်၊ စေတသိက်၊ ရုပ်က (သခ်ၤတ) ပရမတ်ပေါ့၊ (နိဗ္ဗာန်) က (အသခ်ၤတ) ပရမတ်ပေါ့ (မှန်ပါ့)၊ (သခ်ၤတပရမတ်) ဆိုတာ အခု ပြောမဲ့ (ပရမတ်)၊ စိတ်၊ စေတသိက်၊ ရုပ်ရဲ့ (ပရမတ်) ကိုပြောတာ (မှန်ပါ့) နာမည်မရှိ၊ သန္တာန်မရှိတဲ့ (ပရမတ်) ပေါ့ (မှန်ပါ့)

ပရမတ်က (ပညတ်) လိုဥ္ဆန်ပြလို့မရဘူး၊ ကိုင်လို့လည်းမရဘူး၊ အဲဒါ (ပရမတ်)ရဲ့ အင်္ဂါခေါ်တယ်၊ (မှန်ပါ့)၊ (ပရမတ်) က သဘောလေးပဲ (ဉာဏ်) နဲ့သိရတဲ့ (အာရုံ) ရဲ့သဘောလေးပဲ၊ အဲဒီသဘောလေးကို (ဓမ္မ) လို့ခေါ်တာ (မှန်ပါ့)၊ အဲဒီ (ပရမတ်) သဘော (ဓမ္မ) လေးကို အဖန်ဖန်ရှုနေတော့ (ဓမ္မနုပဿနာ) ခေါ်ရတာပေါ့ (မှန်ပါ့)

(ပရမတ်) ကိုဓမ္မဝိစယသံဗောဇ္ဈင်လို့လည်း ခေါ်တယ် (ပရမတ်) ကိုမြင်ရင် သိရင် (သမ္မာဒိဋ္ဌိ) ဖြစ်တာပဲ၊ ပညာသံလျက်လို့လည်းခေါ်တယ်၊ ပညာဒါးကိုလည်းခေါ်တယ်၊ ဒီ (ပရမတ်) နဲ့မှ (ကိလေသာ) တွေကို ခုတ်ဖြတ်ရမှာကိုး (မှန်ပါ့)၊ ပညောဘာသ ပညာအလင်းရောင်လို့လည်း ခေါ်တယ်၊ အဲဒါ (ပရမတ်) ကိုကြည့်ပြောတာပဲ (မှန်ပါ့)

အမှတ် (သညာ) နဲ့မှတ်ထားတဲ့ အခေါ်အဝေါ် နာမသန္ဓာန် (ပညတ်) တွေကို ကျော်လိုက်ရင်ဘယ်ရောက်သလဲဆိုတော့ (ပရမတ္ထ သစ္စာ) ဆိုတဲ့ (ပရမတ်) အမှန်ကိုရောက်တာပေါ့၊ (ပရမတ်) က ပစ္စုပ္ပန်တည့်တည့်ထားတဲ့စိတ်ပဲ (မှန်ပါ့)၊ ပစ္စုပ္ပန်တည့်တည့်ထားတတ်ရင် ဘယ်အမှတ်အသား၊ ဘယ် (သညာ)၊ ဘယ်နာမ၊ ဘယ်သန္ဓာန်၊ ဘယ်အာရုံ၊ ဘယ် (ပညတ်) မှမပေါ်ဘူး (မှန်ပါ့)

(စိတ်) ကို (ပစ္စုပ္ပန်) တည့်တည့်ထားတတ်ရင် (ပရမတ်) ကို အာရုံပြုနေတာပဲမှတ်ပါ (မှန်ပါ့)၊ အဲဒါလေးချုပ်သွားရင် (နိဗ္ဗာဓ သစ္စာ)ပေါ့တော့တာပေါ့ (မှန်ပါ့)၊ မြင်ကြားစရှိကြဲသိသမျှကို ပစ္စုပ္ပန် တည့်တည့်ရှုရင် (ပရမတ်) ပဲ၊ အတိတ်၊ အနာဂါတ်တွေ မပါရဘူး၊ နိမိတ်တွေလည်းမပါရဘူး (မှန်ပါ့)

(ပရမတ္ထသစ္စာ) ဖြစ်တဲ့ ပစ္စုပ္ပန်တည့်တည့်လေးရှုနေတဲ့အခါ မှာ၊ နဂိုလ်စိတ် (ပရမတ်)စိတ် (ဝိညာဏ်)နဲ့နေနေတာပေါ့၊ ဒီနေရာမှာ (ပညတ်) အာရုံဖြစ်တဲ့ (နာမသန္တာန်) ဝင်လာရင် ပညတ်စိတ်၊ အပိုစိတ်ဖြစ်နေတာပေါ့၊ သိရုံပဲသိတဲ့ နဂိုလ်စိတ် (ပရမတ်) စိတ်ဆိုရင် (ဝိညာဏ်)ပဲ၊ ဣတ္ထိဝိဉာဏ်-ဣတ္ထာ (ဝိညာဏ်) ပဲလို့သိပေးပါ (မှန်ပါ့)၊ (သညာ)ဝင်ရင် ဣတ္ထာ (သညာ) လို့ သိပေး ပါ။ ကာမဆန္ဒ နိဝရဏ ဝင်လာရင် ဣတ္ထာကာမရာဂဆန္ဒဖြစ်လာတာပဲ လို့သိလိုက်ရင် (နိဝရဏ)တွေပျောက်သွားပြီး နဂိုလ်စိတ်(ဝိညာဏ်) ပရမတ်ပြန် ရောက်သွားတော့တာပေါ့၊ သံယောဇဉ်ဝင်လာရင် ဣတ္ထာသံယောဇဉ် ပဲလို့သိလိုက်ပေါ့၊ ဒီလိုရှုနေတာ(ဓမ္မဝိစယသံဘောဇ္ဈင်)နဲ့ ဓမ္မလေးတွေ ကို စိစစ်နေတော့ (ဓမ္မနုပဿနာ)ပဲပေါ့ (မှန်ပါ့)

အခုလိုရှုနေတော့ (အာရုံ)ဝင်လာရင်လည်း (အာရုံပညတ်) ကို သိပေးရမယ် (မှန်ပါ့)၊ (ပညတ်) တွေ (နိမိတ်အာရုံ) တွေ (မောဟ) တွေ မဖုံးအောင်နေတာ (ဓမ္မာနုပဿနာ) ပဲပေါ့ (မှန်ပါ့) (ကုသိုလ်)

အာရုံလည်းအဖုံးမခံနဲ့၊ (အကုသိုလ်) အာရုံလည်း အဖုံးမခံနဲ့၊ (ကုသိုလ်) အာရုံကလည်း ပုညာဘိသင်္ခါရ၊ လူ့ပြည်၊ နတ်ပြည်ရောက်တာ (ပရမတ္ထသစ္စာ) နဲ့ (အရိယာသစ္စာ) ဘက်ရောက်တာမဟုတ်ဘူး (မှန်ပါ့)၊ အရိယာသစ္စာရောက်မှ အရိယာသစ္စာနဲ့ ဒဿန် နိဗ္ဗာန် သစ္စိကိရိစဆိုသလို (နိဗ္ဗာန်) ကိုမျက်မှောက်ပြုဖို့ လိုတာ၊ ကုသိုလ်ပြုတာတွေ တွေးနေလို့လည်းမဖြစ်ဘူး (မှန်ပါ့)၊ (ပရမတ်) သိဖြစ်ရင် ဒြပ်တွေ နာမည်တွေ သန္တာန်တွေမပါ တော့ဘူး (မှန်ပါ့)

(ပရမတ်) စိတ်ကလေးနဲ့ ပစ္စုပ္ပန်တည့်တည့်သိပေးနေတဲ့ နေရာမှာ ဝင်လာသမျှတွေက (အာရုံ) တွေချည်းပဲ (နိမိတ်) တွေပေါ့၊ ကိလေသာတွေ၊(ပညတ်)တွေပေါ့။ (သညာ)ကလည်း ယောက်ျား၊ မိန်းမ ပစ္စည်းနဲ့ဝင်တယ်၊ ပိတ်ပင်တားဆီးဖုံးလွှမ်းတဲ့ (နိဝရဏ)ကလည်း (ကာမရာဂ)တို့ (ဗျာပါဒ) စတာတွေဆိုတော့ မိန်းမ ယောက်ျား ပစ္စည်း ဘပ်မက်တဲ့ (ပညတ်) တွေနဲ့ဝင်တယ်၊ (ဝံယောဇဉ်) ဆိုတာကလည်း မိန်းမယောက်ျားပါတဲ့ (ပညတ်) နဲ့ ဝင်ဘယ်၊ (အာရုံ) ထဲမှာ သုခ ဝေဒနာ၊ ဒုက္ခဝေဒနာတွေကလည်း(ပညတ်) နဲ့ဝင်ကြတော့ (ပညတ်) အဖုံးခံနေရမှာ (မှန်ပါ့)

တရားက ခက်တယ် ခက်တယ်သာပြောနေကြတာ၊ (ပညတ်) ဖုံးတော့အားထုတ်ရခက်တာပေါ့။ (ပညတ်) အဖုံးခံရမှန်းလည်းမသိကြဘူး (မှန်ပါ့)၊ ဒါကြောင့် (ဝိပဿနာ)အားထုတ်ရင် ပညတ်တို့သာမကိ

မိတ္ကာ၊ ပညတ်ဌီဌပေတွာတဲ့၊ (ပညတ်) ကိုကျော်ရမယ် (ပညတ်) ကိုခွာရမယ်ဆိုတာ (ဝိပဿနာ) အားထုတ်သူတို့ အထူးဂရုစိတ်ရမယ်ဆိုတာသိထားပြီးသားပဲ (မှန်ပ့ါ)၊ (ပညတ်) **အဖုံးမခံရဘူး**၊ ဒီလို (ပညတ်) အဖုံး မခံရအောင် (သတိ) ကလေးနဲ့ (ဉာဏ်) ကလေးနဲ့ရှု နေတော့ (ပညာ)နဲ့ရှုနေတာဖြစ်တော့(ပညတ်)ခွါထားတာဖြစ်လို့ (ဝိပဿနာ) လည်းဖြစ်တယ်(ပရမတ်)ကိုပဲရှုနေတာဖြစ်တော့ တာပေါ့(မှန်ပ့ါ) (ပညတ်)ကပုထုဇဉ်အနွယ်၊ (ကိလေသာ)တွေနာမည်တွေ သန္ဓာန်တွေပေါ့ (မှန်ပ့ါ)

အာရုံ (ပညတ်) စိတ်က (ဝိညာဏ်)
ဆုံရင် (ဖဿ) ဖြစ်သတည်း
မဆုံရင် (နိဗ္ဗာန်) ရောက်သတည်း။

(ပညတ်)အာရုံမရောက်ဖို့(ပညတ်)နဲ့မဆုံမိဖို့ရှေးက ဆရာတော်ကြီးတွေစပ်ခဲ့တာပေါ့ (ပညတ်) အာရုံမဖုံးအောင်ပြောတာ (မှန်ပ့ါ)၊ (ပညတ်)အာရုံဖုံးတော့(အာရုံ)ကိုအသိမှားတဲ့(အဝိဇ္ဇာ) ဖြစ်တာပေါ့ (မှန်ပ့ါ)၊ ယောက်ျား၊ မိန်းမ၊ ရွှေ၊ ငွေ၊ တိုက်၊ ခြံ၊ မြေစတဲ့ (ပညတ်) အာရုံတွေဝင်တော့ (ပညတ်) နဲ့ဆုံတော့ ဒီ (ပညတ်) မိန်းမ၊ ယောက်ျား၊ ရွှေ၊ ငွေဆိုတော့ (သဒ္ဒါရ) ဆိုတဲ့ (ဖဿ) ဖြစ်ဖို့သံလိုက်ဓါတ်တွေလို ဓါတ်လိုက်နေတာပေါ့၊ သဒ္ဒါရဖြစ်တဲ့(ဖဿ)ကနေဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကံဘက်ဇာတိဘက်ကို (ပဋိစ္စသမုပ္ပါဒ်)

တန်းပြီပေါ့(မှန်ပ့ါ)ဒီအချိန်မှာ(သတိ)လေးနဲ့(ဉာဏ်)ကလေးနဲ့ဝင်လာတဲ့ (အာရုံပညတ်) ကိုသိလိုက်တော့မဆုံဖြစ်ပဲ (ဉာဏ်) ဖြစ်သွားပြီး (ပရမတ်)ရောက်သွားတာပေါ့ (မှန်ပ့ါ) မဆုံဖြစ်လို့ (ပရမတ်) ရောက်ရင် (နိဗ္ဗာန်)ဘက်ရောက်ပြီးကြာတော့ (နိဗ္ဗာန်) ရတာပေါ့ (မှန်ပ့ါ)

ဝင်လာတဲ့အာရုံ (ပညတ်) တွေသာကိုယ့်မှာရှိတဲ့ (ဝိညာဏ်) ဆိုတဲ့ (ပညတ်) မပါသောနဂိုလ်စိတ် (ဝိညာဏ်) နဲ့ဆုံခွင့်ပေးလိုက်လို့ ရှိရင် (ပညတ်)ပါသော (ကိလေသာ)စိတ်တွေနဲ့(ခန္ဓာငါးပါး) ဒုက္ခသစ္စာကြီးရတော့တာပေါ့ (မှန်ပ့ါ)။ (ပညတ်) ပါရင် နဂိုလ်စိတ်က နေ သံသရာလည်စေတဲ့ အပါယ်သွားစေတဲ့ အပိုစိတ်တွေရတော့ တာပေါ့ (မှန်ပ့ါ) (ဖဿ) က (ပညတ်) နဲ့ ခါတ်လိုက်တော့ (ဖဿပစ္စယာ ဝေဒနာ၊ ဝေနာပစ္စယာတဏှာ၊ တဏှာပစ္စယဥပါဒါန် ကံတွေ ဇာတိ၊ ဇရာ၊ မရဏ) တွေသံသရာဘက်၊ အပါယ် ၄ဘုံဘက်ရောက်သွားတာပေါ့ (မှန်ပ့ါ)။

(သဒ္ဓါရ) ဖြစ်တဲ့ (ဖဿ) နဲ့ (အာရုံ) နဲ့ မဆုံရအောင် သတိသတ္တိဇဉ်၊ ဓမ္မာဝိစယသတ္တိဇဉ်ဖြစ်တဲ့ (ဓမ္မာနုပဿနာ) ကရော၊ (ဝိပဿနာ) ကရော ဆုံခွင့်မပေးပဲ (ဉာဏ်ပညာ) နဲ့ (သတိသမ္ပဇဉ်) နဲ့ဝင်လာတဲ့ (အာရုံ) ကို (ဖဿ) မဖြစ်အောင် သတိဉာဏ်နဲ့ ဖြုတ်ချလိုက်တော့ (ညာဏသမင်္ဂနဲ့ဓမ္မစာရီ) ဖြစ်သွားတာပေါ့၊ ညာဏသမင်္ဂဉာဏ်ဖြစ်၍ အနုဓမ္မစာရီ = လောကုတ္တရာတရားအားလျော်စွာ

ကျင့်ရာရောက်သွားတော့တာပေါ့ (မှန်ပါ့)၊ ဖဿနဲ့မဆုံရင် (ကိလေသာ) တွေဝင်ခွင့်မရတော့ (ရာဂ၊ ဒေါသ၊ မောဟ) တွေပါယ် နိုင်ပြီး (နိဗ္ဗာန်) ရောက်တာပေါ့ (မှန်ပါ့)

(ပရမတ်) ဆိုတာ (ပညတ်) မရှိမှ (ပရမတ်) ဖြစ်တာ (မှန်ပါ့)၊ (ပညတ်) မရှိရင် (စိတ်) လည်း (ပရမတ်) ဖြစ်သွားတယ်၊ (ပညတ်) မပါသောစိတ် (ဝိညာဏ်) (ပရမတ်) ပေါ့ (မှန်ပါ့)၊ စိတ်က (ပရမတ်) ဖြစ်သွားရင် နှုးညံ့သိမ်မွေ့သွားတယ်၊ နှုးညံ့သိမ်မွေ့သွားတော့ (စိတ်) ကိုစောင့်ရှောက်ရာရောက်သွားတယ်၊ ဒီလိုစောင့်ရှောက်ရာ ရောက် သွားတဲ့ (စိတ်)ကလေးဟာချမ်းသာရာ (နိဗ္ဗာန်) ဘက်ကိုရောက် ရောက်သွားတယ် (မှန်ပါ့)

လယ်တီဆရာတော်ဘုရားကြီးက (သမုတိသစ္စံ နိရုဏ္ဍန္တော ပရမတ္ထောတိဗုဒ္ဓံ) တဲ့ သမုတိသစ္စာ (ပညတ်) ပျောက်တော့ (ပရမတ္ထ သစ္စာ) ရောက်တော့တာပေါ့ (မှန်ပါ့)

ဘုရား ရဟန္တာအစရှိတဲ့ အရိယာသူတော်စင်တွေဟာ (အာရုံ) တွေနောက်ကိုမလိုက်ကြဘူး၊ အာရုံ (ပညတ်) ကိုကျော်ပြီး (ပညတ်) မပါသော စိတ် (ပရမတ်)ကိုပဲရှုကြရတယ်၊ (ဝိညာဏ်၊ နာမ်၊ ရုပ်) ကိုပဲရှုကြတယ်၊ (ပရမတ်) ဆိုတာ (ပညတ်)မပါသော (စိတ်)၊ (ပညတ်) မပါသော (စေတသိက်) (ပညတ်) မပါသော (ရုပ်) ပဲ၊ ပစ္စုပ္ပန်တည့်

တည့် ရှုကြည့်လို့သိရတဲ့ (ဝိညာဏ်၊ နာမ်၊ ရုပ်) ပဲ (မှန်ပါ့)

သိအပ်တာပဲသိတော့ (ဝိဇ္ဇာ) ဖြစ်သွားတာပေါ့ (ဝိဇ္ဇာဥဒပါဒိ) ပေါ့ (မှန်ပါ့)၊ သိအပ်တာက (ပရမတ်) အသိပဲပေါ့။ (ရုပ်၊ ဝိညာဏ်၊ သညာ၊ သင်္ခါရ) ဖြစ်တဲ့ (ဝိညာဏ်၊ နာမ်၊ ရုပ်) ပေါ့။ မြင်တာ၊ ကြားတာ၊ နံတာ၊ စားတာ၊ ထိတွေ့တာ၊ ကြံတွေးတာတွေမှာလည်း သညာ (ပညတ်) ဖြစ်တဲ့ ငါ သူ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ စတဲ့ (နာမသန္တာန်) မရောက်ရင် (စိတ်၊ စေတသိက်၊ ရုပ်) (ပရမတ်) ပဲ ရောက်မယ်မဟုတ်လား ဒကာကြီး (မှန်ပါ့ဘုရား)

(စိတ်၊ စေတသိက်၊ ရုပ်) ဆိုတဲ့ (ပရမတ်) ရောက်ရင် သဒ်္ဓတ (ပရမတ်) ပဲဖြစ်သေးလို့ (ဖြစ်ခြင်း၊ ပျက်ခြင်း) ရှိတယ်၊ ဖြစ်ခြင်း၊ ပျက်ခြင်းတွေမရှိတော့တဲ့အခါကြတော့ (အသဒ်္ဓတ) (ပရမတ်) (နိဗ္ဗာန်)ရောက်တော့တယ် (မှန်ပါ့)

ဒကာကြီး (နာမသန္တာန်) မရောက်အောင် သတိပြုနေတော့ (ပညတ်) အာရုံတွေမဝင်တော့ဘူးမဟုတ်လား (မှန်ပါ့မဝင်ပါဘုရား) (ပညတ်) အာရုံတွေမဝင်တော့ (ဝင်လေထွက်လေ) သိတဲ့ (အာရုံ)လေးဟာ ထင်ရှားနေတာပေါ့ (မှန်ပါ့) အဲဒါ (ပညတ်) ကနေ (ပရမတ်) ရောက်နေတာ (မှန်ပါ့)၊ (ပညတ်) ပျောက်တော့ (အာရုံ) ငါးပါးဆိတ်နေတော့ (ပရမတ်) ရောက်နေတာပေါ့ (မှန်ပါ့) (ပရမတ်) ဆိုတာ

(စိတ်၊ စေတသိက်၊ ရုပ်) ဆိုတော့ ဝင်လေထွက်လေ သိနေတာဟာ (စိတ်၊ စေတသိက်၊ ရုပ်) ကိုသိနေတာပဲ (မှန်ပါ့)

(ပရမတ်) ဆိုက်နေရင် (ပညတ်) စိတ်တို့ ဒိဋ္ဌိသညာတို့ အတ္တသညာစတဲ့ (ကိလေသာ) တွေမရှိတော့ဘူး၊ စိတ်တို့သညာတို့ဆိုတာ အနိစ္စပဲရှိတော့တယ်၊ ဒီ (အနိစ္စ၊ ဒုက္ခ) ဆုံးတော့ (နိဗ္ဗာန်) ပေါ့ (မှန်ပါ့)။ သဒ္ဓမ္မံရံသီရံလောကေတဲ့၊ သဒ္ဓမ္မံ = ဆိုတာ သူတော်ကောင်းတရားကို ပြောတာ (ပရမတ်) ကိုပြောတာ (ပညတ်) မပါဘူး (မှန်ပါ့)

(ရုပ်) ဆိုတာ ယောကျ်ားး၊ မိန်းမ၊ သစ်ပင်၊ အိမ် စတဲ့ အခေါ်အဝေါ် (ပညတ်) တွေကိုစွဲမခေါ်ရဘူး၊ ဒါက သမုတ်ထားတဲ့ သမုတိသစ္စာတွေ (မှန်ပါ့) (ရုပ်) ဆိုတာ (ပရမတ်) ရုပ်ကိုသာနားလည်ရမယ်၊ ပရမတ်ရုပ်က မဟာဘုတ် ၄ပါးဖြစ်တဲ့ ဓါတ်ကြီးလေးပါး (ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော) ကို စွဲခေါ်တာ (မှန်ပါ့) ဒီမဟာဘုတ်ရုပ်ကိုမှီပြီးတော့ ဖြစ်နေတဲ့ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာရှိလို့ (ဥပါဒါရုပ်) လို့ခေါ်ရတာ (မှန်ပါ့)၊ ဒီ (ဥပါဒါရုပ်)မှာ ဝဏ္ဏ = အဆင်း၊ ဂန္ဓ = အနံ့၊ ရသ = အရသာ၊ ဩဇာ = အဟာရတွေနှိုင်းလို့ သူကိုစွဲပြီး (ဥပါဒါရုပ်) လို့ခေါ်ရတာ၊ ဒီ (ဥပါဒါရုပ်) ၂၄ပါးက (မဟာဘုတ်ရုပ်) ကိုမှီရတာ (မှန်ပါ့)

မြင်မြင်သမျှ၊ အဆင်းကို (ရုပ်) လို့မှတ်ရင် (ပရမတ်) ရောက်

တယ်၊ ရူပါယတနံ စက္ခုဝိညာဏဓာတုယာဆိုတာ မြတ်စွာဘုရား ၄သချော်နဲ့ ကမ္ဘာတစ်သိန်း ပါရမီတွေဖြည့်ဆည်းခဲ့လို့ သိရတဲ့ တရားတွေ (မှန်ပါ့)

ဒီဝက္ကာအဆင်းကိုမှ (ရူပါရုံ) ရုပ်၊ (ရူပရတနံ)လို့ခေါ်တယ် (ဝက္ကာ) အဆင်းရှိလို့ ရူပါရုံ (ရုပ်) လို့ခေါ်ရတာ၊ ဒီ (ရူပါရုံ) က အဆင်း (ရုပ်)၊ မျက်စေ့နဲ့မြင်တာမှာ (ပညတ်) ကိုမမြင်ပဲ အဆင်း (ရုပ်) ကိုဉာဏ်နဲ့ မြင်ရင် (ပရမတ်) ပေါ့ (မှန်ပါ့)၊ နားနဲ့ကြားတဲ့အသံက လည်း (ရုပ်) ပဲ၊ နှာခေါင်းနဲ့နံတာကလည်း အနံ့(ရုပ်) ပဲ၊ လျှာနဲ့တွေ့တဲ့ အရသာလည်း (ရုပ်) ပဲ၊ ကိုယ်နဲ့တွေ့ထိတာ ကလည်း (ရုပ်) ပဲ၊ ကြံတွေးတာကလည်း (ရုပ်) ပဲ၊ ဒါတွေကပရမတ် (ရုပ်) တွေပေါ့။ Un seen မျက်စေ့နဲ့ (ပညတ်) ကိုမြင်သလိုမမြင်ရဘူး၊ ဉာဏ်နဲ့သိရ တာသိတော့ မရှိတော့ဘူး (အနိစ္စ) ရောက်သွားတာပေါ့။ ဒါမှ (ပရမတ် အနိစ္စ) ပေါ့ (မှန်ပါ့)

(ပရမတ်) အနိစ္စက အနိမိတ္တ အနိစ္စလို့ခေါ်တယ်၊ ပရမတ် အနိစ္စကို ဝုဌာန ဂါမိနိသန္တ အနိစ္စလို့ခေါ်တယ် (မှန်ပါ့)၊ သံသရာက ထမဲ့၊ လွတ်မြောက်မဲ့ စင်ကြယ်တဲ့ (ပရမတ်) အနိစ္စဖြစ်လို့ (ပရိဒုဒ္ဓါ ဝိပဿနာ)၊ ရာဂ ဒေါသမဖြစ်တဲ့ စင်ကြယ်သော (ဝိပဿနာ) လို့လည်း ခေါ်တယ် (မှန်ပါ့)

(ပရမတ်) အနိစ္စက (ခန္ဓာ) ကို (ဉာဏ်) ရောက်မှ (ပရမတ် အနိစ္စ) မှန်းသိတာ (မှန်ပါ့)၊ ခန္ဓာကို ဉာဏ်ရောက်အောင် (ပရမတ်) မြင်အောင်ပြောမယ် (မှန်ပါ့)၊ ကြားတာကို (ခန္ဓာ) မှန်းသိရတယ်၊ ကြားတာက (စိတ်၊ စေတသိက်) ပါလို့ကြားတယ်သိတယ် အဲဒါက (နာမ်၊ ခန္ဓာ) စိတ်၊ စေတသိက်ပဲ၊ အသံက (ရုပ်)၊ ကြားတာလေး သက်သက်သိရင် ကြားတာထက်မပိုရင် ပရမတ် (စိတ်၊ စေတသိက်၊ ရုပ်) ကိုသိတာပေါ့ (ပရမတ်) ကိုသိတာပေါ့၊ ဒီလို (ဉာဏ်) သွားရတယ် (မှန်ပါ့)၊ ကြားတာက (ရုပ်နာမ်) ပရမတ်ပေါ့၊ ကြားတာပျောက်သွားရင် (ပရမတ်အနိစ္စ) ပေါ့ (မှန်ပါ့)

မြင်ရင်လည်း မြင်တာက ရူပက္ခန္ဓာ (ရုပ်) ပေါ့၊ မြင်သိစိတ်က (ဝိညာဏ်) မြင်ဆိတာက (စိတ်၊ စေတသိက်) နာမ်ခန္ဓာပေါ့၊ ဒီတော့ (ဝိညာဏ်၊ နာမ်၊ ရုပ်) ပေါ့ (မှန်ပါ့)၊ နံရင်လည်း နံတဲ့အနံ့က (ရုပ်)၊ သိတာကစိတ်(ဝိညာဏ်)၊နံတာကစေတသိက် (နာမ်)ပေါ့၊ ဒီတော့ (ဝိညာဏ်၊နာမ်၊ရုပ်)ဖြစ်တာပေါ့(မှန်ပါ့)စိတ်ကဝိညာက္ခန္ဓာ၊ စေတသိက် (နာမ်)ကသင်္ခါရက္ခန္ဓာ၊ (ရုပ်)က(ရူပက္ခန္ဓာ)ပေါ့ (မှန်ပါ့)ဒီလိုမြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း၊ ထိတွေ့တိုင်း၊ ကြုံတွေးတိုင်း၊ စကားပြောတိုင်းမှာ(ခန္ဓာ)တွေပေါ်လာပြီး ပျက်ပျက် သွားပါလားဆိုတဲ့ (ဉာဏ်) သိအသိနဲ့သိသိနေတာမျိုးကို (ခန္ဓာဉာဏ်ရောက်) တယ်လို့ခေါ်တာမျိုးပေါ့ဒကာကြီးရဲ့(မှန်ပါ့)၊ ပရမတ်(အနိစ္စ)သိတော့(ဒုက္ခ)လည်းသိ

(အနတ္တ)လည်းသိတာ ပေါ့! (မှန်ပါ့!)

မြင်တာထက်မပိုတာ(ပရမတ်)ကြားတာထက်မပိုတာ (ပရမတ်)၊နံတာထက်မပိုတာ(ပရမတ်)၊မြင်ကြားနံစားထိတွေ့တဲ့နေရာ ဒေတွမှာ မပိုအောင်သိတာလေးက(ပရမတ်)ပေါ့!(မှန်ပါ့!)

မြင်တာထက်မပိုတာ (ပရမတ်) စက္ခုဝိညာဏ်ကမြင်တာပဲ ဒါ(ဝိညာနက္ခန္ဓာ)၊မြင်တာထက်မပိုတော့ စက္ခုဝိညာဏ် (ဝိညာနက္ခန္ဓာ) ပရမတ်ပေါ့! (မှန်ပါ့!) မြင်တာထက်ပိုသွားရင်(ပညတ်)ဝင်လာပြီး ယောကျ်ား၊ မိန်းမစတဲ့ (ပညတ်)တွေမြင်ပြီး(ဖသ)တို့(သညာ)တို့ဝင် လာရင်(ဝေဒနာ၊ တဏှာ၊ ဥပါဒါန် ကံ) ဘဝ်ရောက်တော့(ပဋိစ္စ သမုပ္ပါဒ်) သံသရာလည်ပြီပေါ့၊ (ပညတ်)ဖုံးပြီပေါ့! (မှန်ပါ့!)

ဒါကြောင့် (ပရမတ်) ရောက်အောင် (ပညတ်) မဖုံးရအောင် မြင်တာထက်မပိုး (ပညတ်) ကိုန္ဥတ် အစွဲဖြုတ်၊ ပြုတ်၏ဝတ္တရားတဲ့

(ပရမတ်)ကမြင်တာထက်မပိုဘူး၊ကြားတာထက်မပိုဘူး၊ ဒါကြောင့် မြင်တာထက်မပိုစေနဲ့ (ပညတ်) အမြင် ယောကျ်ား၊ မိန်းမ၊ သား၊ သမီး၊ အိမ်၊ ခြံ၊ ရွှေ၊ ငွေ (ပညတ်) တွေမပါစေနဲ့၊ ဒါက ငါ့သား၊ ဒါက ငါ့သမီး၊ ဒါက ငါ့ဇနီးစတဲ့ (ပညတ်) အစွဲကို ဖြုတ်လိုက်ရင် ပြုတ်၏ ဝတ္တရားဆိုသလို စေတနာ (ကံ) က ဆော်သြတဲ့ ဘာလုပ်အုံး

မှ ညာလုပ်အုံးမှသွားအုံးမှ လာအုံးမှ စတဲ့ နိစ္စဒုဝေနေ့စဉ်လုပ်နေရတဲ့ အလုပ်ဝတ္တရားတွေ သံသရာလည်တဲ့ ကရွတ်ကင်းရှောက်တဲ့ ဝတ္တရားတွေကလည်း ပြုတ်တော့တာပဲ (မှန်ပါ့)၊ ဒါ (ပရမတ်) အသိပဲ၊ ခန္ဓာညာဏ်ရောက်နေမှ (ပရမတ်) အငြိမ်းနဲ့ပဲငြိမ်းနေတော့တာပေါ့ (မှန်ပါ့)

ဒါကြောင့် မြင်တာထက်မပိုအောင်၊ ကြားတာထက်မပိုအောင် အာရုံ ၆ပါးမှာမပိုရအောင် (ညာဏ်) နဲ့ (ပရမတ်) ကိုပဲမြင်ပြီး သတိနဲ့ထိန်းထားရင် ဒိဋ္ဌဒိဋ္ဌမတ္တံ၊ သုတသုတ မတ္တံ၊ မြင်ကာ မတ္တာ၊ ကြားတာမတ္တ တရားမျိုးနဲ့နေနိုင်တော့ (ပထမတန်း) ဖြစ်သွားတာပေါ့ ဒကာကြီး (မှန်ပါ့)

မြင်တာထက်မပို၊ ကြားတာထက်မပိုတာက (ပစ္စုပ္ပန်) တည့်တည့်လေးပဲ၊ အဲဒါ (ပရမတ်)ပဲ၊ သိရုံသိတဲ့ (ဝိညာဏ်)စိတ်က ပရမတ် (ဝိညာဏ်)ပညတ်မပါသော (စိတ်)ဖြစ်နေတာပေါ့ (ပညတ်)ကိုခွဲထားတာပေါ့(မှန်ပါ့)မြင်တာထက်မပိုတော့(စိတ်၊ စေတသိက်၊ ရုပ်)ကိုပဲ သိတဲ့ (ပရမတ္ထသစ္စာ) ရောက်ပြီး၊ ပရမတ္ထသစ္စာကနေ ဒီအသိကိုပဲ သိတဲ့ အရိယာသစ္စာနဲ့ ဒဿန်၊ နိဗ္ဗာန်သစ္စာကိုဧယျာစဆိုတဲ့ မဂ်လသုတ်တော်အတိုင်း (နိဗ္ဗာန်) မြင်တော့တာပေါ့ (မှန်ပါ့)

မြင်၊ ကြားစရှိ ကြံသိသမျှ အနိမိတ္တာ

အနိစ္စကောန် ဒုက္ခမှန်သည်
ပစ္စုပ္ပါန်ကိုရုပ်နာမ်ဆိုရ၏တဲ့။

မြင်တာ၊ ကြားတာ၊ နံတာအစရှိတဲ့ အာရုံ ၆ပါးမှာ (ပညတ်) နိမိတ်မဝင်ရဘူးတဲ့၊ မိန်းမ ယောကျ်ားသားသမီးစတဲ့(ပညတ်)နမိတ်တွေ့ မဝင်ရင်သိတာလေးမျှ မြင်ကာမတ္တာ၊ ကြားကာမတ္တာလေးမျှဆိုရင် မြင်ပြီး ပျက်၊ ကြားပြီးပျက်တဲ့ (ပရမတ်) အနိစ္စနဲ့ ဒုက္ခအမှန်ကိုသိလာနိုင်တဲ့အတွက် (ပစ္စုပ္ပန်တည့်တည့်) ကျမှ (ရုပ်နာမ်ပရမတ်) လို့ခေါ်ရတယ် ဒကာကြီး (မှန်ပါ့)

မြင်တယ်ဆိုရင်၊ ကြားတာဆိုရင် (ဥပါဒ်-ဋ္ဌီ-ဘင်) လေး (ဖြစ်)တာလေးလောက်ပဲသိလိုက်ရင်၊ သိပြီးရင်မရှိတော့တဲ့ ပရမတ် (အနိစ္စ)ကိုမြင်တော့ (ဖြစ်ပျက်) မြင်တော့တာပေါ့ ဒကာကြီး (မှန်ပါ့) ပစ္စုပ္ပန်မတည့်ရင် (ရုပ်နာမ်) မဖြစ်ဘူး (မှန်ပါ့) ပစ္စုပ္ပန်သိရင် (ရုပ်နာမ်)သိ (ပရမတ်) သိပေါ့၊ ပစ္စုပ္ပန်တည့်တည့်မသိရင် (ရုပ်နာမ်) (ပရမတ်)ကို မသိနိုင်ဘူး (မှန်ပါ့)

မြင်သိတာပစ္စုပ္ပန်၊ ကြားသိတာပစ္စုပ္ပန်၊ နံသိတာပစ္စုပ္ပန်၊ အာရုံ ၆ပါးမှာ သိတာလေးမျှထက် မပိုပဲသိရင် ပစ္စုပ္ပန်တည့်တည့် ဖြစ်လို့ (ပစ္စုပ္ပန်ရုပ်နာမ်) ကိုသိတော့တာပေါ့ (မှန်ပါ့) (ရုပ်နာမ်) သိ (ပရမတ်) သိဖြစ်တာပေါ့ (မှန်ပါ့) စိတ်ကူးလေးဖြစ်တာ ကြံတာလေး

ဖြစ်တာ အဲဒီဖြစ်တာလေးကိုလည်း သိကာ မတ္တာ သိကာလေးမျှသိ နေရင် (ပရမတ်)သိ၊ (ရုပ်နာမ်)သိဖြစ်တာပေါ့ ဒကာကြီး (မှန်ပါ့ဘုရား)

(ပစ္စုပ္ပန်)ဆိုတာ (နိမိတ်)မပါခင် (ပညတ်)မပါခင် (အနိမိတ္တာ) ကို ပြောတာ၊ (ပညတ်) မဝင်ခင်သိရုံလေးမျှ အသိကလေးဖြစ်ပေါ် ခိုက်ကို (ပစ္စုပ္ပန်)လို့ခေါ်ရတာ၊ အတိတ်အနာဂတ်ကို မရောက်သေးဘူး၊ အဲဒါ ပစ္စုပ္ပန်က (ပရမတ်) ပေါ့ (မှန်ပါ့) မြင်တာထက်ပိုပြီး မိန်းမမြင်တယ်၊ ယောကျ်ားမြင်တယ်၊ ဘာမြင်တယ်၊ ညာမြင်တယ် ဆိုရင် (ပညတ်) ဖြစ်သွားတော့ (ပညတ်) ဖုံးပြီပေါ့ (မှန်ပါ့)၊ ဒါကြောင့် ကိုယ်မှာရှိတဲ့ တံခါး ၆ပေါက် ဒွါရ ၆ပေါက်ဖြစ်တဲ့ မျက်စေ့၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်စိတ်မှာ ဝင်လာတဲ့ အာရုံ ၆ပါးလုံးမှာ (ပညတ်) မပါရအောင် (ပညတ်) မဝင်ရအောင်၊ ပရမတ် (ရုပ်နာမ်) အမြင် ဖြစ်အောင် (ဝီရိယ)လေးနဲ့ (သတိ) ကလေးနဲ့ (ဉာဏ်) ကလေးနဲ့ (သတိပဋ္ဌာန်) နည်းဖြစ်တဲ့ (ပဇာနာတိ) နဲ့မြင်တာထက်မပို၊ ကြားတာထက်မပိုတဲ့ (ဉာဏ်) နဲ့ယှဉ်တဲ့ (ပညာ) ဖြစ်အောင် ခန္ဓာဉာဏ် ရောက်အောင် လေ့ကျင့်ယူရတယ် ဒကာကြီး (မှန်ပါ့)

(ပရမတ်) ဆိုတာမျက်စေ့နဲ့ နားနဲ့စတာတွေနဲ့ သိရတာမျိုး မဟုတ်ဘူး၊ (ဉာဏ်) နဲ့သိရတာ (မှန်ပါ့)

ပရမ္မာ၊ ဥက္ကာမော၊ အဝိပရိတော

အတ္ထာ၊ ဂေါစရော၊ ပရမတောတဲ့

“ပရမတ္ထညာဏသဒ္ဓေါ၊ ဂေါစရောမရမတ္ထော” တဲ့ (ပရမတ်) ဆိုတာအရိယာတွေရဲ့ စက္ခုလို့လည်းခေါ်တယ်၊ အရိယာ စက္ခုဆိုတာအရိယာဉာဏ်ကိုခေါ်တာ၊ (သမ္မာဒိဋ္ဌိ) လို့လည်း ခေါ်တယ် (ဝိဇ္ဇာဥဒပါဒိ) လို့လည်းခေါ်တယ် (မှန်ပါ့)

ဒါကြောင့် မြင်တာ၊ ကြားတာ၊ သိကြကွယ်၊ သိကြကွယ်၊ (သတိပဋ္ဌာန်) နည်းက လွယ်လို့ရှေးက ဆရာတော်ဘုရားကြီးများ စပ်ဆိုဟောပြောခဲ့ကြတာပေါ့ (မှန်ပါ့)

(ပညတ်) နဲ့ (ပရမတ်) နဲ့ကွဲချင်ရင် (ပညတ်) မပါမှ (ပရမတ်) ဖြစ်တယ် (ပရမတ်) က (ပညတ်) မပါတာပဲ (မှန်ပါ့)၊ စကားပြောရင် ကာယဝိညတ်၊ ဝဇီဝိညတ်ကရုပ် (ပရမတ်)

လှုပ်ရှားတာကဝါယော = ရုပ် (ပရမတ်)

အသံက = ရုပ် (ပရမတ်)

ကြားတာက = နာမ် (ပရမတ်)

နှုတ်ခမ်းနဲ့ပါးစပ်ကြီးက = (ပညတ်)

လက်လှုပ်ရင်

လှုပ်တာက = ရုပ်

လက်က = ပညတ်

(သဒ်တ) နဲ့ (အသ်ဓတ) ကလည်း (ပညတ်) နဲ့ (ပရမတ်)

လို့ပဲ၊ ဒီလိုစပ်နေတယ် (မှန်ပါ့)၊ (သခ်ၤတ) ထဲမှာ (ပညတ်) ကိုပယ်ခွါတဲ့ (ဉာဏ်) ကလေးနဲ့ ရှုလိုက်ရင် (အသ်ခတ) ဘက်ကို ရောက်ရောက်သွားတယ် (မှန်ပါ့)၊ ငြိမ်းတာလေးက (အသခ်ၤတ) လှုပ်ရှားတာလေးက (သခ်ၤတ) သခ်ၤတ နဲ့ အသခ်ၤတနဲ့ ဒီလိုကွဲလို့ရှိရင် (စိတ္တဝိသုဒ္ဓိ) လည်းဖြစ်တာပေါ့ (မှန်ပါ့)

(ပရမတ်) ရောက်မှ (အဘိဓမ္မာ) ရောက်တယ်၊ အဘိဓမ္မာရောက်မှ ဝိပဿနာရောက်တယ်၊ (ခန္ဓာ) သဘောကလည်း (ပရမတ်)ပဲ၊ (သခ်ၤတ) (ခန္ဓာ) ကလွတ်မှအသခ်ၤတ (နိဗ္ဗာန်) ပဲ (မှန်ပါ့) ကြောင်ပန်းဆရာတော်ဘုရားကြီးက

ပရမတ္ထသစ္စာသဘော

ပညာဇောပင်တဲ့

ပရမတ္ထသစ္စာက ပညာဇောတွေပါပဲတဲ့၊ အဲဒီ (ပညာ) ဇောမှ (နိဗ္ဗာန်) ရောက်တာ (မှန်ပါ့)

(ဉာဏ်) ရဲ့အာရုံက (အာရာမဏ)၊ ဉာဏ်က (အာရာမဏိက) (ဉာဏ်ရဲ့ အာရုံ) ကို (ပရမတ်) ခေါ်တယ် (မှန်ပါ့)

"ပရမတ္ထ သဗ္ဗညုတညာဏသဿ အတ္ထောဂေါစရော" တဲ့ (ပရမတ်) အာရုံက အကြောင်း၊ (ဉာဏ်) ကအကျိုး၊ (ပရမတ်) နဲ့ (ဉာဏ်) ဆိုတာအကြောင်းအကျိုးပဲ (မှန်ပါ့)၊ ဉာဏ်က (သမ္မာဒိဋ္ဌိ)ခမဲ့

ဝိစယသဗ္ဗောဇ္ဈင်ဖြစ်တယ်၊ ပရမတ္ထဉာဏ်ရဲ့ အာရုံက သဓမ္မံသူတော်
ကောင်းတို့ရဲ့ တရားဆိုတော့ (ပရမတ်) ပေါ့ (မှန်ပါ့)

ဓမ္မာဝိစယသံသဗ္ဗောဇ္ဈင်ဆိုတာ

ဓမ္မက = သဘောသဘာဝတရား

ဝိစယ = စီစစ်တာ၊ ဆင်ခြင်တာ (ဉာဏ်) ပေါ့

သံဗ္ဗောဇ္ဈင် = ဆိုတာက ကိလေသာပြတ်ကြောင်း (အင်္ဂါ)
ပေါ့ ဓမ္မာဝိစယသံဗ္ဗောဇ္ဈင်ဆိုတာ = (ဓမ္မ) သဘောတရားကို စူးစမ်း
သိ၍ (ကိလေသာ) ကို သတ်သော (မဂ်ဉာဏ်) ၏အကြောင်းဆိုတာ
(ဓမ္မာနုပဿနာ) ဖြစ်နေ တာပေါ့။ (မှန်ပါ့) ကိလေသာသတ်မှ (နိဗ္ဗာန်)
ရောက်တယ်၊ ကိလေသာ မသတ်နိုင်ရင် (နိဗ္ဗာန်) မရောက်နိုင်ဘူး
(မှန်ပါ့) နိဗ္ဗာန်ရောက်တယ်ဆိုတာ ကိလေသာတွေမရှိတော့တာကို
ခေါ်တာ၊ ကိလေသာမရှိတော့ အေးငြိမ်းတဲ့ (နိဗ္ဗာန်)ရတာပေါ့ (မှန်ပါ့)

တရားဆိုတာ (ပရမတ္ထတရား) ကိုမှ (တရား) လို့ခေါ်ရတာ
(မှန်ပါ့)၊ ပရမတ္ထတရားဆိုရင် (သမုတိသစ္စာ)မပါတော့ဘူး၊ ယောက်ျား
မိန်းမ ပုဂ္ဂိုလ်သတ္တဝါမရှိတော့ဘူး၊ (ပညတ်) မပါသောနိသတ္တ၊ နိဇီဝ
ဆိုတဲ့ (သတ္တဝါ)အမြင်မရောက်တဲ့ စက်ရုပ်ကိုလူလို့မမြင်သလိုပဲ၊ စက်
သဘောတွေထည့်ထားတာမြင်သလိုပဲ လူကိုလည်း လူတို့၊ ယောက်ျား၊
မိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါလို့မမြင်ပဲ (ရုပ်) သဘော (နာမ်) သဘောစုတွေ
နဲ့ (ဖြစ်ပျက်) နေတဲ့သဘောအစုလို့မြင်ပါ (မှန်ပါ့)၊ ဓမ္မဆိုတဲ့ သဘော

သက်သက်ဟာ (တရား) လို့ဆိုရမယ်၊ ဒီလိုသဘောသက်သက် တရား အမှန်မြင်(ပရမတ္တသစ္စာ)ရောက်မှ(ရာဂ၊ ဒေါသ၊ မောဟ)တွေ ချုပ်ငြိမ်းပြီးငြိမ်းတဲ့ အရိယာသစ္စာဘက်ရောက်တော့ အစဉ်ငြိမ်းတဲ့ (နိဗ္ဗာန်)ကို မျက်မှောက်ပြုနိုင်ကြမှာဖြစ်တယ်ဒကာကြီး၊ (မှန်ပါဘုရား)။

အာရုံတရား

အာရုံ

ဒကာကြီးတို့က (အာရုံ) နောက်ကိုလိုက်နေကြတယ်၊ (အာရုံ) ကို အာရုံမှန်းလည်းသိကြတာမဟုတ်ဘူး (မှန်ပါ့)၊ အာရုံဆိုတာ (စိတ်) ကိုဖြစ်စေတယ် (မှန်ပါ့) အပြင်ကအာရုံ ၆ပါးနဲ့ အတွင်းကဒွါရ ၆ပါး နဲ့တွေ့တိုက်တော့ (စိတ်) ဖြစ်တာပေါ့၊ (အာရုံ)၆ပါးရှိတော့ (စိတ်) ၆ပါး ဖြစ်တာပေါ့ (မှန်ပါ့)၊ (အာရုံ) ဆိုတာမွေ့လျော်ရာ အာရမ္မဏ် (အရာမဏိက) ကိုခေါ်တယ်၊ (အာရုံ) ကမွေ့လျော်ရာကိုပဲ ရောက်တတ်တယ် (မှန်ပါ့)

မျက်စေ့ကကောင်းတဲ့ အဆင်းရုပ် (ရူပါရုံ) မှာပဲ (အာရုံ) ဖြစ်ပြီးမွေ့လျော်တယ်၊ နားကကောင်းတဲ့အသံ (သဒ္ဒါရုံ) မှာပဲ (အာရုံ) ဖြစ်ပြီး မွေ့လျော်တယ် (မှန်ပါ့)၊ နှာခေါင်းကအနံ့ကောင်းရာမှာပဲ (ဂန္ဓာရုံ) အာရုံဖြစ်ပြီး မွေ့လျော်တယ်၊ လျှာက ကောင်းတဲ့အရသာ (ရသာရုံ) မှာ (အာရုံ)ဖြစ်ပြီး မွေ့လျော်တယ် (မှန်ပါ့) ကိုယ်က ကောင်းတဲ့အတွေ့အထိ (ဖွတ်တာပါရုံ) မှာ (အာရုံ)ဖြစ်ပြီး မွေ့လျော်နေတတ်တယ်၊ ကြံတွေးမှုကလည်း အာရုံကောင်းတဲ့ (ဓမ္မာရုံ) မှာ မနောစိတ်ဖြစ်ပြီး မွေ့လျော်နေတတ်တယ် (မှန်ပါ့)

(အာရုံ)ဆိုတာစိတ်တို့ မွေ့လျော်ရာဖြစ်စေတတ်တာကဲ့လည်း

(အာရုံ)လို့ခေါ်တယ်၊ (မှန်ပါ့)၊ (အာရုံ) ဆန်းကျယ်ရင် (စိတ်) လည်း ဆန်းကျယ်တယ်၊ (အာရုံ) နဲ့ (စိတ်) ကိုကွဲအောင်လုပ်တတ်ရတယ် (ဉာဏ်) ရှိရင်ကွဲ တယ်၊ (ပညာ) ရှိရင်ကွဲတယ် (မှန်ပါ့) "အာရုံနဲ့ စိတ်ကွဲအောင်ကြိတ်၊ တိဟိတ်မင်္ဂလာပေတဲ့"၊ မီးခတ်နဲ့ကျောက်ပွတ် တိုက်လောက် မီးတောက်ပေါ်သည်မှတ်ဆိုသလို **(ဒွါရ) နဲ့ (အာရုံ) ထိခိုက်ကြုံ (စိတ်) တွေ ပေါ်သည်မှတ်တဲ့ (မှန်ပါ့)၊ (ဒွါရ) နဲ့ (အာရုံ) နဲ့ တွေ့တိုက်မှ (စိတ်)** ဖြစ်တာ (ဒွါရ) ဆိုတာ (ပသာရ) လို့လည်း ခေါ်တယ်၊ ဝတ္တာလို့လည်းခေါ်တယ်၊ (ရုပ်) တွေပဲ၊ မျက်စေ့အကြည်ရုပ်၊ နားအကြည်ရုပ်၊ နှာခေါင်းအကြည် ရုပ်၊ လျှာအကြည်ရုပ်၊ ကာယ ပသာဒကိုယ်အကြည်ရုပ်၊ ဟဒယနှလုံးအကြည်ရုပ်တွေပဲ (မှန်ပါ့)

အဲဒီဒွါရ ဖြပါးခေါ်တဲ့အတွင်း အာယာတ ဖြပါးလို့လည်း ခေါ်တဲ့ကိုယ်ခန္ဓာကြီးရဲ့ ဝင်ပေါက် ဖြပေါက်၊ တံခါး ဖြပေါက်ပေါ့ (မှန်ပါ့) အာရုံကို လက်ခံတာ ဒီအတွင်း အာယာန ဖြပါးတံခါး (၆) ပေါက်ဖြစ်တဲ့ မျက်စေ့၊ နား၊ နှာခေါင်းလျှာ၊ ကိုယ်၊ စိတ်ကပေါ့ (မှန်ပါ့)

(အာရုံ) ဆိုတာ မျက်စေ့၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ဆိုတဲ့ ဒွါရဖြပေါက်ကစဖြစ်တာပဲ။ ဖြစ်ရာကို (အာယတန) လို့ခေါ်တယ် အာရုံက (၆)ပါး၊ (အာရုံ)ဖြစ်ရာ (အာယတန)ကလည်း (၆)ပါးပေါ့။ (ဒွါရ)ဖြပါးလို့လည်းခေါ်တယ်၊ (အာရုံ)ဝင်ပေါက်ဖြစ်တဲ့ တံခါး (၆)ပေါက်ပေါ့ (မှန်ပါ့)။

မျက်စေ့နဲ့အဆင်း = ရူပါရုံ၊ နားနဲ့အသံ = သဒ္ဒါရုံ
နှာခေါင်းနဲ့အနံ့ = ဂန္ဓာရုံ၊ လျှာနဲ့အစား = ရသာရုံ
ကိုယ်နဲ့အထိအတွေ့ = ဖုဋ္ဌာဗ္ဗာရုံ၊ မနောနဲ့ပညတ် = ဓမ္မာရုံပဲ (မှန်ပါ့)

(အာရုံ) ဆိုတာဒွါရ ၆ပါးမှာ သူ့ဆိုင်ရာ ဆိုင်ရာမှာဖြစ်ကြတယ်၊ မျက်စေ့နဲ့ဆိုရင် (ရူပါရုံ)၊ နားနဲ့ဆိုရင် (သဒ္ဒါရုံ)၊ နှာခေါင်းနဲ့ဆိုရင် (ဂန္ဓာရုံ) လျှာနဲ့ဆိုရင် (ရသာရုံ)၊ ကိုယ်နဲ့ဆိုရင် (ဖုဋ္ဌဗ္ဗာရုံ)၊ မနောနဲ့ ဆိုရင် (ဓမ္မာရုံ) စတဲ့ (အာရုံ) တွေဖြစ်တာပါပဲ (မှန်ပါ့)၊ အပြင်မှာရှိ နေတဲ့အာရုံ ၆ပါးကို ဒွါရ (၆)ပါးနဲ့တိုက်တော့ (အာရုံစိတ်)တွေ ဖြစ်တယ်၊ အာရုံ (ရူပ်) ဖြစ်တယ်၊ (စိတ်) ဖြစ်တာပေါ့၊ (အာရုံ)ဆိုတာတစ်ခုတည်းရှိတာ မဟုတ်ဘူး၊ (အာရုံ)တွေ ဆန်းပြားသလောက် (စိတ်) တွေကလည်း ဆန်းပြားတော့တာပေါ့ (မှန်ပါ့)

(အာရုံ) ဆိုတာ (သညာ) နဲ့ပေါင်းတတ်တယ်၊ (သညာ) နဲ့ပေါင်းတော့ (အာရုံ) ဟာ (နိမိတ်) ဖြစ်သွားတယ်၊ (နိမိတ်) ဆိုတာ (အာရုံ) မှာ (ပညတ်သညာ) တွေပါသွားတာပဲ၊ သေခါနီးမှာ ကံနိမိတ်၊ ကမ္မနိမိတ် ဆိုတာတွေဟာ (ပညတ်) အာရုံတွေပေါ့ (မှန်ပါ့)

(အာယတန) က (ဖြစ်ရာ) အာရုံတို့ရဲ့ ဖြစ်ရာလက်ခံရာလို့ လည်းခေါ်တယ် အတွင်းအာယတန ၆ပါးကိုသံသရာခဲ့တတ်တဲ့တရား

လို့လည်းခေါ်တယ်၊ ဘာကြောင့်လည်းဆိုတော့ ဒီအတွင်း အာယတန ၆ပါးခေါ်တဲ့ တံခါး ၆ပေါက်က (ကိလေသာ)ဖြစ်စေတဲ့ မကောင်းတဲ့ (အာရုံ) လောကီ (အာရုံ) ပညတ် (အာရုံ)တွေကိုပဲ အများဆုံးလက်ခံကြတော့ (သံသရာ) မှမလွတ်နိုင်ကြဘူးပေါ့ (မှန်ပါ့)၊ လောကုတ္တရာ (အာရုံ) ဆိုရင် (ပရမတ်)စိတ်အာရုံ၊ (အနိစ္စ)အာရုံကအစ (နိဗ္ဗာန်) အာရုံအထိ သတိ၊ ဝီရိယ၊ ဉာဏ်တွေနဲ့သွားရတယ် (မှန်ပါ့)

(အာရုံ) ဆိုတာမွေ့လျော်ရာမှာပဲနေတော့ (စိတ်) တို့ကလည်း မွေ့လျော်ရာ စိတ်ဝင်စားစရာ (အာရုံ) မှာပဲ (စိတ်) ဖြစ်ပြီး နေတတ်တယ် (မှန်ပါ့)၊ စိတ်တို့ကဘာကြောင့် (အာရုံ) မှာပျော်နေကြသလဲဆိုရင် (လောဘ) ရှိလို့ (တဏှာ) ရှိလို့ (ပညတ်) (အာရုံ) မှာပဲ မွေ့လျော်ပျော်ပါးနေကြ တာပေါ့ (မှန်ပါ့)၊ ရုပ်ရှင်တို့ တီဗွီတို့ ဗွီဒီယိုတို့မှာ ဇာတ်လမ်းနဲ့ ပြကွက် တွေကစိတ်ဝင်စားစရာဖြစ်နေရင် (စိတ်) ကဒီအဆင်း (ရုပ်) အသံ (ရုပ်) အာရုံတို့မှာပဲ မွေ့လျော်နေကြတယ်၊ (တဏှာ၊ ရာဂ) တွေကရှိကြ တာကိုး (မှန်ပါ့)၊ ဒါကြောင့် **"အာရုံကပညတ်၊ စိတ်ကဝိညာဏ်ဆုံတော့ ဖဿဖြစ်ပြီး သံသရာလည်တဲ့ဘက်သွားတာပေါ့"** မဆုံတော့ (နိဗ္ဗာန်) ရောက်တာပေါ့၊ (မှန်ပါ့)

(အာနာပါန) ထွက်လေ၊ ဝင်လေသိရတဲ့ ကမ္မဋ္ဌာန်းထိုင်ပြီး (အာရုံ)ကို နှာသီးဝက (အာရုံ) မှာတင်ထားကြည့်ပါလား၊ နှာသီးဝဟာ (အာရုံ)တို့ရဲ့ပျော်မွေ့ဘွယ်ရာမဖြစ်တော့ (အာရုံ) က သူထွက်ချင်ရာ

ထွက်ပြီး သူပျော်မွေ့တဲ့ (ပညတ်) တွေဆီရောက်ရောက်သွားတော့၊ ဒီ (အာရုံ)ရဲ့ နောက်ကိုလိုက်ပြီး (စိတ်)ကဖြစ်ရတော့တာပေါ့ (မှန်ပါ့)၊ (ဉာဏ်)က မဦးစီးနိုင်သေးပဲကိုး၊ (ဉာဏ်) ကမဦးစီးနိုင်မို့မှာ ပုထုဇဉ်တို့ရဲ့စိတ်ဟာ (အာရုံ) နောက်ကိုပဲလိုက်နေကြရတာကိုး (မှန်ပါ့) နှာသီးဝကဝင်လေ၊ ထွက်လေ(အာရုံ)ထားပြီး ဒီဝင်လေ၊ ထွက်လေ (အာရုံ) ကို သတိဝီရိယ (ဉာဏ်) ကောင်းကောင်းနဲ့ စိတ်ဝင်စားမှု အပြည့်နဲ့ (သမ္မာသက်ပွ) နဲ့ကြံပေးနေရင် (အာရုံ) ကနှာသီးဝမှာပဲရှိတဲ့ အတွက် (စိတ်) က ဒီနှာသီးဝ (အာရုံ) မှာပဲနေတော့တာပေါ့။ နှာသီးဝ (အာရုံ) မှာပဲ (သိ) တဲ့ (စိတ်) ရှိတော့တာပေါ့ (မှန်ပါ့) အဲဒီအခါမှာ (ပညတ်) အာရုံတွေ မရှိတော့ပဲ (ထိ) တာကိုသတိပြုရင် (ရုပ်) ရောက်တာပေါ့၊ (သိ) တာကိုသတိပြုနေရင် (စိတ်) ကို သိပျက်ရှုနိုင်တာပေါ့ (မှန်ပါ့)

(အာရုံ)ကကိုယ် (အာရုံ) ပြုချင်တာပြုလို့ရတာလည်း (အာရုံ) ပေါ့၊ ဘုရားအာရုံ၊ တရားအာရုံ၊ ကုသိုလ်အာရုံလည်းဖြစ်တယ်၊ မိန်းမအာရုံ၊ သားအာရုံ၊ သမီးအာရုံ စတဲ့ကိုယ်က (အာရုံ) တွေကို ပြုချင်သလိုပြုလို့ရတော့ (ပညတ်)အာရုံအမျိုးမျိုးကိုလည်း ပြုလို့ရတော့ (နာမည်)တွေ (အာရုံ) ပြုတော့ (ပညတ်) အာရုံပေါ့၊ (ပညတ်) ကဆန်းကျယ်တော့ (အာရုံ) ကဆန်းကျယ်ပြီး (စိတ်) လည်းဆန်းကျယ်လာတာပေါ့၊ လောကကြီးတစ်ခုလုံး (စိတ်) ကဖန်ဆင်းလို့ရတာပေါ့၊ စိတ္တေန

နိယတိ လောကောဆိုတာပေါ့ (မှန်ပါ့) **စိတ်ကလောကီစိတ်** (ပညတ်) **လောကကြီးကိုဖန်ဆင်းလို့ရတော့ လောက** (စိတ်) လည်း ချုပ်သွား ရော၊ လောကက လွတ်မြောက်တဲ့လောကအဆုံးကို ရောက်သွားတာ ပေါ့ (မှန်ပါ့)

အပြင်က (အာရုံ)က အဆင်း၊ အသံ၊ အနံ့ စတဲ့အာရုံ (၆)ပါး (ရုပ်) နဲ့ အတွင်းက မျက်စေ့၊ နား၊ နှာခေါင်း စတဲ့ဒွါရ (၆)ပါး (ရုပ်) ဝတ္ထုနှစ်ခုကို (အာရုံ)က တွေ့တိုက်ပေးတော့ (စိတ် + စေတသိက် + ရုပ်) ဖြစ်စေတယ်၊ (စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်၊ ပညတ်) ဆိုတာ (ဓမ္မ) ပဲ၊ ဒီ(ဓမ္မ) တစ်ခုခုကို (အာရုံ) ပြုတော့ (ဓမ္မရုံ) ဖြစ်တာ ပေါ့ (မှန်ပါ့)၊ ဓမ္မာရုံဖြစ်တာက ၆မျိုးဖြစ်တာပေါ့၊ ဒီအပြင် (စိတ်) ကလည်း (ဓမ္မာရုံ) ဖြစ်စေတယ်၊ ကိုယ့်စိတ်ကို (အာရုံ) ပြုရင် (ဓမ္မရုံ) ဖြစ်တာပေါ့ (မှန်ပါ့) ကိုယ့်ဟာကိုယ်စိတ်ဆိုးမှန်းသိရင် (ဓမ္မာရုံ) ပေါ့ (စိတ်) ကလည်း (အာရုံ) ပြန်ဖြစ်ပြန်ရောပဲ (မှန်ပါ့)

(စေတသိက်) ကလည်း (အာရုံ) ဖြစ်စေတယ်၊ ဘယ်သူကို အမှတ်ရတယ်၊ သွားအုံးမှ၊ လာအုံးမှ၊ ထိုင်အုံးမှ၊ ပြောအုံးမှဆိုရင် (စေတသိက်) ကလည်း (အာရုံ) ဖြစ်သွားပြန်ရော (မှန်ပါ့)၊ တွေးပြန်တော့၊ စဉ်းစားပြန်တော့၊ ကြံပြန်တော့လည်း (အာရုံ) ဖြစ်ပြန်တယ် (မှန်ပါ့) (ရုပ်) ကို အာရုံပြုတာကမှ သုခုမရုပ် ဣတ္ထိဘာဝရုပ်၊ ပုမ္ဘာဝရုပ်တွေပဲ (မှန်ပါ့)

(အာရုံ)က (စိတ်၊ စေတသိက်၊ ရုပ်) ဖြစ်တဲ့ (ပရမတ်) အာရုံသာဖြစ်ရင် (နိဗ္ဗာန်) ဘက်ရောက်တာပေါ့ (မှန်ပါ့)၊ (အာရုံ)က လူတို့ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါစတဲ့ (ပညတ်) တွေ ရွှေ၊ ငွေ၊ ရတနာ၊ ပစ္စည်း၊ တိုက်တာခြံမြေ၊ ပစ္စည်းစတဲ့ (ပညတ်) တွေနဲ့ သိရင် (သညာ) ဆိုတဲ့အမှတ်အမှားတဲ့ အသိ (အာရုံ) ဘက် ရောက်သွားရင် (အာရုံ) ရဲ့ သဘောသဘာဝအမှန်ကို မသိတဲ့အမှားသိ (အဝိဇ္ဇာ) ဖြစ်ပြီးတော့ ပညတ် (အာရုံ) တွေမှာ သံလိုက်ဓါတ်လို (တဏှာ၊ ရာဂ၊ ဒေါသ၊ မောဟ) ဓါတ်တွေဝင်ပြီး ငြိကပ်တော့တာပေါ့၊ ငြိကပ်တော့ (သတ္တဝါ) လို့ခေါ်ရတာပေါ့၊ မငြိကပ်တော့ (အရိယာ) ဖြစ်တာပေါ့ (မှန်ပါ့)၊ ဒီလို (ပညတ်) အာရုံသိနဲ့ဖြစ်ရင် (ရာဂ၊ ဒေါသ၊ မောဟ) တွေဝင်ပြီး အပါယ်ကျတဲ့ (သတ္တဝါ) တွေဖြစ်တာပေါ့၊ (ကုသိုလ်အာရုံ) များများဖြစ်ရင်တော့ လူ၊ နတ်ချမ်းသာတော့ရပါတယ်၊ (အာရုံ) ကို ငြိကပ်တတ်တဲ့ လူ၊ နတ်ဖြစ်ပြန်တော့ လည်း ကာမ (၁၁)ဘုံသားထဲမှာ ပါဝင်နေတဲ့ (အာရုံ)ကို ငြိကပ်တတ်တဲ့ (သတ္တဝါ) ဖြစ်နေတော့ (သံသရာ) ကလွတ်ရာ လွတ်မြောက်ရာ (နိဗ္ဗာန်) တော့မရနိုင်ဘူးပေါ့ (မှန်ပါ့)

ဒါကြောင့် ကိုယ့်မှာလာကပ်ကပ်နေတဲ့ (အာရုံ) တွေဟာ (ရုပ်) ပဲ၊ (**အနိစ္စ**) ပဲလို့ ဒီလိုအမှန်သိနေရင် မငြိကပ်တော့ဘူး (မှန်ပါ့)၊ အာရုံနဲ့ဒွါရမှာ အမှန်မြင်သိရမှာက

မျက်စေ့က = အဆင်း (ရုပ်) နဲ့ဆိုင်တယ် (ရူပါရုံ) လို့ခေါ်တယ်၊ (ရုပ်) ပဲမြင်သိရမယ်

နားက = အသံ (ရုပ်) နဲ့ဆိုင်တယ် (သဒ္ဒါရုံ) လို့ခေါ်တယ်၊ (ရုပ်) ပဲသိရမယ်

နှာခေါင်းက = အနံ့ (ရုပ်) နဲ့ဆိုင်တယ် (ဂန္ဓာရုံ) လို့ခေါ်တယ်၊ (ရုပ်) ပဲသိရမယ်

လျှာက = အရသာ (ရုပ်) နဲ့ဆိုင်တယ် (ရသာရုံ) လို့ခေါ်တယ်၊ (ရုပ်) ပဲသိရမယ်

ကိုယ်က = အတွေ့အထိ (ရုပ်) နဲ့ဆိုင်တယ် (ဖုဋ္ဌဗ္ဗာရုံ) လို့ခေါ်တယ်၊ (ရုပ်) ပဲသိရမယ်

စိတ်က = မနော (အသိ) (နာမ်) နဲ့ဆိုင်တယ် (ဓမ္မာရုံ) လို့ခေါ်တယ်၊ (နာမ်) ပဲသိရမယ်

အသံက (အာရုံ) (ရုပ်) ကြားတာကကြားသိစိတ် (ဝိညာဏ်)

အဆင်းက (အာရုံ) (ရုပ်) မြင်တာကမြင်သိစိတ် (ဝိညာဏ်)

အနံ့က (အာရုံ) (ရုပ်) နံတာကနံသိစိတ် (ဝိညာဏ်)

(အာရုံ) ကို အရမက်ပစ္စယောတိ ရူပါယတနံ စက္ခုဝိညာဏ ဓာတုယာဆိုပြီး မြတ်စွာဘုရား (ပဋ္ဌာန်း)တရားတော်ကြီးမှာ ဟောထားတယ် (မှန်ပါ)

ရူပါယတနံ=(အာရုံ)ရုပ်သည်=စက္ခုဝိညာဏ ဓါတုယာ=ရူပါရုံ

(ရုပ်)အာရုံဟာ(စက္ခုဝိညာဏ်)(မြင်စိတ်)ဖြစ်လာအောင် ကျေးဇူးပြု တတ်လို့ စက္ခုခေါ်တဲ့(မျက်စိ)ရုပ်ဝတ္ထုကလည်း(စက္ခုဝိညာဏ်) မြင်သိ စိတ်ဖြစ်အောင် ရှေးဦးစွာ ကြိုတင်ပြီး ပုရေလာတာ၊ အတ္ထိအဝိဂတ ပစ္စယသတ္တိတို့နဲ့ ကျေးဇူးပြုလို့(ရူပါရုံ)ဆိုတဲ့ အာရုံ(ရုပ်)က စက္ခု ဝိညာဏ် (မြင်သိစိတ်) ဖြစ်လာတယ် (မှန်ပါ့) အာရမ္မဏပစ္စယခေါ်တဲ့ အာရုံရဲ့အစွမ်းသတ္တိနဲ့ကျေးဇူးပြုလို့ အာရုံ(ရုပ်)ကိုမြင်တဲ့ စက္ခု (ဝိညာဏ်)မြင်သိ(စိတ်)ဖြစ်လာရတယ်(မှန်ပါ့)

အာရမ္မဏပစ္စယသတ္တိ = (အာရုံ) ရဲ့အစွမ်းသတ္တိနဲ့ ကျေးဇူး ပြုမှုကြောင့် စက္ခု (ဝိညာဏ်) ဖြစ်လာရတာမှာ အရမ္မဏပစ္စယသတ္တိ က အကြောင်းတရား၊ စက္ခုဝိညာဏ်က အကျိုးဘရားပေါ့ (မှန်ပါ့)

(အာရုံ) က ကျေးဇူးပြုတဲ့ ရူပါရုံ (ရုပ်) နဲ့ စက္ခုမျက်စိ (ရုပ်) စတဲ့ အပြင်နဲ့အတွင်း (ရုပ်) နှစ်ခုတို့ တွေ့တိုက်ကြလို့ (မြင်သိစိတ်) ဖြစ်လာတာ၊ မျက်စိက ငါ့မျက်စိဟုတ်ရဲ့လား (မဟုတ်ပါဘုရား) မျက်စိ ကမျက်စိပေါ့ (မှန်ပါ့) ငါ့မျက်စိဆိုရင် ငါမြင်ချင်တဲ့အတိုင်း မြင်ရမှာ ပေါ့၊ ငါ့မိန်းမကို အခုမြင်ချင်တယ်၊ ငါ့ သားသမီးကို အခုမြင်ချင်တယ်၊ ရွှေကိုမြင်ချင်တယ်၊ ငွေကိုမြင်ချင်တယ်ဆိုလို့ ရပါ့မလား (မရပါဘုရား) မရရင် ငါ့မျက်စိမဟုတ်လို့ပေါ့ (မှန်ပါ့) I see a girl မဟုတ်ဘူး The eye see a girl. The eye see a boy ပဲ (မှန်ပါ့) မျက်စေ့ကမြင်တာ ပဲ၊ ငါကမြင်တာမဟုတ်ဘူး(မှန်ပါ့)

ငါ့မျက်စိမဟုတ်လို့ (အာရုံ) ကပြတဲ့အတိုင်း မြင်ရတာပေါ့ (မှန်ပါ့) (ရှုပ်) ရှုပဆိုတဲ့ (ရုပ်) အဆင်းဓါတ်က (အာရုံ) ကို ပြတတ်တဲ့ လက္ခဏာရှိလို့ (အကြောင်း) ဖြစ်တယ် (မှန်ပါ့)၊ စက္ခုဝိညာဏ်ဆိုတဲ့ မြင်သိစိတ်က(အကျိုး)ဖြစ်တယ်၊ ဒီလိုအကြောင်းအကျိုး(ဓမ္မ)သဘာဝကို လူတွေကမမြင်ကြဘူး၊ ငါမြင်တယ်လို့ပဲသိနေကြတယ်(မှန်ပါ့)

မြင်တော့ကာ စက္ခုပသာတဖြစ်တဲ့ **မီးချစ်ဆံခေါင်းလောက်** ရှိတဲ့ မျက်စိပေါက်ထဲဝင်သွားတာက အဆင်း (ရုပ်) ပဲ၊ (အာရုံ) က ကျေးဇူးပြုလို့လေ၊ အဲဒီအဆင်းရုပ် (ရူပါရုံ) ကိုပဲ (ရုပ်) လို့ပဲ မြင်ပါတော့လား၊ ဒီလိုမြင်ရမှာက (အမှန်မြင်တရား) သမ္မာဒိဋ္ဌိ လို့ခေါ်တယ်၊ ဘာဖြစ်လို့ ယောကျ်ားမြင်တယ်၊ ငါမြင်တယ်၊ သူ့ကိုမြင်တယ်၊ မိန်းမကိုမြင်တယ်၊ ဘာမြင်တယ် ညာမြင်တယ်နဲ့ ဘာဖြစ်လို့ (ပညတ်) တွေ (သတ္တဝါ) တွေကိုမြင်ကြရတာတုန်း၊ (ပရမတ်) သဘော (ရုပ်) ကိုပဲမြင်ပါတော့လား (မှန်ပါ့)

ဓါတ်ပုံရိုက်ကြည့်ပါလား၊ ကင်မရာက အရိပ် ဓါတ်ပုံက (ရုပ်) ပုံပဲထွက်လို့ (ရုပ်) ပုံပဲမြင်ရတာပဲမဟုတ်လား (မှန်ပါ့)၊ မျက်စိကလည်း ကင်မရာလိုပဲ (Retina) မှာအရိပ်ထင်တော့ (ရုပ်) ပဲထင်တာပေါ့ (မှန်ပါ့) မိန်းမ၊ ယောကျ်ားထင်တာ လှတယ်၊ ချောတယ်၊ လိုချင်စရာလို့ထင်တာက ကိုယ် (နာမ်) က (ရုပ်) ကိုသွားငြိကပ်ပြီး (သညာ) နဲ့ သိထားတဲ့အကိုင်း အမှားမြင်ကြတော့ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊

ပုဂ္ဂိုလ် သတ္တဝါ အမြင်တွေဖြစ်ကြတော့တာပေါ့ (မှန်ပါ့)

(အာရုံ) ရုပ်ကို ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ ထင်ရင် ငြိကပ်နေကြတာပေါ့ (မှန်ပါ့)၊ အဆင်းအာရုံ (ရုပ်) ကိုလှတယ်ထင်ရင် မိန်းမ၊ ယောက်ျား၊ ပုဂ္ဂိုလ်၊ သတ္တဝါ (ပညတ်) တွေထင်ရင် (အာရုံ) ဟာ ငြိကပ်တဲ့ (နိမိတ်) ဖြစ်သွားတာပဲ၊ (အာရုံ)နဲ့ (နိမိတ်)နဲ့မတူဘူး။

ရူပါရုံ = က ရုပ်အာရုံ

ရူပါရုံ = ကိုလှတယ်၊ ချောတယ်၊ မိန်းမထင်ရင်၊ ယောက်ျား ထင်ရင် (နိမိတ်) ဖြစ်သွားတာပဲ (မှန်ပါ့)၊ ကိုယ့်မှာရှိတာတွေကိုလည်း (ရုပ်)လို့မမြင်ပဲ ခေါင်း၊ ခါး၊ ခြေ၊ လက် စတာတွေထင်ရင် နိမိတ် ငယ်ထင်တာ ယောက်ျား၊ မိန်းမ လူတို့ တိရိစ္ဆာန်တို့အိမ်တို့ ကျောင်း တို့ဆိုတာတွေက နိမိတ်ကြီးတွေထင်တာပဲ (မှန်ပါ့)

သေခါနီးဝင်တဲ့ (အာရုံ)က (ပရမတ်)အာရုံမဟုတ်ပဲ (ပညတ် အာရုံ) ဝင်ရင် ကံနိမိတ်၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တွေ ဖြစ်တဲ့ (ပညတ် အာရုံ) တွေဝင်လာတော့တာပေါ့ (မှန်ပါ့) အာရုံနိမိတ်ကပြတဲ့ (ပညတ်အာရုံ) ကိုစိတ်ကတွယ်ရတော့ (အာရုံပညတ်) ကပြတဲ့နေရာ မှာ (စိတ်) သွားဖြစ်တော့(ပဋိသန္ဓေစိတ်)တဖန်ဆက်စပ်၍ ဖြစ်သော စိတ်ပေါ့၊ ဒီကိုယ်ကောင်ကြီးကနေ ချုပ်သွားတဲ့ (စိတ်) က (စုတိ) စိတ်ပေါ့ သေတာပေါ့ (မှန်ပါ့) အဲ့ဒီကျတော့မှ ကိုယ့်မှာ ဘာထင်တဲ့

(နိမိတ်) အတိုင်းပဲ ရောက်ရမဲ့ ဘုံကိုသွားကြရတာပေါ့၊ ဘဝတစ်လျှောက်လုံး (ပညတ်အာရုံနိမိတ်)တွေနဲ့ နေခဲ့တော့ (သံသရာ) ဆက်တာပေါ့ (မှန်ပါ့)

(အာရုံ) ကို (သညာ) နဲ့ပေါင်းတော့ (အဝိဇ္ဇာ၊ သင်္ခါရ) ဖြစ်ပြီး (ဝိညာဏ်) ဖြစ်တယ်၊ ဝိညာဏ် (စိတ်) ဖြစ်လာတော့ သူနဲ့ဖြစ်ဖော်ဖြစ်ဘက် (စေတသိက်) တွေကဝင်လာရော (စိတ်) ကို အဲ့ဒီစေတသိက်တွေဖြစ်တဲ့ (သညာ) တို့ (ဖဿ) တို့ (စေတနာ) တို့ (ဝေဒနာ)တို့က စက္ခုသံဖဿဝေဒနာ၊ တဏှာ၊ ဥပါဒါန်ကံတွေဖြစ်စေတာပေါ့ (မှန်ပါ့) အရိယာသူတော်စင်တို့ကြတော့ (အာရုံ) မှန်း (စိတ်) မှန်း (သညာ) မှန်းသိနေကြတယ် (မှန်ပါ့)

(သညာ) ဆိုတာလူမှန်းသိတတ်စထဲက ပြောဆိုနေသံမျှားကို မှတ်သားထားတဲ့ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါတွေလောကကြီးထဲက သိမှတ်စရာတွေ မှတ်သားထားလို့ သိတာ၊ အဲဒါ (သညာ) တွေပေါ့၊ (ပညတ်) တွေကိုသာ သိတဲ့အမှတ်မှားတဲ့ (သညာ) တွေပေါ့၊ မှန်တဲ့ (သညာ) က (အနိစ္စ၊ ဒုက္ခ၊ အနတ္တ) သညာတွေပေါ့ (မှန်ပါ့)

(အာရုံ) က (သညာ) ဆိုတဲ့အမှတ်မှားမှုနဲ့ ပေါင်းတော့ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ ပုဂ္ဂိုလ်သတ္တဝါအမြင် (ပညတ်) အမြင်ဖြစ်တော့

(ပညတ်) မှာဟောထားခဲ့တဲ့အတိုင်း (ရာဂ၊ ဒေါသ၊ မောဟ) တွေ ဖြစ်ပြီး ကံနိမိတ်တွေစုဆောင်းမိတယ်၊ ကမ္မနိမိတ်တွေ စုဆောင်းမိ နေတော့ သေခါနီးသေပေါက်သေဝေရောက်တဲ့အချိန်မှာ သတိလစ် နေပေမဲ့လည်း ဒီ (နိမိတ်) တွေမြင်ပြီးမှ လားရာဂတိမြင်ပြီးတော့ အကုသိုလ်ကံရှိရင် ငရဲတို့ တိရိစ္ဆာန်တို့၊ ပြိတ္တာ၊ အသူရကယ်ဘဝတွေ မှာဖြစ်ကြရတာပေါ့ (မှန်ပါ) ကုသိုလ်ကောင်းမှုတွေရှိပါမှ လူဘဝ၊ နတ်ဘဝရသော်လည်း ဒုက္ခဇာတိရပြီး ဒုက္ခသံသရာလည်အုံးမှာပေါ့ ဒကာကြီး (မှန်ပါဘုရား)

(သညာ)ကအစဉ်အတိုင်းဆိုရင်(ဝိညာဏ်)ဖြစ်ပြီးမှ (သညာ) ဖြစ်တယ်၊ဒကာကြီး ဟိုဒကာမကြီးကို မမြင်ဘူးလား (မြင်ပါတယ် ဘုရား) မြင်တော့ (ရုပ်) ကိုမြင်တဲ့ (ဝိညာဏ်) မြင်စိတ်က အရင်ဖြစ် တယ် (မှန်ပါ့)၊ ဝိညာဏ်(စိတ်)ဖြစ်တော့ အဆင်း(ရုပ်)ကိုမမြင်ဘူး (မိန်းမ) ပဲလို့မှတ်ထားတဲ့ (သညာ) စေတသိက်က ချယ်လှယ်တော့ (အာရုံ)ကစိတ်ဖြစ်ပြီး (ရုပ်)ရယ်လို့ (စိတ်)ရယ်လို့ သညာ (စေတသိက်) ရယ်လို့မမြင်နိုင်ပဲ အာရုံက (သညာ)နဲ့ပေါင်းမိတော့ (ယောကျ်ား၊ မိန်းမ)ကိုမြင်တာဖြစ်လာတာပေါ့ (မှန်ပါ့)၊

ဒီအတိုင်းပဲ မြင်တာ တင်မကဘူး၊ ကြားတာ၊ နံတာ၊ စားတာ၊ ထိတွေ့တာ၊ ကြံတွေးတာ စတဲ့အာရုံ ၆ပါးက စိတ် ၆ပါးဖြစ်လာတဲ့ အခါမှာလည်း အမှန်အတိုင်း မြင်ရတဲ့ (ရုပ်) ကို မမြင်နိုင်ကြပဲ အမှတ်

မှား (သညာ) မှားတာတွေ ဖြစ်တဲ့ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါတွေ မြင်တော့ (အာရုံ) က အမှတ်မှား (သညာ)နဲ့ပေါင်းမိတော့ တာပေါ့ (မှန်ပါ့)၊ဒကာကြီးလည်း(အာရုံ)မှန်း(ပညတ်)မှန်း(ပရမတ်) မှန်း၊(စိတ်)မှန်း(သညာ)မှန်းသိလာပြီဖြစ်တော့(ပထမ)တန်းဖြစ်လာပြီ ပေါ့ (မှန်ပါ့)

(အာရုံ) ဆိုတာ (ရုပ်)၊ အဆင်း၊ အသံ၊ အနံ့ စတာတွေကို မှီပြီးဖြစ်တဲ့ သတ္တိပဲ(နိမိတ်) ဆိုတာက ရူပါရုံ (ရုပ်) ပရမတ်ကို မိန်းမ၊ ယောကျ်ား၊ ရွှေ၊ ငွေ၊ သစ်ပင်စတဲ့ (သညာ)နဲ့ မှတ်ထားတဲ့ (ပညတ်) ထင်ရင် (နိမိတ်) ဖြစ်သွားတာပဲ (အာရုံ) ထင်တာနဲ့,(နိမိတ်) ထင်တာ ကွဲပြီလား (ကွဲပါပြီဘုရား)၊ သေခါနီးထင်တဲ့ (အာရုံ) က (နိမိတ်) ထင်တာ (နိမိတ်) ဆိုတာ (ပညတ်) အာရုံကို (ရာဂ၊ ဒေါသ) ကပ်မိတာပဲ၊ (မှန်ပါ့ဘုရား) ပညတ်တွေပါနေတဲ့ နိမိတ်ပဲ၊ သေခါနီး ပညတ်နိမိတ် မပါပဲ (ပရမတ်) အာရုံနဲ့ဆိုရင်အကောင်းဆုံးပေါ့ (မှန်ပါ့)

(ရူပါရုံ) ကိုမြင်တုန်းက (အာရုံ) ပဲ၊ (သညာ) က မိန်းမလို့ သိမှတ်လိုက်တော့ (အာရုံ) နဲ့ (သညာ)နဲ့ ပေါင်းမိသွားတဲ့အခါ (နိမိတ်) ဖြစ်တာပေါ့ (မှန်ပါ့) (အာရုံ) နောက်ကိုဒကာကြီးလိုက်တော့ (ရာဂ) ဖြစ်သွားတာပေါ့ (မှန်ပါ့)၊ အဲဒါ ဝတ္ထုကာမ၊ ကိလေသာ ကာမခေါ်တယ် (မှန်ပါ့)

အရိယာသစ္စာဆိုတဲ့ အရိယာတို့ရဲ့အသိမှန်က (အာရုံ) နောက်မလိုက်တဲ့အမျိုးပေါ့။(စိတ်၊ စေတသိက်၊ ရုပ်)မှန်းသိတာ(မှန်ပါ့)၊ (အာရုံ)နောက်မလိုက်တာ(အရိယာသစ္စာ)ပဲ(မှန်ပါ့)

ဒါကြောင့် (အာရုံ) ကို (သညာ) ဖြစ်တဲ့ ငါ၊ သူ၊ ယောကျ်ား၊ **မိန်းမ**၊ ပုဂ္ဂိုလ် သတ္တဝါ (ဒိဋ္ဌိ) အမြင်တွေနဲ့မပေါင်းပါမှ (သမ္မာဒိဋ္ဌိ) **ဖြစ်ပြီး**တော့(နိဗ္ဗာန်)ရောက်တာပဲ၊ ဒါကအရှင်းကြီးပဲ ဒကာကြီး (မှန်ပါ့ဘုရား)၊ (သညာ)တို့ (ပညတ်)တို့ (ဒြပ်)တို့ကအတူတူပဲ(သညာ) တို့ (ပညတ်)တို့ဆိုတာ အကောင်အထည်ဒြပ်(နာမ၊သန္တာန်)ကို အာရုံပြုလို့ (ရာဂ၊ဒေါသ၊မောဟ)ဖြစ်တာပေါ့၊ အကောင်က(သန္တာန်)တွေ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမဖေါ့၊ အထည်က = ပစ္စည်းတွေပေါ့ (မှန်ပါ့)

ဒီ ဒြပ်ကို (သညာ) လို့ခေါ်တယ်၊ (အာရုံ) ပြုလိုက်တော့ (သညာ) လို့ခေါ်တယ်၊ အဲဒါ ၂ခုပဲရှိတယ်၊ အဲဒါက (အာရုံ) နဲ့ (အာရာမဏိက)တစ်ခုက(ပညတ်)အာရုံ၊ တစ်ခုကပညတ်အာရုံ အာရာမဏိက(စိတ်)ပေါ့၊ (ပညတ်)ပါတော့(စိတ်)ဖြစ်သွားတာပေါ့၊ အဲဒါ (အာရုံ)နဲ့(စိတ်)ပေါ့(မှန်ပါ့)

ဒါကြောင့် ဓမ္မေစ ပဇာနာတိ၊ ဓမ္မေစ = (ပညတ်အာရုံ)တွေကိုလည်း ပဇာနာတိ = သိရမယ်တဲ့၊ မနဉ္စ = မနောစိတ်ကိုလည်း သိရမယ်၊သိလိုက်တာနဲ့(ပညတ်အာရုံ)ကိုပါယ်မှုရသွားတာပေါ့၊ ပါယ်

ပြီးရင် အမှန်မြင်(ပရမတ်)ဆိုက်ဖြစ်သွားတော့ အဲဒီ(ပရမတ်)ကိုပဲပွား ရတာပေါ့၊ (ဓမ္မနုပဿနာ)ကဒီလိုလာတာ၊ သိပါယ်ဆိုက်ပွားပေါ့ (မှန်ပါ့)

မနောက = အရာမဏိက (စိတ်)

ဓမ္မေက = အာရာမဏ (အာရုံ)ပေါ့၊ ကိုယ့်အိမ်ကို မနောနဲ့ ကြည့်ပါလားအိမ်က (သညာ) (ပညတ်)၊ အာရုံက (ရုပ်)၊ သိတာက (စိတ်) ပေါ့ (မှန်ပါ့) အာရုံကို ယူခြင်း၊ သိခြင်းကို ဝိညာဏ် (စိတ်) လို့ ခေါ်ရတာပေါ့ (မှန်ပါ့)

မနဉ္စပဇာနာတိမှာ (မနော) က = ဘဝင်စိတ်ပဲ၊ အဲဒီစိတ်က (ဖြစ်ပျက်) နေတာ (မှန်ပါ့) ဘယ်စိတ်မှာ မဆို (အာရုံ) တွေဝင်တယ်၊ (အာရုံ) တွေကအိပ်နေတဲ့အခါမှာလည်း ဝင်တာပဲ၊ နိုးနေတဲ့အခါ၊ သေခါနီးစုတေစိတ်မှာလည်း အာရုံတွေဝင်တာပဲ၊ သေပါက်၊ သေဝ ရောက်လို့ (စုတေ) တယ်ဆိုတာ (စိတ်) ရွှေ့လျှောတာပေါ့။ သေတာပေါ့။ ဒီလို သေခါနီးဆဲမှာဝင်လာတဲ့ (အာရုံ) ကိုတွယ်ရတဲ့ (ဝိညာဏ်) က ဝိညဉ်ကောင်၊ လိပ်ပြာကောင်မဟုတ်ဘူး၊ (ဝိညာဏ်)က(စိတ်)ပဲ (အာရုံ) နောက်ရောက်သွားတဲ့စိတ်ဖြစ်ပြီးမှ ဒီဘက်က (စိတ်) က ပျက်သွားတော့ ရွှေ့လျှားသွားတော့ (စုတေ) စိတ်ကျတယ်လို့ခေါ်တယ်၊ (အာရုံ) ကပြတဲ့ ဘဝသစ်နေရာမှာ (စိတ်) သွားဖြစ်တာက (ပဋိသန္ဓေစိတ်) ဘဝသစ်ရောက်တာပေါ့။ (သံသရာ) က ဒီလိုလည်တာ

(မှန်ပါ့)၊ စုတေ သေရာမှာ ချုပ်တဲ့နောက်ဆုံး (စိတ်) ကဘဝသစ်မှာ (စိတ်) ဖြစ်တာ ကြားမရှိဘူး၊ စုတေ → ပဋိသန္ဓေဆက်နေတယ် (မှန်ပါ့)

အဲဒါ နိုးကြားတဲ့အချိန်ကစပြီး သေခါနီးအချိန်အထိ မနဥ္စ ပဇာနာတိ (မနော) စိတ်ကိုလည်း (သတိ) ကလေးနဲ့ (ဉာဏ်)ကလေးနဲ့ သိသိပေးတော့ (ပညတ်) အာရုံမဝင်တော့ (ပရမတ်) ဖြစ်တော့ (မဂ္ဂင်) ပေါ်ရောက်ပြီး ငြိမ်းနေတော့တာပေါ့ (မှန်ပါ့) သခ်ၤတပရမတ် စိတ်ဖြစ်တဲ့ (မဂ်) စိတ်နဲ့သေရင် (အပါယ်)မကျနိုင်ဘူး၊ (သောတာပန်) ဖြစ်ပြီး ဘုံစဉ်စံဘဝတောင်ရနိုင်တာပေါ့ (အသခ်ၤတပရမတ်) နိဗ္ဗာန်၊ အနုပါဒိသေသနိဗ္ဗာန်ဆိုရင်တော့ အစဉ်ငြိမ်းပြီပေါ့ (မှန်ပါ့)

(အာရုံ) က သူဟာသူအပြင်မှာရှိနေတာ၊ အာရုံက မျက်စိနဲ့ တိုက်တော့ မြင်စိတ်၊ နားနဲ့တိုက်တော့ ကြားစိတ်၊ နှာခေါင်းနဲ့တိုက်တော့ နံစိတ်၊ စားတော့ စားစိတ်၊ ထိတွေ့တော့ ထိတွေ့စိတ်၊ မနောကို (ပညတ်) တွေဝင်လာတော့ ကြံတွေးစိတ်တွေ ဖြစ်လာတာပေါ့ (မှန်ပါ့)၊ (သတိပဋ္ဌာန်) မှာ (ဓမ္မစပဇာနာတိ) လို့ ဟောထားတာက (ပညတ်) တွေဝင်လာတော့ (မနော) မှာရောက်လာတဲ့ (အာရုံ) တွေကို (သတိ) လေးနဲ့ (ဉာဏ်) နဲ့ သိသိပေးပါလို့ဆိုတော့ပေါ့၊ အဲဒါ (ပညတ်ဓမ္မာရုံ) ကို သိပေးရတာပေါ့ (မှန်ပါ့)

(အာရုံ) ကိုအာရုံမှန်း (ပဇာနာတိ) သိသိပေးရတယ် (မှန်ပါ့)။ နှိုးတဲ့အချိန်ကစပြီး အိပ်တဲ့အချိန်ထိ (အာရုံ) မှန်းသိသိပေးရပါတယ် (မှန်ပါ့) သွားတာ၊ ရပ်တာ၊ ထိုင်တာ၊ ခြေလှမ်းတိုင်းသိပါ။ စားတာလည်းသိ၊ ဝါးတာလည်းသိ၊ လှုပ်ရှားတိုင်းလှုပ်ရှားတဲ့ (အာရုံ) တွေသိသိပေးပါ။ (မနောစိတ်) ဖြစ်တာကိုလည်း သမ္မဇာနကာရိဟောတိတဲ့ (သိ)ပေးပါတဲ့၊ တရားထိုင်တဲ့အခါ လေကလေးထွက်တာသိ၊ ဝင်တာသိ စတာတွေဟာ (သတိပဋ္ဌာန်) မှာ လာတာတွေပေါ့။ ကိုယ်လက်၊ ခြေတို့ကို သိရတာ မဟုတ်ဘူး၊ ဒါတွေက (ပညတ်) တွေပဲ၊ (ပရမတ်)က (စိတ်၊ စေတသိက်ရုပ်) တို့ကို သိရတာပေါ့ (မှန်ပါ့)

(အာရုံ) ရဲ့သဘောအမှန်ကိုမသိတာ (အဝိဇ္ဇာ) လည်းဖြစ်တယ် (မောဟ) စေတသိက်၊ ဉာဏဝိပ္ပယုတ်၊ ဉာဏ်မပါဘူး၊ (အာရုံ)ကိုမသိတာ မောဟ၊ အဝိဇ္ဇာပေါ့ (အာရုံ) ဟာသိပ်အရေးကြီးတယ် ဒကာကြီး (မှန်ပါ့)

(အာရုံ) က (သညာ) နဲ့သွားပေါင်းရင် (လောကီ) စိတ်တွေဖြစ်တယ်၊ စက္ခု = မျက်စိဖြင့်၊ ရူပံ = ရူပါရုံကို ဒီသွာမြင်သည် ရှိသော် နနိမိတ္တကာရီ = ယောကျ်ား မိန်းမဟူသော နိမိတ်ကြီးကို မယူရပြီ ဟောတိ = ဖြစ်၏တဲ့၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ ဟူ၍မယူရဘူးလို့ ဟောပါတယ် (မှန်ပါ့)

(အာရုံ) ကိုဖျက်ဆီးတာက (ဒေါသ) စေတသိက်၊ (အာရုံ) ကို ငြိုငြင်ခြင်း လက္ခဏာရှိတာက (ကျသာ) စေတသိက်၊ (အာရုံ) နဲ့ ငြိကပ်တာက (လောဘ) စေတသိက်ပဲ၊ (စေတသိက်) မှန်သမျှ (အာရုံ) နဲ့ အနက်မကင်းကြဘူး တွဲနေကြတယ် (မှန်ပါ့)

အဆင်း (ရုပ်) ကို ရုပ်မှန်းသိရတယ်၊ (အာရုံ) ကိုအာရုံမှန်း သိရတယ် စက္ခုံစပဇာနာတိ - မျက်စိကိုလည်း မျက်စိမှန်းသိရတယ်၊ အသိတွေအားလုံး မှန်သွားရင် (ငြိမ်း) ပြီပေါ့ (မှန်ပါ့)၊ (အာရုံ) ရဲ့ သဘောအမှန်မသိရင် (သညာ) တို့ (ပညတ်) တို့နဲ့သိရင် (အဝိဇ္ဇာ) ဖြစ်ပြီပေါ့၊ (အာရုံ) ကို (သညာ) တို့ (ပညတ်) တို့နဲ့သိတော့ (အဝိဇ္ဇာ သခ်ါရ တဏှာ၊ ဥပါဒါန်) တွေဖြစ်ပြီး (ရာဂ၊ ဒေါသ၊ မောဟ) တွေဖြစ် ပြီပေါ့ (အဝိဇ္ဇာနဲ့တဏှာ) ကမပြတ်တော့ဘူးပေါ့ ရှင်သန်နေတာပေါ့ (မှန်ပါ့)

(အာရုံ) နဲ့ (စိတ်) ကိုကွဲအောင် လုပ်ချင်ရင် (အာရုံ) ကို (အာရုံ) မှန်းသိရတယ်၊ (စိတ်) ကို စိတ်မှန်းသိရတယ်၊ (အာရုံ) ကလည်း အာရာမဏိက (စိတ်) နဲ့လည်းခွဲရတယ်၊ မြတ်စွာဘုရားရဲ့ တရားတော်ကခွဲရတယ်၊ (အာရုံ) နဲ့ (ရုပ်) နဲ့လည်း ခွဲရတယ်၊ (အာရုံ) နဲ့ (ဝေဒနာ)နဲ့လည်း ခွဲရတယ်၊ (အာရုံ) နဲ့ (သညာ) နဲ့လည်းခွဲရတယ် (မှန်ပါ့)

(အာရုံ) နဲ့ (သညာ) ပေါင်းတော့ (အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်) ဖြစ်တာပေါ့။ အာရုံကအပေါင်းမှားတာကိုး (မှန်ပါ့)

(အာရုံ) က (ရုပ်) ပရမတ်နဲ့ပေါင်းရင် (ဝိဇ္ဇာဥဒပါဒိ) ဖြစ်တာပေါ့ (မှန်ပါ့)

(အာရုံ) က (ရုပ်)နဲ့ပေါင်းတော့ ဝိညာဏ် (နာမ်)၊ စေတသိက် (နာမ်) ဖြစ်တော့ (ရုပ်နာမ်) အမြင်ပဲရတော့ (ဝိဇ္ဇာဥဒပါဒိ) ဖြစ်တာပေါ့ (မှန်ပါ့) (အာရုံ) ကို (အာရုံ) ပဲထားရင်လည်း (ငြိမ်း) တာပေါ့ (မှန်ပါ့)

မြင်တဲ့ (အာရုံ) ကို (ရုပ်) လို့မမြင်ပဲ (သညာ) နဲ့ပေါင်းတယ် ဆိုတာ (ဥပမာ) ပစ္စည်းလေးတစ်ခုခုဆိုပါတော့၊ ဒါကို ကျွတိရူပဲ့ဒါက (ရုပ်) လို့မမြင်ပဲ ဒါက ပစ္စည်းပဲ၊ ငါ့အိမ်ကပစ္စည်းပဲလို့ မြင်ရင် (အဝိဇ္ဇာ) ဖြစ်ပြီပဲ၊ ဒီပစ္စည်းလေးကို ငါဘယ်မှာသိမ်းမှဆိုရင် (သင်္ခါရ) ဖြစ်သွားပြီ၊ ဒါလေးက ပျောက်သွားမှဖြင့်ဆိုရင် (တဏှာ) ဖြစ်ပြီ၊ မပျောက်ပျက်ရအောင် လုံခြုံတဲ့နေရာမှာ သိမ်းမှဆိုပြီး သိမ်းတာဆိုရင် ပစ္စည်းကိုစွဲလန်းတော့ (ဥပါဒါန်၊ ကံ)တွေ ကမ္မဘဝတွေ ဖြစ်ပြီး (သံသရာ) လည်စေတဲ့ ဝတ္တရားအဖြစ် ဝဋ်ဒုက္ခတစ်ခုကိုလုပ်တာပေါ့။ ကုသိုလ်တို့ အကုသိုလ်အလုပ်တွေကလည်း ဒီသဘောပဲ၊ (လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ) နဲ့လုပ်ပုံခြင်းကွာတာပဲရှိတာပေါ့ (မှန်ပါ့)။

နောက်တစ်အာရုံ (သညာ) ပညတ်ကိုပဲစွဲပြီး နောက်တစ်စိတ် ဖြစ်ရင် နောက် (ကမ္မဘဝ) တစ်ခု(ဇာတိ) ဖြစ်ပွားစေရာ ကံတွေ စုမိပြီပေါ့။ (အာရုံ) ကိုအမြင်လွဲတာနဲ့ တပြိုင်နက် (အဝိဇ္ဇာ၊ သခ်ါရ၊ ဝိညာဏ်၊ နာမ်ရုပ် ဖဿ ဝေဒနာကနေ တဏှာဥပါဒါန်ကံ)တွေတန်း နေတော့ (ပဋိစ္စသမုပ္ပါဒ်)တွေတန်းနေပြီပေါ့ (မှန်ပါ့)။ ဒါက (ဉာဏ်) ရှိရင် တောက်လျှောက်နားလည်သွားပါတယ်(ပဋိစ္စသမုပ္ပါဒ်)တရား အသိဉာဏ်ရှိရင်လည်း ကောင်းကောင်းသဘောပေါက်ပါတယ်(မှန်ပါ့)။ ဒါကြောင့် (အာရုံ) ကသိပ်အရေးကြီးတော့ ဒီလောက် ဟောပြရင် တရားကိုကောင်းကောင်းနားလည်ရောပေါ့ ဒကာကြီး (မှန်ပါ့ဘုရား)

အရိယာ (ပညာရှိ) ဖြစ်သွားရင် (အာရုံ) တွေမှာ မကပ်ငြိ တော့ဘူး၊ ဘုရားရဟန္တာတို့သည် ပညာရှိသည်ဖြစ်၍ မြင်ခြင်းအစရှိ သည့် (အာရုံ) တို့၌ နလဋ္ဌတိ၊ နသင်္ဂဟတိ မငြိကပ်ကြကုန်တဲ့ (မှန်ပါ့ ဘုရား)

ဝိညာဏ်တရား

ဝိညာဏ်

(စိတ်)ကိုမပြောမို့ (ဝိညာဏ်)ကိုပြောရမယ်၊ (ဝိညာဏ်)က ရှေးဦးစွာဖြစ်တဲ့ (စိတ်) ပေါ့ (ဝိညာဏ်) ကို မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး (ပဋိစ္စသမုပ္ပါဒ်) ကို ဟောရာမှာ စက္ခုံစပဋိစ္စရူပေစ ဥပ္ပဇ္ဇတိ (စက္ခုဝိညာဏ်) တဲ့၊ စက္ခုံစ = မျက်စိကို၊ ရူပေစ = (ရုပ်) ရူပါရုံကို (ပဋိစ္စ) အကြောင်းပြုလို့ မြင်သိ (စိတ်) စက္ခုဝိညာဏ်ဖြစ်လာတယ်လို့ဟောတာပေါ့၊ (ရုပ်) နှစ်ခု တွေ့တိုက်လို့ (ဝိညာဏ်) သိ(စိတ်) ဖြစ်လာတာပေါ့ (မှန်ပါ့)

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး (ဝိညာဏ်) ဖြစ်ပုံကို (ပဋ္ဌာန်း) ဒေသတနာတော်ကြီးနဲ့ ဟောကြားရာမှာလည်း ဒီအတိုင်းပါပဲ (ပဋ္ဌာန်း) ကြတော့ အသေးစိတ်သွားပြီ၊ (မှန်ပါ့)၊ ပဋ္ဌာန်းကြတော့ ဘယ်လိုဟောသလဲဆိုတော့ ၂၄ ပစ္စည်းမှာ ဒုတိယလာတဲ့ (အာရာမဏ ပစ္စည်း) ဟောရာမှာ -

"အာရာမဏပစ္စယောတိ၊ ရူပါယတနံ၊ စက္ခုဝိညာဏာဓါတုယာ" လို့ ဒီလိုဟောပါတယ် (မှန်ပါ့)၊ အာရာမဏပစ္စယောတိ= (အာရုံ) ရဲ့အစွမ်းပစ္စယသတ္တိဟာ၊ ရူပါယတန = ရူပါရုံသည်တဲ့ စက္ခုဝိညာဏာဓါတုယာ=မြင်စိတ် (ဝိညာဏ်) အားဖြစ်စေ၏တဲ့၊ သဘောက

(အာရုံ)ရဲ့အစွမ်းပစ္စယသတ္တိကြောင့် (ရူပါရုံ) (ရုပ်) နဲ့ စက္ခု (ဝိညာဏ်) မြင်သိစိတ်ကို ဖြစ်စေတတ်၏တဲ့ (မှန်ပါ)

(ဝိညာဏ်) ဖြစ်တာကိုလည်း "ဒွိန်ဒွိန် အာယတနံပါနုပါတံ ကိစ္စံ" တဲ့အတွင်းအပြင် (အယတန) နှစ်ခုတို့ရဲ့ ထိခိုက်ခြင်း တွေ့တိုက်ခြင်းကိစ္စမှာလည်း (ဝိညာဏ်) သိစိတ်ဖြစ်သွားပါတယ် (မှန်ပါ)

ဒီလိုအတွင်းအာယတန (မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်) နဲ့ အပြင်က (အာယတန) တို့ဖြစ်ကြတဲ့ (အဆင်း၊ အသံ၊ အနံ၊ အရသာ၊ ထိတွေ့မှု) စတဲ့ ဒီအတွင်းအပြင် (အာယတန) နှစ်ခုတို့ တွေ့တိုက်တဲ့ ဒွါရပေါက် ၅ ခု (ပဉ္စဒွါရ) မှာဆိုရင် -

မျက်စိနဲ့ အဆင်းနဲ့တွေ့တိုက်တော့ မြင်စိတ် စက္ခု (ဝိညာဏ်) ပေါ်
နားနဲ့ အသံနဲ့တွေ့တိုက်တော့ ကြားစိတ် သောတ (ဝိညာဏ်)
နှာခေါင်းနဲ့ အနံ့နဲ့တွေ့တိုက်တော့ နံစိတ် ဃာန (ဝိညာဏ်)
လျှာနဲ့အရသာနဲ့ တွေ့တိုက်တော့ ရသာစိတ် ရသာ (ဝိညာဏ်)
ကိုယ်နဲ့ထိတွေ့မှုနဲ့တွေ့တိုက်တော့ ထိတွေ့စိတ် ကာယ (ဝိညာဏ်)
ရယ်လို့ (ဝိညာဏ်) ငါးမျိုး (ပဉ္စဝိညာဏ်) ဖြစ်လာတာပေါ့ (မှန်ပါ)

အတွင်းအပြင် (အာယတန) နှစ်ခုတွေ့တိုက်တော့ (ပဉ္စဒွါရ) ဒွါရဆိုတဲ့တံခါးပေါက် ၅ ပေါက်မှာဆိုရင် (အဆင်း) က အာရုံ (ရူပ်)၊ မြင်တာက (စက္ခုဝိညာဏ်) မြင်သိကာမျှ (စိတ်) လေးပဲဖြစ်တယ်၊

(အသံ) က အာရုံ (ရုပ်) ကြားတာက (သောတဝိညာဏ်)၊ ကြားသိကာမျှ (စိတ်) လေးပဲဖြစ်တယ်၊ (အနံ့) က အာရုံ (ရုပ်) နံ့တာက (ဃာနဝိညာဏ်) နံ့သိကာမျှ (စိတ်) လေးပဲဖြစ်တယ်။ (အရသာ) က အာရုံ (ရုပ်) လျက်တဲ့ရသာက (ဇိဝှဝိညာဏ်) အရသာကိုသိကာမျှ (စိတ်)ကလေးပဲ ဖြစ်တယ်၊ (ထိတွေ့)တာက အာရုံ (ရုပ်) (ကာယဝိညာဏ်) ထိတွေ့ သိတာမျှ (စိတ်) ကလေးပဲဖြစ်တယ်။

အတွင်းအပြင် (အာယတန) နှစ်ခုတို့ တွေ့တိုက်တော့ စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှဝိညာဏ်၊ (ကာယဝိညာဏ်) ဆိုတဲ့ သိကာလေးမျှ (ပဉ္စ ဝိညာဏ်) တွေဖြစ်လာတော့ (ဝိညာဏ်) (စိတ်) နဲ့ အမြဲတန်းယှဉ်ပြီး ဖြစ်ရတဲ့ (သံပွယုတ္တရား) မမ္မာနံ (စေတသိက်) တွေဝင်လာတော့မှ (ခန္ဓာငါးပါး) ရပြီးအသိတစ်ခု ပြည့်စုံစွာဖြစ်တဲ့ (မနောဝိညာဏ်) ရယ်လို့ဖြစ်တာပေါ့ (မှန်ပ့ါ)၊ တွေးတာတို့ ကြံစည်စိတ်ကူးတာတို့ ဆိုတာ (ပညတ်အာရုံ) နဲ့ဖြစ်တဲ့ (မမ္မာရုံ) က (မနော) စိတ်ကို ကိုက်ရိုက်ရောက်တဲ့ (မနောဝိညာဏ်) ဖြစ်လာတာ ပေါ့ (မှန်ပ့ါ)

(ဝိညာဏ်) ဆိုတာနာမည်ပဲ၊ ဘုရားကမှည့်ထားတာ ၊(ဝိဇ္ဇာမန) ပညတ်ပဲ၊ တကယ်ရှိတဲ့ (ပညတ်) ပေါ့၊ အခေါ်က (ဝိညာဏ်) ပေါ့၊ ဝိညာဏ်ရဲ့ (ဓမ္မ) သဘောတွေကိုတော့ အခု (ဘုန်းကြီးဟောပြ) မနရတာပေါ့၊ သဘောပေါက်ရဲ့လား (မှန်ပ့ါ သဘောပေါက်ကြောင်း

ပါဘုရား)

အာရုံငါးပါးကိုသိတဲ့ (ပဉ္စဝိညာဏ်) က အရင်ဖြစ်တယ်၊ (ပဉ္စဝိညာဏ်) ဖြစ်တဲ့ မြင်ရုံ၊ ကြားရုံ၊ နံရုံ၊ စားရုံ၊ ထိတွေ့ရုံ သိတဲ့ (ဝိညာဏ်) လေးက (သိ) ရုံသက်သက်လေးပဲရှိသေးတယ် ဒီလိုသိရုံသက်သက်လေး ဖြစ်တဲ့ (ဝိညာဏ်) ကအပေါ်ယံသိ၊ ခလေးငယ်အသိ၊ သိကာမတ္တ၊ ပုရွက်ဆိတ်သိတဲ့ ဝိညကေဝိညတ္တ မတ္တံ = မြင်ရုံ၊ ကြားရုံသိကာမတ္တ (ဝိညာဏ်) အဆင့်ပဲရှိပါသေးတယ် (မှန်ပါ့)၊ ဒီ (ဝိညာဏ်) က အရင်ဖြစ်တော့ (နဂိုလ်ဝိညာဏ်) ပေါ့ နဂိုလ်စိတ်လို့လည်း ခေါ်ရတာပေါ့ (မှန်ပါ့)

ဒီအသိ (ဝိညာဏ်) လေး (ဝိညာက္ခန္ဓာ) စိတ်ကလေးက သူချည်းမဖြစ်ဘူး၊ ဝိညာဏ် (စိတ်) ကလည်း (နာမ်) ပဲ၊ စေတသိက်ကလည်း (နာမ်) ပဲဖြစ်တော့ (ဝိညာဏ်) စိတ်က သူနဲ့အတူဖြစ်ဖော်ဖြစ်ဖက်၊ ပျက်ဖော်ပျက်ဖက်ဖြစ်တဲ့ (ဝိညာဏ်) စိတ်မှာ (သခ်ါရက္ခန္ဓာ) စေတသိက် တွေက အတူယှဉ်တွဲဖြစ်လာတော့ (မနောဝိညာဏ်) စိတ်ရယ်လို့ (အပို)စိတ်ဖြစ်တဲ့ (ဝိညာနက္ခန္ဓာ) ရယ်လို့ဖြစ်လာတော့ ခန္ဓာငါးပါး (ဝိညာဏ်၊ နာမ်၊ ရုပ်) ရယ်လို့ ဖြစ်လာရတာပေါ့ (မှန်ပါ့)

နဂိုလ်ကအာရုံက (ရုပ်) သိတာလေးက (ဝိညာဏ်) စိတ် (နာမ်)ပေါ့၊ နောက်တော့ဘာညာသိတွေအပိုဆောင်းလာတဲ့ သညာသိ၊

ပညတ်သိ၊ ဝေဒနာသိ စတဲ့သခ်ါရက္ခန္ဓာ စေတသိက် (နာမ်)တွေ အပိုဆောင်းလာတော့ (မနောဝိညာဏ်) ဆိုတဲ့ (ဝိညာဏ်၊ နာမ်၊ ရုပ်) ရယ်လို့ ခန္ဓာငါးပါးရတဲ့ (ဝိညာဏ်၊ နာမ်၊ ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ) ရယ်လို့ (ခန္ဓာငါးပါး) ရတဲ့အကျိုး (ဒုက္ခသစ္စာ) တွေဖြစ်လာပြီပေါ့ (မှန်ပါ့)

ဒီ (ခန္ဓာငါးပါး) သိရလာထဲက (ပညတ်) သိ (သညာ) သိဖြစ်တဲ့ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါအသိဖြစ်ပြီး (ရာဂ၊ ဒေါသ) ဝင်ရင် (တဏှာ၊ ဥပါဒါန်၊ ကံ) တွေနဲ့ဆက်တော့ သေသည့်၏အခြားမဲ့မှာ ဘဝတွေဆက်၊ သံသရာတွေဆက်တော့တာပေါ့ (မှန်ပါ့)

အာရုံကအဆင်း (ရုပ်)၊ အသံ (ရုပ်) ၊ အနံ (ရုပ်) စတဲ့ အာရုံငါးပါးမှာ (ရုပ်) ကိုမြင်ရမှာ၊ အမှန်မြင်က (ရုပ်) ပဲ၊ ဒီ (ရုပ်) ပရမတ်ကိုမမြင်ကြပဲ မိရိုးဖလာမှတ်ထားတဲ့ (သညာ) နဲ့ (ပညတ်) တွေမြင်ပြီး ယောကျ်ားမြင်တယ်၊ မိန်းမမြင်တယ်၊ သားမြင်တယ်၊ သမီးမြင်တယ် တိုက်မြင်တယ်၊ ကားမြင်တယ်ဆိုတော့ (အာရုံ) ကို အမြင်မှားတဲ့ (ဒိဋ္ဌ) ဖြစ်တယ်၊ (အာရုံ) ကိုအသိမှားတဲ့ (အဝိဇ္ဇာ) ဖြစ်တယ်၊ (အဝိဇ္ဇာ) ဖြစ်တော့ သခ်ါရဖြစ်တယ်၊ (အဆင်းရုပ်) ကို သိရမဲ့ မျက်စိက (ပညတ်) မြင်ပြီး (သညာ) ဝင်တော့ ချက်ခြင်း (ပညတ်) ခါတ်တွေ့လိုက်ပြီးတော့ (စက္ခုသံဖဿဝေဒနာ) ပညတ်မြင်တော့ ခံစားမှု

ဝေဒနာတွေ တန်းဖြစ်တာအလွန်မြန်တယ်၊ မိန်းမ ယောကျ်ား ပစ္စည်းကြိုက်၊ မကြိုက် ချောတာလှတာမြင်ရာမှာ ခံစားရတဲ့ (ဝေဒနာ) ထိဖြစ်လာရတာကတော့ မြင်စိတ်က (ဝေဒနာ) ထိတန်းရောက် တာဟာ (အဝိဇ္ဇာ) ကြောင့် (သင်္ခါရ) ဖြစ် (သင်္ခါရ) ကြောင့် (ဝိညာဏ်) ဆိုတဲ့ (ဝိညာဏ်) ဖြစ်ပြီး၊ ဒီ (ဝိညာဏ်) ကို စေကသိက် (ဖဿ) ဝင်တော့ (မနောဝိညာဏ်) ဖြစ်ပြီး ဖဿကနေ (ဝေဒနာ) ဖြစ်တော့ တာပေါ့။ (ဝေဒနာ)ဖြစ်တော့ တဏှာ၊ ဥပါဒါန်၊ ကံတွေဘက်ရောက်ပြီး ကံက ကမ္မဘဝပစ္စယာဇာတိ၊ ဇရာ၊ မရဏာဘက်ရောက်တာပေါ့ (မှန်ပါ့)

မြင်ရာမှာလည်း(သင်္ခါရ)ဖြစ်တဲ့စေ့ဆော်တဲ့ (စေတနာ)က (ကံ)အထိဖြစ်တယ်၊ ကြားရာမှာလည်း သင်္ခါရ(စေတနာ)ကြောင့် ကံ အထိရောက်တယ်၊ မြင်ရာ၊ ကြားရာစတဲ့ အာရုံ (၆)ပါးဖြစ်လေရာမှာ သင်္ခါရဖြစ်တဲ့(စေတနာ)ကစေ့ဆော်တယ် ဘာလုပ်လိုက်အုံး၊ ညာ လုပ်လိုက်အုံး၊ ပြောဟာ၊ လုပ်ဟာနဲ့ဇော်ဆောတော့ လုပ်မိတဲ့(ကံ)ဖြစ် သွားတယ်၊ ဒါကြောင့် စေတနာကို (ကံ)လို့ဘုရား ဟောတာပေါ့ (မှန်ပါ့)၊ အာရုံ (၆)ပါးကနေ (ဝိညာဏ်) ၆ပါး ဖြစ်တိုင်းမှာ (ဖဿ) တို့ (စေတနာ) တို့ဝင်တော့ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတွေနဲ့ နေ့စဉ်တာဝန် ဝတ္တရားတွေ မပြီးဆုံးနိုင်သောဝတ္တရားတွေ၊ သေတော့ လည်း ဒီကံတွေဝတ္တရားကွေနဲ့ ရောက်ရာ ဘဝမှာ (သင်္ခါရ) မကုန်

ပျောက်သေးတော့ လုပ်ကြတုန်းပေါ့(မှန်ပါ့)၊ ဒီသံသရာကြီးကမဆုံးနိုင်ဘူးဒကာကြီး (မှန်ပါ့)

(ဝိညာဏ်) ဆိုရင် (မနောဝိညာဏ်) က အရေးကြီးဆုံးပဲ (မှန်ပါ့) မနောရောက်တဲ့ (မနောဝိညာဏ်) မှာ မြင်တာက (စက္ခု ဝိညာဏ်) တွေ့တိုက်တာက (ဖဿ) စေတသိက်၊ မှတ်သားတာက (သညာ) စေတသိက်၊ လုပ်ဟဲ့ လုပ်ဟဲ့ လို့ဆော်သြတာ၊ စေ့ဆော်တာက (စေတနာ) စေတသိက်၊ ခံစားတာက (ဝေဒနာ) စေတသိက်၊ (ဝိညာဏ်) သိစိတ်နဲ့အတူ ဖြစ်ဖော်ဖြစ်ဖက် (စေတသိက်) တွေဖြစ်လာတဲ့ (ဖဿ၊ သညာ၊ စေတနာ၊ ဝေဒနာ) စေတသိက်တွေက (သဒ္ဒါရကွန္ဓာ) (နာမ်) သဒ္ဒါရလို့ခေါ်တယ်၊ ဒီလိုမြင်မှုကိစ္စလေးတစ်ခုမှာ ပရမတ္ထ သဘာဝ (ရုပ်နာမ်) ပဲ၊ စိတ်၊ ဝေတသိက်၊ ရုပ်ကိုမြင်ရမယ်၊ "ဧဝံသဘာ ဝေါဝါ" ဆိုတဲ့ သဘာဝလက္ခဏာလေးပဲရှိတယ် (မှန်ပါ့)၊ (ဝိညာဏ်) မှာ နဂိုလ် (ဝိညာဏ်) က (မနော) မရောက်သေးတဲ့ စိတ် (နဂိုလ်ဝိညာဏ်) ပဲ၊ (မနော) ရောက်တာ (ပညတ်) တွေပါလာလို့ အပိုစိတ်(ဝိညာဏ်)ဖြစ်တာ ပေါ့၊ အဲဒါ (မနောဝိညာဏ်) ဖြစ်တာပေါ့ (မှန်ပါ့)

(ဝိညာဏ်) သိမှာ (အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကံ) တွေမဖြစ်ဖို့ အရေးအကြီးဆုံးပဲ၊ ဒါမှ (အကုသိုလ်) မဖြစ်မှာ၊ (မနော ဝိညာဏ်) ထိမရောက်အောင် သိတဲ့ (ဝိညာဏ်) လေးတစ်ခုဖြစ်လာ

ရင် (ဓမ္မာနုပဿနာ) က ကြတိဝိညာဏ် = ဤဟာ (ဝိညာဏ်) လို့ပဲ နဂိုလ် (ဝိညာဏ်) ကိုပဲသိလိုက်ပါတဲ့ (မှန်ပါ့)၊ အပို (ဝိညာဏ်) ဖြစ်တဲ့ (မနောစိတ်) ကိုမရောက်စေလို့ (ခန္ဓာငါးပါး) ဒုက္ခသစ္စာမရစေလို့ ဒီလို ကြတိဝိညာဏ် = ဤဟာ (ဝိညာဏ်) လို့ပဲသိလိုက်ပါတဲ့ (ဝိညာဏ်) လို့သိတဲ့ အသိစိတ်ဟာ (ပညတ်) မပါ၊ (သဒ္ဒါရ) မပါ၊ (မနော) မရောက်သေးတော့၊ သိကာမတ္တ (ပရမတ်)စိတ်ဖြစ်တော့ (မဂ္ဂင်) ပေါ်ရောက်သွားတာပေါ့ (မှန်ပါ့)

(ဝိညာဏ်)က သိတတ်တဲ့ သဘောပဲရှိတယ်၊ သိတတ်တဲ့ သဘောကို (ဝိညာဏ်) လို့မြတ်စွာဘုရားဟောတာပေါ့၊ (ဓမ္မာနုပဿနာ သတိပဋ္ဌာန်) က (မနောဝိညာဏ်) ရောက်မသွားအောင် (ဝိညာဏ်) သိကလေးကို သန့်သန့်လေးပဲ၊ ဘာသိ၊ ညာသိနဲ့၊ မရောစေချင်ဘူး၊ရောရင် ဘာညာသိကနေ(ကံ)ဘက်ရောက်စေတယ်၊ (အဝိဇ္ဇာ၊ သဒ္ဒါရ၊ တဏှာ၊ ဥပါဒါန်၊ ကံ) ဘက်ရောက်သွားစေတယ်၊ (အာရုံပညတ်) တွေ ဘက်ရောက်မသွားအောင် (သတိ) ကလေးနဲ့ (ညာဏ်)ကလေးနဲ့အားထုတ် ရတာ (မှန်ပါ့) အာနာပါန(သတိပဋ္ဌာန်) ကဝင်လေ၊ ထွက်လေမှာလည်း (သိ) တဲ့ သဘောဝိညာဏ် (စိတ်) ကလေးကိုပဲပြန်သိတဲ့ (ညာဏ်) သိ (မဂ္ဂင်) ဖြစ်အောင် လုပ်ကြရတာပေါ့ (မှန်ပါ့) လှုပ်ရှားသွားလာတော့လည်း လှုပ်ရှားသမျှထဲမှာ သတိသမ္ပဇဉ်လေးနဲ့ ဝီရိယလေး၊ (သတိ) လေးနဲ့ (ဉာဏ်) ကလေးနဲ့သိပါ၊

(သမ္မဇာနကာရိဟောတိ) လို့ သတိပဋ္ဌာန်မှာ နဂိုလ် (ဝိညာဏ်) ကနေ အပို (ဝိညာဏ်) (မနောဝိညာဏ်) ထိရောက်မသွားရအောင် (အသိ) လိုက်ပေးရတဲ့ (သတိပဋ္ဌာန်) ကိုဟောရတာ ပေါ့ (မှန်ပါ့)

ဒါကြောင့် မြတ်စွာဘုရားက "ဧကောဓမ္မော" ဆိုတာက (ဝိညာဏ်) တစ်ခုသိရင် (နာမ်ရုပ်) စတဲ့ (ရုပ်) နဲ့ သခ်ၤါရက္ခန္ဓာခေါ်တဲ့ (နာမ်) ခန္ဓာတွေဖြစ်ကြတဲ့ (ဖဿ၊ သညာ၊ စေတနာ၊ ဝေဒနာ) စတာတွေသိတော့တာပဲ၊ (ဝိညာဏ်) ကိုသေချာသိရင် (သတ္တဝါ) သိပ္ပါက်တော့တာပဲ (မှန်ပါ့) (သတ္တဝါ) သိက (ပညတ်) တွေဝင်လာတာ (သညာ၊ သခ်ၤါရ) တွေကဝင်လာလို့ဖြစ်ရတာ (မှန်ပါ့)

ပဋိသန္ဓေ(ဝိညာဏ်)က သန္ဓေတည်ထဲကစရတဲ့ (ဝိညာဏ်)၊ အခုရနေတဲ့ (ဝိညာဏ်) က ပဝတ္တိ (ဝိညာဏ်) က- စက္ကန့်တိုင်းဖြစ်နေတဲ့ မသေခင်ဖြစ်နေတဲ့၊ ရနေတဲ့ (ဝိညာဏ်) ပေါ့။ ဒီ (ဝိညာဏ်) က (ပဋ္ဌ ဝိညာဏ်) ပေါ့၊ မနောရောက်တော့ (မနောဝိညာဏ်)၊ ကြုံစည်တွေး တောတဲ့ ဝိညာဏ်က (မနောဝိညာဏ်) ပေါ့။ ပေါင်းတော့ ၆ပါး (ဝိညာဏ်) ပေါ့။ ဒါကြောင့် လယ်တီဆရာတော်ဘုရားကြီးက (မနောဝိညာဏ်) ရောက်လာတဲ့

ဝိညာဏ် ၆ ဖြာ၊ သူ့ရှိန်ဝါကြောင့်
ငါ ငါ သူ သူ၊ လူပဲ၊ နတ်ပဲ၊ အထင်လွဲ၍
ငရဲအပါယ်အသွယ်သွယ်လျှင် ဝင့်နွယ်

ရှည်လျားဓမ္မမှာလည်း ၆ပါး ဝိညာဏ်
စွမ်းအင်တည်း လို့ရေးစပ်ခဲ့တယ် (မှန်ပါ့)
ကြောင်ပန်းဆရာတော်ဘုရားကြီး ရေးစပ်ခဲ့တာက မနောရောက်တဲ့
ဝိညာဏ် ၆ပါးကို ရေးခဲ့တယ်၊
၆ ပါး ဝိညာဏ်သိထင်မြင်နှင့်
သုံးအင်ကာမပြုသမျှကား
သမုဒယနှင့် ဒုက္ခသစ္စာ
ဖြစ်လေရာ၏တဲ့ (မှန်ပါ့)

၆ ပါး ဝိညာဏ်ဆိုတာ (မနော) ရောက်တဲ့စက္ခုဝိညာဏ်၊ သောတ ဝိညာဏ်၊ ဃနဝိညာဏ်၊ ဇိဝှဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ် စတဲ့ ၆ပါး (ဝိညာဏ်) ပဲပေါ့၊ ဒီ (ဝိညာဏ်) ၆ပါးနဲ့သိရင် (ရာဂ၊ ဒေါသ၊ မောဟ) တို့ ဒိဋ္ဌိတို့ဖြစ်ကုန်ပြီပေါ့ (မနော) ရောက်တဲ့ (ဝိညာဏ်) ဆိုရင် ဥပါဒါနက္ခန္ဓာဖြစ်ပြီး သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ ရပြီပေါ့ ဒကာကြီး (မှန်ပါ့)

(ဝိညာဏ်) ကိုအသက်ကောင်၊ လိပ်ပြာကောင်၊ အတ္တကောင် ထင်မှာစိုးလို့ (ဝိညာဏ်) ကိုမြဲတယ်လို့ယူမှာစိုးလို့ မနေ့ကလည်း ငါ့ (ဝိညာဏ်) ၊ ဒီနေ့လည်း ငါ့ (ဝိညာဏ်)၊ မနေ့ကရော ဒီနေ့မှာရော ငါ့ (ဝိညာဏ်) ရှိနေတာပဲဆိုပြီး (ဝိညာဏ်) ဟာတစ်ခုထဲရှိတယ်၊ မနေ့ ကလည်း ဒီ (ဝိညာဏ်)၊ အခုလည်း ဒီ(ဝိညာဏ်) ပဲ ငါ့ဝိညာဉ်က

ဆက်တယ်၊ မြဲတယ်လို့ ဒီလိုယူနေကြတယ်၊ ဒီလိုယူကြရင် (သသတ ဒိဋ္ဌ) ဖြစ်တယ်၊ (မှန်ပါ့)၊ မြတ်စွာဘုရားက (ဝိညာဏ်)၊ စိတ်ဆိုတာ ကိုယ်တွင်းမှာ ဝိညာဉ်ကောင်အသက်ကောင် လိပ်ပြာကောင်အနေနဲ့ ရှိနှင့်တာမဟုတ်ဘူး၊ ဘာမှမရှိဘူး၊ အဲ . . . အာရုံနဲ့ ဒွါရနဲ့ တွေ့တိုက် တော့မှ (အာရုံ) ၆ပါးမှာ ၆ပါး (ဝိညာဏ်) ဆိုတာ ဖြစ်လာတာ (မှန်ပါ့)

"ဒွိန္နံအယတနာနံသန္နိပါတံကိစ္စံ" လို့ အာယတန ၂ခု တွေ့တိုက်လို့ (ဝိညာဏ်) ဖြစ်တာ၊ မတွေ့လိုက်ရင် (ဝိညာဏ်) မဖြစ်ဘူး၊ (အာရုံ) မရှိရင်လည်း (ဝိညာဏ်) သိစိတ်မဖြစ်ဘူး၊ ဒီလို (သဿတ ဒိဋ္ဌ) မဖြစ်အောင် ဟောရတာပဲ (မှန်ပါ့ဘုရား)

(အာရုံ) နဲ့ (ဒွါရ) တို့ တွေ့တိုက်ပြီး တစ်အာရုံကနေ (နှစ်) အာရုံ (သုံး) အာရုံစသဖြင့် (အာရုံ) တွေ ဆက်ဆက်နေလို့ (ဝိညာဏ်) ကလည်း တစ်စိတ်ပြီး တစ်စိတ် တစ်အာရုံပြီး တစ်အာရုံ ရေလျှင်စီး သလို သန္ဓတိဆက်ဖြစ်နေတာ (အာရုံ) ကြောင့် (ဝိညာဏ်) စိတ်ဖြစ် လိုက် အနိစ္စ ရောက်ပြီး ပျက်သွားလိုက်၊ နောက်တစ် (အာရုံ) နဲ့ (ဝိညာဏ်) စိတ်တစ်ခု သန္ဓာတိဆက်တိုက်ဖြစ်နေတာကို မနေ့က လည်း ဒီ (ဝိညာဏ်) စိတ်၊ အခုလည်း ဒီ (ဝိညာဏ်) စိတ်လို့မထင်ကြနဲ့၊ ထင်ရင် (သသတဒိဋ္ဌ) ဖြစ်တယ် (မှန်ပါ့)၊ အာရုံတွေ (ဝိညာဏ်စိတ်) တွေက ရေဖွားလျှင်စီးသလို သန္ဓတိဆက် ဖြစ်နေတော့ ဝမ်းထဲမှာ

ဝိညာဉ်ကောင်ကြီးရှိတယ်၊ ဒီဝိညာဉ်ဟာ အသက်ကောင်လို့ မထင်ကြနဲ့ (မှန်ပါ့ဘုရား)

(ဝိညာဏ်) ဟာသိစိတ်ပဲ၊ အသက်ကောင် လိပ်ပြာကောင်၊ အတ္တကောင်မဟုတ်ဘူး၊ ဘုရားကအသက်နဲ့ ပါတ်သက်လို့ ဇီဝိတိန္ဒြေပဲဟောပါတယ် (မှန်ပါဘုရား)

(ဝိညာဏ်)က စိတ်(နာမ်)ခန္ဓာ(တစ်)ပါး၊ စေတသိက် (နာမ်)က နာမ်ခန္ဓာ (သုံး) ပါးပေါင်းတော့ (နာမ်) ခန္ဓာလေးပါး (ရုပ်)ကတစ်ပါးပေါင်းတော့ ခန္ဓာငါးပါး (ဝိညာဏ်၊ နာမ်၊ ရုပ်) သဘောသုံးခုရတယ်၊ ဒီသဘောသုံးခုထဲက စေတသိက် (နာမ်) က သူ့သဘောနဲ့ သူဖြစ်တော့ တစ်ခုချင်းရဲ့သဘောတွေကို (ဧကတ္ထလက္ခဏ) လို့ ခေါ်တယ် (မှန်ပါ့)

(ဝိညာဏ်၊ နာမ်၊ ရုပ်) သုံးခုမှာ (ပဋိသန္ဓေဝိညာဏ်) ဖြစ်တာက

အဝိဇ္ဇာ နုသယပရိက္ခတ္တောန
တဏှာနုသယမူလကေန
သခ်ီါ ရေန ဇနိယမာနံ
သမ္ဘယုတ္တောပရိက္ခယာမာနံ
တံကမ္မနိမိတ္တံ၊ ဂတိနိမိတ္တံ

သခ်ၤတံအာရမဏ် ဟောတိတဲ့

အဝိဇ္ဇာနုသယပရိက္ခတေန = ဆိုတာကလွန်လေပြီးသော ဘဝက (ရုပ်၊ နာမ်) မှန်းမသိအောင် (အာရုံ) ကို အသိမှားတဲ့ (အဝိဇ္ဇာ) ကအကြောင်းပဲ၊ အဲဒီ (အဝိဇ္ဇာ) ကခြုံရုံတယ်၊ တဏှာနုသယမူလကေန = ဖြစ်ချင်တဲ့တဏှာ၊ အနုသယကအရင်းခံလို့၊ သခ်ၤရေနဇနိယမာနံ = စေတနာဖြစ်တဲ့ စေ့ဆော်တဲ့ (သခ်ၤရ) က (ကံ) ဖြစ်စေတယ်၊ ဒါကြောင့် (အဝိဇ္ဇာ၊ သခ်ၤရ၊ တဏှာ၊ ဥပါဒါန်၊ ကံ) အတိတ်အကြောင်းအချင်းရာ ငါးပါးကြောင့် ဒီဘက်ဘဝရောက်လာရတာက (ဝိညာဏ်၊ နာမ်၊ ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ) ခန္ဓာငါးပါး အကျိုးဒုက္ခသစ္စာရတာပဲ (ဝိပါကဝဋ်ကြီး) ရလာရတာပဲ၊ အကြောင်းနဲ့အကျိုးပဲ၊ ပြုသူမရှိ၊ စံစားသူမရှိ၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါမှမရှိပဲ (ပဋိစ္စသမုပ္ပါဒ်) နားလည်ရင် (တရား) သဘောသိသူဖြစ်တဲ့အတွက် နားလည်မှာပါ (မှန်ပ့ါ)

မြင်၊ ကြား၊ နံ၊ စား၊ ထိတွေ့သိစတဲ့ ဒွါရ ၅ပေါက်မှာ ဖြစ်တဲ့ (ပဉ္စဝိညာဏ်) မှာ (ဝိညာဏ်) သိတာလေးကို (ပညတ်) မပါပဲ သိကာမတ္တ၊သိကာလေးမျှသိရမယ်၊ (ပညတ်) မပါရင် ဒီ (ဝိညာဏ်) အသိလေးဟာ (ပရမတ်) သိကလေးဖြစ်သွားတယ် (မှန်ပ့ါ) (ပရမတ်) သိက (ပညတ်) ဖြစ်တဲ့ (နာမ) တို့ (သန္တာန်) တို့ (ဒြပ်) တို့မပါဘူး၊ (မှန်ပ့ါ) ပါလာရင် (အဝိဇ္ဇာ)သိ ဖြစ်တော့ (အဝိဇ္ဇာ) ကြောင့် သခ်ၤရ၊

(သခ်ီရ) ကြောင့် လည်း (ဝိညာဏ်) ဖြစ်ရာမှာ (စေတသိက်) တွေပါလာတော့ မနောထိ ရောက်တော့ (မနောဝိညာဏ်) ဖြစ်တော့တာပေါ့ (မှန်ပါ့)

သိတာလေးမျှသိတာ (ဝိညာဏ်) သိ (ပရမတ်) သိပေါ့ ။ (အဝိဇ္ဇာ) (သညာ) နဲ့ သိတဲ့ (ဝိညာဏ်) ကျတော့ အသိမှား အမှတ်မှားသိတော့ (မနော ဝိညာဏ်) သိပေါ့။ (သညာ) သိနဲ့ စိတ်ကူးသိတဲ့ (မနောဝိညာဏ်) က (အဝိဇ္ဇာ) ကြောင့် ဖြစ်တဲ့အသိမှားပေါ့ (မှန်ပါ့) လိုချင်တော့လည်း တဏှာကြောင့်ဖြစ်တဲ့ (မနောဝိညာဏ်) စွဲလန်းလို့ဖြစ်တာက (ဥပါဒါန်) ကြောင့်ဖြစ်လာတဲ့ (မနောဝိညာဏ်) ပေါ့ (မှန်ပါ့)

ဒီလို (ဝိညာဏ်) ကိုနားလည်ရင် (ဓမ္မာနုပဿနာ) က (ဝိညာဏ်) ပေါ်တဲ့အခါ

ဣတိဝိညာဏ် = ဤဟာ (ဝိညာဏ်) လို့ဒီလိုသိရတယ်။

ဣတိဝိညာဏဿသမုဒယော = ဤဟာ (ဝိညာဏ်) ဖြစ်ကြောင်း

ဣတိဝိညာဏဿအတ္ထင်္ဂမော = ဤဟာ (ဝိညာဏ်) ချုပ်ကြောင်းလို့ ဒီလိုသိရတယ် (မှန်ပါ့)

(စိတ်) နာမ်တရား

စိတ်

(စိတ်) ဆိုတာ နဂိုလ်စိတ် (ဝိညာဏ်) မှာ (ပညတ်) တွေ ပါလာမှ (စိတ်) ဆိုတာဖြစ်လာရတာ၊ (ပညတ်) ကြောင့်မနော (စိတ်) ဖြစ်ရတာ (မှန်ပါ့) (ပညတ်) မပါရင် မနော (စိတ်) မဖြစ်ဘူး၊ (ပညတ်) မပါတော့ (စိတ်) မဖြစ်ရင်ဘာဖြစ်မလဲ၊ သိရုံပဲသိတဲ့ (ဝိညာဏ်) ပဲ ဖြစ်တယ်၊ (ဝိညာဏ်) ဟာ (ပညတ်) မပါသော (စိတ်) လို့လည်း ပြောလို့ရတယ် (မှန်ပါ့)၊ (စိတ်) ဆိုတာ (ဝိညာဏ်) ကို (သဒ္ဒါရ) က စုစည်းပေးမှလည်း မနော (စိတ်) ဖြစ်ရတယ် (မှန်ပါ့)

(စိတ်) က နဂိုလ်က (ဝိညာဏ်) ဖြစ်လို့ (ပညတ်) က မပါဘူး (ပညတ်) သိဝင်လာမှ စိတ်ဖြစ်ရတာ (မှန်ပါ့)၊ (ပညတ်) အာရုံတွေကလည်း ထွေပြားတယ်၊ ဆန်းကျယ်ကြတော့ မိမိသန္တာန်မှာကလည်း (အာရုံ) ယူတဲ့ဒွါရကလည်း (၆) ပေါက်တောင်ရှိတော့ ဒီ ၆ပေါက်က (ပညတ်) အာရုံတွေကိုပဲ လက်ခံနေကြတော့၊ (မနော) ထိရောက်တဲ့ နှလုံးရောက်တဲ့ (စိတ်) တွေက ထွေပြားပြီပေါ့ (မှန်ပါ့)

(ဝိညာဏ်) နဲ့ (စိတ်) ကိုကွဲအောင်ပြောရရင် (စိတ်) ဆိုတာ ဆန်းကျယ်တာကိုခေါ်တာ (သိ) တာကိုခေါ်တာမဟုတ်ဘူး (သိ) တာက (ဝိညာဏ်) သိရုံလေးပဲသိတာ၊ အပေါ်ယံသိကလေး ရိုးရိုးသိ

ဖြစ်တာ၊ (ဝိညာဏ်) ပဲ၊ အေး . . . (ပညတ်) တွေပါလာတော့ မရိုးနိုင်တော့ဘူး၊ ရိုးရိုးသိကနေ ဘာပဲ ညာပဲနဲ့ (သညာ) ကမ္မတ်ထားတဲ့ (ပညတ်) တွေနဲ့သိတော့ ဆန်းကျယ်စွာသိလာတော့ (စိတ်) ဖြစ်လာတာပေါ့ (မှန်ပါ့)

ဘာဆန်းကျယ်သလဲဆိုရင် မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ ထိတွေ့မှု၊ ကြုံတွေးမှုစတဲ့ (အာရုံ) တွေကဆန်းကျယ်တော့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်စိတ်မှာလာထိတွေ့တဲ့ (အာရုံ) တွေက ဆန်းကျယ်စွာဖြစ်လာတာကို (စိတ်) လို့ခေါ်တယ် (မှန်ပါ့)

ဆန်းကျယ်စွာဖြစ်လာတော့ မျက်စေ့၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်မှာဖြစ်တဲ့ ဝိညာဏ်က (မနော) ရောက်လာတော့တာပေါ့၊ (မနော) ရောက်အောင် စေတသိက် (သဒ္ဓါရ) ကစုစည်းပြီး (မနော) ရောက် အောင်ပို့ပေးတော့ (မနော) ရောက်တဲ့ (အာရုံ) တွေကဆန်းကျယ် တော့ သူ့ကို မနောဝိညာဏ် (မနောစိတ်) လို့ခေါ်ရတာပေါ့ (မှန်ပါ့)၊ မနောအာရုံထဲမှာ (ပညတ်) အာရုံကြောင့် (မနောစိတ်) ထဲမှာ (ရာဂ) တွေဖြစ်လာရင် အဲဒီ (စိတ်) ကို (သရာဂစိတ်တွဲ) ရာဂနှင့်တကွ ဖြစ်သော စိတ်၊ (မနောစိတ်) လို့ခေါ်တယ်၊ ဒေါသဖြစ်လာရင် (သဒေါသစိတ်တွဲ) ဒေါသနှင့်တကွ ဖြစ်သောစိတ် (မနောစိတ်) ခေါ်တယ်၊ (မောဟ) ဖြစ်လာရင် (သမောဟစိတ်တွဲ) မောဟစိတ်လို့ခေါ်တယ် (မှန်ပါ့)

ဒေါသစိတ်မဖြစ်ရင် (အဒေါသစိတ်)၊ မောဟစိတ်မဖြစ်ရင် (အမောဟစိတ်)လို့ ဒီလိုခေါ်တယ်၊ (ရာဂ၊ ဒေါသ၊ မောဟ) ကနေ လွတ်တဲ့စိတ်ဖြစ်ရင် (ဝိမုတ္တိစိတ်) လို့ခေါ်တယ်၊ လောဘ်စိတ်ကို (သဥတ္တရစိတ်) လောကုတ္တရာစိတ်က (အနုတ္တရစိတ်) လို့ခေါ်တယ် (မှန်ပါ့)

(စိတ်) မှာ (ပညတ်) ပါမှ (ရာဂ၊ ဒေါသ) ဖြစ်ရတာ (ပညတ်) မပါရင်မဖြစ်ဘူး (မှန်ပါ့) (ရာဂ၊ ဒေါသ၊ မောဟ) မဖြစ်တော့ (ငြိမ်း) တာပေါ့၊ အစဉ်ငြိမ်းတော့ (နိဗ္ဗာန်) ရတာပေါ့ (မှန်ပါ့) (စိတ်) မှာ နာမည်တွေ (သန္တာန်) တွေပါလာရင် (ပညတ်) ပါသောစိတ်လို့ သိရမယ်၊ (စိတ်) မှာနံမည်တွေသန္တာန်တွေမပါသေးပဲသိရင်၊ ပညတ် မပါသော စိတ်လို့သိရမယ် (မှန်ပါ့)

(ဥပမာ) ပန်းကိုမြင်တယ် ဆိုရင်မြင်သိတာက (ဝိညာဏ်) မြင်သိရုံပဲရှိသေးတယ် (မှန်ပါ့) ပန်းလို့မမြင်ပဲ ဒါကိုအဆင်း (ရုပ်) လို့မြင်ရင် (ပညာ) နဲ့ မြင်တာဖြစ်လို့ ပရမတ် (ရုပ်) အဆင်းကိုမြင်ကာ ပေါ့၊ ဒီလိုမြင်သိမှုလေးကို ဤဟာ (ဝိညာဏ်) လို့ပဲ မြင်သိတာပဲ [illegible]မတ္တာထားရင်(ဝိညာဏ်)ပဲရှိသေးတာပေါ့ (မှန်ပါ့)ပန်းလို့မယူပဲ အဆင်း(ရုပ်)ပဲယူယူမြင်သိတာပဲဆိုတဲ့ (ဝိညာဏ်) ပဲ ယူယူ (မြင်စိတ်) ပဲယူယူရတယ် အဲဒီအဆင့်မှာ (ပရမတ်) အမြင်ပဲဖြစ်သေးတယ် (မှန်ပါ့)

အဲဒီလိုမြင်တဲ့အဆင့်မှာ မြင်တာကို (ပန်း) လို့ နှလုံးသွင်းမိ ရင် (သညာ)ဝင်ပြီ။ (ပညတ်)ဝင်ပြီ၊ ဒီပန်းကအဝါရောင်ပါလား၊ ဂန္ဓမာပန်းပဲဆိုရင် (မနောစိတ်) ဖြစ်သွားပြီ၊ လှလိုက်တာ၊ လိုချင် လိုက်တာဆိုရင် (တဏှာ) ဖြစ်သွားပြီ၊ (မှန်ပါ့) မြင်ရမှာက အဆင်းရုပ်၊ ဣတိရူပံ = ဤဟာ (ရုပ်) လို့သိရင် (ပရမတ်) သိ၊ မြင်တယ်လို့သိရင် ဣတိဝိညာဏံ = ဤဟာ (ဝိညာဏ်) ပေါ့၊ (ဝိညာဏ်) သိ ပရမတ်သိ၊ ဣတိရူပံ၊ ဣတိဝိညာဏံလို့ (ဓမ္မာနုပဿနာ) သတိပဋ္ဌာန်က (ပညတ်) မရောက်အောင် ဒီလိုသိရတယ်၊ ဒါမှ (ပရမတ်) ဖြစ်ပြီး (မဂ္ဂင်) လမ်းပေါ်ရောက်တယ် (မှန်ပါ့)

ဤဟာ (ရုပ်) ဤဟာ (ဝိညာဏ်) လို့မသိပဲ (ဂန္ဓမာပန်း) လို့ သိရင်တော့ (စိတ်) ဖြစ်သွားပြီ၊ (ပညတ်)နဲ့သိလို့မြင်လို့ပေါ့ (မှန်ပါ့)၊ (ပညတ်) က နာမသန္တာန်ကိုး (မှန်ပါ့)၊ ဂန္ဓမာပန်းလို့သိရင်၊ နာမည်က= ဂန္ဓမာပန်း၊ သန္တာန်က = အဝါပွင့်ကြီးတွေဆိုတော့ (ပညတ်) ပါသော စိတ်ဖြစ်သွားပြီပေါ့ (မှန်ပါ့)၊ အဲဒီဂန္ဓမာပန်းကိုမှ လှလိုက်တာ၊ လိုချင် လိုက်တာလို့ တပ်မက်စိတ် ငြိကပ်သော စိတ်ဖြစ်လာရင် တဏှာ၊ ဥပါဒါန်ပေါ့ ငြိကပ်သောစိတ်က (သရာဂစိတ္တံ) ပေါ့၊ ပန်းဝယ်မလို့ မေးကြည့်တော့ (ဝဇိုကံ) ပေါ့၊ ပန်းသည်က ဒီပန်းကရောင်းပြီးသား ပြောတော့ ပန်းမရတော့ ဒေါမနဿဖြစ်ပြီး ဒေါသစိတ်ဝင်လာတော့ ဒါ (သဒေါသစိတ်) ပေါ့ (မှန်ပါ့)

ရူပါရုံပန်းက (ဥပါဒါရုပ်)၊ လူတွေအမှတ်အသားပြုပြီး အစွဲအလမ်းရှိလို့သူ့ကို (ဥပါဒါန်ရုပ်) လို့ခေါ်တယ် (မှန်ပါ့)၊ ရူပါရုံ = အဆင်း (ရုပ်) လို့မြင်တော့ (မြင်) စိတ်ဖြစ်တယ်၊ ကြားတော့ (ကြားစိတ်) ဖြစ် တယ်၊ နံတော့ (နံစိတ်) ဖြစ်တယ်၊ စားတော့ (စားစိတ်)၊ ထိတွေ့တော့ (ထိတွေ့စိတ်)၊ ကြံတာ၊ တွေးတာကြတော့ (ကြံတွေးစိတ်) စတဲ့စိတ် (၆)မျိုးဖြစ်ကြရတယ်၊ ဒီလိုဖြစ်တဲ့ (စိတ်) တွေမှာ (ပညတ်) မကပ်ပဲ (ပရမတ်) အမြင်ပဲ မြင်ရကြားရနံရတယ် (မှန်ပါ့)

စိတ်ကို (ပညတ်) ကပ်ရင် (ရာဂ၊ ဒေါသ၊ မောဟ) တွေဝင်မယ် (ပဋိစ္စသမုပ္ပါဒ်) ဆိုတဲ့ ခန္ဓာဖြစ်စဉ်၊ သဘာဝတရား၊ ဂွင်းဆက်ဖြစ်စဉ်တရားနဲ့ပြောရင် (စိတ်) ကို၊ (ပညတ်) ကပ်ရင် (အဝိဇ္ဇာ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကံ) ဘက်ရောက်တယ်၊ (ပညတ်) လို့သိတာနဲ့ (ဖဿ) က တွေ့တိုက်တော့ (သညာ) ကလည်းအမှတ်သညာကြီးနဲ့ ဘာဖြစ်တယ်၊ ညာဖြစ်တယ်၊ (ဝေဒနာ) ကလည်း အကောင်းအဆိုးခံစားတော့ ကြိုက်ရင်လောဘ၊ မကြိုက်ရင် ဒေါသ၊ အဲဒီကနေ တဏှာ ဥပါဒါန်၊ ကံဘက် ဇာတိ၊ ဇရာ၊ မရဏဘက်ရောက်တာပေါ့ (မှန်ပါ့) ဒါကြောင့် (စိတ်) ဆိုတာ (ပညတ်) မကပ်ရဘူး **"(ပညတ်) မကပ်ထို နာမ်ဓါတ်နိဗ္ဗာန်ရောက်ပြီမှတ်"** တဲ့၊ အဲဒါ (ဓမ္မပဒ) မှာ မြတ်စွာဘုရား စကျွတ်လွတ်မြောက်ရာဖြစ်ကြောင်းပြုဟောရာမှာပါတယ်

(မှန်ပါ့)

(စိတ်) ဖြစ်တာကိုသိတဲ့ (ပရမတ်)က(သခ်ၤာ)ပရမတ်(စိတ်) မဖြစ်တဲ့(ပရမတ်)က(အသခ်ၤာတ)(ပရမတ်)ပဲ၊(ပရမတ်)က နှစ်မျိုး ကွဲတယ်(မှန်ပါ့) စိတ်ဖြစ်တာကိုသိရတာက(သတိ)ရှိမှသိရတာ၊ မိမိ သန္တာန်မှာ (သတိ) ဖြစ်နေရင် (ပညတ်) စိတ်မဖြစ်တော့ဘူး (မှန်ပါ့)

(ပညတ်)မပါသော (စိတ်) က (ရာဂ၊ ဒေါသ၊ မောဟ) က နေလွတ်နေတော့ သူ့ကို (ဝိမုတ္တိစိတ်) လို့ခေါ်နိုင်တယ်၊ မြတ်စွာဘုရား က "အတ္ထိစိတ္တန္တိဝါပဏာသာ ပစ္စုပ္ပဒ္ဒိတံဟောတိ" တဲ့၊ ပစ္စုပ္ပန်တည့် တည့်ရှုနေတဲ့စိတ်ဟာ (ပရမတ်) စိတ်ဖြစ်နေတော့ (စိတ်) စစ်စစ် ဖြစ်နေတယ်တဲ့ (ရာဂ၊ ဒေါသ၊ မောဟ) တွေမပါသော (နဂိုလ်) စိတ် ဖြစ်နေတယ်၊ (ပညတ်) ပါမှ (အပို) စိတ်ဖြစ်ပြီး (ရာဂ၊ ဒေါသ၊ မောဟ) တွေဝင်လာတာပဲ (မှန်ပါ့)

(စိတ်) က မိန်းမ၊ ယောကျ်ား၊ ဓန္ဓ၊ ငွေ အစရှိတဲ့ (သန္တာန်) ကို အာရုံပြုလိုက်တာနဲ့ (စိတ်) သဘာဝပျက်သွားတယ် (ရာဂ) ဘက် ပါသွားတယ် (မှန်ပါ့) ဒေါသဖြစ်လိုက်တာနဲ့လည်း စိတ်သဘာဝပျက် သွားတယ်၊ ဒါကြောင့် (သတိ) ရှိမှ (ဉာဏ်)ရှိမှ (စိတ်) သဘာဝမပျက် အောင် (စိတ်) အတိုင်းထားနိုင်မှာဖြစ်တယ် (မှန်ပါ့)

"စိတ်ဆိုး စိတ်ညစ်ကိုယ့်ကြောင့်ဖြစ်ပယ်ပစ်သူတကာ" တဲ့၊

ကိုယ်စိတ်ဆိုးတာ ဘယ်သူ့ကြောင့် ဘယ်ဝါကြောင့်လို့ သူတကာကို အပြစ်မတင်ပါနဲ့၊ ကိုယ့်ကြောင့်ဖြစ်တာလို့ပဲ မှတ်ပါ၊ ကိုယ့်စိတ်မှာ (ပညတ်) လာကပ်လို့ဖြစ်ရတာ၊ အဲဒီ (ပညတ်) ဖြစ်တဲ့သူတကာကို မတွေးနဲ့ပါယ်ပစ်ရမယ် (မှန်ပါ့)၊ **"စိတ်ညစ်ပယ်ချိုး စိတ်မဆိုးရောက်ရိုး နိဗ္ဗာန်တာ"** တဲ့ ရှေးတုန်းက မကျည်းတောဆရာတော်ဘုရားကြီးစပ်ခဲ့တဲ့ လက်ာလေးပဲ (မှန်ပါ့)

(စိတ်) ဆိုတာ (ရာဂ၊ ဒေါသ) မဖြစ်ရင် (ပထမတန်း) ဖြစ်နေပြီ (အရိယာ)ထဲဝင်တော့မယ်၊ ကိုယ့်မှာမဆင်းရဲတော့ဘူး၊ စိတ်ဆိုး စိတ်ညစ်ဖြစ်နေရင် ဆင်းရဲနေရပြီပေါ့ (မှန်ပါ့)၊ စိတ်ဆိုး စိတ်ညစ် ဖြစ်တာ သူတကာကြောင့်ဆိုပြီး တွေးတွေးနေတာ တကယ်တော့ တကယ်ရှိနေတာမဟုတ်ဘူး၊ ရေထဲဒုတ်နဲ့အရုပ်ရေးသလိုပဲ၊ မျက်စိထဲ စိတ်ထဲကြတော့ အရုပ်ကြီး ကိုယ့်စိတ်ထဲလာထင်နေတာ၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ် သတ္တဝါဆိုတာ အဲဒီလိုထင်တာမျိုးပဲ၊ တကယ်တော့ ရှိတာမဟုတ်ဘူး၊ ကိုယ်စိတ်နဲ့ ယောကျ်ား မိန်းမအရုပ်တွေရေးနေတာ ပဲ (မှန်ပါ့)၊ ဒါကြောင့် (စိတ်) က သိပ်အရေးကြီးတယ် (မှန်ပါ့)

(စိတ်) ရှိသောလူ၊ (စိတ်) မရှိသောလူ၊ လူမရှိသော (စိတ်)လို့ စပ်ထားတယ် (မှန်ပါ့) (စိတ်) ရှိသောလူဆိုတာက (ပညတ်) နဲ့ ယှဉ်သော (စိတ်)ရှိတာကိုပြောတာ၊ စိတ်မရှိသောလူမှာ စိတ်မရှိတာ

က (Never mind, If you don't mind) ပေါ့။ စိတ်မရှိပါနဲ့ စိတ်မရှိဘူး ဆိုရင်၊ စိတ်မဆိုးပါနဲ့ပေါ့ (မှန်ပါ့) စိတ်မရှိရင် စိတ်မဆိုးရင် (အတွက်) မရှိဘူးပေါ့ (မှန်ပါ့)၊ (စိတ်) မရှိသောလူဆိုရင် လောကကိုမဖန်ဆင်း တော့ဘူး၊ လူမရှိသော (စိတ်) ဆိုတာက လူဆိုတဲ့ (ပညတ်) တွေ ပျောက်ပြီး (ပရမတ်စိတ်) ပဲရှိနေတော့တာပေါ့ (ပညတ်) မပါသော စိတ်ကိုပြောတာ၊ အရိယာစိတ်မျိုးပေါ့ (မှန်ပါ့)

နာမ်ခန္ဓာ ၄ပါးထဲမှာ စိတ်နဲ့အတူဖြစ်ပြီး စိတ်နဲ့အတူချုပ်တဲ့ (စေတသိက်ခန္ဓာ) သုံးပါးက (သညာ၊ ဝေဒနာ၊ စေတနာ) ကိုလည်း သိထားရမယ်၊ (သညာ) နဲ့ (ဝေဒနာ) ကသိပြီးသားဆိုတော့(စေတနာ) ကို ပြောမယ် (မှန်ပါ့) သခ်ၤါရေနဇနိယမာနံဆိုတာ (စေတနာ) ကို ပြောတာ၊ ဒီ(စေတနာ) လေးက စေ့ဆော်တယ် ဆော်သြတယ်၊ လုပ်ဟ၊ ပြောဟနဲ့ စေ့ဆော်တော့ တကယ်လုပ်မိတဲ့ ကံဖြစ်သွားတာပေါ့၊ ဒါကြောင့် မြတ်စွာဘုရားက စေဟနာဘိက္ခဝေ "ကမ္မဝဒါမိ" စေတနာ ဟာကံပဲလို့ဟောတာပေါ့ (မှန်ပါ့)

(စေတနာ) လေးဟာ စေ့ဆော်တဲ့ဆော်သြတဲ့ (နာမ်) သခ်ၤါရ ပဲ၊ စေ့ဆော်တဲ့ (စေတနာ) ကို စိတ်ကလေးနှူးညံ့သိမ်မွေ့နေတဲ့အခါ ကိုယ်ဟာကိုယ်သိလို့ရတယ် (မှန်ပါ့) အဲဒီစိတ် (စေတနာ) ကို ကိုယ့် ဟာ ကိုယ်သိပေးရတယ် ဒကာကြီး (မှန်ပါ့) ဥပမာ- သွားမယ်ဆိုရင် ပထမ စိတ္တံဥပ္ပဒ္ဓတိ သွားမယ်ဆိုတဲ့ (ဂိတ်) ကအရင်ဆုံးဖြစ်တယ်၊

(ဝါယော) ဓါတ်ကြောင့် မီးရထားစက်ခေါင်းကြီး စက်လည်ပြီး တွဲတွေ အများကြီးကို ဆွဲသွားနိုင်သလိုပဲ (မှန်ပါ့)

အခုခေတ် (Disiel Engine) ဒီဇယ်မီးရထားခေါင်းတွဲတွေ မှာဆိုရင် မီးစက် (Generator) ထားတော့ မီးအားနဲ့စက်ကိုတွန်းကန် လည်စေတဲ့ - (Electrical power transform into Machanical power) ဖြစ်တော့ ရုန်းကန်တဲ့စက်အား ပါဝါက ဝါယောသတ္တိနဲ့ တွဲတွေဆွဲပြီး သွားနိုင်သလိုပေါ့ (မှန်ပါ့)

စက်နှိုးတဲ့ ခလုပ်နှိပ်တာနဲ့တူတဲ့ (စေတနာ) စေတသိက်က လှုံ့ဆော်လို့ ရုန်းကန်အား၊ တွန်းကန်အား (pwoer) တွေဖြစ်စေတဲ့ (စိတ္တဇဝါယော) တွန်းကန်အားကြောင့် သွားလာလှုပ်ရှားမှုဖြစ်ရတာ ပေါ့၊ လေရှူထုတ်နေတာကလည်း (စိတ္တဇဝါယော) ပဲ၊ ဒီ (စိတ္တဇ ဝါယော) ဆိုတာ (စိတ်) ကဖြစ်တဲ့ (ဝါယော) ကြောင့် လေရှူထုတ်မှု၊ သွားလာလှုပ်ရှားမှုတွေ ဖြစ်ရတယ်၊ သွားလာနေထိုင်နိုင်ကြတဲ့အခါ မှာသွားရင် (အဝိဇ္ဇာ) သွား၊ ပုထုဇဉ်သွား တိရစ္ဆာန်သွား မသွားပဲနဲ့ (နိဗ္ဗာန်) ရောက်ချင်ရင်သွားချင်တဲ့ (စိတ်) ဖြစ်ရင်လည်း (သိ) ရတယ် (မှန်ပါ့) သွားတာလည်းသိပါတဲ့ (မှန်ပါ့)

ဂစ္ဆာမေတိ = သွားဟဲ့လို့

ပထမံစိတ္တံ = ပထမဦးစွာ ဖြစ်ပေါ်လာတဲ့ သမုဒယဓမ္မာ

နုပဿီဝါစိတ္တာသို့ စိတ်ကလေးဖြစ်လာတယ်၊ ဒီ စိတ်ကလေးဖြစ်ပြီး၊ ပျက်သွားတာလေးကိုအရင်ဆုံးသိရတယ် (မှန်ပါ့)၊ သွားမယ် (စိတ်) ဖြစ်ပြီးထလိုက်တော့ သွားမယ်စိတ်ရှိသေးလား (မရှိတော့ပါဘုရား)၊ အဲဒီမရှိတော့တာလေးကို သိပေးတာက (ဝယဓမ္မာသခ်ါရ) ပေါ့ (မှန်ပါ့) ဒါမှမြတ်စွာဘုရားပရိနိဗ္ဗာန်စံဝင်ခါနီး နောက်ဆုံးမှာကြားတဲ့ ဝယဓမ္မာ သခ်ါရ အပ္ပမာဒေနသမ္မာဒေထ ဖြစ်တော့တာပေါ့ (မှန်ပါ့)

(သခ်ါရ) စေတနာက မစေ့ဆော်လို့ သွားချင်တဲ့စိတ်၊ သွားမယ်ဆိုတဲ့ စိတ်မဖြစ်ရင် ရွှေ့ကိုမရွှေ့တော့ဘူး၊ သွားတဲ့ကာယကံကိုးမဖြစ်ဘူး ဒကာကြီး (မှန်ပါ့)

သွားချင်တာက = သုမဒယသစ္စာ

သွားရတာက = ဒုက္ခသစ္စာ

မသွားလို့မရွှေ့တာက = နိရောဓသစ္စာ

မသွားချင်တာက = မဂ္ဂသစ္စာရယ်လို့ သိရင် သစ္စာငါးပါး ကင်းတဲ့ တရားမရှိဘူးဆိုတာ နားလည်တာပေါ့ (မှန်ပါ့)

သွားဟာ၊ သွားဟာနဲ့ (စေတနာ) စေတသိက်က ဆော်သြလိုက်တော့ သွားချင်တယ်ဆိုတဲ့ (စိတ်) ဖြစ်လာတာက (သမုဒယ)၊ သွားမယ်ဆိုတဲ့ စေတနာ (ကံ) လေးကစလိုက်တဲ့ အချိန်ကစပြီး မီးရထားကြီး ဂျိုးဂျိုး ဂျက်ဂျက်၊ ဂျိုးဂျိုး ဂျက်ဂျက်နဲ့ အရှိန်တွေမြင့်ပြီးသွားနေသလိုပဲ သွားဟာ၊ သွားဟာနဲ့ (စေတနာ) စေတသိက်က

နှီးဆော်လိုက်တော့ သွားမယ်ဆိုတဲ့ (စိတ်) က စလိုက်တဲ့အရှိန်တွေဟာ သွားမယ် သွားမယ် သွားမယ်နဲ့ ရှေ့ပျက် နောက်ဆက် အစဉ်ဆက် မှတ်ကွဲ့ (သန္ဋာတိ) ဆိုသလို သွားမယ်ဆိုတဲ့ ဒီဇောအရှိန်တွေ ဒီ (သန္ဋာတိ) တွေဆက်နေလိုက်တာ အိမ်ပြန်ရောက် လို့ထိုင်တော့မှပဲ ရပ်တော့တာ ဒကာကြီးရဲ့ (မှန်ပါ့)၊ သွားရောက်တဲ့ နေရာကနေ ပြန်လာပြီး ကိုယ်အိမ်ရောက်သည်အထိ ဒီသွားမယ်ဆိုတဲ့ စိတ်တွေက ရှိနေတာ (မှန်ပါ့)၊ အိမ်ပြန်ရောက်လို့ ထိုင်မှပဲ ဒီ (သမုဒယ) စိတ်နဲ့ (ဒုက္ခ) ကပျောက်တော့တယ် ဒကာကြီး (မှန်ပါ့ဘုရား)

ဟိုနားသွားမယ်ဆိုတဲ့ (စိတ်) မရှိရင် (စေတနာ) စေတသိက် ကမဆော်သြရင် ဟိုနားကိုရွေ့ကိုမရွေ့ဘူး ဒကာကြီးရ (မှန်ပါ့) (စိတ်) က (လောက) ကို ဖန်ဆင်းနေတယ်ဆိုတာ အရင်ဆုံးပြောပြတာပဲ (မှန်ပါဘုရား)

တစ်နေရာက တစ်နေရာကိုရွေ့တယ်ဆိုတဲ့ (ပရမတ်) မရှိဘူး (ပရမတ်) က ဒီနေရာဖြစ်၊ ဒီနေရာပျက်ပဲ၊ အဲဒီသွားချင်တယ်၊ သွားမယ်ဆိုတဲ့ (သမုဒယ)သန္ဋာတိတွေကမျှားလို့ အရှိန်တွေကဆက်နေလို့ (ပညတ်) အာရုံတွေနဲ့ ရွေ့နေတာပေါ့ (မှန်ပါ့)၊ ဒီလို (ပညတ်) အာရုံတွေနဲ့ ရွေ့နေတော့ (ပရမတ်) ဘယ်ရှိတော့မှာလဲ (မှန်ပါ့)၊ သမုဒယ မပါတဲ့ (ပရမတ်) ဖြစ်ရင် "တေသံဝူပသမော သုခေါ" ပေါ့၊ ဒီနေရာမှာ ဖြစ်၊ ဒီနေရာမှာပဲပျက်ပြီး သမုဒယ → ဒုက္ခ၊ သမုဒယ → ဒုက္ခတွေ

မဆက်ပဲနဲ့ ဒီနေရာမှာပဲ (ငြိမ်း) တော့တာပေါ့ (မှန်ပါ့)

ဒါဟာ ကိုယ်နေထိုင်တဲ့ဘဝမှာ သစ္စာငှပါးသိပြီး အရိယာဖြစ်အောင်နေထိုင်တတ်ဖို့သွားမှုလေးကို (သာ်ဓက)ထားပြီး (ဓမ္မသဘာဝ) ဆိုက်အောင်ပြောတာ (မှန်ပါ့) သစ္စာ ငှပါးကကင်းတဲ့တရားမရှိတော့ ကျန်တဲ့နေရာမှာလည်း ဒီလို (သစ္စာငှပါး) အသိနဲ့နေတတ်ရင် (ငြိမ်း) အေးတဲ့ (နိဗ္ဗာန်) ရောက်ပြီပေါ့ (မှန်ပါ့)

မျက်စိမှာဖြစ်တဲ့ စက္ခုဝိညာဏ် (မြင်စိတ်) ကလေးသိရုံသာသိတဲ့ စိတ်ကလေး အပေါ်ယံသာသိသေးတဲ့ စိတ်ကလေးက (မနောဝိညာဏ်) ကိုရောက်သွားတာက (စေတသိက်) ထဲက (ဖဿ) တို့ (သညာ) တို့ (စေတနာ) တို့ပါလာတော့ (မနောဝိညာဏ်) ဖြစ်တာပေါ့။ (သတ္တဝါ) တို့ရဲ့ စိတ်ကနှစ်စိတ်နဲ့ အသက်မရှင်ဘူး၊ နှစ်စိတ်ပြိုင်မဖြစ်ဘူး၊ စက္ခုဝိညာဏ်စိတ်ရှိတုန်းက ဒီစက္ခုဝိညာဏ်နဲ့ အသက်ရှင်တယ်၊ ဒီ စက္ခုဝိညာဏ်ချုပ်သွားမှ မနောဝိညာဏ်စိတ်ရောက်သွားပြီး (မနောဝိညာဏ်) နဲ့အသက်ရှင်တယ် (မှန်ပါ့)

စက္ခုဝိညာဏ်အတိုင်းပဲ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ စတဲ့ ဒွါရ (၅) ပေါက်ကဖြစ်တဲ့ ပဉ္စဒွါရဝဇ္ဇန်းစိတ်ကနေ - မနောဒွါရဝဇ္ဇန်းစိတ်တွေကို ရေစီးတဲ့ရေအလျင်လိုပဲ (စိတ်) တွေဆက်ဆက်ဖြစ်ပြီး (စိတ်) အမျိုးမျိုးပြောင်းပြောင်းသွားတာ မသိကြဘူး၊ (စိတ်)

တွေကမြစ်ရေစီးသလို (သန္တာတိ) ရှေ့နောက်ဆက်တာ မြန်နေကြလို့ပဲ (မှန်ပါ့)

အဲဒီတော့ (သန္တာတိ) ဆက်ပုံကိုသိချင်ရင် စိတ်ကမြန်တယ်၊ မြစ်ရေစီးသလိုပေါ့ (အနိုပ္ပတ္တေနနဇာတော) တဲ့ (မှန်ပါ့) ဖြစ်တဲ့စိတ်ဟာ အတိတ်အနာဂါတ်တို့နဲ့ ဖြစ်နေတာမဟုတ်ဘူး၊ ဖြစ်ဆဲလည်းမဟုတ်သော၊ အတိတ်အနာဂါတ်စိတ်ဖြင့် နဇာတော = ဖြစ်နေသည်မဟုတ်တဲ့ (မှန်ပါ့)၊ အဲဒါကို ထောက်ရှုပြီးတော့ မျက်စိမြင်ပြီး နားကြားတာက တစ်စိတ်ပြီးတစ်စိတ်ဖြစ်တာ၊ မြင်တုန်းက မြင်တဲ့စိတ်နဲ့ အသက်ရှင်တယ်၊ ကြားတော့ကြားတဲ့စိတ်နဲ့ အသက်ရှင်တယ်၊ ပစ္စုပ္ပန္နေနဇီဝတိ = ပစ္စုပ္ပန်နဲ့အသက်ရှင်တယ်၊ (သန္တာတိ) ဆက်နေတော့ တစ်ပြိုင်တည်းလို့ အောင်းမေ့ရအောင် (စိတ်) ကအလွန်မြန်တယ် (မှန်ပါ့)

အဲဒီ (စိတ်) ဖြစ်တာသိချင်ရင်၊ မြင်စိတ်ဖြစ်နေရင် တကိုယ်လုံးအသေထားရတယ်၊ ကြားရင်လည်းကြားတဲ့ (စိတ်)မှာထား၊ တစ်ကိုယ်လုံးအသေထား (မနော) ကိုမရောက်ဘူး၊ ဒါပိုင်းခြားတာပဲ (မှန်ပါ့)၊ ကြားပြီးမှ မြင်ပြီးမှနှလုံး (မနော) ကိုရောက်လာတာပါ (မှန်ပါ့) မနောရောက်သွားတော့ (မနော) က အရှင် (နား)က အသေဖြစ်သွားတယ် (မှန်ပါ့)၊ မြင်တာကို မြင်တယ်လို့ ပဇာနာတိ = ပညာနဲ့သတိညာဏ်နဲ့ ယှဉ်သိရင် ကြားတာကိုကြားတယ်လို့ ပဇာနာတိ =

ပညာနဲ့ သတိနဲ့ ညာဏ်နဲ့ ယှဉ်သိရင် ဒီလို (သတိပဋ္ဌာန်) အလေ့အကျင့်ရှိနေရင် (မနောနှလုံး) ကို မရောက်တော့ဘူး၊ (ဖဿ၊ ဝေဒနာ၊ သညာ) ဆိုတဲ့ နာမ်ခန္ဓာ ၃ပါးစေတသိက် မရောက်တော့ (သဒ္ဒါရ) မဖြစ်တော့ (ရာဂ၊ ဒေါသ၊ မောဟ) ကနေ လွတ်နေတော့ (မဂ္ဂင်) လမ်းပေါ်ရောက်ပြီး (ပရမတ်) ဆိုက်တော့ (နိဗ္ဗာန်) ရောက်တာပေါ့၊ ဒါကို (ဒိဋ္ဌေ၊ ဒိဋ္ဌ မတ္တံ) ကျင့်စဉ် လို့ပြောလည်း ရတာပေါ့ ဒကာကြီး (မှန်ပါဘုရား)

မြင်တာ၊ ကြားတာကို (ပဇာနာတိ) ဖြစ်တဲ့ (ညာဏ်) နဲ့မယှဉ်တော့ လောကီ (ကိလေသာ) ဘက်ရောက်တာပေါ့၊ လောကီကိုအာရုံပြုနေရင် (ညာဏ်) ယှဉ်တဲ့ သမ္မယုတ်တစ်ခုမှမဖြစ်ဘူး၊ ညာဏ်မယှဉ်တဲ့ ဝိပ္ပယုတ်ဖြစ်နေကြလို့ ကြားကာ မတ္တကို မသိနိုင်ကြဘူး၊ ညာဏ်ယှဉ်ရင် ကြားရင် ကြားကာမတ္တသိတယ်၊ မြင်ရင်မြင်ကာ မတ္တ သိတယ်၊ (မနော) မရောက်ဘူး၊ နားတို့ မျက်စိတို့မှာပဲ ဒီ (စိတ်အာရုံ) ဟာ အနိစ္စရောက်သွားတာပဲ (မှန်ပါ)၊ ဒီလိုသိနိုင်အောင် သတိတို့ ဝီရိယတို့ သမ္မဇ္ဈညာဏ်တို့နဲ့ ယှဉ်ပြီးထားနိုင်မှသိတာ၊ (သတိသမ္မဇ္ဈဉ်)တို့ သတိကရတဲ့ သမာဓိတို့မပါပဲ (နိဗ္ဗာန်)မရောက်နိုင်ဘူး (မှန်ပါ)

ဒီလို (သတိသမ္မဇ္ဈညာဏ်) ကလေးနဲ့ နားကကြားရင် တစ်ကိုယ်လုံးအသေထား မျက်စိကမြင်ရင်လည်း တစ်ကိုယ်လုံးအသေထားပြီး (အာရုံ) ကို (အာရုံ) အတိုင်းထားပြီး ညာဏ်နဲ့ရှုတော

မနောမရောက် တော့ပဲ မြင်ကာမတွေ = ဒိဋ္ဌေ ဒိဋ္ဌမတ္တံ၊ ကြားကာမတွေ = သုတ္တေသောတ မတ္တံ၊ ပန္ဒိတော = ပညာရှိသည် ဒိဋ္ဌေ = မြင်မြင်းအစ ရှိသည်တို့၌ နလဗ္ဘတိ = မငြိကပ်တဲ့၊ ဒါပညာရှိကို ဟောနေတာနော် (မှန်ပါ့)

သတိ၊ သမ္ပဇဉ်ဆိုတာသတိနဲ့ ပညာပါတာပေါ့ (မှန်ပါ့) (သတိ) ကလေးနဲ့ (ဉာဏ်) ကလေးနဲ့ (ပညာ) သိကလေးထည့်ပြီး (ပညတ်) မဝင်ရအောင် (မနော) မရောက်အောင် (သတိ) လေးက ကြားရင် ကြားတယ်လို့၊ ကြားတဲ့စိတ်ကိုပဲသိလိုက်ရင် ကြားတာကမရှိတော့ဘူး၊ သိလိုက်တဲ့ အသိ (ဉာဏ်) က (မဂ်) ပဲရှိတော့တယ် (မှန်ပါ့)၊ ဒီ (မဂ်) က ရှုဉာဏ်တရားငါးပါးလုံးပါတဲ့ ပဉ္စဂ်ိုကမဂ်၊ ပုဗ္ဗဘာဂမဂ် = ရှေးဦး ဖြစ်တဲ့မဂ်လို့လည်း ခေါ်တာပေါ့ (မှန်ပါ့)

စိတ္တပပဉ္စာမတောလောကော၊ လောကော = သတ္တလောက ကြီးသည် စိတ္တပဉ္စာ = စိတ်ပျက်သွားသည်၊ ရှေ့စိတ်ပျက်သွားပြီးနောက် စိတ်မလာသည်ရှိသော် မတော = သေသည်မည်၏ကဲ့ (မှန်ပါ့) (ဥပမာ)နားကကြားရင် ကြားစိတ်နဲ့ အသက်ရှင်တယ်၊ နောက်ထပ် အစားထိုးစိတ်တစ်ခုခုမလာတော့ရင် စိတ်ပျက်တယ်၊ သေတယ်လို့ ခေါ်တယ် (မှန်ပါ့)

(စိတ္တာနုပဿနာ) မှာလည်း စိတ်ကို (ဖြစ်ပျက်) ရှုဆိုတာ

ကလည်း အဲဒီလို (စိတ်) အသေကိုရှုရတယ် (စိတ်) ကလေး (မရှိ) တော့တာကို ရှုရတယ် (၁) စိတ်ကလေးကို (၂) စိတ်ဖြစ်တဲ့ သတိထားတဲ့ဉာဏ်နဲ့ ပညာနဲ့ရှုလိုက်တော့ (၂) စိတ်က (မဂ်) စိတ်ဖြစ်သွားတယ် (၁) စိတ်ကို (၂) စိတ်နဲ့ ရှုလိုက်တော့ (၁) စိတ်ကသေပြီး (၂) စိတ်ဖြစ်တဲ့ မဂ်စိတ်နဲ့ပဲအသက်ရှင်တော့တယ်၊ ဒီအတိုင်းပဲ နောက်တစ်စိတ်ဖြစ် (သတိ) ကလေး (ဉာဏ်) ကလေးပါတဲ့ (မဂ်စိတ်) နဲ့ရှုလိုက်တော့ မဂ်စိတ် (ပရမတ်) တွေနဲ့ နေထိုင်သလိုဖြစ်နေတော့တာပေါ့၊ ဖြစ်ပေါ် လာတဲ့ (၁) စိတ်ကလေးရဲ့ (အနိစ္စ) ကိုလည်း သိတယ် ရှုတဲ့ဉာဏ် စိတ်က (မဂ်စိတ်) ဖြစ်နေတော့ (ပရမတ်) စိတ်ဖြစ်ပြီး (မဂ္ဂင်) လမ်းပေါ်ရောက်နေတာပေါ့ လို့မိုးကုတ်ဆရာတော်ဘုရားကြီးဟောတာပေါ့ (မှန်ပ့ါ)

ပဉ္စဒ္ဒါရမှာဖြစ်တဲ့ ပဉ္စဝိညာဏ်စိတ်မှာပဲ (သိပျက်) ရှုတော့ (မနော) မရောက်ပဲ (ဉာဏ်) တွေ (မဂ်) တွေချည်းဖြစ်နေတာပေါ့ (မှန်ပ့ါ)

လောကအဆုံးတရား

မြတ်စွာဘုရားလက်ထက်က လောကအဆုံး၊ စကြဝဠာအဆုံးကို ဈာန်တန်ခိုးနဲ့လိုက်ရှာနေတဲ့ ဈာန်ရ ရသေ့တစ်ပါးလောကအဆုံးကိုမတွေ့ပဲ စကြဝဠာလမ်းခုလပ်မှာပဲ သေသွားလို့ နတ်ပြည်မှာ

လောဟိတနတ်သားရယ်လို့ဖြစ်တယ်၊ လောဟိတနတ်သားက မြတ်စွာဘုရားထံလာရောက်ဖူးမြော်ပြီး "အရှင်ဘုရား လောကအဆုံးကို စျာန်နဲ့ရထားနဲ့သွားလို့ ရောက်နိုင်ပါသလား ဘုရားလို့ လျှောက်ထားမေးမြန်းတယ် (မှန်ပါ့)

မြတ်စွာဘုရားက သတ္တဝါအနွှံရှိသလို စကြ်ာဝဠာကလည်း အနန္တစကြ်ာဝဠာပဲ မရေတွက်နိုင်လောက်အောင် များတယ်တဲ့၊ စျာန်နဲ့လည်းသွားလို့အဆုံးကိုမရောက်နိုင်ဘူး၊ ရထားနဲ့သွားလည်း မရောက်နိုင်ဘူးတဲ့၊ စကြ်ာဝဠာအဆုံးကို လိုက်လို့လည်း အကျိုးမရှိနိုင်ဘူးတဲ့၊ တကယ်တော့ လောကကြီးဆိုတာ (စိတ်) က ဖန်ဆင်းတာပဲ (လောက) ဆိုတာ (ပရမတ္ထ) သဘောအနေနဲ့ (ဖြစ်ပျက်) ပဲ၊ စိတ်ဆိုတဲ့ ဆန်းကျယ်မှုက ဖန်ဆင်းထားတော့ လောကဖြစ်နေတာ လောကဆိုတာ ဒီ (စိတ်) ပဲ၊ (လောက) အဆုံးကလည်း ဒီ (စိတ်) မရှိတော့တဲ့အခါ ဒီ လောကကြီး၊ ဟိုလောကကြီးလည်းမရှိတော့ဘူး၊ လောကအဆုံးရောက်တာပဲလို့ ဟောပြတယ် (မှန်ပါ့) မြတ်စွာဘုရားက ဘယ်လိုဟောသလဲဆိုရင် -

သမာနကေ = (စိတ်ရှိသော)

သ သညာမိ = (သညာ) ရှိသော

ကမသ္မိံယေဝကလေဝရေ = ဤခန္ဓာကိုယ်ကြီး၌သာလျှင်

လောကဉ္စ = လောကကိုလည်းကောင်း

လောကသမုဒယဉ္စ = လောကဖြစ်ကြောင်းကို
လည်းကောင်း

လောကနိရောဓဉ္စ = လောကချုပ်ကြောင်းကို
လည်းကောင်း

လောကနိရောဓဂါမိနိ ပဋိပဒဉ္စ = လောကချုပ်ကြောင်းအကျင့်ကို
လည်းကောင်း

အဟံ(ဘုရားရှင်)သည် ပညာပေမိ = ပညတ်တော်မူ၏တဲ့၊ အဲဒီလို
မြတ်စွာဘုရားကဟောတယ်
(မှန်ပါ့)

လောကဆိုတာ (စိတ်) ကဖန်ဆင်းတာပဲ၊ **"စိတ္တောနိယတိ လောကော"**တဲ့ စိတ်ကကြီးကျယ်အောင်လည်း ဖန်ဆင်းတာပဲ၊ သာယာချမ်းမြေ့တဲ့လောကဖြစ်အောင်လည်း (စိတ်) က ဖန်ဆင်းတာပဲ၊ သာယာတော့ချမ်းသာတော့ (သုခ) ချမ်းသာတာတွေ့တာပေါ့၊ မသာယာအောင် မချမ်းမြေ့အောင်လည်း (စိတ်) ကပဲဖန်ဆင်းတာပဲ၊ မသာယာတော့ ဆင်းရဲတာပေါ့၊ ဆင်းရဲတော့ (ဒုက္ခ) ပေါ့ (မှန်ပါ့)

သမာနကေ = သ+မန = မန=စိတ်၊ စိတ်အသိနှင့်တကွ
ဖြစ်သော (စိတ်) ရှိသော

သ သညာမိ = အမှတ် (သညာ) ရှိသော

ဣ မသ္မိံယေဝ = ဤခန္ဓာကိုယ်ကောင်ကြီး၌သာလျှင်(စိတ်)

ရှိသော(သည်)ရှိသော၌ခန္ဓာကိုယ်ကြီး၌

လောကဿ = လောကကြီးကိုလည်းကောင်းတဲ့၊ လောက ကြီးက ဒီလောက ဟိုလောကဆိုတဲ့ (၃၁) ဘုံလောကကြီးကို ဟောတာ (မှန်ပါ့)

၌ခန္ဓာကိုယ်ကောင်ကြီးမှာ (စိတ်) မရှိရင် လူသေကောင်ပဲ ဖြစ်မှာပေါ့ (မှန်ပါ့) စိတ်ရှိလို့သွားတယ်၊ လာတယ်၊ စားတယ်၊ သောက်တယ်၊ လူသေကောင် ထမင်းစားပါ့မလား (မစားပါဘုရား)၊ အဲဒါ (စိတ်) မရှိလို့၊ စားချင်စိတ်မရှိလို့ (မှန်ပါ့) လူသေတယ်ဆိုတာ (စိတ်) ခန္ဓာပျက်မှ သေတယ်လို့ပြောတာ၊ သတိလစ်ပြီး မေ့မျောနေရင် အသက်ရှူသေးတယ်၊ အသက်ရှူတာ စိတ္တဇဝါယောကြောင့် ရှူတာ (စိတ်) ရှိလို့

သ မာနကေ = စိတ်ရှိသောဖြစ်လို့၊ စိတ်ရှိသောခန္ဓာကိုယ်ကြီး ဖြစ်လို့

သ သညာမိ = သညာရှိသောခန္ဓာကိုယ်ကြီးဖြစ်လို့၊ (သညာ) ကလောက ရဲ့ (သညာ) လောကီ (သညာ)၊ လောကုတ္တရာ (သညာ) ပေါ့ (မှန်ပါ့)

(စိတ်) က ခန္ဓာကိုယ်ကြီးမှာလည်း (စိတ်) ရှိတာပဲ (စိတ်) က (ဝိညာဏ်)နဲ့လည်း (စိတ်) ရှိတာပဲ (ဝေဒနာ) နဲ့လည်း (စိတ်) ရှိတာပဲ၊ (သညာ) နဲ့လည်း (စိတ်) ရှိတာပဲ (သင်္ခါရ) နဲ့လည်း (စိတ်)

ရှိတာပဲ၊ (ခန္ဓာ) တွင်းမှာလည်း ကြံတွေးတဲ့ (စိတ်) ဖြစ်ဖြစ်နေတော့ (စိတ်) ရှိတာပဲ၊ အပြင်ဘက်မှာဆိုလည်း (သညာ)နဲ့လည်း စိတ်ရှိတာပဲ (မှန်ပါ့)

ဒါကြောင့် လောကကြီးဆိုတာ သမာနကေက္ကမသို့ ယေဝကဉ္ဇေဝယေတဲ့ လောကကြီးဆိုတာ (စိတ်) ရှိသော့ဂျ်ခန္ဓာကိုယ်ကြီးက စတာပဲတဲ့ (သဋ္ဌာယတန) ကစတယ်လို့ပြောလည်းရတယ်၊ သမုဒယ (ဖြစ်ကြောင်း) က စတာဆိုလည်းရတာပဲ၊ ဒီ (စိတ်) ရှိသောခန္ဓာကိုယ်ကြီးက လောကကြီးစပြီး၊ ဒီ (စိတ်) ရှိသောခန္ဓာကိုယ်ကြီးမှာပဲ လောကကြီးချုပ်ပါတယ်တဲ့ (မှန်ပါ့)

လောကဆိုတဲ့ (စိတ်) ရှိတဲ့ ဒီခန္ဓာကိုယ်ကြီးက ဒုက္ခတွေအမှန်ဖြစ်နေတာမို့ ဒုက္ခသစ္စာပေါ့ (မှန်ပါ့)၊ ဒုက္ခသမုဒယဆိုတဲ့ ဒုက္ခဖြစ်ကြောင်းကလည်း ဒီ (စိတ်) ရှိသော ခန္ဓာကိုယ်ကြီးဆိုတော့ (ဒီစိတ် ဒီခန္ဓာ) မှာပဲဖြစ်ပြီး ဒုက္ခနိရောဓလည်း ဒီစိတ်ဒီခန္ဓာကိုယ်ကြီးမှာပဲ ဒုက္ခချုပ်ငြိမ်းပါတယ်တဲ့ (မှန်ပါ့)၊ ဒါကြောင့် (လောကကြီး) ဆိုတာလည်း ဖြစ်တာနဲ့ပျက်တာပဲရှိတဲ့ (ဖြစ်ပျက်) လောကပါပဲ (မှန်ပါ့) သတ္တလောက လည်းဖြစ်ပျက်၊ သခ်ါရလောကလည်း ဖြစ်ပျက်၊ သြကာသလောက လည်းဖြစ်ပျက်ပဲ (မှန်ပါ့)

(ဥပမာ) ဒကာကြီးသားလေး ဘယ်ရောက်နေပါလိမ့်ဆိုတာ

(သမုဒယ)ဖြစ်ကြောင်းက ဘယ်ကစသလဲ၊ ဒီစိတ် ဒီခန္ဓာကိုယ်ကြီးက (မနော) စိတ်ကပဲစတာပဲ၊ ငါ့မိန်းမ ရောဂါဘယ်လိုနေပါလိမ့်ဆိုတာ ကလည်း ဣမသ္မိံယေဝ = ဒီခန္ဓာကိုယ်ကြီးကစတာပဲ (မှန်ပါ့) စိတ်က ကိုယ့်လောကကို ကိုယ်ဖန်ဆင်းလိုက်တာပဲ၊ သားတို့ မိန်းမတို့ ဆိုတာက အပြင်ဘက်က (သညာ) လေ၊ သသညာမိ = သညာရှိသောပေါ့ (မှန်ပါ့)

သားကလေး ကားတိုက်သွားတယ်ဆိုရင် ဘယ်ကစသလဲ၊ ကြားတဲ့ (စိတ်) ဤခန္ဓာကိုယ်ကြီးကစတာပဲ (မှန်ပါ့) မြင်ရင်လည်း မြင်စိတ်ကစတာပဲ၊ နံရင်လည်း နံစိတ်ကစတာပဲ၊ စိတ် ၆ပါးက စတာပေါ့ (မှန်ပါ့) သားကလေး ကားတိုက်တယ်လို့ ကြားရင်ကြားစိတ်က ကိုယ့်လောကကြီးကို ယူကြုံးမရ အပူလုံးကြွတဲ့ မသာယာတဲ့လောကကို ဖန်ဆင်းပြန်ရော၊ သားကလေးစာမေးပွဲအောင်တယ်ကြားတဲ့ အခါ သာယာတဲ့ လောကကို ကိုယ့် (စိတ်) ကစပြန်တာပဲ (မှန်ပါ့) သားဆိုတော့(သညာ)ရှိတော့(သညာ)ကသားကလေးဆိုတဲ့(အာရုံ)ဖြစ်သွားတာပေါ့၊ အဲဒါသသညာမိ (သညာ) အမှားပေါ့၊ အမှတ်မှားပဲပေါ့ (မှန်ပါ့)

သမာနကေ = စိတ်ရှိသောဆိုတာ (ပညတ်) ပါသောစိတ်တွေ ဖြစ်နေကြလို့ပဲ (မှန်ပါ့) စိတ်ရှိရင် ရယ်ချင်၊ (စိတ်) ရှိလို့ငိုချင်၊ (စိတ်) ရှိလို့ တပ်မက်ချင်၊ (စိတ်) ရှိလို့ ဟိုဟာလိုချင် ဒီဟာလိုချင်ဖြစ်ရှု

(စိတ်) ရှိလို့ ဒေါသထွက်တယ်၊ စိတ်ရှိလို့ရန်ငြိုးဖွဲ့တယ်၊ စိတ်ရှိလို့ စွဲလန်းတယ်၊ စိတ်ရှိလို့အသဲကွဲတယ်၊ စတာတွေဟာ ပြောလို့မကုန်နိုင် ပါဘူး၊ (စိတ်)ရှိလို့ ကိုယ့်လောကကို ကိုယ်ဖန်ဆင်းတာပေါ့ စိတ်ရှိလို့ (ရာဂ၊ ဒေါသ၊ မောဟ) တွေဖြစ်တာပဲပေါ့ (မှန်ပါ့)

စိတ်မှာ (ပညတ်) မပါသောမူလစိတ် (ပရမတ်စိတ်) ကိုသာ သိနေရင်ဘာမှမဖြစ်တော့ဘူး ဒကာကြီး (မှန်ပါဘုရား)၊ လောကဆွေ-လောကကြီးလည်းမဖြစ်တော့ဘူး လောကအဆုံးရောက်တော့မှာပေါ့ (ငြိမ်း)သွားပြီပေါ့ ဒကာကြီး (မှန်ပါ့)

(ပရမတ်စိတ်) က ပစ္စုပ္ပန်တည့်တည့် သဘာဝခါတ်ကလေး ပဲ (ပညတ်) မပါဘူး (ပညတ်) မပါသောစိတ်ပေါ့ (မှန်ပါ့)၊ (ပညတ်) ပါသော (စိတ်) ကသမုတိသစ္စာ၊ လောကသစ္စာ၊ ကိုယ့်လောကကို ကိုယ်ပဲဖန်ဆင်းနေကြတဲ့ အရူးတွေလိုပေါ့၊ ဒါကြောင့် မြတ်စွာဘုရား က ပုထုဇနောဉမွတကောလို့ ပြောတာပေါ့ (မှန်ပါ့) ပုထုဇဉ်တွေက (ပညတ်) ပါသောစိတ်တွေနဲ့ (ပညတ်) လောကကြီးကို ဖန်ဆင်းပြီး ရူးနေကြတယ်ဆိုရင် မမှားဘူးပေါ့ (မှန်ပါ့)၊ ပုထုဇဉ်တွေက (ပညတ်) ပါသော (စိတ်) ဆိုတော့ (စိတ်အတူ) နဲ့နေကြတာကိုး (မှန်ပါ့)

ဘုရား၊ ရဟန္တာတို့ကြတော့ (စိတ်) အစစ်နဲ့နေကြတော့ မရူးကြဘူး၊ အိန္ဒြေရှိကြတာပေါ့ (မှန်ပါ့)၊ အိန္ဒြေဆိုတာအစိုးရတာ၊ စိတ်

တို့မျက်စိတို့ နားတို့စတာတွေကို အစိုးရတော့ အိန္ဒြေရှိကြတာပေါ့ (မှန်ပါ့)

သမန္တကေ = စိတ်ရှိသောဆိုတာ (ပညတ်) စိတ်ကိုခေါ်ရတာပဲ (နိဗ္ဗာန်) မရောက်မခြင်း ပညတ် (စိတ်) ရှိသောလို့ခေါ်ရတာပဲ (မှန်ပါ့)၊ စိတ်က ဝိညာက္ခန္ဓာ (ဝိညာဏ်)၊ သိတာက (ပညတ်) ဆိုတော့ (သခ်ါရက္ခန္ဓာ)၊ အဲဒီလိုခွဲတာကို (ဓမ္မဝိစိယသဗ္ဗောဇ္ဈင်) လို့ခေါ်တယ် (မှန်ပါ့)

ဒီအတိုင်းပဲ တခြားစိတ်အမျိုးမျိုးဖြစ်တိုင်းမှာလည်း (စိတ်) ရှိလို့ (သညာ) ရှိလို့ဆိုတာ (ဉာဏ်) နဲ့ခွဲယူဟုတ်လား (မှန်ပါ့)၊ ဒီလိုဖြစ်တာ တွေကို ထောက်ချေလိုက်တော့ (စိတ်) ကလောကကိုဖြစ်စေတာပေါ့ (မှန်ပါ့) လောကဠ၊ လောကသမုဒယဠ (စိတ်) ရှိလို့ ခန္ဓာရှိလို့ လောကကြီးနဲ့ လောကဖြစ်ကြောင်းကိုဖြစ်စေတာပေါ့ (မှန်ပါ့)

သမာနကေလောကလို့ဆိုတော့ (စိတ်) ရှိတော့ လောကကြီးလည်းဖြစ်၊ (စိတ်) ရှိရင် အကုန်လျှောက်ဖြစ်တာပဲ၊ အဲဒီ (စိတ်) က (သညာ) ပါတယ်၊ အကုန်မှတ်သားတတ်တယ်၊ (ဝေဒနာ) ပါတယ် အကုန်ခံစားတတ်တယ် (တဏှာ) ပါတော့ အကုန်တပ်မက်တတ်တယ်၊ (ဥပါဒါန်) ပါတဲ့ (စိတ်) ဖြစ်တော့ စွဲလမ်းမှုတွေအားလုံးဖြစ်စေတယ်၊ ဒီ (မနောစိတ်) က (သခ်ါရ) လည်းပါတော့ (ကာယကံမှု) ကိုယ်ဖြင့်

ပြုတဲ့အမှု၊ (ဝဇီကံ)မှု နှုတ်ဖြင့်ပြုတဲ့အမှု၊ (မနောကံ) မှု စိတ်နဲ့ ပစ်မှားတဲ့ အမှုတွေအကုန်အစုံဖြစ်တော့ သူ့ (လောက) သူတည်ဆောက်တာပေါ့ (မှန်ပ့ါ) ဒါကြောင့် **"စိတ္တေနနိယတိလောကော"** ဆိုတဲ့အတိုင်း (စိတ်)ကလောကကြီးကိုဆောင်တော့တယ် (မှန်ပ့ါ) (စိတ်) က (ဝိညာဏ်) (ပညတ်) နဲ့ပေါင်းတော့ အဲဒါသမာနကေ = စိတ်ရှိသော ဒီခန္ဓာကိုယ်က လောက ကြီးကိုစတာပဲ၊ (၃၁)ဘုံလောက (သတ္တလောက)က ဒုက္ခသစ္စာပဲ၊ လောကချုပ်တယ်ဆိုတာလည်း ဒီ(စိတ်) ဒီခန္ဓာကိုယ်ကြီးမှာ ပဲချုပ်ပါ တယ် (မှန်ပ့ါ)

ဤစိတ်ခန္ဓာကိုယ်ကြီးမှာ လောကဆုံးတယ်ဆိုတော့ လောကအဆုံးကြည့်ချင်ရင် (ပစ္စုပ္ပန်) တည့်တည်ရှုကြည့်ရင် သဘာဝမမှု (ပရမတ်) ရောက်ပါတယ်တဲ့ (မှန်ပ့ါ)၊ ပရမတ်ရောက်ရင် (အနိစ္စ)၊ သညာပဲရှိတော့ သမာနကေ=စိတ်ရှိတာ၊ သသညာမိ = သညာရှိတာ၊ ဣမသ္မိယေဝေ = ဤခန္ဓာကိုယ်ကြီးက ပထဝီ၊ တေဇော၊ အာပေါ့၊ ဝါယောစတဲ့ရုပ်တွေ၊ စိတ်တွေသညာက စေတသိက်တွေ (စိတ်၊ စေတသိက်၊ ရုပ်) တွေ (ရုပ်နာမ်) တွေမဖြစ်တော့ရင် ချုပ်ဆုံးရင် လောကနိရောဓ္စ (လောကကြီးအဆုံး) (နိဗ္ဗာန်) ကိုရောက်ပြီလို့ ဟောကြားတာပေါ့ ဒကာကြီး (မှန်ပ့ါဘုရား)

လောကကြီးရဲ့အဆုံးရောက်တယ်၊ လောကကြီးက လွတ်မြောက်သွားတယ်ဆိုတာ ဒွါရ (၆)ပေါက်မှာ (၅) ပေါက်ပိတ်ပြီး

နှာသီးဝမှာရှိတဲ့ဝင်လေ၊ ထွက်လေကို (သတိ) (ဝီရိယ) နဲ့ (ပစ္စုပ္ပန်) တည့်တည့်ရှုတတ်ရင် (ပညတ်) စိတ်တို့ ဒိဋ္ဌိ (သညာ) တို့အတွက် (သညာ) တွေမရှိတော့ဘူး (မှန်ပါ့) တကယ်ရှိတာက ဝင်လေ၊ ထွက်လေကိုသိတဲ့ (ပရမတ်စိတ်) နဲ့ (စေတသိက်) ပဲရှိနေတယ်၊ ဒီလို (ပစ္စုပ္ပန်) တည့်တည့်ရှုနေရင် ဝင်လေထွက်လေသိ (ပရမတ်) စိတ်၊ စေတသိက်နဲ့နေနေတော့ ဘာမှမငြိကပ်တော့ပဲ လောကနိရောဓဆွေလောကကြီးအဆုံး (နိဗ္ဗာန်) ကို မျက်မှောက်ပြုပြီပေါ့ဒကာကြီး (မှန်ပါ့)

ဝင်လေ၊ ထွက်လေသိကို နှာသီးဝမှာ (သတိ) ထားပြီး ပစ္စုပ္ပန်တည့်တည့်ရှုနေရင် (ပရမတ်) ဆိုက်တော့ သဘာဝရောက်နေတာပေါ့ (မှန်ပါ့) ပရမတ္ထသစ္စာက သဘာဝသစ္စာပေါ့။ အဲဒါလေးက ဖြစ်ပျက်ဖြစ်ပျက်နဲ့ ရှေ့နောက်နေတော့တာ (မှန်ပါ့) အဲဒါမှ (စိတ်) အစစ်၊ နဂိုလ်စိတ်၊ ဒီလိုမဖြစ်ခင်၊ ဒီလိုမနေခဲ့တုန်းက စိတ်က (စိတ်) အတု၊ အပိုစိတ်တွေလို့လည်း ပြောလို့ရတယ်၊ ဘာကြောင့်လဲဆိုတော့ (ပညတ်) အပိုတွေပါနေလို့ (ပညတ်) ပါသော (စိတ်) ဖြစ်နေလို့ပဲ၊ (ပစ္စုပ္ပန်) တည့်တည့်က (ပရမတ်) စိတ်ပဲ (မှန်ပါ့)

လောကဆိုတာ (စိတ်) ပဲ၊ လောကဆိုတာ (သန်တလောက)၊ သန်တလောကဆိုတာ (စိတ်၊ စေတသိက်၊ ရုပ်) ဆိုတဲ့ (ရုပ်နာမ်) သဘာရတွေနဲ့ ဒုက္ခနဲ့သမုဒယတွေဖြစ်နေတဲ့ လောကပဲ (မှန်ပါ့) သန်တ

လောကရယ်၊ သမုတိသစ္စာရယ်၊ (ပညတ်) ရယ်က အတူတူပဲ၊ သခ်ၤတ လောကချုပ်ငြိမ်းရင်၊ (ပညတ်) ကိလေသာတွေချုပ်ငြိမ်းတဲ့ (နိဗ္ဗာန်) ပါပဲ (မှန်ပါ့)။

မြတ်စွာဘုရားက စိတ်၊ စေတသိက်၊ ရုပ်ကလွဲလို့ (သခ်ၤတ) လောကမှာ တခြားဘာမှမရှိဘူး၊ မြင်ရင်လည်း (စိတ်၊ စေတသိက်၊ ရုပ်) ကိုပဲမြင်ရမယ်၊ ဒီပြင်ဟာတွေမမြင်ရဘူး (မှန်ပါ့) မြင်၊ ကြား၊ နံ၊ စား၊ ထိတွေ့၊ ကြံတွေးတွေမှာလည်း (စိတ်၊ စေတသိက်၊ ရုပ်) မှန်းသိရမယ် (ပညတ်) တွေနဲ့ (လောက) ကိုမတည်ဆောက်ရဘူး၊ စိတ်ကအရေးကြီးဆုံးပဲ၊ (စိတ်) ကကြံတာတွေဟာ လောကကြီးကို မဖန်ဆင်းရဘူး(မှန်ပါ့) ကြံရင်လည်း ခန္ဓာကြော်ရောက်ဖြစ်စေတဲ့ (စိတ်၊ စေတသိက်၊ ရုပ်) ပဲ ကြံရမယ်၊ ဒီပြင်ဟာတွေ ကြံရင်အမှားတွေချည်းပဲဖြစ်မယ်၊ လောကိုဖန်ဆင်းနေတဲ့ အရှူးကြံပဲဖြစ်မယ်၊ (လောက) က နေလွတ်မြောက်တဲ့လမ်းကိုမတွေ့နိုင်ဘူး (ဒုက္ခသစ္စာ) ပဲဆိုက်မယ်၊ (စိတ်၊ စေတသိက်၊ ရုပ်) ကို ကြံမှ (ပရမတ္ထသစ္စာ) ဆိုက်မှာ၊ (ပရမတ္ထသစ္စာ) ဖြစ်မှ အရိယာသစ္စာနဲ့ ဒဿနအရိယာသစ္စာဖြစ်ပြီး နိဗ္ဗာန်နသစ္ဆိကိရိယာစ ဆိုသလို (နိဗ္ဗာန်) ကိုမျက်မှောက်ပြုရမယ် (မှန်ပါ့)

ဒါကြောင့် (စိတ်) ကို ကြံတဲ့အနေနဲ့ သမာနကေ = စိတ်ရှိသော၊ စိတ်ရှိသောနဲ့ တနေကုန်ရွတ်ကြည့်စမ်း ဒကာကြီး၊ မမ္မဝိစယ

သံဇ္ဈောဇဉ်အနေနဲ့ (စိတ်) သဘောကို ဆန်းစစ်နေရင် (စိတ်) ဘယ်လို ဖြစ်လာတယ်ဆိုတာ တွေ့လာလိမ့်မယ် (မှန်ပါ့)၊ ပေါက်လိုပဲစား စိတ်အတုတွေ ပျောက်ကုန်လိမ့်မယ်၊ (ဓမ္မဝိစယသဇ္ဈောဇဉ်) က ဓမ္မ သဘောကိုခွဲခြမ်းစိစစ်တော့ (စိတ်) နဲ့ (သိ) တာနဲ့ ခွဲခြမ်းတယ်၊ (စိတ်) နဲ့ (စေတသိက်)ကိုလည်း ခွဲခြမ်းရာလည်းရောက်တော့တယ် (မှန်ပါ့)၊ စွန်းလွန်းဆရာတော်ဘုရားကြီးဆိုရင် (သိတာ) ကိုပဲလိုက်တော့ သိသိ နဲ့ပဲဟန်သွားတာပေါ့ (မှန်ပါ့)

(ပညတ်) ပါသော (စိတ်) ရှိသောဆိုရင် သံသရာလည်တဲ့ (စိတ်) ရှိတာပေါ့ (မှန်ပါ့) သမာနကေ = စိတ်ရှိသောက ထွက်လေ ဝင်လေမှာ လည်း စိတ်ရှိတယ်၊ စကားပြောတော့လည်း စိတ်ရှိတယ်၊ စိတ်က (ဝိညာနက္ခန္ဓာ)၊ သိတာက (သဒ်္ဓါရက္ခန္ဓာ) ဒီလိုခွဲတော့ (ဓမ္မဝိစယသဇ္ဈောဇဉ်) လည်းဖြစ်တယ်၊ (စိတ်) နဲ့ (စေတသိက်) ကိုလည်း ခွဲခြမ်းသိရာရောက် တာပေါ့ (မှန်ပါ့)၊ ဖြစ်တဲ့ပျက်တဲ့စိတ်မှာ (ဖြစ်ပျက်) ကိုသိတဲ့စိတ်က (ဝိညာနက္ခန္ဓာ) သိတာက (ပညာ) ဆိုတော့ (သဒ်္ဓါရက္ခန္ဓာ)ကို ဒီလိုခွဲခြမ်း စိစစ်တာလည်း ဓမ္မဝိစယသံဇ္ဈောဇဉ် (ဓမ္မနုပဿနာ) ပဲပေါ့ (မှန်ပါ့)

ဒကာကြီးလည်း စိတ်ရှိသော၊ စိတ်ရှိသောနဲ့ဆိုဆိုပြီး စူးစမ်းနေရင် တနေကုန်အမြဲတန်းဆိုဆို ပေးနေရင်၊ နောက်ကြတော့ပါးစပ်နဲ့ မဆိုရပဲ အသိလိုက်ပေးနေရင် ဒီစိတ်က (ရာဂ၊ ဒေါသ၊ မောဟ)

စိတ်တွေမဖြစ်တော့ပဲ ဒီ (စိတ်) ဟာ (မမ္မာဝိစယသံဒ္ဓောဇဉ်) ဖြစ်ပြီး ဒကာကြီးဟန်သွားလိမ့်မယ်၊ (ပထမတန်း) ဖြစ်သွားလိမ့်မယ် (မှန်ပါ့)၊ ဒကာကြီးမှာ စိတ်အတု (ပညတ်) စိတ်တွေမဝင်နိုင်တော့ပဲ ပစ္စုပ္ပန်တည့်တည့် (ပရမတ်) စိတ်ကလေးဖြစ်တော့ (ရာဂ) စိတ်လည်းမဖြစ် (ဒေါသ) စိတ်လည်းမဖြစ် (မောဟ) စိတ်လည်းမဖြစ်တော့ (ရာဂ၊ ဒေါသ၊ မောဟ) မဖြစ်ရာ (နိဗ္ဗာန်) ဘက်ကိုတန်းရောက်တာပေါ့ ဒကာကြီး (မှန်ပါ့)၊ **ဘယ်နေရာရောက်ရောက် စိတ်ရှိသော၊ စိတ်ရှိသောလို့ဆိုဆိုပြီး** (ပညာ) **နဲ့အသိလိုက်ပေးဟုတ်လား** (မှန်ပါ့ဘုရား)

ဒကာကြီး အတိတ်ကိုပြန်ပြန်မတွေးနဲ့၊ တွေးတောတဲ့ (စိတ်) မထားနဲ့ (မှန်ပါ့) **"အတိတ်စိတ်သာနှိပ်ကွပ်ပါ သစ္စာ ၄ဖြာသိစမြဲတဲ့"** (မှန်ပါ့) အတိတ်ဆိုတာ (စိတ်) ကအတိတ်ကိုသွားတဲ့စိတ်ပဲ၊ ဒီ (စိတ်) ကိုနှိပ်ကွပ်ရမှာ (မှန်ပါ့)၊ အတိတ် (စိတ်) ကြောင့် ဒကာကြီး (ရာဂ) ဖြစ်တာ၊ အတိတ်စိတ်က မိန်းမ၊ ယောကျ်ားတွေမှတ်ထားတာ အတိတ်ဆိုထဲက တွေးတဲ့ (စိတ်) ဖြစ်တော့ နံမည်တွေ သန္ဓာန်တွေ (ပညတ်) တွေပါလာတော့ (သမုဒယသစ္စာ)နဲ့ (ဒုက္ခသစ္စာ) ပဲဖြစ်တော့တာပေါ့ (မှန်ပါ့)

အတိတ်စိတ်သာနှိပ်ကွပ်လိုက်တော့ (အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကံ) လည်း မရှိတော့ဘူး၊ သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာလည်းမဖြစ်တော့ပဲ (မဂ္ဂသစ္စာ) နဲ့ (နိရောဓသစ္စာ) ဘက်ရောက်ကြောင်း

သစ္စာ ၄ပါးကို သိနိုင်တယ် (မှန်ပါ့)

(စိတ်) နဲ့ (ဒိဋ္ဌိ) နဲ့က အတူတူဖြစ်လို့ (ဝိပဿနာ) ကို (စိတ်) နဲ့ မရှုနဲ့ (သတိ) နဲ့ (ဉာဏ်) နဲ့ရှုလို့ဟောရတာပဲ၊ (သတိ) ဖြစ်နေရင် (စိတ်) မဖြစ်တော့ဘူး (စိတ်) မရှိတော့ဘူးဆိုရင် (ဉာဏ်) ရှိနေတာပေါ့ (မှန်ပါ့)

ဘယ် (အာရုံ) ဘယ် (စိတ်) ပဲရောက်ရောက်၊ ရောက်သမျှဟာ (စိတ်) ရှိနေတာပဲမဟုတ်လား (မှန်ပါ့)၊ ဒါကြောင့် အချိန်တိုင်း အချိန်တိုင်း စိတ်ရောက်သမျှတွေကို (စိတ်) ရှိသော (စိတ်) ရှိသောနဲ့ စိတ်ရှိသောကနေ တဆင့်တက်ပြီး ဒါဟာဘာ (စိတ်) ဒါကဘာ (စိတ်) ဆိုတာ ခွဲခြမ်းသိပေးပေါ့ (မှန်ပါ့)၊ စိတ်ကိုစူးစမ်းခွဲခြမ်းစိတ်ဖြာပြီး နာမသန္တာန် (ပညတ်) ကို ခွာပြီးသိပေးပေါ့၊ အဲဒီလိုသိပေးနေတော့ ပစ္စုပ္ပန်တည့်တည့် စိတ်ကလေး (ပရမတ်) စိတ်ကလေးဖြစ်နေမှာပေါ့ (မှန်ပါ့)၊ အဲဒီ (သန်္ဓတပရမတ်စိတ်) လည်းမရှိတော့ရော ဒကာကြီး လည်း (စိတ်) ချုပ်ငြိမ်းရာ (ရုပ်၊ နာမ်) မဖြစ်ရာ၊ မပျက်ရာ (အသန်္ဓတ) ပရမတ် နိဗ္ဗာနသစ္စာ (နိဗ္ဗာန်) ရောက်သွားပြီပေါ့ ဒကာကြီး (မှန်ပါ့)

(စိတ်၊ စေတသိက်၊ ရုပ်) ဖြစ်လာပုံ

ဒီခန္ဓာကိုယ်ကြီးမှာ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ဆိုတဲ့ တံခါး (၆) ပေါက်ရှိတယ်၊ အာယတန (၆)ပါးလို့ခေါ်တယ်

(မှန်ပါ့) ဒီတံခါး ဖေပေါက်က မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ ထိတွေ့မှု၊ ကြံတွေးမှုတွေ့ဖြစ်လာတာကို ငါမြင်တာ၊ ငါကြားတာ၊ ငါနံတာ၊ ငါစားတာ၊ ငါ့ကိုထိတာ၊ ငါကြံတာတွေပဲလို့ (ငါ) နဲ့ပဲနှိုင်းပြီး (ငါ) ပဲ အောင့်မေ့နေကြတယ်၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါနဲ့ပဲ အောင်းမေ့နေကြတယ် (မှန်ပါ့)

မြတ်စွာဘုရားဟောပြတာကတော့ (ငါ) မဟုတ်ဘူး၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ။ ငါ၊ သူမဟုတ် (နာမ်နဲ့ရုပ်) ပဲလို့ ဟောပြပါတယ် (မှန်ပါ့) ဒီ (နာမ်နဲ့ရုပ်) ကလည်း (အာရုံ) ရဲ့အစွမ်း သတ္တိကြောင့် ဖြစ်လာရတာဆိုတာ (ပဋ္ဌာန်း) ဒေသနာတော်ကြီးနဲ့ ရှင်းပြပါ့မယ် (မှန်ပါ့)၊ ပဋ္ဌာန်း ၂၄ ပစ္စည်းမှာ ဟေတုပစ္စယောပြီးတော့ အာရမ္မဏပစ္စယောလာတယ်မဟုတ်လား (မှန်ပါ့) အဲဒီ အာရမ္မဏ ပစ္စယောနဲ့ ရှင်းပြရမှာပေါ့ (မှန်ပါ့)

ပဋ္ဌာန်းပစ္စယနိဒ္ဒေသပါဠိတော်အပိုဒ် (၂) မှာ အာရမ္မဏပစ္စ ယောတိ၊ ရူပါယတနံ

(၁) ရူပါယတနံ၊ စက္ခုဝိညာဏဓာတုယာ၊ တံသမ္ပယုတ္တကာ၊ နဉ္စမမ္မာနံ၊ အာရမ္မဏပစ္စယေနပစ္စယော

(၂) သဒ္ဒါယတနံ၊ သောတဝိညာဏဓာတုယာ (ပ) အာရမ္မဏပစ္စယေန ပစ္စယော

(၃) ဂန္ဓာယတနံ၊ ယာနဝိညာဏဓာတုယာ (ပ) အာရမ္မဏပစ္စယေန ပစ္စယော

(၄) ရသာယတနံ၊ ဇိဝှာဝိညာဏဓာတုယာ (ပ) အာရမ္မဏပစ္စယေန ပစ္စယော

(၅) ဖောဋ္ဌဗ္ဗာယတနံ၊ ကာယဝိညာဏဓာတုယာ (ပ) အာရမ္မဏ ပစ္စယေန ပစ္စယော

(၆) ရူပါယတနံ၊ သဒ္ဒါယတနံ၊ ဂန္ဓာယတနံ၊ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ၊ မနောဝိညာဏ၊ ဓါတုယာ

တံသမ္ပယုတ္တကာနဉ္စ ဓမ္မေနံ အာရမ္မဏပစ္စယေနပစ္စယော

သဗ္ဗေဓမ္မာမနောဝိညာဏဓာတုယာ (ပ) အာရမ္မဏပစ္စယေန ပစ္စယောလို့ဟောပါတယ် (မှန်ပါ့)

အာရမ္မဏပစ္စယောတိ - ဆိုတာ (အာရုံ)ရဲ့ ပစ္စယအစွမ်းသတိ ကိုပြပါတယ် (မှန်ပါ့) ရူပါယတနံ - ရူပါရုံသည်တဲ့ (ရူပါရုံ) ဆိုတာ (အဆင်းရုပ်) ကလေးကိုခေါ်တာ၊ ဒါကြောင့် (ရူပါရုံ) သည်

စက္ခုဝိညာဏဓာတုယာ - ရူပါရုံဟာ စက္ခဒွါရဆိုတဲ့ မျက်စိ အကြည်တံခါးပေါက်ကို ကျရောက်လာတဲ့အခါမှာ (စက္ခုဝိညာဏ်) မြင် (သိစိတ်) ဖြစ်စေခြင်းအားလည်းကောင်းတဲ့

တံ - တံဆိုတာထို ဝိညာဏ်စိတ်သည်တဲ့

သမ္ပယုတ္တကာ - ဆိုတာ (စိတ်) နဲ့အတူယှဉ်တွဲဖြစ်စေသော

နဇ္ဈမမ္မာနံ = (စေတသိက်) နာမ်ခန္ဓာ (သဗ္ဗစိတ္တသာဓါရဏာ) စေတသိက် (၇)လုံးအစရှိတာတွေကို ရစေခြင်းငှာ

အာရမ္မဏပစ္စယေနပစ္စယော = (အာရုံ) ရဲ့အစွမ်းသတ္တိနဲ့ ကျေးဇူးပြုတဲ့ (မှန်ပါ)

မျက်စိက အတွင်းအာယတန၊ ရူပါရုံ (ရုပ်) အဆင်းက အပြင်အာယတန၊ ဒီအာယတန ၂ပါးကိုတွေ့တိုက်ရာမှာ (အာရုံပြုရင်)အာရုံရဲ့ပစ္စယအစွမ်းသတ္တိသည် -

ရူပါယတနံ = ရူပါရုံအဆင်း (ရုပ်) ကို

စက္ခုဝိညာဏဓါတုယာ = မြင်သိတဲ့ ဝိညာဏ် (စိတ်)

တံသမ္ပယုတ္တကာ = စိတ်နဲ့အတူဖြစ်ဘက်

နဇ္ဈမမ္မာနံ = (စေတသိက်) ဖြစ်တဲ့ သဗ္ဗစိတ္တသာဓါရဏာစေတသိက် ၇လုံးကို ဖြစ်စေပါတယ် (မှန်ပါဘုရား)

(အာရုံ) ရဲ့အစွမ်းသတ္တိနဲ့ ကျေးဇူးပြုတာမှာ -

(၁) ရူပါယတနံ-အဆင်း (ရုပ်) (စိတ်) နဲ့ (စေတသိက်) ကိုဖြစ်စေတယ်

(၂) သဒ္ဒါယတနံ = အသံ (ရုပ်) (စိတ်) နဲ့ (စေတသိက်) ကိုဖြစ်စေတယ်

(၃) ဂန္ဓာယတနံ = အနံ (ရုပ်) (စိတ်) နဲ့ (စေတသိက်) ကိုဖြစ်စေတယ်

(၄) ရသာယတနံ=အရသာ(ရုပ်)(စိတ်)နဲ့(စေတသိက်) ကိုဖြစ်စေတယ်

(၅) ဖေါ်ဌပ္ဌာယတနံ=အတွေ့.အထိ (ရုပ်) (စိတ်) နဲ့ (စေတသိက်) ကိုဖြစ်စေတယ်

(၆) အဆင်း ရုပ်၊ အသံရုပ်၊ အနံ့ရုပ်၊ အရသာရုပ်၊ အတွေ့.အထိရုပ် တို့သည် (မနောဝိညာဏ်)

မနော (စိတ်) နဲ့ (စေတသိက်) ကိုဖြစ်စေ၏တဲ့ (မှန်ပါ့)

ဒါကြောင့် (သဗ္ဗေမဓမ္မာ) ဒီ (အာရုံ) တွေကဖြစ်တဲ့ (စိတ်၊ စေတသိက်၊ ရုပ်) တို့ကလည်း မနောဝိညာဏ် (မနောစိတ်) မှာ (စိတ်၊ စေတသိက်၊ ရုပ်) ကိုဖြစ်စေ၏တဲ့ (မှန်ပါ့)

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး (ပဋိစ္စသမုပ္ပါဒ်)မှာလည်း စက္ခုံစပဋိစ္စရူပေစဉ္ပဇ္ဇတိစက္ခုဝိညာဏံ လို့ဟောပါတယ် (မှန်ပါ့)၊ မျက်စိနဲ့ ရူပါရုံအဆင်းကို အကြောင်းပြုပြီး (မြင်စိတ်) ဖြစ်စေတာပါပဲ၊ ဒါပေမဲ့ ပဌာန်းကြတော့ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် သိရတာပေါ့ (မှန်ပါ့)

ဒါကြောင့် (စိတ်) တို့ (စေတသိက်) တို့ဆိုတာ ဒီခန္ဓာကိုယ်အတွင်းမှာရှိနေနှင့်တာလည်းမဟုတ်ဘူး၊ ခန္ဓာကိုယ်အတွင်း တနေရာမှာရှိနေတာလည်းမဟုတ်ဘူး၊ (အာရုံ) ရဲ့အစွမ်းသတ္တိကြောင့် အပြင်က အာယတန (၆)ပါးဖြစ်တဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ ထိတွေ့မှု၊ ကြုံတွေ့မှုစတဲ့ အာရုံ ၆ပါးနဲ့ အတွင်းကမျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊

ကိုယ်၊ စိတ်စတဲ့အတွင်း (အာယတန) တို့တွေ့တိုက်မှုကြောင့် (စိတ်၊ စေတသိက်၊ ရုပ်) တွေ (ရုပ်နာမ်)တွေဖြစ်လာရတာ၊ ကိုယ်ကောင်ကြီးက (ကာယ) ဒီကာယက (အပေါင်း) လို့အဓိပ္ပါယ်ရတယ်၊ ဆံပင်တို့ မွေးညင်းတို့ အရိုးတို့ အသွေးတို့ အသားတို့ အူအဆုပ်စတဲ့ ၃၂မျိုး ပေါင်းထားတဲ့ အပေါင်း (ကာယ) ကိုယ်ပဲပေါ့။ (ခန္ဓာ) က = အစု၊ ကိုယ်ခန္ဓာကြတော့ ကာယဓါတ်တွေအပေါင်းအစု ခန္ဓာကိုယ်ကြီးပဲပေါ့ (မှန်ပါ့)။ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ် သတ္တဝါမဟုတ်ဘူး (မှန်ပါ့)

(အာရုံ) ကအကြောင်း (စိတ်၊ စေတသိက်၊ ရုပ်) ဖြစ်တဲ့ (ဝိညာဏ်၊ နာမ်၊ ရုပ်) ခန္ဓာငါးပါးက (အာရုံ) ကြောင့်ရလာတဲ့ (အကျိုး)ပေါ့ (မှန်ပါ့)၊ အကြောင်းအကျိုးပဲ ရှိတာပဲ၊ အဲဒါ ယေဓမ္မာ ဟေတုပ္ပဘဝါပေါ့။ ဓမ္မအကြောင်းအကျိုးတွေ ဖြစ်နေတာပေါ့ (မှန်ပါ့)

(စိတ်)၊ခန္ဓာ(စေတသိက်)ခန္ဓာ(ရုပ်)ခန္ဓာအစရှိတဲ့ (ရုပ်နာမ်) ဖြစ်တဲ့ ရုပ်ခန္ဓာက(၁)ပါး (စိတ်နဲ့စေတသိက်)ပေါင်းတော့(နာမ်) ခေါ်တာကိုး၊ အဲဒီမှာ (စိတ်) နာမ်ခန္ဓာက (၁)ပါး (စေတသိက်) နာမ် ခန္ဓာက (၃)ပါးဆိုတော့ (နာမ်ခန္ဓာ ၄ပါး) ဖြစ်တော့ (ရုပ်နာမ်) က (ခန္ဓာငါးပါး)ဖြစ်တာပေါ့ (မှန်ပါ့) ခန္ဓာငါးပါးရတာ (ဥပါဒါနက္ခန္ဓာ) ဖြစ်တော့ (ဒုက္ခသစ္စာ) ရတာပေါ့ (မှန်ပါ့)

ဒါကြောင့် မြတ်စွာဘုရားက (ရုပ်နာမ်ခန္ဓာ ငါးပါး)

ဖြစ်ခြင်း = ဥပ္ပါဒေါ၊ ဘယံ = (ဘေးပဲ) တဲ့၊ အနုပ္ပါဒေါ = (မဖြစ်ခြင်း)က ခေမန္တိ = ဘေးကင်းရာ၏တဲ့ (မှန်ပါ့)

ဖြစ်ခြင်း = ဥပ္ပါဒေါဒုက္ခံ၊ (ဒုက္ခ) ပဲတဲ့၊ အနုပ္ပါဒေါ = (မဖြစ်ခြင်း)က (သုခန္တိ) ချမ်းသာ၏တဲ့ (မှန်ပါ့)

ဖြစ်ခြင်း = ဥပ္ပါဒေါကို(သခ်ၤါရ)လို့ခေါ်တယ်၊ အနုပ္ပါဒေါ=(မဖြစ်ခြင်း)က (နိဗ္ဗာန်) ပဲတဲ့ (မှန်ပါ့)

အလုံးစုံသော (စိတ်) နဲ့ အတူယှဉ်ဘက် သဗ္ဗစိတ္တသာဓါရဏာ (စေတသိက်) ၇လုံးကို ပြောရအုံးမယ်၊ အဲဒီ စေတသိက် (၇)လုံးက (စိတ်) အားလုံးနဲ့ယှဉ်ဖြစ်တယ်၊ ဒီ (စေတသိက်) တွေကတော့ -

(၁) ဖဿ = အာရုံကို (ထိတွေ့) ခြင်းသဘော

(၂) ဝေဒနာ = အာရုံ၏အရသာကို (ခံစားခြင်း) သဘော

(၃) သညာ = အာရုံကို (မှတ်သား) ခြင်းသဘော

(၄) စေတနာ = ယှဉ်ဘက်တရားတို့ကို ဆိုင်ရာကိစ္စတို့၌ ဆောင်ရွက် ကြရန် (စေ့ဆော်) ခြင်းသဘော

(၅) ဧကဂ္ဂတာ=အာရုံတစ်ခုၚတည်တန့်ခြင်း(တည်ကြည်)ခြင်းသဘော

(၆) ဇီဝိတိန္ဒြေ = နာမ်တရားတို့ကို (စောင့်ထိန်း) ခြင်းသဘော (နာမ်သက်)

(၇) မနသီကာယ = (နှလုံးသွင်း) ခြင်းသဘောစတဲ့ စေတသိက်
(၇)လုံးက စိတ်နဲ့ယှဉ်တွဲပြီး ဖြစ်ကြပါတယ် (မှန်ပါ့)
တွေ့ထိ၊ ခံစား၊ မှတ်သားလေ့ခေါ်၊ စေ့ဆော်၊ တည်ကြည်၊
နာမ်သက်မည်လျှင် စောင့်ထိန်းခြင်းမှု၊ အာရုံပြု၊ မှတ်ရှု (သဗ္ဗစိတ်)
တဲ့ (မှန်ပါ့)

(စိတ်) အနေနဲ့ဒွါရ (၆)ပါးတို့မှာ ထင်လာတဲ့ (အာရုံ)
တစ်ခုစီကို သိရှိဖို့အတွက် (စိတ်) တစ်ခုပြီးတစ်ခုဖြစ်နေတဲ့ စိတ်အစဉ်
အတန်းတစ်ခုစီဖြစ်တဲ့ (ဝီထိ) စိတ်ခေါ်တဲ့ (အသိ) စိတ်တစ်ခုစီဖြစ်
တာကို (အဘိဓမ္မာ) နဲ့ပြောရရင် - အရင်ဆုံး

(၁)အာရုံသစ်ကိုနှလုံးသွင်းဆင်ချင်စိတ် (ပဉ္စဒွါရ ဝဇ္ဇန်းစိတ်)
ဖြစ်ပြီးချုပ်တယ်
(၂) အာရုံမြင်စိတ်(စက္ခုဝိညာဏ်စိတ်)ဖြစ်ပြီး ချုပ်တယ်
(၃) အာရုံလက္ခစိတ် (သမ္ပဋိစ္ဆိုင်းစိတ်) ဖြစ်ပြီး ချုပ်တယ်
(၄) အာရုံစူးစမ်းစိတ် (သန္တီရဏာစိတ်) ဖြစ်ပြီး ချုပ်တယ်
(၅) အာရုံရဲ့ ကောင်းဆိုးဆုံးဖြတ်တဲ့ (ဥဋ္ဌေါစိတ်) ဖြစ်တဲ့အခါ
(မနောဒွါရ) ကိုရောက်ပြီးချုပ်တယ်
(၆) အာရုံခံစားတဲ့နှစ်လိုတဲ့၊ မနှစ်လိုတဲ့ ဇော(၇)ကြိမ်ဖြစ်ပြီး
ချုပ်တယ်
(၇) တဒါရုံစိတ် ၂ကြိမ်ကဇောယူတဲ့အာရုံကို ၂ကြိမ်ယူပြီး

ဖြစ်ချုပ်သွားတော့ (မြင်စိတ်) ကိစ္စတစ်ခုပြီး မြောက်တယ်၊ စိတ္တက္ခဏာမှာ (၁၇) ချက်ဖြစ်ကြောင်း မြတ်စွာဘုရား (အဘိဓမ္မာ)နဲ့ဟောခဲ့ပါတယ် (မှန်ပါ့)

(စိတ်) တို့ဆိုတာ တစ်စက္ကန့်အတွင်းမှာ ကုဋေတစ်သိန်းကျော် ရှေ့ဆင့်နောက်ဆင့်ဖြစ်သွားကြတယ် မြင်သိစိတ်၊ ကြားသိစိတ်စတဲ့ (စိတ်) တစ်လုံးဖြစ်ပျက်သွားတဲ့ အချိန်ဟာအလွန်တိုတောင်းတယ်၊ တိုတောင်းတဲ့အချိန်တွင်းမှာ (အာရုံ) အားလုံးကို မသိနိုင်တဲ့အတွက် ဝမ်းမြောက်ဝမ်းနည်းမဖြစ်ပဲ ဥပေက္ခာသဟဂုတ်စိတ်တွေ ဖြစ်ကြတယ် မြင်စိတ်ဖြစ်ပြီးရင် မြင်စိတ်ယူခဲ့တဲ့အာရုံကို (ပဋ္ဌာန်း) နည်းအရ နောက်ဖြစ်တဲ့ (စိတ်) တွေကို လက်ဆင့်ကမ်းပေးသွားလို့ တစ်စိတ်ပြီးမှ တစ်စိတ်ဖြစ်တာကို မသိနိုင်ကြဘူး (မှန်ပါ့)

(စိတ်) တွေဖြစ်ပျက်သွားတာကိုကြည့်ရင် တံ = ထိုစိတ်နှင့် သမ္ပယုတ္တကာနဉ္စ ဓမ္မာနံဆိုတဲ့ (ပဋ္ဌာန်း) ပါဠိတော်ကြီးအတိုင်း (စိတ်) နဲ့အတူယှဉ်ပြီးဖြစ်ဘက် (စေတသိက်) တွေဘယ်လိုဖြစ်လာကြသလဲဆိုတာ (စိတ်နဲ့စေသတိတ်) တွေဖြစ်ပုံကို (အဘိဓမ္မာ) ထဲမှာ "အတိမဟန္တာရုံဝိထိ" ကိုသရက်သီးကျွေးတဲ့ (ဥပမာ) နဲ့ နှိုင်းယှဉ်ပြကြတဲ့ယ် (မှန်ပါ့)

လူတစ်ယောက်ဟာ သရက်ပင်အောက်မှာ အိပ်ပျော်နေ

တယ်ဆိုကြပါစို့၊ (ဘဝင်စိတ်) ကျနေတယ်ပေါ့၊ (မှန်ပါ့) သရက်ပင်က သရက်သီးမှည့်တစ်လုံးဟာ သူ့အနားကိုကြွေကျလာတယ်ပေါ့ (မှန်ပါ့) သရက်သီးကြွေကျလာခြင်း က ပြင်ပ (အာရုံ) ကို အိပ်နေသောသူရဲ့ (ပသဒရုပ်)နဲ့ တွေ့တိုက်လာခြင်းပေါ့ (မှန်ပါ့) သရက်သီးကြွေသံကြောင့် အိပ်ရာကထဖို့လှုပ်ရှားလာတယ်ပေါ့၊ အိပ်ရာကနိုးလာတယ်ပေါ့၊ အိပ်ရာကနိုးလာတော့ ဘာပါလိမ့်ဆိုပြီး ဦးခေါင်းထောင်ပြီး ဆင်ချင်စူးစမ်းမှုပြုတာက (ပဋ္ဌဒ္ဓါရဝဇ္ဇာန်းစိတ်) ဖြစ်ဘာ (မှန်ပါ့)

ဆင်ချင်စူးစမ်းစိတ်နဲ့ ကြည့်လိုက်တော့ ဘေးနားမှာ သရက်သီးတစ်လုံးကြွေကျလာတဲ့ သရက်သီးအာရုံအဆင်း (ရုပ်) ကို မြင်တာက (စက္ခုဝိညာဏ်စိတ်) ဝင်လာတော့ ဒါသရက်သီး မှည့်ပါလားလို့သိတာက သရက်သီး (ပညတ်) ကိုစေတသိက် (ဖဿ) က တွေ့တိုက်ပေးလို့ (သညာ) စေတသိက်နဲ့မှတ်ထားလို့သိတဲ့အသိ၊ သရက်သီးမှည့်ပါပဲလားဆိုတဲ့အသိနဲ့ လက္ခံတာက (သမ္ပဋိစ္ဆိုင်း) စိတ် ဖြစ်တာပေါ့၊ ဒါနဲ့ သရက်သီးကို ကောက်ယူကြည့်တာတို့၊ နမ်းကြည့်တာတို့က (အာရုံ) ကို စူးစမ်းတဲ့စိတ် (သန္တီရဏ) စိတ်ဖြစ်တာပဲ၊ သရက်သီးမှည့်မှန်းမြင်သိရင်ပဲ သရက်သီးအကောင်းအဆိုး အစိမ်းအမှည့်ဆုံးဖြတ်ပေးတာက (ဝုဋ္ဌော) စိတ်ခေါ်တဲ့ (မနောဒ္ဓါရဝဇ္ဇန်းစိတ်) ဖြစ်ပြီပေါ့၊ သရက်သီးမှည့်ကိုစားချင်တဲ့စိတ် ခံစားရတာက (ဝေဒနာ)စေတသိက်ပေါ့၊ စားဟ၊ စားဟနဲ့ စေ့ဆော်တာက (စေတနာ)

စေတသိက်ပေါ့ (မှန်ပ့ါ)၊ ဒါနဲ့သရက်သီးကို စားနေရင်ပဲ စားနေတဲ့ (ဇော)က ဒီဘက်ကိုကိုက်ပြီး ဟိုဘက်ကိုကိုက်အုံးမယ်၊ ဝါးမယ်၊ ကောင်းတယ်ဆိုတဲ့ သရက်သီးမှည့်မှာ အားရပါးရစားနေတာ (ဇော) ကပ်နေတာပေါ့ (ဇော) စိတ်တွေပေါ့ (မှန်ပ့ါ) ဝီထိစိတ်အစဉ်တစ်ခုကို ဘုရားဉာဏ်နဲ့ ဟောပြမှသိရတာ၊ (စိတ်) တွေ (စေတသိက်) တွေက (ဖြစ်ပျက်) နေကြတာ မြန်လွန်းတော့ လူတွေရဲ့ဉာဏ်နဲ့ မသိနိုင်ဘူး (မှန်ပ့ါ)

အာရုံကို (ရုပ်) မှန်းမသိရင် (စိတ်၊ စေတသိက်) မှန်းမသိရင် (ဉာဏ်) မပါရင် (တပ်မက်၊ ပစ်မှား၊ တွေဝေ) စိတ်တွေဖြစ်တဲ့ (ရာဂ၊ ဒေါသ၊ မောဟ) တရားတွေဝင်တော့တာပေါ့။ ဒါက သရက်သီး မြင်လို့ စားဝဲ့ (ဝီထိစိတ်) အစဉ်အတန်း ရိုးရိုးလေးတစ်ခုပဲရှိသေးတယ် (မှန်ပ့ါ)၊ တစ်နေ့တစ်နေ့ (မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ မနော) တွေက ရိုးရိုးမဟုတ်ဘဲ လောဘနဲ့၊ ဒေါသနဲ့၊ မောဟနဲ့ဖြစ်နေတဲ့ စိတ်ပေါင်း သိန်းသန်းကုဋေမကသော စိတ်တွေမှာ (ရာဂ၊ ဒေါသ၊ မောဟ) တွေ ဘယ်လောက်ဝင်နေသလဲဆိုတာ စဉ်းစားသာကြည့်ပေါ့ ဒကာကြီး (မှန်ပ့ါ)

တစ်နေ့တစ်နေ့ (ကုသိုလ်စိတ်) က ဘယ်လောက်ရှိပြီး (အကုသိုလ်စိတ်) တွေက ဘယ်လောက်များနေသလဲဆိုတာ သိနိုင်တာပေါ့။ တစ်နေ့တစ်နေ့မှာ အပါယ်ဇာတိအပါယ်မျိုးစေ့တွေ၊ အပါယ်

(Character) နိမိတ်တွေ ဘယ်လောက်စုဆောင်းမိနေကြပြီလဲဆိုတာ သိနိုင်တာပေါ့ (မှန်ပါ့)

ဒါကြောင့် (စိတ်) နဲ့ (စေတသိက်) နဲ့လည်းကွဲအောင်သိရတယ် (မှန်ပါ့) (ဓမ္မာနုပဿနာ) က (ခန္ဓာပိုင်း) မှာ (ခန္ဓာငါးပါး) ကို တစ်ပါးစီသိအောင် လုပ်ရတယ်၊ ဣတိရူပံ (ဤဟာရုပ်) ဤဟာဝိညာဏ်၊ ဤဟာသညာ၊ ဤဟာသင်္ခါရ၊ ဤဟာဝေဒနာနဲ့ (ဓမ္မဝိစယသတ္ထောဇ္ဈင်) ဖြစ်အောင် (ခန္ဓာငါးပါးဓမ္မ) တွေကို စိစစ်ပြီး သိပေးနေတော့ (ပရမတ်) တွေနဲ့ပဲ နေထိုင်သလိုဖြစ်တော့ (ရာဂ၊ ဒေါသ၊ မောဟ) တွေကင်းပြီး (နိဗ္ဗာန်) ရောက်တာကို (ဓမ္မနုပဿနာခန္ဓာပဗ္ဗ) မှာမြတ်စွာဘုရားဟောကြားတာပေါ့ ဒကာကြီး (မှန်ပါ့ဘုရား)

ကိလေသာ = က မကောင်းတဲ့လောဘ၊ ဒေါသ၊ မောဟ၊ မာနစတဲ့ မကောင်းတဲ့ညစ်ညမ်းတဲ့စိတ်တွေဝင်ကပ်တာပဲ

နိဝရဏာ = က တားမြစ်တာ၊

သံယောဇဉ် = က ချည်နှောင်တာ၊

အာသဝ = က စီးယိုသလိုဖြစ်တာ၊

ဩဃ = က လွှမ်းမိုးတာ

ယောဂ = ကယှဉ်ဘက်တာကိုခေါ်တယ် (မှန်ပါ့)

ဩကာသလောကကြီးတစ်ခုလုံးဟာ ဘာမှမရှိဘူးလို့ ယူထား

ရတယ်ဒကာကြီး၊ လောကကြီးထဲကရုပ်ဝတ္ထုပစ္စည်းတွေ၊ တိုက်တာအိမ်မြေတွေ မိုးတိမ်တွေ သစ်ပင်တွေ တောတောင်တွေ၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါတွေရှိတယ်လို့ သဘော ထားရင် (အာရုံ) ကြောင့်ရှိနေတာ၊ ဒီ (အာရုံ) တွေကြောင့်လည်း (ကိလေသာ) တွေဖြစ်ပြီး မငြိမ်းချမ်းနိုင်ဘူး၊ သံသရာလည်နေကြ ရတာ (မှန်ပါ့)

(အာရုံ) ကြောင့် လောကထဲကဟာတွေ (ပညတ်) တွေက ကိုယ့် (စိတ်၊ စေတသိက်) ဖြစ်တဲ့ ကိုယ့် (နာမ်) မှာလာကပ်ကြတာ (မှန်ပါ့) ဘာမှ မရှိဘူးလို့ သဘောထားရင် (အာရုံ) ကြောင့်လာဖြစ်တဲ့ ကိုယ်မှာလာကပ် တဲ့ (ရုပ်နာမ်) တွေဟာ အလုပ်မရှိပဲ ချုပ်ငြိမ်းသွား တော့တာပေါ့ (မှန်ပါ့)

လောကကြီးထဲမှာ ရှိတဲ့ရုပ်ဝတ္ထုပစ္စည်းတွေ ငါ၊ သူ၊ ယောကျ်ား မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ (ပညတ်) တွေဟာ ကိုယ့် (နာမ်) မှာလာကပ်လို့ဖြစ်ကြတာချည်းပဲ (မှန်ပါ့)၊ မြတ်စွာဘုရားက ပဋ္ဌာန်း ပါဠိတော်ကြီးထဲမှာ လေးသခြေ်နဲ့ ကမ္ဘာတစ်သိန်းကျင့်ပြီးမှ ရလာတဲ့ ဘုရားရဲ့ဉာဏ်တော်ကြီးနဲ့ ဟောထားတာကတော့ - "ရူပါယတနံ စက္ခုဝိညာဏဓါတုယာ" တံသပ္ပယုတ္တကာနဉ္စဓမ္မာနံ အာရာမဏာပစ္စယေနပစ္စယော လို့ ဟောတာကိုထောက်ကြည့်ပေါ့ (မှန်ပါ့)

လောကကြီးမှာရှိတာတွေ အပြင်ကဟာတွေဟာ အာရုံ

(၆)ပါး ကြောင့် ကိုယ့်ဒွါရ (၆)ပါးမှာလာဖြစ်တဲ့ ဝိညာဏ် (စိတ်) နာမ်နဲ့ (စေတသိက်) နာမ်နဲ့ (ရုပ်) တွေပဲ၊ ဒါကြောင့် ကြောင်ပန်းဆရာတော် ကြီးက -

၆ပါး ဝိညာဏ်သိထင်မြင်နှင့်
သုံးအင်ကာမဖြစ်သမျှသည်
ဒုက္ခနှင့်သမုဒယတို့သာဖြစ်လေရာ၏လို့ စပ်ထားတာပေါ့ (မှန်ပါ့)

လောကကြီးထဲကဟာတွေရှိတယ်လို့ သဘောထားရင် ကိုယ့်မှာ (ဝိညာဏ်၊ နာမ်၊ ရုပ်) ရုပ်နာမ် (ခန္ဓာငါးပါး) ရကြောင်း (သမုဒယသစ္စာ) နဲ့ (ခန္ဓာငါးပါး) ရခြင်း (ဒုက္ခသစ္စာ) တွေနဲ့သာ (သံသရာ) လည်တော့မှာပေါ့၊ ဘယ်မှာငြိမ်းချမ်းတဲ့ (နိဗ္ဗာန်) ဘက် ရောက်နိုင်ပါ့မလဲ ဒကာကြီး (မှန်ပါ့ဘုရား) ဒါကြောင့် (လောကကြီး) ရှိနေတယ်ဆိုတာ (နာမ်)ရဲ့သဘောပဲလို့ သဘောပေါက်ထားနော် ဒကာကြီး (မှန်ပါ့ ဘုရား)

(အာရုံ) နဲ့ကိုယ့်မှာရှိတဲ့ဒွါရ (၆)ပါးနဲ့ တွေ့တိုက်တော့ (ဝိညာဏ်စိတ်) ၆ပါးဖြစ်တော့ (စိတ်) ကသူ့ချည်း မဖြစ်ဘူး၊ သူနဲ့ ဖြစ်ဖော်ဖြစ်ဘက် (စေတသိက်) တရားက (ဖဿ၊ သညာ၊ ဝေဒနာ၊ စေတနာ)စတဲ့ တရားတွေကဝင်လာပါရော (မှန်ပါ့)

မျက်စိက မြင်တဲ့နေရာမှာ (အာရုံ) ကပြတာက (ရုပ်) ကိုပြတဲ့

နေရာမှာ (သည်) က ဒါမိန်းမကွ၊ ဒါယောက်ျားကွ၊ ဒါက ရွှေ၊ ဒါက ငွေ၊ ဒါကတိုက်ကွ စတာတွေနဲ့ (ဝိညာဏ်) သိစိတ်ကို ချယ်လှယ်ပါ လေရော (ဖဿ) ကလည်း (သည်) ကပြတဲ့ မိန်းမကို (မနော) နဲ့ တွေ့တိုက်ပေးတော့ (ဝေဒနာ) ကလှတယ်၊ ချောတယ်၊ ကြိုက်လိုက်တာ မရရင်မနေနိုင်ဘူး စတဲ့ (ဝေဒနာ) ကနေ (တဏှာ) = တပ်မက်စိတ်၊ ဥပါဒါန် = စွဲလန်းစိတ်တွေဝင်လာတော့ စေတနာ (သဒ္ဓါရ) ကလိုက်ဟာ၊ ပြောဟာ၊ ခိုးဟ ဆိုတော့ (ကံ) ဖြစ်ပါလေရော၊ ကာယကံ၊ ဝစီကံ၊ မနောကံတွေနဲ့ ပစ်မှားတော့တာပေါ့ (မှန်ပါ့)

နောက်တစ်ခါ နားနဲ့ကြားပြန်တော့လည်း (အသံ) ကို (ရုပ်) လို့ မအောင်းမေ့ပဲ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်ကံဘက်ရောက်ပြန်ရော၊ (အနံ့) နဲ့လည်း ဒီဒနတိုင်းပဲ၊ စိတ် ၆ပါးဖြစ်တိုင်း (မနော ဝိညာဏ်) ဖြစ်ပြီး ဒီလိုပဲ သံသရာလည်ကြတာဟာ လောကကြီးထဲက ဟာတွေကို ရှိတယ်လို့သဘောထားလို့ပေါ့ (မှန်ပါ့)၊ ဒါကြောင့် လောကကြီးရှိတယ်ဆိုတာ (နာမ်) ရဲ့သဘောတွေပေါ့ ဒကာကြီး (မှန်ပါ့)

ရှိတယ်လို့သဘောမထားရင် (ရုပ်နာမ်) သဒ္ဓါရမဖြစ်တော့၊ (ရုပ်နာမ်) ဒုက္ခမဖြစ်ရာ မပျက်ရာ (နိဗ္ဗာန်) တွေ့ပြီပေါ့ ဒကာကြီး (မှန်ပါ့ဘုရား)

(နာမ်) ရှိရင် ဖြစ်နေတာပဲ၊ ဒါကြောင့် (ရုပ်) သဘော (နာမ်) သဘောသိပြီး အဲဒီလို (ရုပ်နာမ်) ကွဲသွားရင် ပထမတန်းဖြစ်ပြီပေ့ ဒကာကြီး (မှန်ပါ့ဘုရား)

(နာမ်) ဆိုတာ (စိတ်နာမ်) ကတစ်ပါး၊ (စေတသိက်) မှာ နာမ်ခန္ဓာက ၃ပါးဆိုတော့ နာမ်ခန္ဓာ ၄ပါးမဟုတ်လား (မှန်ပါ့)၊ ဒါကြောင့် (နာမ်) ဆိုတာများတဲ့ စိတ်စေတသိက် (နာမ်) ကို ပြောတာ (မှန်ပါ့)

(နာမ်) ကလည်း ကိုယ့်ရင်ထဲမှာရှိနှင့်နေကြတာမဟုတ်ဘူး၊ အပြင်ကအာရုံ ၆ပါးနဲ့အတွင်းက ဒွါရလို့ခေါ်တဲ့၊ အာယတန ၆ပါး ကိုတွေ့တိုက်ကြတော့မှ ဝိညာဏ် (စိတ်) (၆)ပါး ဖြစ်ရတာက စိတ်နဲ့ သင့်သလိုအတူယှဉ်ဖြစ်ဘက်ဖြစ်တဲ့ (သံပယုတ္တကာန၌ဓမ္မာနံ) စေတသိက် (၇)ပါး ဝင်လာတော့မှ (မနော) ရောက်ပြီး (မနော ဝိညာဏ်) ဖြစ်တဲ့ (စိတ်၊ စေတသိက်၊ ရုပ်) ခန္ဓာငါးပါးလို့ခေါ်တဲ့ ရုပ်နာမ် ၂ပါး ရလာတာပေါ့ (မှန်ပါ့)

ဒီ (ရုပ်၊ နာမ်) ခန္ဓာငါးပါးရခြင်းကို မြတ်စွာဘုရားက ဒုက္ခသစ္စာ ဒုက္ခအမှန်ရခြင်းလို့ ဟောထားပါတယ်၊ မြင်စိတ်မှာ (အာရုံ) ကို အသိမှားတဲ့ (အဝိဇ္ဇာ၊ သခ်ါရ) ကြောင့် (ဝိညာဏ်၊ နာမ်၊ ရုပ်) ရုပ်နာမ် (ခန္ဓာငါးပါး) ရပြီး ဒုက္ခဖြစ်တာပေါ့ (မှန်ပါ့) ကြားစိတ်၊

နံစိတ်၊ စားစိတ်၊ ထိတွေ့စိတ်၊ ကြုံတွေးစိတ်တွေနဲ့လည်း ခန္ဓာငါးပါး (ရုပ်၊ နာမ်) ဒုက္ခတွေ့ရနေတော့ (ဒုက္ခနဲ့သမုဒယ) အယုတ်သစ္စာ ၂ပါးနဲ့ပဲ နေ့စဉ် သံသရာလည်နေကြတော့တယ်၊ သေတော့လည်း ဒီ (အာရုံ) က ဒီ (နာမ်ရုပ်) တွေပဲ၊ ဘဝသစ်အဖြစ်နဲ့ သံသရာမဆုံး အောင် ဝဋ်ဒုက္ခက မကျွတ်အောင် ဖြစ်နေကြတာပေါ့ ဒကာကြီး (မှန်ပါဘုရား)

လောကကြီးလည်းမရှိဘူး၊ လူတွေ၊ နတ်တွေလည်းမရှိဘူး၊ ဒီ(အာရုံ)တွေက ကိုယ့်ကို (ဝိညာဏ်၊ နာမ်၊ ရုပ်) ဖြစ်စေတယ်၊ (အာရုံ) ရုပ်တွေက (ဝိညာဏ်စိတ်နာမ်) နဲ့ (စေတသိက်နာမ်) တွေဖြစ်စေပြီး (ခန္ဓာငါးပါး) ရစေတယ်၊ (ခန္ဓာ) ရတော့ (ပဋိစ္စသမုပ္ပါဒ်) တန်းအောင် ဒီလောကကြီးထဲက အရာတွေကကိုယ် (နာမ်)မှာ လာကပ်ကြတာ (မှန်ပါ)၊ တကယ်အရင်းစစ်တော့ ကိုယ့်မှာဘာမှမရှိဘူး၊ ဒီအတ္တဘော ခန္ဓာကိုယ်ကြီးပဲ၊ ဒီခန္ဓာကိုယ်ကြီးကို ဘာ (အာရုံ) မှ မကပ်အောင် အသုံးမပြုတဲ့ ပစ္စည်းတစ်ခုလို သူ့အတိုင်း ထားလိုက်ရင် (သုညတ) ဆိုက်သွားတာပေါ့ ဒကာကြီး (မှန်ပါဘုရား)

(နာမ်) က (ပညတ်) ကိုစွဲသွားရင် ဘဝသစ်တစ်ဖန် ပြန်ဖြစ်စေတာ ဘုန်းကြီးရဟန်းတောင် မနေရဘူး၊ နာမ်က (ပညတ်) သက်န်းကို စွဲတော့ တိဿရဟန်းကြီး သန်းဖြစ်ရတယ်၊ အိမ်စွဲတော့ အိမ်မြောင်ဖြစ်ဇယ်၊ မြေပ်ထားတဲ့ရွှေငွေစွဲတော့ မြွေဖြစ်တယ်၊ ဘာညာ

စွဲတော့ ကြွက်တွေ ခွေးတွေ ဝက်တွေ၊ နွားတွေ ဖြစ်တာ မြတ်စွာဘုရား ဟောတဲ့ သာဓကတွေ အများကြီးရှိတယ် (မှန်ပါ့)၊ ဘဝသစ်သွား ဖြစ်တာ သခ်ၤါရ (နာမ်) ရဲ့သဘောပဲ (မှန်ပါ့)

ချစ်တာ၊ မုန်းတာ၊ ကြိုက်တာ၊ မကြိုက်တာ၊ သနားတာ၊ ဒေါသထွက်တာ၊ ရန်ညှိုးထားတာ စတဲ့စွဲလန်းတာတွေဟာ (နာမ်) ရဲ့ သဘောတွေနော် (မှန်ပါ့) ဒီ (နာမ်) သဘောကို ငါတွေ၊ သူတွေ၊ မိန်းမတွေ၊ ယောကျ်ားတွေ၊ ပုဂ္ဂိုလ်တွေ လုပ်မနေပါနဲ့ (မှန်ပါ့)

ဒါကြောင့် (သဋ္ဌေသခ်ၤါရ) ဆိုတာ ဒီ (အာရုံ) ကြောင့် ဝိညာဏ်၊ (ဝိညာဏ်) ကြောင့် (နာမ်ရုပ်) ဆိုတဲ့ (ရုပ်နာမ်) တွေနဲ့ဗာဒတူ (နာမ်)သဘောအရ ဖြစ်ချင်တိုင်းဖြစ်နေတာ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါလို့ ထင်နေကြတာဟာ သဋ္ဌေသခ်ၤါရချည်းပဲ (မှန်ပါ့)

သဋ္ဌေသခ်ၤါရအနိစ္စ

ယာထာပညာယပသဿတိ

အဲဒီလိုကိုယ့် (နာမ်)မှာလာကပ်နေတဲ့(သဋ္ဌေသခ်ၤါရ)တွေဟာ (အနိစ္စ) ပဲ ဆိုတာ (နာမ်) သဘောလို့သိရင် (အနိစ္စ) ရောက်သွား အောင်လို့ (ယထာပညာယပသဿတိ) ဖြစ်တဲ့ ဒီ(သခ်ၤါရ)တွေ (နာမ်) မှာလာကပ် တာတွေကို လက်ခံလို့မဖြစ်ဘူး၊ ဝင်လာရင် (နာမ်) သဘောလို့သိရင် (အနိစ္စ) ရောက်သွားမှန်း (ယထာပညာယပသဿတိ)

ဆိုတဲ့ (ပညာ) နဲ့ရှုတဲ့ သဘောဖြစ်သွားပြီပေါ့ ဒကာကြီး (မှန်ပါဘုရား)

ဒီလိုယထာပညာယပဿတီဆိုတဲ့ (ပညာ) နဲ့ရှုရင် အသိရော အကျင့်ရော (ဝိဇ္ဇာ)ရော(စရဏ)ရောတပြိုင်တည်း ပါသွား တယ်(မှန်ပါ)မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူခါနီး နောက်ဆုံး မှာကြား သွားတဲ့စကားတော်ဖြစ်တဲ့ -

ဟန္ဒဒါနီဘိက္ခဝေ အမန္တရာမိဝေါ

ဝယဓမ္မာသခ်ါရာအပ္ပမာဒေနသမ္ပာဒေထ

ဆိုတာ သဗ္ဗေသခ်ါရရဲ့ (အနိစ္စ) ကို မမေ့လျော့ပဲ ရှုရစ်ကြလို့ မှာကြားသွားတာပဲ ဒကာကြီး (မှန်ပါဘုရား)

(နာမ်) မှာလာကပ်ကြတာကိုသိအောင် ဘယ်လိုလုပ်မလဲ ဆိုရင် -

မြင်သိထက်မပို၊ ကြားသိထက်မပို

နံသိထက်မပို၊ စားသိထက်မပို

ထိတွေ့သိထက်မပို၊ သမုတိ (ပညတ်) ကို နှုတ်

အစွဲဖြုတ်၊ ပြုတ်၏ဝတ္ထုရားလို့ စပ်ထားတယ် (မှန်ပါ)

(အာရုံ) ၆ပါးက (နာမ်) မှာလာကပ်ကြတဲ့ (အာရုံ) တွေကို သိတာထက် မပိုအောင် (သညာ) သိမရောက်အောင် သိကာမတ္တာ၊ သိတာထက်မပိုအောင်နေရင် ဒီ (ပညတ်) တွေ (သညာ) တွေ (ဓဝဒနာ)တွေ (စေတနာ)စတဲ့ (စေတသိက်)တွေဟာကိုယ့် (ဝိညာဏ်

စိတ်) ဆိုတဲ့ သိကာမတ္တာဖြစ်နေတဲ့ သန့်စင်တဲ့ (စိတ်) ကလေးကိုဘာမှ မချယ်လှယ် မလွှမ်းမိုးနိုင်ကြတော့၊ ဘာမှဒုက္ခမပေးနိုင်ကြတော့၊ ကိုယ့်မှာလုပ်ချင်တာတွေ၊ ဖြစ်ချင်တဲ့ (သမုဒယ) တွေကြောင့်ဖြစ်တဲ့ (ဒုက္ခ) တွေနဲ့ ဘဝပင်လယ်ကြောမှာ မျောနေတဲ့ (ဝတ္တရား) ကြီးလည်း ပြုတ်ပြီး မဖြစ်ချင်တဲ့ (မဂ္ဂသစ္စာ) ကို ရောက်ပြီး မဖြစ်ရာ (နိဗ္ဗာန်) ကြီးကို မျက်မှောက်ပြုတော့တာပေါ့ ဒကာကြီး (မှန်ပါဘုရား)

စေတသိက် (နာမ်) တရား

ဝေဒနာ

(ဝေဒနာ) ဆိုတာခံစားတာသက်သက်ပဲ၊ ငါခံစားတယ်ဆိုရင် (ဒိဋ္ဌိ) နဲ့ (တဏှာ) ဖြစ်သွားပြီ (မှန်ပါ့) မြတ်စွာဘုရားက ခံစားတဲ့ (သဘော) သာရှိတယ်၊ ခံစားတတ်တဲ့ပုဂ္ဂိုလ် (သတ္တဝါ) မရှိဘူးတဲ့ (မှန်ပါ့)၊ ဒုက္ခသာရှိတာ ဒုက္ခခံစားတဲ့ ပုဂ္ဂိုလ်သတ္တဝါမရှိဘူးလို့ ဒီလိုသိရင် (ဒိဋ္ဌိ) ဖြစ်စေတဲ့ (ငါ) ခံစားတာက လွတ်တယ် "ဝေဒနာ အတ္တာ တောသမွ နုပဿတိ" လို့ဟောထားတော့ (ငါ) လို့ယူရင် (ငါ) ခံစားတဲ့ (ဒိဋ္ဌိ) ဖြစ်တယ်၊ ခံစားသူ မရှိဘူးလို့ နှုတ်ပိုးသွင်းထားတတ်ရင် (ဒိဋ္ဌိ) လွတ်တယ်၊ ငါခံစားတာပဲ လို့ အော်နေရင် (ဒိဋ္ဌိ) ဖြစ်တယ်၊ တဏှာဖြစ်တယ်၊ ဒေါသဖြစ်တယ် (မှန်ပါ့)

(ဝေဒနာ) ကို ကြိုက်ကြိုက်၊ မကြိုက်ကြိုက် (တဏှာ) ပဲ၊ ကြိုက်တာကိုလည်း (ကပ်ငြိ) တယ်၊ မကြိုက်တာကိုတွေ့ပြန်တော့လည်း အမလေး၊ အဘလေး နာလိုက်တာလို့လည်း မချမ်းသာမှုတွေက (ကပ်ငြိ) နေတာပဲ၊ ဒုက္ခသာရှိတယ်၊ ခံစားတတ်တဲ့ ပုဂ္ဂိုလ်သတ္တဝါ မရှိဘူးလို့ ဒီလိုသိရင် (တဏှာ) ကလည်း လွတ်တာပေါ့ (မှန်ပါ့)

ခံစားတဲ့ (ဝေဒနာ) မှာ (ပညတ်) ကပ်ရင်(တဏှာ) ဖြစ်တယ် (ဒေါသ) ဖြစ်တယ်၊ ဒါကြောင့် (ဝေဒနာ) ကို (ပညတ်) မကပ်အောင်

(ကင်ဆာ) လို့လည်း (ပညတ်) အသိနဲ့မသိနဲ့ ငါ့လည်ချောင်း၊ ငါ့ခြေထောက်၊ ငါ့ရင်ဘက် လို့လည်း (ပညတ်) အသိမကပ်စေနဲ့၊ (ဝေဒနာ) ကိုသိတယ်လို့ပဲ နှလုံးသွင်း (မှန်ပါ့)

(ဝေဒနာ) ကို (သိ) တာပဲယူရင် ဤဟာ (ဝိညာဏ်) ပေါ့။ ဝိညာဏ်က နံမည် (သိ) တယ်လို့ပဲယူရတယ်၊ သိတာလေးပျက်သွားပါလားဆိုတဲ့ (သိ) တဲ့ ဝိညာဏ်စိတ် (အာရုံအနိစ္စ) လေးကိုသိအောင် (သိပျက်) ရှုရင် (ဝေဒနာ) ကျော်ပါတယ် (မှန်ပါ့)၊ (ဝိညာဏ်) သိတဲ့ အပိုင်းက အသိပိုင်ရင် (ဝေဒနာ) ကျော်ပါတယ် (မှန်ပါ့)

(ဝေဒနာ) ကိုပြုလုပ်တဲ့ ပုဂ္ဂိုလ်လည်းမရှိဘူး၊ ခံစားတဲ့ပုဂ္ဂိုလ်လည်းမရှိဘူး (ခံစားတယ်) ဆိုတာ ဘာခေါ်သလဲဆိုတော့ ဓမ္မသဘောအရ (အကျိုး) ဖြစ်တယ်လို့ခေါ်ရတယ် (မှန်ပါ့) "ဝိတက္ကရကဝိတက်" ပဲ၊ ခံစားသူပြုလုပ်သူ မရှိဘူးတဲ့ (မှန်ပါ့)၊ ဒကာကြီး အခုလူဖြစ်နေတယ် မဟုတ်လား (မှန်ပါ့) ပဋိစ္စသမုပ္ပါဒ်တရားအရ၊ အတိတ်အကြောင်းအချင်းအရာငါးပါးဖြစ်တဲ့ (အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကံ) ဆိုတဲ့ (သမုဒယသစ္စာ) တွေလုပ်ခဲ့လို့ အတိတ်အကြောင်း (ကမ္မဘဝ) ကြောင့် အခုဘဝလူလို့ သမုတ်တဲ့ (ဝိညာဏ်၊ နာမ်၊ ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ) ဆိုတဲ့ (ခန္ဓာငါးပါး) ဒုက္ခသစ္စာ (အကျိုး) ရနေတာပေါ့။ (မှန်ပါ့)။ ခန္ဓာငါးပါးရတဲ့အကျိုးထဲမှာ တစ်ပါးအနေနဲ့ (ဝေဒနာ) ပါတယ်လေ။ ဒါကြောင့် (ဝေဒနာ) က (ခန္ဓာငါးပါး) နဲ့အတူ အကျိုးရ

နေတာပေါ့ (မှန်ပါ့)

သစ်ပင်က သစ်သီးသီးသလိုပေါ့၊ သစ်သီးကသစ်ပင်ကြောင့် အသီးဖြစ်လာတာ၊ တစ်ခါသစ်သီးက ကြွေကျတော့ သစ်သီးကြောင့် သစ်ပင်ပြန်ဖြစ်လာပြန်ရော၊ သစ်ပင်နဲ့ သစ်သီးသံသရာလည်သလိုပဲ (သမုဒယသစ္စာ) နဲ့ (ဒုက္ခသစ္စာ) ကလည်း သစ်ပင်နဲ့ သစ်သီး သံသရာလည်သလိုပဲ (မှန်ပါ့)

(ခန္ဓာငါးပါး) ဒုက္ခသစ္စာရလာတာက (ဝိပါကဝဋ်ကြီး) ရလာတာက (အကျိုး) ဖြစ်တာပေါ့၊ အကြောင်း (သမုဒယ) ရှိရင် အကျိုး ဒုက္ခသစ္စာ (ခန္ဓာငါးပါး) ရတာပေါ့၊ (ခန္ဓာငါးပါး) အကျိုးထဲမှာ (ဝေဒနာ) ဆိုတဲ့ (ဝေဒနက္ခန္ဓာ)တစ်ပါးလည်း အကျိုးခန္ဓာအနေနဲ့ပါနေတော့ (ပဋိစ္စသမုပ္ပါဒ်ဓမ္မ) သဘောအရ (ဝေဒနာ) ခံစားတာက အကျိုးရနေတာ၊ အကျိုးဒုက္ခသစ္စာထဲပါနေပြီးသားပဲ (မှန်ပါ့ဘုရား)

ဒါကြောင့် (ခန္ဓာငါးပါး) ဒုက္ခသစ္စာရရင် (ဝေဒနာ) ရမယ်၊ ခန္ဓာဖြစ်ရင် (ဝေဒနာ) ရှိမယ်၊ ဒါကြောင့် (ပဋိစ္စသမုပ္ပါဒ်) ဓမ္မသဘောအရ ပြုသူမရှိ၊ ခံစားသူမရှိလို့ မြတ်စွာဘုရားက "ဝိတက္ကရက် ဝိတက်ကော ပြုသူ ခံစားသူမှကင်းဏိလို့ ဒီလိုဟောတာပေါ့ (မှန်ပါ့)၊ ဒါကြောင့် (ဝေဒနာ) ခံစားရမှာကို ကြောက်ရင် (ခန္ဓာ) ရအောင်မလုပ်နဲ့၊ (ဉာဏ်) ဦးစီး အောင်လုပ်ရမယ် (မှန်ပါ့)၊ (ဉာဏ်) ဆိုတာ (သတိ) ထားလို့သိရ

တဲ့အသိ၊ ဒီအသိညာဏ်နဲ့ (ခန္ဓာ) မရအောင်လုပ်ရင် (ဝေဒနာ) ဒုက္ခ သာမကဘူး၊ အခုခံနေတဲ့ ဒုက္ခသစ္စာဝိပါကဝင်္ကြီးကနေ ကျွတ်လွတ် ရာ (နိဗ္ဗာန်) ရတော့တယ် (မှန်ပါဘုရား)

(အဝိဇ္ဇာ) ကွာပြီး (ဝိဇ္ဇာ) နဲ့နေတဲ့ ပုဂ္ဂိုလ်တွေမှာ ကိုယ်တွင် အဆုံးရှိသော (ဝေဒနာ) ကို ခံစားတယ်လို့ဆိုကြတယ် (မှန်ပါ)

"ကာယပရိယန္တိကံ ဝေဒနာဝိရိယမန္တော (ပ) .....

ဝေဒနာဝေဒိပဇာနာတိ" တဲ့ပါဠိတော်ကြီးထဲမှာပါတယ် (မှန်ပါ) မျက်စိကမြင်တာ၊ နားကကြားတာ၊ နှာခေါင်းကနံတာ၊ လျှာက အရသာဖြစ်တာ ကိုယ်ကထိတွေ့တာ၊ ဒီ ငါးနေရာမှာကိုယ်တွင်အဆုံး ရှိသော (ဝေဒနာ) ခံစားတာပဲ (မှန်ပါ)

(ဝေဒနာ)ကခံစားတာပဲရှိတာကိုး၊ ငါသူမှမရှိပဲ။(ဝေဒနက္ခန္ဓာ) က ခံစားတာပဲ (မှန်ပါ)၊ အသက်ဇီဝိန်တွင်အဆုံးရှိသော (ဝေဒနာ) ခံစားတယ်လို့ ဒီလိုသိပြီး ဇီဝိန်ချုပ်သွားရင် (ဒေါသ) မကူးဘူး၊(တဏှာ) မကူးဘူး (မှန်ပါ) (ဓမ္မာနုပဿနာ) အရ (ဣတိဝေဒနာ) ဤဟာ (ဝေဒနာ) လို့မသိပဲဖြစ်နေရင် (ဒေါသ)တို့ (မောဟ) တို့က ဒေါသမူ စိတ်၊ မောဟမူစိတ်တွေနဲ့လာတတ်တယ်၊ (ဝေဒနာပစ္စယာဒေါသော) ရှိတာကိုး (မှန်ပါ)၊ လောဘမူစိတ်ကျမှ (ဝေဒနာ) ပစ္စယာ (တဏှာ) မောဟမူစိတ်ကျတော့ ဝေဒနာပစ္စယာအပရိသဒ္ဓါရောတဲ့၊ မဆင်ချင်

တာရောက်သွားတယ်၊ (ရုပ်) မှန်း (ဝိညာဏ်) မှန်းမဆင်ချင်တော့ (မောဟ) ဖြစ်နေတာပေါ့၊ တွေဝေမိန်းမောတာမှ (မောဟ) ဖြစ်တာ မဟုတ်သေးဘူး၊ မဆင်ချင်ရင်လည်း (မောဟ) ဖြစ်နေတာပဲ (မှန်ပါ့)

ကုသိုလ်စိတ်ဖြစ်တဲ့ (ဝေဒနာ) ကျတော့ ဝေဒနာပစ္စယာ ပသာရောတဲ့ (ပဿဒ) ဆိုတာ ကြည်လင်တဲ့ (သဒ္ဒါ) ဖြစ်သွားတယ်၊ ခံပြင်းတာလည်း(ဒေါသဝေဒနာ) ပေါ့၊ စွန်းလွန်းဆရာတော်ဘုရားကြီး ကကောင်းတာ၊ မကောင်းတာခံစားသမျှ (ဝေဒနာ) တရားပင်တည်းလို့ ဒီလိုဟောကြားပါတယ် (မှန်ပါ့)

စက္ခုနံမျက်စိဖြင့်၊ ရူပံ = ရူပါရုံကို၊ ဒိတ္ထာ = မြင်သည်ရှိသော် မနာပံ = သဘောကျခြင်းသည်၊ ဥပဇ္ဇတိ = ဖြစ်၏၊ အမနာပံ = သဘောမကျခြင်းသည်၊ ဥပဇ္ဇတိ = ဖြစ်၏ (မှန်ပါ့)၊ မနာပံ၊ အမနာပံ ဆိုတဲ့ သဘောကျခြင်း၊ သဘောမကျခြင်းသည် စက္ခုသံဖဿဝေဒနာ ဆိုတဲ့ မျက်စိကဖြစ်တဲ့ (ဝေဒနာ)ပဲ(မှန်ပါ့)

(ဝေဒနာ) ကို ရှု့တယ်ဆိုတာ မျက်စိဖွင့်မယ်၊ မြင်တော့မယ်၊ မြင်မယ်၊ (ဖဿ)ဖြစ်လာတယ်၊ ဟော (ဝေဒနာ) ရလာတယ်၊ သိတယ်၊ ပျက်တယ်၊ နားကကြားတော့မယ်၊ ကြားတယ် (ဖဿ) ဖြစ်လာတယ်၊ ဟော (ဝေဒနာ) ဖြစ်လာတယ်၊ ဆဲသံကြားရတယ် (ဒါ) တယ်၊ စိတ် မဆိုးဘူး ပျက်တယ်၊ မနောကစိတ်ကူးတော့မယ်၊ ကူးပြီးမနပ၊ အမနပ

သဘောကျတယ်၊ သဘောမကျတာတွေ ရောက်ရင်ရုပ်လိုက်၊ (မနော) ရောက်တော့သဘောကျတာ၊ မကျတာသိတဲ့ (ဝေဒနာ) ဖြစ်လာတာကို သိလိုက် သိရင် (ဝေဒနာ) အနိစ္စဖြစ်သွားတာပဲ (မှန်ပါ့)

ဒါကြောင့် ဒီ (ဓမ္မသဘာဝ) တွေဟာ ခန္ဓာဖြစ်စဉ် (ပဋိစ္စသမုပ္ပါဒ်) ပါပဲ၊ အနိစ္စသခ်ိတံ ပဋိစ္စသမုပ္ပါနံ၊ ဥဒယဘယံခယဓမ္မံ (ဖြစ်ပျက်) ပဲ၊ ဒီလိုရှုဖန်များတော့ မျက်စိက၊ နားက၊ နှာခေါင်းကစတဲ့ အာရုံ ၆ပါးမှာလာဖြစ်တဲ့ (ဝေဒနာ) တွေကိုသိလိုက်တာနဲ့ ဒီ (ဝေဒနာ) က (အနိစ္စ) ဖြစ်သွားတော့ ဒီလို (ဝေဒနာ) ရတဲ့ (ဖြစ်ဒုက္ခ) ပျက်သွားတဲ့ (ပျက်ဒုက္ခ) ဆိုတဲ့ (သခ်ါရ ဒုက္ခ၊ ဝိပရိဏာမဒုက္ခ) အနိစ္စကိုလည်းသိ၊ ဒုက္ခကိုလည်းသိ၊ အနတ္တကိုလည်းသိပြီး (နိဗ္ဗာန်) ရောက်တော့ပေါ့ ဒကာကြီး (မှန်ပါ့)

(ဝေဒနာ) ရတယ်ဆိုတာက (ပဋိစ္စသမုပ္ပါဒ်) ခန္ဓာဖြစ်စဉ် အရ မြင်တယ်ကြားတယ် အစရှိတာတွေမှာ (အာရုံ) ရဲ့ ပစ္စယအစွမ်းသတ္တိကြောင့် မြင်သိ၊ကြားသိ နံသိစတဲ့ (ဝိညာဏ်) စိတ်ရတယ်၊ စိတ်နဲ့ အတူဖြစ်တဲ့ (စေတသိက်) ပါလာတော့ (နာမ်၊ ရုပ်) ရတယ်၊ ဒီတော့ (ဝိညာဏ်၊ နာမ်၊ ရုပ်) ရတယ် (ဖဿ) ဖြစ်တယ်၊ ခံစားရတဲ့ (ဝေဒနာ) ဖြစ်တဲ့ဒုတိယ ဖြစ်လာတာ (ခန္ဓာငါးပါး) ရတာသိတယ်၊ (ဝေဒနာ) ကနေ (တဏှာ)မကူးအောင် (ဝေဒနာ)ကို အနိစ္စရှုရတာ၊ ဒီလိုဖြစ်လာတဲ့ (ဝေဒနာ)ကို သိချင်ရင် (ဒွါရ) ကနေ စောင့်ပေါ့ဒကာကြီး (မှန်ပါ့)

(ဝေဒနာ) ကနေ (တဏှာ) မကူးအောင်ဆိုတာ သူတစ်ပါးက ဆဲနေတဲ့ ဆဲသံကြားလည်း ကိုယ်မှာသဘောမကျတဲ့ အမနာပ (ဝေဒနာ) ရနေတာပဲ၊ ကိုယ်ရှေ့မှာ ချင်သီးနဲ့ဆားနဲ့စားနေတာကို မြင်ရတော့ ကိုယ်မှာ (ဖဿ) ဖြစ်တာ၊ သွားရည်ကျလာတဲ့ (ဝေဒနာ) ဖြစ်တာ၊ တိုက်ပေါ်ကခုန်ချမယ် ပြုနေတာ မြင်ရတော့လည်းကိုယ်မှာ (ဖဿ) ဖြစ်ပြီး သဲလှိုက်၊ ရင်ဖိုတဲ့ (ဝေဒနာ) ရလာတာပဲ၊ (မှန်ပါ့)၊ ကိုယ့် မိသားစုထဲကသေတော့၊ ဆွေမျိုးရင်းထဲကသေတော့၊ ဝမ်းနည်းရတဲ့ (ဝေဒနာ) ပေါ့၊ အဲဒါ အမနာပံ = သဘောမကျခြင်းဖြစ်တဲ့ (စက္ခုသံ ဖဿဝေဒနာ) တွေကို မျက်စိ၊ နား၊ နှာခေါင်းစတဲ့ (ဒွါရ) ကနေ စောင့်ပြီးဖြစ်လာတဲ့ (ဖဿ၊ ဝေဒနာ) သဘောကိုသိလိုက်ရင် ဝေဒနာ (အနိစ္စ)ရောက်ပြီး(ဝေဒနာ)ကနေ (တဏှာ)မကူးတဲ့၊ (ဒါသ) မကူးတဲ့ (ခန္ဓာ) လည်းမဖြစ်တော့ဘဲ (ဝေဒနာနုပဿနာ) ကို ၅ကြိမ်ရောက်တာ ပေါ့ဒကာကြီး (မှန်ပါ့)

စိတ်ဆိုးလည်း ဒေါမနဿ (ဓေဒနာ) ပေါ့၊ ရယ်ရရင်လည်း သောမနဿ (ဝေဒနာ) ပေါ့၊ သူတစ်ပါးရိုက်လို့ နာကျင်နေရင်လည်း ကာယိကဒုက္ခရတဲ့ (ဝေဒနာ)ပေါ့၊ ခလုပ်ထိလို့၊ ဆူးငြိလို့နာတာကို (ခံစား) ရရင်လည်း (ဝေဒနာ) ပေါ့၊ ကြိုက်တာတွေ့တာလည်း (ဝေဒနာ)၊ မကြိုက်တာတွေ့တာလည်း (ဝေဒနာ)ရတာပေါ့၊ ဒီလိုခန္ဓာ ဖြစ်စဉ် (ပဋိစ္စသမုပ္ပါဒ်) ဂွင်းဆက်သဘောတရားကပြတဲ့ (ဝေဒနာ)

ကို (သိပ္ပက်) အနိစ္စရှုရမှာကို (ဝေဒနာ) ကို ဘယ်လိုရှုနေကြသလဲ မသိဘူး (မှန်ပါ့)၊ ဒါကြောင့် (Bertron Russel) က ရှေးတုန်းကဟောတဲ့ ရေးတဲ့ ဗုဒ္ဓတရားတွေကိုပဲကြိုက်တယ်၊ အခုခေတ် ဟောတာတွေ မကြိုက်ဘူးပြောတာပေါ့၊ (မှန်ပါ့) ရှေးတုန်းကတော့ တရားဟောတာတွေဟာ (တရားဓမ္မ) ဘက် (သဘာဝ) ဘက်ကို ရောက်အောင် ဟောကြတယ်၊ အခုခေတ်မှာ ဟောတာတွေမှာ သဘာဝတရားဘက် ရောက်ရင်တရားနဲ့ဆီလျော်တာပေါ့ ဒကာကြီး (မှန်ပါ့ ဘုရား)

သညာ

(သညာ) ဆိုတာ အာရုံကိုမှတ်ခြင်းသဘောပဲ၊ ခလေးအရွယ်ကစပြီး၊ ၁နှစ်သား၊ကျော်ကျော်မှာ ဒါက အမေ၊ ဒါကအဖေနဲ့ မှတ်သားလာလိုက်တာ မျက်စိနဲ့ မြင်လည်း မသိတာဆိုရင် မှတ်ထားတာပဲ၊ နားနဲ့ကြားလည်းမှတ်ထားတာပဲ၊ သိတတ်တဲ့အရွယ်ကစပြီး တွေ့ကြုံသမျှအကောင်အထည်၊ ဝတ္ထု၊ ပစ္စည်းအမှုကိစ္စ၊ ဗဟုသုတတွေကို မှတ်သားထားတာ (သညာ) ပဲ၊ အခုနေပြန်ပြီး အောင်းမေ့လို့သိတာ၊ ကြုံတွေ့းလို့ပြန်ပေါ်လာတာတွေကလည်း (သညာ) ပဲပေါ့၊ (မှန်ပါ့)

ဝတ္ထုပစ္စည်းအကောင်အထည် (ဒြပ်) နဲ့ (သညာ) နဲ့ဟာ အတူတူပဲ၊ ဒီဒြပ်ကို သညီလို့ခေါ်တယ်၊ အာရုံပြုလိုက်တော့မှ (သညာ) လို့ခေါ်တယ်၊ ဒီဒြပ်သညီက (အာရုံ)၊ အာရုံပြုလိုက်တော့စိတ်ထဲ

ပေါ်လာတာ အာရာမဏိက (သည်)၊ အဲဒါ (ပည်တ်) အာရုံနဲ့ (ပည်တ်) အာရာမဏိကပဲ (မှန်ပါ့)

လူသတ္တဝါတွေအားလုံးဟာ (သည်) ကိုပဲသိနေကြတယ်၊ လောက ကမ္ဘာကြီးထဲမှာ (ပည်တ်) တွေပဲဖုံးနေတာ၊ လူသတ္တဝါတွေက ဒီ (ပည်တ်) အာရုံတွေကိုပဲ မှတ်ထားတဲ့အလေ့ရှိကြတော့ ဒီအမှတ် (သည်) နဲ့ လူလုပ်နေကြတော့ လောကီပညာခေါ်တဲ့ သိပ္ပံတို့ ဝိဇ္ဇာတို့ဟာ သင်လို့ကြားလို့ မှတ်သားလို့သိရတဲ့အရာတွေ ဖြစ်နေတော့ စင်စစ်တော့ (ပည်) မဟုတ်ဘူး၊ (သည်) တွေဖြစ်နေကြတယ်၊ လူသတ္တဝါအားလုံးဟာ (သည်သိ) ကိုသာသိနေကြတယ် (သည်သိ) ဆိုတာမှတ်သိ၊ သည်သိက (ပည်တ်) ကိုပဲမှတ်သိနိုင်ကြတယ်၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါတွေ၊ ပစ္စည်းအဆင့်မြင့်နည်းစနစ်၊ စံနမူနာစတဲ့ (သည်) နဲ့မှတ်သားတဲ့ (သည်) သိကိုသာသိကြတယ် (သည်) နယ်ကြီးက ပြောလို့မကုန်နိုင်ဘူး (မှန်ပါ့)။

လူ၊ သတ္တဝါတွေဟာ (သည်သိ) ဖြစ်တဲ့ (ပည်တ်) ကိုပဲသိတဲ့ အသိမှာပဲ လမ်းဆုံးနေကြတယ်၊ ဒီ (ပည်တ်) သိ၊ (သည်) သိနဲ့ပဲ သေကုန်ကြတော့ သံသရာရေယာဉ်ကြောမှာ မျောချင်တိုင်း မျောနေ ကြတယ် (မှန်ပါ့)၊ မြတ်စွာဘုရားက တကယ့် (ပည်သိ) ဆိုတာ (ပည်တ်) သိ (သည်) သိကိုကျော်ပြီး (ပရမတ်) ရောက်အောင် သိရတဲ့ (ဉာဏ်) သိ အမှန်သိ (သမ္မာဒိဋ္ဌိ) အသိကိုပဲ ဟောတာ

ဒကာကြီးရဲ့ (မှန်ပါ့ဘုရား)

မြတ်စွာဘုရားက ပညာမဂ္ဂင် ၂ပါးကိုဟောတယ် (သမ္မာဒိဋ္ဌိ) နဲ့ (သမ္မသကပ္ပ) မဂ္ဂင် ၂ပါးက ပညာမဂ္ဂင် ၂ပါးပဲ (ပညာ)နဲ့ ရှုဖို့သင်ပေးထားတာပဲ (မှန်ပါ့) ရှုရမှာက (ဗဟိဒ္ဓ)က (အာရုံ) နဲ့ (ဒွါရ) မှာလာဖြစ်တဲ့ (ဝိညာဏ်၊ နာမ်၊ ရုပ်) ရဲ့ "ဝယမမ္မာသခ်ိဳရာအပ္ပမာဒေန သမ္မာဒေထ" လို့ အလေးအနက်မှာသွားတာ (မှန်ပါ့)၊ (ပရမတ်) ရုပ်နာမ်သခ်ိဳရလေးတွေရဲ့ ပျက်သွားတဲ့ (အနိစ္စ) သဘောမရှိတော့တဲ့ သဘောကိုရှုမှ (ပညာ) သိဖြစ်တယ် (မှန်ပါ့)

မြတ်စွာဘုရားဟောပြောတဲ့တရားတွေကို စာနဲ့ရေးပြလို့ စာမှာဖတ်ရှုပြီးမှတ်သားနားလည်ကြရတာက ပဋိယတ်သိ (သညာ) သိ၊ (ပဋိပတ်) အသိကတော့ (ပညာ) သိ၊ ပညာမဂ္ဂင်ဝို့ သမ္မာဓိမဂ္ဂင်တို့ အသိရောအကျင့်ပါရစေတဲ့ (ဝိဇ္ဇာစရဏ) နဲ့ ကျင့်လို့သိလို့ တရားကိုသိတာက (ပညာသိ) ဉာတပရိညာသိ၊ တီရဏပရိညာသိ၊ ပဟာနပရိညာသိဆိုတဲ့ ပရိညာ ၃ပါးသိဖြစ်တယ် (မှန်ပါ့)

တရားအားလျော်စွာ သိတာ၊ ရုပ်နာမ်ဓမ္မတွေဖြစ်ပျက်နေတာကို လက်တွေ့သိတာ (အနုဗောဓဉာဏ်အသိ) မဂ်ဖိုလ်နိဗ္ဗာန်သိသွားတာက (ပဋိဝေဓဉာဏ်အသိ)၊ ဒါတွေက (သညာသိ)နဲ့သွားလို့ သိတာမဟုတ်ဘူး (ပညာသိ) ဉာဏ်သိနဲ့ သိသွားကြတာ ပဋ္ဌဝဂ္ဂိဒါးဦးတို့သိသွားသလိုပေါ့ (မှန်ပါ့)

ကောဏ္ဍညဿဝရုဇိဝိတမလံ ဓမ္မစက္ခုံဥဒပါဒိ
ယံကိဉ္စိသမုဒယဓမ္မံ၊ သဗ္ဗန်ိရောဓဓမ္မန္တိ
သစ္စာ ၄ပါးကိုမြင်တတ်တဲ့ (ဉာဏ်) မျက်စိနဲ့ဓမ္မစက္ခုံဥဒပါဒိဖြစ်သွား
တာပေါ့၊ မြတ်စွာဘုရားကလည်း ကောဏ္ဍညထေရ်အား

'အညာသိဝတဘောကောဏ္ဍညော' လို့ဥဒါန်းကျူးတာပေါ့၊
ကောဏ္ဍညထေရ်သည် စင်စစ် (သစ္စာ၄ပါး) ကို (ဉာဏ်) နဲ့သိသွားပြီလို့
ကောင်းချီးပေးတာပေါ့၊ သစ္စာ၄ပါးဆိုတာ (ပညာ) သိ (ဉာဏ်) နဲ့
သိရတာမျိုးပဲ (သညာသိ) စာသိမျိုးနဲ့ (သစ္စာ၄ပါး) ကိုမသိနိုင်ဘူး၊
(သစ္စာ၄ပါး)ကို (ဉာဏ်)နဲ့သိအောင် (စာ)နဲ့ ရေးပြလို့လည်း ထိမိ
အောင်မသိနိုင်ဘူး (မှန်ပါ့)

ဒါကြောင့် (ဉာဏ်)နဲ့သိတဲ့သူရဲ့ (ပညာ)သိကို (စာ) နဲ့မငြင်း
ကြစေလိုဘူး (စာ) စခန်း (သညာသိ) နဲ့ (ဉာဏ်) စခန်း (ဘာဝနာ)သိနဲ့
မတူဘူးပေါ့ (မှန်ပါ့)၊ ဒါကြောင့် ရှေ့တုန်းကစပ်ထားတာလေးတွေ
အခုလည်း မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ (တစ်ဘဝဘာဝနာ)
စာအုပ်ရဲ့ရှေ့ပိုင်းမှာ ဖော်ပြထားတာလေးတွေ တွေ့ရတယ် (မှန်ပါ့)

ရဟန်းပုဂ္ဂိုလ်လူထိုထို၊ စာကိုကျင့်သုံး၏၊
စာကားမှန်၏ (ဉာဏ်) မမိ (ထိ) အောင်သူမသိတဲ့
ဒါကြောင့် (စာသိ) နဲ့ (ဉာဏ်သိ) နဲ့ကလည်းကွာခြားတယ်

(မှန်ပါ့) မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတော်မူရင်း ရဟန်းတစ်ပါးကိုဟောပြတာရှိခဲ့တယ် (မှန်ပါ့)

"နာဟံဘိက္ခဝေလောကေန ဝိဝဒါမိ၊ လောကော ဝ မယာဝိဝဒတိ၊ နဘိက္ခဝေ ဓမ္မဝါဒီကေနစီ လောကသ္မိံဝိဝဒတိ၊ အဓမ္မဝါဒိဝ ခေါဘိက္ခဝေ ဝိဝဒတိ ....တဲ့ .... (မှန်ပါ့)

အတိုချုပ်ကဘုရားက အဓမ္မဝါဒီတွေနဲ့ မငြင်းချင်ဘူးတဲ့၊ မှန်တာကိုပဲဟောတယ်တဲ့၊ ဒီအတိုင်းပဲတရားမှန်သိကြတဲ့ (ဓမ္မဝါဒီ) များကလည်း ဘယ်သူနဲ့မှ အငြင်းမပွားပါဘူးတဲ့ (အဓမ္မဝါဒီ) အမှန်မသိသူများကသာ ပြန်ငြင်းနေကြတာပါပဲတဲ့ (မှန်ပါ့)

စာကပြလို့သိရတာက (စာသိ) (ဉာဏ်) ကပြလို့ သိရတာက (ပညာ)သိပဲ (မှန်ပါ့)၊ ပုထုဇဉ်တွေမှာ (ပညာသိ) တွေမရှိကြသေးဘူး (သညာသိ) တွေနဲ့သာသိနေကြသေးတယ်၊ ပုထုဇဉ်တို့ဟာ ခန္ဓာကသန္တာတိပညတ်နဲ့ ယနပညတ်တွေကိုသာသိကြတယ်၊ ဒီ (ပညတ်) တွေကို ထွင်းဖောက်ပြီး (ပဋိဘောဓဉာဏ်) တို့ (ရုပ်နာမ်) ကို ထိုးထွင်းသိပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်ရအောင် (ပဋိဝေဒ) ဆိုက်တဲ့ ထိုးထွင်းသိတဲ့ ဉာဏ်မျိုးနဲ့က မသိကြသေးဘူး (မှန်ပါ့)

ဒီ (အသိညာဏ်) ကိုရအောင် လုပ်ကြရမယ်ဒကာကြီး၊ ဒါမှ (နိဗ္ဗာန်) ရောက်မှာ (မှန်ပါ့ဘုရား)

(သညာ) ဆိုတဲ့ (အမှတ်သိ) က (အမှားသိ) နဲ့ (အမှန်သိ) ဆိုတာရှိသေးတယ် (မှန်ပါ့)၊ အမှားသိ (သညာ) က ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါတွေလို့ မှတ်ထားတဲ့ အမှားသိ (သညာ) ပေါ့ (မှန်ပါ့)။ အဲဒီလိုအမှားသိက (ဒိဋ္ဌိသညာ) တွေပေါ့ (မှန်ပါ့) အမှန်သိ (သညာ)ကတော့ (အနိစ္စ၊ ဒုက္ခ၊ အနတ္တ) ဒီ (သညာ) ၃ခု အပြင် ဒွါရ (၆)ပါးက (အာရုံ) ကိုမှတ်တတ်တဲ့ (သညာ) တွေကလည်း ကောင်းတဲ့အမှန်သိ (သညာ)တွေပဲ၊ ရူပသညာ၊ သောတသညာ၊ ဂန္ဓသညာ၊ ဖွတ္တဗ္ဗသညာ၊ ဓမ္မသညာ၊ ပညတ်သညာစတဲ့ ကောင်းတာ မှတ်တတ်တဲ့ (သညာ) တွေပေါ့ (မှန်ပါ့)

ဒကာကြီးတို့က (သညာ) ကို (သညာ)မှန်းမသိကြဘူး၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါဒြပ်ကြီးတွေသိတာ နံမည်တို့ သန္တာန်တို့စတဲ့ (ပညတ်) တွေကိုသိတာ (သညာ) ပဲ၊ ဒီလို (သညာ) မျိုးက အလွန်ဆိုးတယ် (နိဗ္ဗာန်) နဲ့ဆန့်ကျင်ဘက် (မှန်ပါ့)

ဒီလို (နာမသန္တာန်) သိတဲ့ (အမှတ်မှားသိသညာ) မျိုးနဲ့ မသိရဘူး၊ အဲဒီအမှတ်မှားသိ (သညာ) က (အာရုံ)ရဲ့သဘောအမှန်ကို မသိတဲ့ (အဝိဇ္ဇာ) ဖြစ်လို့ (သညာ) ကနေ (အဝိဇ္ဇာ) တန်းဖြစ်တာ

(မှန်ပါ့) အဲဒီအမှတ်မှားသိ (သညာ) ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါအသိကို ဖယ်ထုတ်ပြီး (ကွတိသညာ) ဤဟာ (သညာ) လို့ယူရင် (ဓမ္မာနုပဿနာ) ဖြစ်တယ်ဒကာကြီး (မှန်ပါ့)

(သညာ) နဲ့ နှလုံးမသွင်းရဘူး၊ (ပညာ) နဲ့နှလုံးသွင်းရတယ်၊ လောကီနဲ့နှလုံးမသွင်းရဘူး၊ လောကုတ္တရာနဲ့နှလုံးသွင်းရတယ်၊ ဒါမှ အေးတာပေါ့ (မှန်ပါ့)

(အာရုံ)ကို (သညာ)နဲ့ပေါင်းရင်(အဝိဇ္ဇာ)ဖြစ်ပြီး (သင်္ခါရ) ဖြစ်သွားတယ်၊ ပြုပြင်သွားတာပေါ့၊ (သညာ) က အကောင်းအကျည်း ပုံပန်းသန္ဌာန်ဝတ္ထုပစ္စည်းဒြပ် (ပညတ်) ကို အာရုံပြုတယ်၊ ဒါကြောင့် ရာဂ၊ အဘိဇ္ဈာ၊ ဗျာပါဒတို့ကိုလည်း ဖြစ်စေတယ် (မှန်ပါ့)၊ အရိယာသူတော်ကောင်းတို့ဟာ (သညာ) မှန်းသိကြတယ်၊ ဒါကြောင့် ဤဟာ (သညာ)လို့ရှုကြတယ် (မှန်ပါ့)

ဒကာကြီးတို့က(သညာ)ကို (သညာ)မှန်းမသိကြဘူး (မှန်ပါ့) အေး . . . ပေါ်လာတဲ့(အာရုံ)တို့ (သညာ)တို့ (စိတ်)တို့ကိုမွဲပြီးသိတာ (ဓမ္မာနုပဿနာ) ပေါ့၊ ပိုင်းခြားစိစစ်သိတော့ (ဓမ္မဝိစိယသမ္ဗောဇ္ဈင်) လည်းဖြစ်တာပေါ့ (မှန်ပါ့) နာမသန္ဌာန်စိတ်ထဲ ပေါ်လာရင် (ပညတ်) ပေါ်လာရင် ကွတိ (သညာ)၊ ဤဟာ (သညာ) လို့သိပေးရတယ်၊ ဒီသိလိုက်ပေးရတယ် (မှန်ပါ့) (သညာ) က (သမုတိသစ္စာ) ပဲပေါ့

(မှန်ပါ့ဘုရား)

(သည်) ကစေတသိက် (နာမ်) ပဲ (ဝိညာဏ်) ကြောင့်ဖြစ်တဲ့ (သည်) စေတသိက်ပဲ၊ ဒကာကြီး ဒီပန်ကာ(သည်)ကြီးကို မမြင်ဘူးလား (မြင်ပါတယ်ဘုရား) အေး မြင်စိတ် (စက္ခုဝိညာဏ်) ကအာရုံမြင်တယ်၊ ပြီးတော့မှ (ပန်ကာ)သိ(သည်)လာတယ် (မှန်ပါ့)၊ ဒါမြင်စိတ်(ဝိညာဏ်) ကြောင့်ဖြစ်တဲ့ (သည်)ပေါ့ မြင်စိတ်(ဝိညာဏ်) စိတ်ဖြစ်ပြီးမှ ဘာညာဆိုတဲ့ (ပညတ်)ကိုသိတဲ့ (သည်)ပါတဲ့အတွက် (ဝိညာဏ်) ကြောင့်ဖြစ်တဲ့ (သည်) ပေါ့ (မှန်ပါ့)

(ဝိညာဏ်) ဆိုတာကလည်း (နာမည်)ပဲ၊ မှည့်ထားတဲ့အခေါ်အဝေါ်ပဲ၊ ဒါပေမဲ့ တကယ်ရှိတဲ့နာမည်၊ ဘုရားပေးထားတဲ့ နာမည်ပဲ၊ (ဝိဇ္ဇမနပညတ်) ခေါ်တယ် (မှန်ပါ့) မြင်ရုံ၊ ကြားရုံကို ပါဠိလို စက္ခုဝိညာဏ်၊ သောတဝိညာဏ်ပဲပေါ့၊ (အာရုံ)မှာ(ပညတ်)နဲ့ (သည်)နဲ့ရောမှ (စိတ်) ဖြစ်တာ (သိ) သဘောလေးဖြစ်တဲ့ (ဝိညာဏ်စိတ်) ကနေ ပညတ်(သည်)နဲ့ပေါင်းတော့ ဘာသိ၊ ညာသိစိတ် (ပညတ်ပါသောစိတ်) ဖြစ်ရတာပဲ၊ ဒီ (ပညတ်) ပါသောစိတ်က (ကိလေသာ)ကို ဖြစ်စေတယ်၊ ပညတ်တို့ (သည်) တို့မပါသော စိတ်ကမှ (ပရမတ်) ရောက်တာပေါ့ ဒကာကြီး (မှန်ပါ့)

ပုထုဇဉ်တွေကမြင်တာ၊ ကြားတာ၊ နံတာ၊ စားတာ၊ ထိတွေ့

တာ၊ ကြံတွေးတာတွေကို(ကမ္မသညာ)နဲ့သိနေကြတာ၊ ဒီ (ကမ္မသညာ) နဲ့နေတော့ (ငါဆိုတဲ့ အသိမာန) ထင်လုံးကြီးတွေ (သက္ကယာဒိဋ္ဌိ) တွေ (မာန)တွေတက်နေကြတော့ (တဏှာ၊ မာန၊ ဒိဋ္ဌိ) တွေဖြစ်နေကြတာပေါ့ (မှန်ပါ့)

(သညာ) မှာ (ကမ္မသညာ) ကင်းမှ (ရာဂ)ကင်းတော့တယ်၊ သက္ကာယ (ဒိဋ္ဌိ) တွေလည်းပျောက်၊ အသိမာနလည်းပျောက်ပြီး ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာလည်းပျောက်တော့ (သောတာပန်) ဖြစ်သွားတာပေါ့ (မှန်ပါ့)၊ ဒါ ဒိဋ္ဌိကတဝိပွယုတ် (ဒိဋ္ဌိ)မရှိတော့ (သောတာပန်)ဖြစ်တာပေါ့ (မှန်ပါ့ဘုရား)

ဖဿ

(ဖဿ) က တွေ့တိုက်တာပဲ၊ ကိုယ်ရှေ့မှာ ချင်သီးစားတာ မြင်ရင် ကိုယ့်မှာသွားကျိန်းတာတို့၊ သွားရည်ကျတာတို့ ဖြစ်တာက မျက်စိမှာ (ဖဿ) ကတွေ့တိုက်ပေးလို့ပဲ၊ လူတစ်ယောက်ကို ခေါင်မိုးပေါ်ကခုန်ချမှာကို မြင်ရရင်ကိုယ့်မှာ သဲထိတ်ရင်ဖိုလ်ဖြစ်တာကလည်း (ဖဿ) ရဲ့သဘောကြောင့်ပဲ၊ ဒါက ထင်ရှားသိတာတဲ့ (ဖဿ) ပေါ့ (မှန်ပါ့)

'သဠေဓမ္မာဖဿမူလကာ' တဲ့ (ဖဿ) ဆိုတာ (ဧဟတူ) လိုပဲ၊ အကြောင်းအရင်းပဲ၊ (ဖဿ) ဖြစ်ရင် (အဝိဇ္ဇာသံဖဿ) ခေါ်

တယ် (မှန်ပါ့) (အဝိဇ္ဇာ) ရှိလို့(ဖဿ) ဖြစ်တာ၊ (ဖဿ) ဆိုတာ (အာရုံ)ကိုကိုယ်မှာရှိတဲ့ (ဒွါရဖြစ်ပါး) နဲ့ တွေ့ထိပေးတဲ့ လက္ခဏာရှိတာ (ဖဿစေတသိက်)ပဲ(မှန်ပါ့) ဟိုအာရုံနဲ့ သွားထိ ဖဿ(အနိစ္စ)၊ ဒီအာရုံနဲ့သွားထိ၊ ဖဿ (အနိစ္စ) ပေါ့ (မှန်ပါ့)

မျက်စိ(စက္ခု)နဲ့(အာရုံ)ကို (ဖဿ)နဲ့တွေ့တိုက်ပေးတော့ စက္ခုသမ္ဖဿဝေဒနာ၊ နားနဲ့ကြတော့ သောတသမ္ဖဿဝေဒနာ၊ နှာခေါင်းနဲ့ကြတော့ ဃာနသံမ္ဖဿဝေဒနာစတဲ့ ဒွါရဖြစ်ပါးမှာ ဖဿကြောင့် (ဝေဒနာ) ဖြစ်တာပေါ့ (မှန်ပါ့)

(ဖဿ)ကအာရုံကို(ရုပ်)ကို(ရုပ်)လို့မမြင်မသိဘဲ၊ ကောင်မလေးလို့၊ မိန်းမလို့မြင်လိုက်တာနဲ့ (အာရုံ) ကိုအသိမှားတဲ့ (အဝိဇ္ဇာ) လည်းဖြစ်၊ မြင်တဲ့စိတ်ကလည်း (ဝိညာဏ်သိ) သဘောစိတ်မဖြစ်ဘဲ မိန်းမလေးစိတ်ဖြစ်ပြီဆိုရင် (ဖဿ) က (သညာ) ကလှတဲ့၊ ချောတဲ့ မိန်းမလို့တွေ့တိုက်ပေးတော့တပ်မက်တဲ့သောမနဿ= နှစ်သက်တဲ့ (ဝေဒနာ)၊ မကောင်းတာဆိုရင်ဒေါမနဿဝေဒနာ ဖြစ်ပြီပေါ့ (မှန်ပါ့)

အာရုံကိုအသိမှားရင် (အာရုံ) ကို (သညာ) နဲ့ပေါင်းသိရင် (အဝိဇ္ဇာ)ဖြစ်သွားပြီ(ဖဿ)ဝင်လာတော့ (ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကံ)ဘက် သံသရာလည်တဲ့ဘက်ရောက်တာပေါ့ (မှန်ပါ့)ဒါကြောင့် -

အာရုံပညတ်၊ စိတ်ကဝိညာဏ်

ဆုံရင်ဖသဖြစ်သတည်း

မဆုံရင်နိဗ္ဗာန်ရောက်သတည်းဆိုတာ (အာရုံ) က (သညာ) နဲ့ ပေါင်းတော့ (ပညတ်) အာရုံဖြစ်ပြီး (ပညတ်အာရုံ)နဲ့ (ဝိညာဏ်စိတ်) တို့ဆုံသွားရင် (ဖဿ) ဖြစ်ပြီး ဝေဒနာရယ်၊ ပြီးတော့ တဏှာ၊ ဥပါဒါန်ဖြစ်ပြီး သံသရာလည်တာပေါ့ (မှန်ပါ့)၊ (ဖဿ)မဖြစ်ရင် (နိဗ္ဗာန်)ရောက်တာပေါ့ (မှန်ပါ့)

ရူပါယတနံ = ရူပါရုံ (ရုပ်) လို့ပဲမြင်ရင် စက္ခုဝိညာဏာဓာတုယာ = စက္ခုဝိညာဏ် (ပရမတ်) စိတ်သာဖြစ်တာပေါ့။ ရူပါယတနံ = ရူပါရုံ (ရုပ်) လို့ (အာရုံ) ကပြတာကို (ပညတ်) တို့ (သညာ) တို့နဲ့ပေါင်းမြင်ရင် (အဝိဇ္ဇာ) ဖြစ်ပြီး (ဖဿ) ဖြစ်တော့တာပေါ့။ (ဖဿ) က (အဝိဇ္ဇာသံဖဿ)ခေါ်တယ် (ဖဿ) မပါပဲဘာမှမဖြစ်ဘူး (ဖဿ) ဆိုတာ (သခ်ါရ) ပဲ၊ (ဖဿ)မဖြစ်ရင် (နိဗ္ဗာန်) ရောက်ပြီပေါ့ (မှန်ပါ့)

(ဝေဒနာ)ဖြစ်ရင်(ဝေဒနာ)ဖြစ်ကြောင်းက(ဖဿ)ပဲ၊ (ဖဿ) မပါပဲ(ဝေဒနာ)မဖြစ်ဘူး(ဖဿ)မပါပဲ(သညာ)လည်းမဖြစ်ဘူး (ဝိညာဏ်) ဖြစ်ရင် (ဖဿ)ဖြစ်တယ်၊ (ဖဿ)က စေတသိက်သခ်ါရကွန္ဓာဖြစ်တော့ (နာမ်) ထဲမှာပါတယ် (မှန်ပါ့) မြင်တာက စက္ခုဝိညာဏ်၊ တွေ့ထိတာက ဖဿစေတသိက်၊ ခံစားတာက ဝေဒနာစေတသိက်မှတ်သားတာက သညာစေတသိက် အဲဒါဧဝံသဘာဝေါဝါ

(သဘာဝ)တရား သဘာဝလက္ခဏာရှိတယ်(မှန်ပါ့)(ပရမတ်)လို့ခေါ်ရတာပဲ(မှန်ပါ့)

စေတနာ

(အဝိဇ္ဇာ) ကြောင့် (သခ်ါရ) ခေါ်တဲ့ (စေတနာ) ဖြစ်တယ်၊ (စေတနာ) က သခ်ါရခေါ်တဲ့ (သခ်ါရက္ခန္ဓာ)စေတသိက် (၅၀) ထဲက အလုံးစုံသော စိတ်နဲ့ယှဉ်တဲ့ သဗ္ဗသာဓါရဏစေတသိက် (၇)လုံးထဲက (ဝေဒနာ၊ သညာ) ကိုဖယ်လိုက်ရင် ဒီ (စေတနာ)လေးက (သခ်ါရက္ခန္ဓာစေတသိက်) ဖြစ်တော့ (စေတနာ)က(သခ်ါရ)ပဲပေါ့(နာမ်)လေးပေါ့ (မှန်ပါ့)

(စေတနာ) ဘိုတာလေးက (၈၁) ပဲ၊ မြတ်စွာဘုရားက စေတနာဘိက္ခဝေကမ္မဝဇ္ဇာမိလို့ (စေတနာ)ကို(ကံ)လို့ဟောပါတယ် (မှန်ပါ့) (စေတနာ) သခ်ါရလေးဟာ ပြုလုပ်ခြင်း (ကံ) ရဲ့အကြောင်းပဲ၊ အပြင်က(အာရုံ)က ကိုယ့်ဒွါရ ၆ပါးမှာ (ဖဿ) ကြောင့် တွေ့တိုက်ခံရတော့ ခံစားရတဲ့ (ဝေဒနာ) ဖြစ်တာပေါ့။ မီးကိုကိုင်မိတော့ ကာယပသာဒကို မီးနဲ့(ဖဿ)ကတွေ့တိုက်တော့ပူတဲ့ (ဝေဒနာ) ဖြစ်တော့ (စေတနာ) လေးကကိုင်တဲ့လက်ကို လွှတ်လိုက် လွှတ်လိုက်နဲ့ စေ့ဆော်တယ် ဆောင်သြတော့လက်ကချက်ခြင်း လွှတ်လိုက်တဲ့ ကာယက ကံဖြစ်သွားတယ်(မှန်ပါ့)စိတ်ဆိုးပြီးရန်ဖြစ်ကြတဲ့အခါမှာလည်း ဒီ (စေတနာ)

စေတသိက်ကလေးက ထိုးဟ၊ ရိုက်ဟ၊ သတ်ဟဆိုတော့ တကယ့်ကို ထိုးကြိတ်ရိုက်နှက်သတ်ဖြတ်မိတဲ့ (ကာယကံ)ဖြစ်သွားတာပေါ့ (မှန်ပါ့)

ချောချောလှလှကောင်မလေးကိုမြင်ရင်ပဲ (စေတနာ) က လိုက်ဟ လိုက်ဟနဲ့ စေ့ဆော်တော့၊ ကောင်မလေးနောက်လိုက်တဲ့ (ကံ)ဖြစ်သွားတာပေါ့ (မှန်ပါ့)၊ နားနဲ့ဆဲသံကြားစဟယ်၊ ကြားတော့ (စေတနာသခ်ၤါရ) စေတသိက်က ပြောဟ ပြောဟနဲ့စေ့ဆော်တော့ ဟော့ဘယ်သူက ဒီမှာလာဆဲနေရတာလဲဆိုပြီး ကိုယ်ကပြန်ပြောတဲ့ ဝဇီကံဆိုတဲ့(ကံ)ဖြစ်သွားတာ (စေတနာ)က (ကံ) ဖြစ်သွားတာပေါ့ (မှန်ပါ့)

နှာခေါင်းက ညှော်နံ့ရတော့ (စေတနာ) က ပြောဟ၊ ပြောနဲ့ ဆော်သြတော့ ဟော့ဘယ်သူတွေညှော်လုပ်နေကြတာတုန်း၊ ဒီမှာဖျားနေတာမသိဘူးလားလို့ ပြောတဲ့ (ကံ) ဝဇီကံဖြစ်သွားတာပေါ့၊ ကာယကံ၊ ဝဇီကံတို့ မနောကံတို့ဖြစ်ရတာ၊ ဒီ (စေတနာ) သခ်ၤါရလေးက အကြောင်းပြုလို့ပဲ၊ ဒီ (စေတနာ) စေတသိက်(သခ်ၤါရ)လေးက လုပ်ဟ လုပ်ဟလို့သူဆိုင်ရာ စေတသိက်တွေကို နှိုးဆော်တော့ ဒီ (စေတနာ) သခ်ၤါရကြောင့် (တဏှာ၊ ဥပါဒါန်၊ ကံ) တွေဖြစ်သွားတယ် (မှန်ပါ့)

ဒီ (စေတနာ) လေးကြောင့် ကုသိုလ်ကံ၊ အကုသိုလ်ကံတွေ

ပြုမိကြတယ်၊ (အဝိဇ္ဇာ)ကြောင့်(သင်္ခါရ)ဖြစ်တော့ ဒီ(သင်္ခါရ)ဖြစ်တဲ့ (သင်္ခါရကွန္ဓာ) စေတသိက်က ၅၂လုံးတောင်ဆိုတော့ ဒီသင်္ခါရ စေတသိက်က ခန္ဓာဖြစ်စဉ် (ပဋိစ္စသမုပ္ပါဒ်) မှာ ဂွင်းဆက်ဖြစ်တဲ့ (ခန္ဓာဖြစ်စဉ်) သဘာဝတရားတွေ တောက်လျှောက်ဖြစ်ပွားစေတာပေါ့၊ (ဖဿ) ကိုလည်းဖြစ်စေတယ် (သညာ) ကိုလည်းဖြစ်စေတယ် (ဝေဒနာ) ကိုလည်းဖြစ်စေတယ်၊ (စေတနာ) ကိုလည်းဖြစ်စေတယ်၊ တဏှာ ဥပါဒါန် ကံအထိ (သင်္ခါရ) စေတသိက်က ကမ္မဘဝကနေ (ဇာတိ) အထိ (စိတ်) ကိုချယ်လှယ် လိုက်တော့တာပေါ့ (မှန်ပါ့)

ဒါကြောင့် အကြောင်းတရားထဲမှာ (အဝိဇ္ဇာ)က ကိလေသဝဋ်၊ (သင်္ခါရနဲ့ကမ္မဘဝ) နှစ်ပါးက ကမ္မဝဋ်၊ ကံမျိုးစေ့လုပ်တဲ့ အကြောင်းတရားကြောင့် အကျိုးတရားက (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ) ဆိုတဲ့ (ခန္ဓာငါးပါး) အကျိုးတရားရတာက (ဝိပါကဝဋ်ကြီး) ရတာပေါ့၊ သစ်ပင်ကသစ်သီးဖြစ်လိုက်၊ သစ်သီးကနေ သစ်ပင်ဖြစ်လိုက်နဲ့ အကြောင်းအကျိုးဆွေ (ခန္ဓာပဋိစ္စသမုပ္ပါဒ်)တွေနဲ့ သံသရာလည်နေကြတာ ပြုသူမရှိ၊ ခံစားသူမရှိဘူး၊ အကြောင်းအကျိုးဓမ္မသဘောတွေပဲပေါ့ (မှန်ပါ့)

သင်္ခါရေန၊ ဇနိယမာနံဆိုတာ (စေတနာ) ကိုပြောတာ (မှန်ပါ့) စေတနာက (ကံ) ကိုဖြစ်စေတာ၊ အဲဒီစေ့ဆော်တဲ့၊ ဆော်သြတဲ့ နာမ်သင်္ခါရ (စေတနာ) လေးကို ကိုယ့်ဟာကိုယ်သိရတယ်

(မှန်ပါ့)၊ သွားမယ်ဆိုရင် ပထမံစိတ္တံဆိုတဲ့သွားမယ်၊ ထိုင်မယ်၊ ရပ်မယ်စတဲ့ (စေတနာ) ပထမစိတ်ကဦးစွာဖြစ်တယ်၊ ပထမံစိတ္တံဉပဇ္ဈတိပေါ့၊ အဲဒီစေ့ဆော်တာလေးတွေဖြစ်တဲ့ (စေတနာ)ကို ကိုယ့်ဟာကိုယ် သိသိပေးရတယ်ဒကာကြီး (မှန်ပါ့ဘုရား)

သဒ္ဓါရ

(သဒ္ဓါရ) ဆိုတာ (အဝိဇ္ဇာ) ကြောင့်ဖြစ်တဲ့ (သဒ္ဓါရ) က (နှစ်ခု) ရှိမှ (သဒ္ဓါရ)ဖြစ်တယ်၊ မျက်စိကလည်းကောင်းမယ်၊ ရူပါရုံ(ရုပ်)ကလည်းထင်ရှားတယ်ဆိုရင် (သဒ္ဓါရ)ကပြုပြင်ပြီပေါ့၊ မြင်စိတ်ဖြစ်ရာကနေ (ခန္ဓာငါးပါး)ရတဲ့ မနောဝိညာဏ်၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်ကနေ ကံအထိတန်းဖြစ်အောင် (သဒ္ဓါရ) ကပြုပြင်တာပေါ့ (မှန်ပါ့)၊ (သဒ္ဓါရ) ကပုညာဘိသင်္ခါရ (ကုသိုလ်ကံ) ကိုဖြစ်စေတယ်၊ အပုံညာဘိသင်္ခါရ (အကုသိုလ်ကံ)ကိုလည်း ဖြစ်စေတယ်၊ ဒါကြောင့် (စေတနာ၊ ကံ၊ သဒ္ဓါရ) က အတူတူပဲ (မှန်ပါ့)

(သဒ္ဓါရ) ဆိုတာပြုပြင်တဲ့တရားပေါ့ (မှန်ပါ့) ဆိုင်ရာအကြောင်းတရားတွေကိုပြုပြင်တာ (သဒ္ဓါရ) ပဲ၊ ကုသိုလ်၊ အကုသိုလ်ဖြစ်အောင်လည်းပြုပြင်တယ်၊ (သဒ္ဓါရ) က (ရုပ်) တွေလည်း ပြုပြင်တယ်၊ ကာယသင်္ခါရပေါ့၊ နှုတ်ဆိုတဲ့ (ဝစီ) ကိုပြုပြင်တော့ ဝစီသင်္ခါရပေါ့၊ (စိတ်)ကိုပြုပြင်တော့ စိတ္တသင်္ခါရပေါ့၊ လောကကြီးမှာ (သဒ္ဓါရ)က

ပြုပြင်နေလို့ သခ်ၤါရလောကလို့လည်း ခေါ်ရတာပေါ့ (မှန်ပါ့)၊ အိမ်၊ ကျောင်း၊ ဇရုပ်၊ ဘီရိုး၊ စားပွဲ၊ ကုလားထိုင်က သစ်သားကနေပြုပြင်ထားတဲ့ (သခ်ၤါရ)ဆိုတဲ့ပြုလုပ်ထားတာ၊ ပြုပြင်မှုမှန်သမျှ (သခ်ၤါရ)တွေချည်းပဲပေါ့ (မှန်ပါ့)

အတိတ်ကပြုခဲ့တဲ့အကြောင်းတရားတွေကို (သခ်ၤါရ) က ပြုပြင်လို့ ဒီဘဝ (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ) ဆိုတဲ့ (ခန္ဓာငါးပါး) ရတဲ့လူလာဖြစ်တာလည်း (သခ်ၤါရ) ကဖြစ်စေတာပဲ၊ သေတော့လည်း ကမ္မဘဝပစ္စယာဇာတိဆိုသလို (သခ်ၤါရ) ကပဲ ပို့ဆုံးမှာပေါ့ (မှန်ပါ့)

(သခ်ၤါရ) ဆိုတာအသိခက်တယ်၊ မြင်မြင်သမျှ သဗ္ဗေ(သခ်ၤါရ) ပေါ့၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ လူ၊ တိရစ္ဆာန်-တိုက်၊ အိမ်၊ တော၊ တောင်၊ ရေ၊ မြေစတဲ့ မြင်မြင်သမျှဟာ (သခ်ၤါရ) တွေချည်းပေါ့ (မှန်ပါ့)၊သူ့အကြောင်းနဲ့သူ၊ အကြောင်းမျိုးစုံနဲ့ ပြုပြင်မှုကြောင့် ဖြစ်နေတာ(သခ်ၤါရ)ပေါ့ (မှန်ပါ့) (ရုပ်နာမ်) လည်းသခ်ၤါရပဲ၊ ဒါကြောင့် ပြုပြင်မှုကြောင့် ဖြစ်နေတဲ့ -

သဗ္ဗေသခ်ၤါရ အနိစ္စ

ယထာပညာယပဿတိ လို့ရှုရတာပေါ့ (မှန်ပါ့)

မြင်ကြား၊ အစရှိကြိုသိသမျှ (သခ်ၤါရ) တဲ့၊ (သခ်ၤါရ)ကအနိစ္စကန်ဒုက္ခမှန်၏တဲ့၊ (သခ်ၤါရ) ဆိုတာ (စေတသိက်) ၅၂လုံးထဲက

ဝေဒနာ၊ သညာကိုနှုတ်ရင် ကျန်တဲ့စေတသိက်အလုံး ၅၀ က သခ်ါရ (သခ်ါရကွန္ဓာ) တွေပေါ့ (မှန်ပါ့) စေ့ဆော်တဲ့ (စေတနာ)၊ တွေ့ထိတဲ့ ဖဿ၊ ဝီရိယတို့ လောဘ၊ ဒေါသ၊ မောဟတွေအစုံပဲ (မှန်ပါ့)

ဖြစ်ချင်တဲ့ (Action) လေးဟာလည်း (သခ်ါရ) ပဲ၊ ဒီဖြစ်ချင်တဲ့ (သခ်ါရ) (Action) ကဘယ်ကလာသလဲ (အာရုံ)ကို အသိမှားတဲ့ (အဝိဇ္ဇာ) ဖြစ်လို့ (အာရုံ) အသိမှားမှု (အဝိဇ္ဇာ) ကြောင့် (Action) ဆိုတဲ့ဖြစ်ချင်တဲ့ (သခ်ါရ) က ဖြစ်လာတယ်လို့ဆိုရတာပေါ့ (မှန်ပါ့)၊ တကယ်တော့ (အဝိဇ္ဇာ) နဲ့ (သခ်ါရ)က အတူတူဖြစ်တာပါပဲ (မှန်ပါ့)

မြတ်စွာဘုရားရဲ့မိခင်၊ ဘခင်ကြိမ်ဖန်များစွာ တော်စပ်ခဲ့ဘူးတဲ့ နကုလပိတာနဲ့ နကုလမာတာတို့ဟာ ဇာတိသရဉာဏ်ရကြတော့ မြတ်စွာဘုရားက (သခ်ါရ)ကို စောင့်ထိန်းတဲ့ တရားပေးထားတော့ ဒီအဘိုးကြီး အဖွားကြီးဟာ ဒီဖြစ်ချင်တဲ့ (အဝိဇ္ဇာ၊ သခ်ါရ)(Action) လေးဖြစ်ချင်တာလေးကို မဖြစ်အောင် စောင့်ထိန်းနိုင်တော့ မဖြစ်တော့ငြိမ်းပြီးတော့ (သခ်ါရ) ကုန်ပျောက် နိဗ္ဗာန်ရောက်ဆိုသလို (နိဗ္ဗာန်) ဝင်သွားကြတယ် (မှန်ပါ့)

မြတ်စွာဘုရားလက်ထက်က အဆင်းလှတဲ့ (ရှင်မဟာကစ္စည်း) ရဟန္တာကြီးတစ်ပါးရှိတယ်၊ ရှင်မဟာကစ္စည်း ရဟန္တာကြီးက

လည်း (အိန္ဒြေ) ကိုစောင့်စည်းနိုင်လွန်းတော့ သိကြားမင်းကအစ၊ လူတွေ၊ နတ်တွေက ရှင်မဟာကစ္စည်းကို သိပ်ကြည်ညိုပြီး ချစ်ခင်ကြတယ် (မှန်ပါ့)

ရှင်မဟာကစ္စည်း စောင့်ထိန်းတဲ့ ဣန္ဒြေက မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ကို အစိုးရတဲ့ထိန်းနိုင်တဲ့ (ဣန္ဒြေ) ကို အလွန်စောင့်စည်းတယ် (မှန်ပါ့) ဘယ်လိုစောင့်ထိန်းသလဲဆိုရင် ဒီဒွါရ (၆)ပါးကဖြစ်ချင်တဲ့ (Action) တွေမဖြစ်အောင် စောင့်ထိန်းနိုင်တယ် (မှန်ပါ့) မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်တို့ကို (ဖဿ) တွေ့တိုက်တဲ့ (Action) သဒ်ါရမဖြစ်အောင် (ဖဿ) မဖြစ်အောင် စောင့်ထိန်းနိုင်တော့ စက္ခုသမ္ဖဿဇဝေဒနာအစရှိတဲ့ (ဝေဒနာ) မဖြစ်တော့ သိပ်ကောင်းတဲ့ (ဣန္ဒြေ) ဖြစ်တာပေါ့။ ဒီတော့ ဒီ(ဖဿ)ခေါ်တဲ့ (သဒ်ါရ)ကို မဖြစ်အောင် အမြဲစောင့်ထိန်းနိုင်တော့ ဣန္ဒြေကကောင်းလွန်းတယ်၊ ရုပ်အဆင်းကလည်း လှပတင့်တယ်တော့ သိကြားမင်းကအစ လူတွေ၊ နတ်တွေက ချစ်ကြတာပေါ့ (မှန်ပါ့)

သတိတရား

(သတိ) ကလည်း စေတသိက်ပဲ၊ ကုသိုလ်စေတသိက်ပေါ့။ သောဘဏသာဓါရဏ စေတသိက် ၁၉ပါးထဲမှာ သောဘဏစိတ်အားလုံးနဲ့ဆက်ဆံတဲ့ (သတိ) စေတသိက်ပေါ့ (မှန်ပါ့)။ ဒီ (သတိ)

စေတသိက်က သဒ္ဒါ၊ သတိ၊ ဟီရိ၊ ဩတ္တပ္ပ၊ အလောဘ၊ အဒေါသ စတဲ့ စေတသိက်တွေနဲ့ အတူတူပါတာပေါ့ (မှန်ပါ့)

(သတိ)က(အာရုံ) ကိုမမေ့သောသဘော၊ (အာရုံ)ကိုသိသော သဘောရှိတယ် (မှန်ပါ့)၊ (သတိ) က (ပရမတ်) ရောက်စေတဲ့ (သတိ) ပဲလိုတယ် (မှန်ပါ့) (သတိ) က (သမ္မာသတိ) ဖြစ်ရင် (မဂ္ဂင်ရှစ်ပါး) ထဲပါတာပေါ့။ (သတိ) မှာ သတိပဋ္ဌာန်သတိကမှ (မဂ္ဂင်ရှစ်ပါး)ထဲပါတဲ့ သတိပဲ (မှန်ပါ့)၊ သတိသဇ္ဈာဇဉ်လို့လည်း (ဇာဇဉ်)ထဲမှာလည်း ပါတာပေါ့။ (သတိ) က (နိဗ္ဗာန်) ရောက်စေတဲ့လမ်းကြောင်းပေါ့။ သတိ က (နိဗ္ဗာန်) ကိုသိဘို့အတွက် ဖြစ်စေတာပေါ့ (မှန်ပါ့)

'သမ္မာဒေတိမဂ္ဂေဇိနော' တဲ့၊ ဇိနော = မြတ်စွာဘုရားတို့သည် မဂ္ဂေ = မဂ္ဂင်ပေါ်သို့ သမ္မာဒေတိ=တင်ပေးတော်မူ၏တဲ့ (မှန်ပါ့) 'သတိ' အစရှိတဲ့ (မဂ္ဂင်ရှစ်ပါး)နဲ့ တင်ပေးတာပေါ့၊ (မဂ္ဂင်)က (နိဗ္ဗာန်) ရဲ့လမ်းကြောင်းခေါ်တယ် (မှန်ပါ့)

(နိဗ္ဗာန်) က ကာယ၊ စိတ္တ၊ ဝေဒနာ၊ ဓမ္မာဆိုတဲ့ (သတိပဋ္ဌာန် ၄ပါး) မဟာသတိပဋ္ဌာန်နဲ့လည်းသွားတယ်၊ (ဉာဏ်) နဲ့လည်းသွားတယ် (သမ္မာသင်္ကပ္ပ) နဲ့လည်းသွားတယ်၊ (သမ္မာဒိဋ္ဌိ) အစရှိတဲ့ (မဂ္ဂင်ရှစ်ပါး) နဲ့လည်းသွားတာပေါ့ (မှန်ပါ့)၊ (သဒ္ဒါ၊ သတိ) ဆိုတာပရိနိဗ္ဗာန်စံမှ ကုန်တာဒကာကြီးရ (ရာဂ၊ ဒေါသ၊ မောဟ)ဆိုတာ အရင်ကုန်တဲ့ ဟာတွေ (မှန်ပါ့ဘုရား)

အာရုံမဖြစ်ရင်၊ နိမိတ်မဖြစ်ရင် (နိဗ္ဗာန်) အာဝိဇ္ဇတတ္တာ သတိသဗ္ဗောဇ္ဈင်ဂေါတဲ့ အာရုံမဖြစ်၊နိမိတ်မဖြစ်ရင်(သတိသဗ္ဗော ဇ္ဈင်)ဖြစ်နေတာဒကာကြီးရဲ့ (မှန်ပါဘုရား)

'သတိစေဝ၊ ပညာစေဝသတိသံ' တဲ့ (သတိ)ပါရင် (ဉာဏ်) ပါတယ်။ (ဉာဏ်) ရှိသော်လည်း (သတိ) ဖြစ်ခဲတယ်တဲ့။ (ဉာဏ်)နဲ့ (သတိ) ဟာကွာတယ် (မှန်ပါ) သတိက သဒ္ဒါ၊ သတိ၊ ဟိရိဩတပ္ပ စတဲ့ကုသိုလ်တွေမှာ (သတိ) က သောဘဏ၊ (ဉာဏ်) က သမ္မယုတ် တွေပေါ့ (မှန်ပါ) (သတိ) နဲ့ (စိတ်) ကိုလည်းခွဲရတယ် (မှန်ပါ)

ဒကာကြီးက (သတိပဋ္ဌာန်) တရားမှာ (သတိ) လေးနဲ့နေရုံနဲ့ (နိဗ္ဗာန်) ဘယ်လိုရောက်ပါသလဲ ဘုရားလို့ဉာဏ်မှီတဲ့သူများ သိနိုင် အောင်မေးထားတော့ အဲဒါကဆင်ချင်တာ၊ (သတိပဋ္ဌာန်)က၊ (ကာယ၊ ဝေဒနာ၊ စိတ္တ)ဆိုတဲ့ (သတိပဋ္ဌာန်)တပါးပါးကို တရားအားထုတ်လာ တော့ (သတိ) က (ပညတ်) အာရုံတွေမဖြစ်နိုင်အောင် ဆင်ချင်နိုင် တော့၊ ကိလေသာတွေမဖြစ်အောင် ဆင်ချင်နိုင်တော့ အပဝတ္ထုမဖြစ်ခြင်းကို အာဝတ္တိတတ္တံ=ဆင်ချင်သည့်အတွက်ကြောင့် သတိသမ္မောဇ္ဈင်ဂေါ=သတိသံမ္မောဇ္ဈင်သည် ဥပပဇ္ဇတိ = ဖြစ်၏၊ သတိသံမ္မော ဇ္ဈင်ကဆင်ချင်တော့(အာဝဇ္ဇန်း)ဖြစ်သွားတယ်၊ ပညာအာဝဇ္ဇန်း၊ မနောအာဝဇ္ဇန်း၊ ဝုဋ္ဌော၊ ဇော၊ မင် + ဖိုလ် -- ဖိုလ် အဲဒီလိုသွားတယ် (မှန်ပါ)

အနိမိတ္တောစဝိဟာရတိ = တဏှာ၊ မာန၊ ဒိဋ္ဌိတွေမမှီတော့ပဲ ကင်းသွားတော့ (နိဗ္ဗာန်) မှန်းသိတော့တာပဲ (မှန်ပါ့)၊ နနလောဧက ကိဉ္စဉ်ပါဒေယတိ = မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဖြစ်တဲ့ ဒွါရ ၆ပါးကဖြစ်တဲ့ ဥပါဒါနက္ခန္ဓာလောက၊ ဥပါဒါန်တို့ရဲ့ အစီးအပွားကြီး (တဏှာ၊ မာန၊ ဒိဋ္ဌိ) တို့ရဲ့ ကပ်အပ်တဲ့ (ကံ) တွေကိုမစွဲလန်းတော့ဘူးတဲ့၊ မစွဲလန်းတော့လည်း (နိဗ္ဗာန်) မြင်တာပေါ့ (မှန်ပါ့)

အပုဝတ္တံလည်း (နိဗ္ဗာန်) ပဲ၊ မစွဲလန်းတော့လည်း (နိဗ္ဗာန်) ပဲ၊ မမှီတာလည်း (နိဗ္ဗာန်) ပဲ၊ သတ္တဝါဆိပ်သုံးသွားတာပဲ၊ (သတ္တဝါ) ဆိုတဲ့အစွဲအယူအမြင်တွေမရှိတော့ဘူး၊ ဒါကြောင့် (သတ္တဝါ) မရှိဟူသောအသိသည်သာ လိုရင်းဖြစ်တယ်၊ သတ္တဝါကုန်အတ္ထာမြဲသည်သာ အရိယာပဲ (မှန်ပါ့ဘုရား)

(သတိ) နဲ့ (ဖြစ်ပျက်) ဥဒယဝယမှာသတိက (သတိ) ပဲ (ဖြစ်ပျက်)က(ဉာဏ်)ပဲ(မှန်ပါ့)၊ (သတိ)ဆိုတာမပျောက်ပျက်စေရအောင်ဖြစ်တာတွေပဲ (မှန်ပါ့)၊ မပျောက်ပျက်အောင်ကြည့်တဲ့ အခါမှာ (ဉာဏ်)ပါရတယ် (သမာဓိ) ဘက်ချည်းလည်း မသွား စေရဘူး (မှန်ပါ့)

(အသိ) ကလေးက (စိတ်၊ စေတသိက်၊ ရုပ်)၊ ဒီ (အသိ) ကလေးက (သတိ) ရှိနေလို့သိနေတဲ့ သန္တတိအသိပဲ (မှန်ပါ့)၊ (သတိ) ကောင်းသထက်ကောင်းလာရင် ဒီ(အသိ)ကလေးက(သန္တတိ)သဘော

ဖြစ်တဲ့ရှေ့ပြယ်၊ နောက်ဆက်၊ အစဉ်ဆက်မှတ်ကွဲ. သန္ဓတိဆိုတဲ့ သန္ဓတိသဘော၊ ရှေ့စိတ်ပျံက်နောက်စိတ်ဆက်တဲ့၊ (သန္ဓတိ) ဆက်တာလေး ကိုသွားတွေ့.တယ် (မှန်ပါ့)

တစ်သိပြီးရင်ပျက်၊နောက်တစ်သိပေါ်၊ တစ်ခါပျက်၊ နောက်တစ်သိပေါ်နေတဲ့ (ဖြစ်ပျက်)ကိုသွားတွေ့.တာပေါ့ (မှန်ပါ့) (ဖြစ်ပျက်) တွေ့.တယ်ဆိုတာ (သတိ) တွေအရမ်းကောင်းလာရင် ကြာတော့ ဘယ်ခံနိုင်တော့မတုံး 'သတိတေသံနီဝရဏံ'တဲ့ (သတိ) နဲ့ နေတာကြာတော့ (ဖြစ်ပျက်) တွေ့.တွေ့.လာတာပေါ့ (မှန်ပါ့)

(ရုပ်၊ နာမ်) ဖြစ်ပျက်တွေပေါ့၊ ဒီ(အသိ)လေးကို တသိထဲသိနေရာကသိလိုက် ပျက်လိုက်၊ သိလိုက် ပျက်လိုက်နဲ့ သိမ်မွေ့အောင် သိလာတဲ့အဆင့်ရောက်တော့ (ဖြစ်ပျက်) မြင်တော့တာပေါ့ (မှန်ပါ့) ဖြစ်ပျက်ကိုမြင်ချင်ရင် (သတိ) ကောင်းကောင်းထားရတယ် (မှန်ပါ့)

(သတိ) ကိုသိမ်မွေ့တဲ့ (အသိ)ကိုရတဲ့အထိ (သတိ) ကို (ဝိရိယ) နဲ့ ကပ်ရှုရတယ် ဇာဟိတော = ကပ်၍ရှုရာ၏တဲ့ (သတိ) နဲ့ နေဖို့အရေးကြီးတယ် (သညာ) ဘက်သိပ်မလိုက်နဲ့ (မှန်ပါ့) သတိက (ဝိဇ္ဇာ၊ စရဏ) ပဲ (ဝိဇ္ဇာစရဏ) က (သတိ)ရှိရင်(အသိ)ဖြစ်တယ် (သတိ)က = စရဏ၊ (အသိ) က = ဝိဇ္ဇာပဲ၊ (သတိ)ရှိလို့ (အသိ)ဖြစ်တော့

ဝိဇ္ဇာရောစရဏာရောဖြစ်တာပေါ့ (မှန်ပါ့)၊ (ဝိဇ္ဇာ) ထဲမှာ (စရဏာ)က ပါပြီးနေပြီ (စရဏာ) ထဲမှာလည်း (ဝိဇ္ဇာ) ကပါတာပဲ၊ (အကျင့်)က တစ်မျိုး၊ (အသိ)ကတစ်မျိုးလို့မဟုတ်ဘူး၊ သိပြီဆိုတာနဲ့ အကျင့်က ပါသွားပြီ (ဥပမာ) လေကလေးဝင်တာသိ၊ ထွက်တာသိတာဟာ သတိ၊ ဝီရိယစတဲ့ (အကျင့်) ကပါလို့ (အသိ) ဖြစ်တာ၊ ဒီအသိထဲမှာ အကျင့် ကပါနေတယ် (မှန်ပါ့ဘုရား)

(သတိ) လို့ပုံကို၊ ဇာဟိတော့ကပ်၍ ရှုသော၊ မေ = ငါဘုရား အား သဟေတုမမွာ = အကြောင်းနဲ့တကွဖြစ်သော အကျိုးတရားကို သိတော်မူတယ်လို့ ဒီလိုရှင်းတာ (မှန်ပါ့)၊ အာတာပီ = ပြင်းထန်သော ဝီရိယရှိသော် (သမွာသတိ) ဖြစ်လာတဲ့အခါမှာ "သတိတေသံနိဝရဏံ" တဲ့ (သတိ) က (နိဝရဏာ) ဆိုတဲ့ တားမြစ်ပိတ်ဆို့တဲ့ (ကာမ၊ ရာဂ) တွေကို တွန်းလှန်လိုက်တာပေါ့ (မှန်ပါ့)၊ သိမ်မွေ့တဲ့ (ဉာဏ်)ကလေး ရသည်အထိ (သတိ) ရှိတော့ (ရုပ်နာမ်) တွေရဲ့သဘောအမှန်၊ (ဖြစ်ပျက်) အမှန်တွေ့တဲ့ (သမွာဒိဋ္ဌိ) ဖြစ်လာတာပေါ့ (သမွာဒိဋ္ဌိ) ရောက်မှ (ဖြစ်ပျက်)ကိုမြင်တာ ဒကာကြီး(မှန်ပါ့ဘုရား)

သမွာဒိဋ္ဌိပူရေကွေ့တွာနတွာနံ ဉဒယဘယံတဲ့၊ သမွာဒိဋ္ဌိ ပူရေခေတွာဆိုတာ (သမွာဒိဋ္ဌိ) အမှန်မြင်သည် ရှေ့ဆောင်၍ရှေ့သွား ပြုခြင်းဖြစ်၏တဲ့၊ နတွာနံ ဉဒယဘယံဆိုတာက ဉဒယဘယ = ဖြစ်ခြင်း ပျက်ခြင်းကို နတွာနံ = သိ၏တဲ့ (မှန်ပါ့)

(သတိ) တွေအလွန်ကောင်းလာတော့ (သမ္မာဒိဋ္ဌိ) အမှန်မြင်ရလာပြီး (ဖြစ်ပျက်) ကိုမြင်တော့တာပဲ၊ တလောကလုံး (ဖြစ်ပျက်)ပဲရှိတာကိုး ဒကာကြီးရ၊ (မှန်ပါဘုရား)

အဝိဇ္ဇာတရား

(အဝိဇ္ဇာ) ကလည်းစေတသိက်ပဲ (သဒ္ဒါရက္ခန္ဓာ)ပေါ့ (မှန်ပါ့) (အဝိဇ္ဇာ) ကမဟုတ်တာ၊ မမှန်တာကိုသိတာ၊ မှန်တဲ့သစ္စာငါးပါးကို မသိဘူး၊ (ရာဂ၊ ဒေါသ၊ မောဟ) ဖြစ်ဖို့ကိုသာသိတဲ့မျိုးပဲ (မှန်ပါ့) (အဝိဇ္ဇာ)က (သစ္စာငါးပါး)မသိတာအရကောက်ပေမဲ့ ဘာကြောင့် သစ္စာငါးပါးမသိအောင် (အဝိဇ္ဇာ) ကဘယ်လိုဖြစ်လာလို့လဲဆိုတာ ဖော်ရမယ် (မှန်ပါ့)

(အဝိဇ္ဇာ)က (အာရုံ)ရဲ့သဘောအမှန်ကိုမသိတာ (အဝိဇ္ဇာ)ပဲ (မှန်ပါ့)၊ မျက်စိနဲ့မြင်တဲ့အာရုံမှာ ရူပါရုံ (ရုပ်)ကိုသာမြင်ရမှာကို ဒီအာရုံက (သညာ) ဖြစ်တဲ့ ယောကျ်ား၊ မိန်းမ၊ ဝတ္ထု၊ ပစ္စည်း၊ ဘာ၊ ညာစတဲ့ (သညာ) အာရုံပဲဖြစ်သွားတော့ လူကိုမြင်တယ်၊ ယောကျ်ား လို့မြင်တယ်၊ မိန်းမလို့မြင်တယ်စတဲ့ အမှတ် (သညာ) အနေနဲ့ပဲ မြင်တော့ (အာရုံ) ရဲ့သဘောအမှန် အမြင်အသိမှာ (ရုပ်) မဟုတ်တော့ပဲ အမှားသိ၊ အမှန်ကိုမသိတဲ့ (အာရုံ) ကို အသိမှားတဲ့ (အဝိဇ္ဇာ) သိဖြစ်တယ်လို့ ဆိုရတယ်(မှန်ပါ့)

မြင်တာ၊ ကြားတာ၊ နံတာ၊ စားတာ၊ ထိတွေ့တာစတဲ့(အာရုံ) တွေမှာ (ရုပ်) ပဲသိရမှာ၊ မြတ်စွာဘုရားက ဒီကမ္ဘာလောကမှာသာ မဟုတ်သေးဘူး လူ့ဘုံ၊ နတ်ဘုံတို့မှာလည်း (ရုပ်) နဲ့ (နာမ်) ပဲရှိတယ်၊ (ပရမတ္ထသစ္စာ)အဟုတ်ရှိ၊ အမှန်ရှိ တကယ်ရှိတရားတွေက (စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်) ဒီ ပရမတ္ထသစ္စာ ၄ပါးထိတွေ့ရာမှာ (ရုပ်) ပဲသိရမှာကို ငါ၊ သူ၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါအသိဖြစ်နေကြတော့ (အာရုံ)ကိုအမှတ်မှားတဲ့ (သညာ)သိ (ပညတ်)သိနဲ့ သိကြတာကြောင့် (အာရုံ) ကို အသိမှားတဲ့ (အဝိဇ္ဇာ) ဖြစ်ရတာပေါ့၊ (မှန်ပါ့)

(အာရုံ) မှန်ကို မသိပဲအာရုံမှားသည် (ပညတ်) နဲ့ ပေါင်းသိတော့ (အဝိဇ္ဇာ) ဖြစ်တာပေါ့၊ (သညာ)က သညာအမှားသိ၊ (ပညတ်) ကြီးကိုပဲသိတာကိုး (အာရုံ) ကို သညာ (ပညတ်) နဲ့သွားပေါင်းတော့ သညာဝိပ္ပလ္လာသဖြစ်သွားတာ၊ အဲဒီလိုသွားပေါင်းတော့ အမှန်သိ မဖြစ်တာကို (အဝိဇ္ဇာ) လို့ခေါ်တာပေါ့၊ (မှန်ပါ့)

(အာရုံ)က သညာ (ပညတ်)နဲ့သွားပေါင်းတော့ မြင်တာ ကြားတာ(အာရုံ)တွေမှာ ငါ၊ သူ၊ ယောက်ျား၊ မိန်းမ (အသိ) ဖြစ်တော့ (ရာဂ၊ ဒေါသ၊ မောဟ) တွေကဝင်တော့ (သစ္စာ၄ပါး)ဖြစ်တဲ့ဒုက္ခသစ္စာလည်းမသိ၊ သမုဒယသစ္စာကိုလည်းမသိ၊ နိရောဓသစ္စာကိုလည်းမသိ မဂ္ဂသစ္စာကိုလည်း မသိတော့သစ္စာသိတဲ့ဘက်မရောက်ပဲ (သစ္စာ၄ပါး) မသိတဲ့ဘက်ရောက်သွားတော့ (အဝိဇ္ဇာ)က (သစ္စာ၄ပါး)မသိတာ၊

သစ္စာငါးပါးကို ဖုံးထားတာလို့လည်းဆိုရတာပေါ့ (မှန်ပါ့)

(အဝိဇ္ဇာ) က အာရုံရဲ့သဘောအမှန်မသိပဲ ယောက်ျား၊ မိန်းမ၊ ရွှေ၊ ငွေ၊ ဝတ္ထု၊ ပစ္စည်းစတဲ့ သည်ာ (ပညတ်) တွေနဲ့သိတော့ (အဝိဇ္ဇာ) က(ဖြစ်ချင်)တဲ့သဘောဆောင်လာတယ်၊ တဏှာက လိုချင်တပ်မက်တဲ့သဘောဆောင်လာတယ် (မှန်ပါ့)

(အဝိဇ္ဇာ) က (ဖြစ်ချင်) မှ (သခ်ါရ) ဆိုတဲ့ပုညာတိသခ်ါရ၊ အပုညာတိသခ်ါရဆိုတဲ့ ကုသိုလ်၊ အကုသိုလ်က (ဖြစ်တာ) လုပ်တာပေါ့၊ ဘာမှမဖြစ်ချင်တုန်းက၊ နဂိုလ်အရှိက ကိုယ် (နာမ်) မှာစိတ်၊ စေတသိက်၊ (သခ်ံတ) တရားသဘောပဲရှိတာ (မှန်ပါ့)။

"အဝိဇ္ဇာပစ္စယာသခ်ံတံ၊အာဘိသခ်ါရောန္တိသခ်ါရာ"လို့ ဒီလိုပါဠိကလာတာကိုး(သခ်ံတံ)က-(စိတ်၊စေတသိက်၊ရုပ်)ပဲ၊(သခ်ံတ)ဘက်မှာ(စိတ်၊ စေတသိက်၊ရုပ်)ပဲရှိတာ၊ ဒါကိုမြင်ရမှာကိုမမြင်ပဲ အ-ဆန့်ကျင်ဘက်၊ ဝိဇ္ဇာ-သိတာဆိုတော့ ဆန့်ကျင်ဘက်သိတဲ့ (ဝါ)၊ အသိမှားတဲ့ ငါ၊ သူ၊ ယောက်ျား၊ မိန်းမမြင်တော့ အာရုံကိုအသိမှားတဲ့ (အဝိဇ္ဇာ) ဖြစ်တော့တစ်ဆက်ထဲမှာ(ဖြစ်ချင်)တဲ့သဘောဝင်လာတော့ (အဝိဇ္ဇာ)ကဖြစ်ချင်တော့မှ သခ်ံတံ-သ ်တတရားဖြစ်တဲ့ (စိတ်၊ စေတသိက်၊ရုပ်)ကိုမမြင်တော့ပဲပြုလုပ်တဲ့ (သခ်ါရ) ဖြစ်သွားတာပေါ့ ဒကာကြီးရ (မှန်ပါ့)၊ ဒါကို အဝိဇ္ဇာပစ္စယာ သခ်ါရာလို့ (ပဋိစ္စသမုပ္ပါဒ်)

မှာလာတာပေါ့(မှန်ပါ့)သခ်ါရဖြစ်တော့ သံသရာလည်ရတဲ့ ခန္ဓာဖြစ်စဉ် (ပဋိစ္စသမုပ္ပါဒ်) ဂွင်းဆက်ဖြစ်တဲ့ သဘာဝတရားမှာ (သခ်ါရ) ကြောင့် ဝိညာဏ်၊ နာမ်၊ ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ကမ္မဘဝ၊ပစ္စယာဇာတိ၊ ဇရာ၊ မရဏာ၊ ဒုက္ခ၊ ဒေါမနဿ၊ ပဋိဒေဝ၊ ဇုက္ခဒန္ဓာသသမုဒယောပေကတိ ဖြစ်တာပေါ့၊ သံသရာလည်တာပေါ့ (မှန်ပါဘုရား)

သခ်ၤတံမွာမသိပဲမို့
တစ္ဆေထဲစုံဖော်နေကြတယ်
မရှိတာမြင်မှ ချမ်းသာကိုတွေ့မယ်
ရှိတယ်ထင်သမျှပန်စရာနဲ့နေမယ်
ချမ်းသာအတွေ့နဲ့ပျော်မွေ့ဟဲ့ (အာရုံ) ကိုယူစမ်းကွယ်

(သခ်ၤတံမွာ)ဆိုတာ ခယမွာဝယမွာ(ဖြစ်ပျက်) ပဲရှိတယ်၊ အဲဒီ (ဖြစ်ပျက်) တစ်စေ့ထဲရှိတာကို (ပညတ်) နဲ့ပေါင်းပြီး နှစ်စေ့လို့ စုံဖော်နေကြတယ်၊ (မှန်ပါ့) ဖြစ်ပြီးပျက်သွားတဲ့ခန္ဓာ (မရှိတာ) ပရမတ်ကို မြင်မှချမ်းသာတာတွေ့မယ်၊ ရှိတယ်ထင်တဲ့ (ပညတ်) တွေနဲ့ဆိုရင် ပန်းစရာ (ဒုက္ခ) နဲ့သာတွေ့မယ် (စိတ်)ဆိုလည်းမရှိတာမြင်ရမယ်၊ (ပညတ်) ကိုမမြင်ရဘူး၊ (သညာ) ကလှည့်စားလို့ (ရှိတယ်) ထင်သမျှပန်းစရာ (ဒုက္ခ) တွေပဲတွေ့မှာ၌ (ပညတ်) မပါသောစိတ်နဲ့ချမ်းသာအတွေ့နဲ့ ပျော်မွေ့တဲ့နိရောဓအာရုံ (နိဗ္ဗာန်)

နဲ့နေဖို့ပြောတာပေါ့ ဒကာကြီးရ (မှန်ပါဘုရား)

ဖြစ်ချင်တာက = အဝိဇ္ဇာ = အာရုံကိုအသိမှားတဲ့ (အဝိဇ္ဇာ)ကြောင့်

ပြုလုပ်တာက = သင်္ခါရ = ကောင်းမှု၊ မကောင်းမှုလုပ်တယ်

ရတာက = (ဝိညာဏ်၊ နာမ်၊ ရုပ်၊ သဠာယတနာ၊ ဖဿ၊ ဝေဒနာ)

ခန္ဓာငါးပါးရုပ်နာမ်ရတယ် (မှန်ပါ့)

(ခန္ဓာ) ဆိုတာနဂိုလ်ကမရှိဘူး၊ အတွင်းအခံဓါတ်ဒွါရ ၆ပါး နဲ့ အပြင်ကအတိုက်ဓါတ်အာရုံ ၆ပါးနဲ့ တွေ့တိုက်ကြတော့မှ (အာရုံ) ကနေအာရာမဏိက (ခန္ဓာ) ဆိုတာ ဖြစ်လာတာနဂိုလ်ကမရှိဘူး၊ နဂိုလ်ကမျက်စိပဲ၊ အဆင်းကိုတွေ့မှမြင်စိတ် (ခန္ဓာ) ရလာတာ၊ ဒီအတိုင်းပဲ နားမှာလည်းနဂိုလ်ကနားပဲ အသံနဲ့တွေ့မှကြားစိတ် (ခန္ဓာ) ရလာတာ (မှန်ပါ့)

အဲဒီမရှိတာမြင်မှ ချမ်းသာတာကိုတွေ့မယ်ဆိုတာ ဒီခန္ဓာ မရှိရာကိုမြင်ရမယ်၊ ဒါမှခန္ဓာမရှိရာမဖြစ်ရာ မပျက်ရာ (နိဗ္ဗာန်) ချမ်းသာကိုရမှာ ပြောတာပဲ (မှန်ပါ့) မရှိတာမြင်မှ ချမ်းသာကိုတွေ့ မယ်ဆိုတာ မရှိတာက ဘာမရှိတာတုံးဆိုတော့ (အနိစ္စ) ကိုတွေ့တော့ မရှိတော့ ခန္ဓာအနိစ္စဆိုတဲ့ ဒုက္ခသစ္စာမရှိတော့ (နိယောဓသစ္စာ) ရောက်သွားတာပေါ့၊ ဒွါရ ၆ပါးမှာအာရုံနဲ့ ဒွါရတွေတိုက်လို့ရတဲ့ (ခန္ဓာ)ဆိုတာမရှိတော့ပဲ အနုပါဒေါဓမန္တိသုခန္တိတို့၊ နိဗ္ဗာန်နန္တိတို့

ရောက် သွားတာပေါ့ (မှန်ပါ့)

(အာရုံ)ကို (ပညတ်)နဲ့ပေါင်းလို့ (အဝိဇ္ဇာ) ဖြစ်တာကို (ပရမတ်) အမြင်ရှိရင် (အဝိဇ္ဇာ) ကွာတာပေါ့ (မှန်ပါ့) (အဝိဇ္ဇာ) မဖြစ်တော့ သခ်ၤါရ၊ ဝိညာဏ်နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကံစတဲ့ ခန္ဓာဖြစ်စဉ်ဂွင်းဆက်ဖြစ်တဲ့ သဘာဝတရားကိုခေါ်တဲ့ (ပဋိစ္စသမုပ္ပါဒ်)မတန်ဘူးပေါ့၊ (ပဋိစ္စသမုပ္ပါဒ်)အစကနေ ပြတ်တာပေါ့ (မှန်ပါ့)

ရူပါရုံ (ရုပ်) ကို ပုဂ္ဂိုလ်၊ သတ္တဝါထင်ရင် (အဝိဇ္ဇာ) ပဲ (အာသဝ) ဆိုတာ (အဝိဇ္ဇာ) ဖြစ်ရင် (အာသဝ) ဖြစ်တာပေါ့၊ **အဝိဇ္ဇာ** သဝေါ့ (မှန်ပါ့)၊ ရူပါရုံကို ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါထင်ရင် ဒိဋ္ဌာသဝေါ့၊ ဓမ္မာရုံကို ပုဂ္ဂိုလ်သတ္တဝါထင်ရင် ဒိဋ္ဌာသဝေါ့ (မှန်ပါ့)

(အဝိဇ္ဇာ) က (အာရုံ) ရဲ့သဘောအမှန်မသိတာ (အာရုံ) ရဲ့သဘောအမှန်မသိတော့ အာရုံကို (သညာ) နဲ့သွားပေါင်းမိတော့ ဖြစ်ချင်တဲ့ (အဝိဇ္ဇာ) ဖြစ်တော့ စိတ်ဆိုးချင်တာ၊ ရန်ဖြစ်ချင်တာ၊ ဆဲချင်တာစတဲ့ (ချင်တာ) တွေဖြစ်လာတာပေါ့ (မှန်ပါ့)

(ဖြစ်ပျက်) ဆိုတာဖြစ်ချင်လို့ဖြစ်ပြီး ပျက်တာပေါ့၊ ဒွါရ၆ပါး မှာ မျက်စိကလည်း မြင်ချင်တာပဲ၊ နားကလည်း ကြားချင်တာပဲ၊

နှာခေါင်းက အနံ့ရလည်း ဖြစ်ချင်တာပဲ၊ အရသာမှာ၊ အထိအတွေ့မှာ ကြံတွေးရာမှာရော ကာမဆန္ဒရာဂတွေကပ်ငြိပြီး ဆန္ဒတွေကဖြစ်ချင် ကြတာပေါ့။

ဖြစ်ချင်တဲ့သဘောက (သမုဒယ)ကဖြစ်ချင်တာ၊ ဖြစ်ကြောင်း (သမုဒယသစ္စာ) ပေါ့ (မှန်ပါ့)

ဖြစ်ချင်တာ (ဖြစ်ကြောင်း)က - သမုဒယသစ္စာ

ဖြစ်တာက - ဒုက္ခသစ္စာ

မဖြစ်ချင်တာက - မဂ္ဂသစ္စာ

မဖြစ်တာက - နိရောဓသစ္စာပေါ့(မှန်ပါ့)

ဒါကြောင့် မြို့မိဆရာတော်ဘုရားကြီးက -

ဖြစ်ချင် ဖြစ်

မဖြစ်ချင် မဖြစ်(သစ္စာငှပါး)အစစ်လို့ ဟောခဲ့တာပေါ့ (မှန်ပါ့)၊ သစ္စာငှပါးအပြင်ဘာမှမရှိဘူး၊ သစ္စာငှပါးကင်းတဲ့တရားမရှိဘူး၊ တရားဆိုရင် သစ္စာငှပါးပဲဦးဟယ် အဲ့ဒါ၊ သစ္စာဝိညာဏ်ဝိမုတ္တောဓမ္မောနာမနတ္ထိတဲ့ (မှန်ပါ့)၊ သစ္စာငှပါးသိအောင်သာလုပ်၊ သိရင် (သစ္စာညာဏ်) ပဲ (မှန်ပါ့) (သစ္စာညာဏ်) အတိုင်း ခဏခဏ သိနေရင် (ကိစ္စညာဏ်) ဖြစ်တာပေါ့ (မှန်ပါ့) သစ္စာညာဏ်နဲ့ ကိစ္စညာဏ်ကိုသိလာတော့ (သမုဒယ)နဲ့(ဒုက္ခ)ကိုသိလာတော့ မလိုချင်တော့ ပယ်လိုက်တော့ (ကတညာဏ်) ရတာပေါ့ (မှန်ပါ့) (အဝိဇ္ဇာ) သိလာရင်

သစ္စာငါးသိလာတယ်၊ ဒါကြောင့် (သစ္စာငါး)အပြင် ဘာမှမရှိလို့ ပြောရတာပေါ့! (မှန်ပါ့)

မြတ်စွာဘုရားလက်ထက်က သမ္မာဝတီမိဖုရားကြီးရဲ့ အဆောင်မှာ ပန်းဝယ်ရတဲ့အထိန်းတော် ခုလ္လဒ္ဒါရာဆိုတဲ့အထိန်းတော်ကြီးဟာ ပန်းဝယ်တိုင်း ခိုးတယ်၊ ပန်းက ၁၀ကျပ်ဘိုးဝယ်ခိုင်းရင် ၈ကျပ်ဘိုးပဲဝယ်ပြီး ၂ကျပ်ဘိုးခိုးထားတဲ့သဘောပေါ့! (မှန်ပါ့) တစ်နေ့ကျတော့ ပန်းဝယ်ဖို့သွားရင်း မြတ်စွာဘုရားတရားဟောနေတဲ့ နေရာမကျွတ်ရောက်သွားတော့ မြတ်စွာဘုရားက တရားဟောတဲ့နေရာမှာ ထည့်ဟောတယ်၊ ဘယ်လိုလည်းဆိုတော့ -

"ခိုးချင်ယုံသာခိုးချင်ပါ၊ မခိုးလိုက်ပါနဲ့
(အဝိဇ္ဇာ) က ခိုးချင်တာ (ဝိဇ္ဇာ) မခိုးချင်" လို့

ခုလ္လဒ္ဒါရာကို ဒီလိုပဲဟောလိုက်တော့ (အဝိဇ္ဇာ) လည်းနားလွှတ်သွားတယ် (ဝိဇ္ဇာ) လည်းနားလည်သွားတဲ့အတွက် ပါရမီရှိခဲ့တဲ့ ခုလ္လဒ္ဒါရာဟာတစ်ခါထဲ (သောတာပန်) ဖြစ်သွားပြီး ပန်းမခိုးတော့ပဲ သမ္မ ဝတီမိဖုရားကြီးကို ပြန်ပြီးတရားဟောပြနိုင်ခဲ့တယ် (မှန်ပါ့)

ခိုးချင်တာက အာရုံအမှန်မသိတဲ့ (အဝိဇ္ဇာ) ကြောင့်ပေါ့၊ အာရုံကရူပါရုံ (ရုပ်) ကိုသိရမှာကို ရွှေ့၊ ငွေဆိုတဲ့သညာ (ပညတ်)နဲ့ သိတော့(သမုတိသစ္စာ)ဖြစ်တော့ (ကိလေသာဝင်္ဂ)ဖြစ်တာပေါ့! (မှန်ပါ့)၊

ပညတ်ရွှေ၊ ငွေကိုကျော်ပြီး (ရုပ်) ကိုသိရင် (ဝိဇ္ဇာ) အမှန်သိဖြစ်တော့ မခိုးချင်တော့ဘူးပေါ့၊ (မှန်ပါ့) အတ္တကနေ (အနတ္တ) ရောက်တာပေါ့၊ လောကီကနေ လောကုတ္တရာရောက်တာပေါ့ (မှန်ပါ့)

ခိုးချင်တာကငွေတို့ ရွှေတို့ဥစ္စာပစ္စည်းတွေရမယ်ဆိုတဲ့ (ပညတ်) အမြင်ရှိလို့ အဲဒီ (ပညတ်) အမြင် (ဒိဋ္ဌိ) ရှိနေရင် (ချင်) တဲ့ (အဝိဇ္ဇာ) ကြီးဖြစ်လာတာပေါ့ (မှန်ပါ့) ခိုးချင်တာက = လောဘတွေထကြွလာတဲ့ ပရိယုတ္ထာနကိလေသာ (အဝိဇ္ဇာ) ကြောင့်ဖြစ်တာ၊ ခိုးလိုက်တာက = ဝိတိက္ကမကိလေသာ (အဝိဇ္ဇာ) ကြောင့် (သခ်ါရ) ဖြစ်တာ

(ပညတ်) အမြင်မရှိပဲ (ပရမတ်) အမြင်ရှိနေရင် မခိုးချင်၊ မဆဲချင်၊ ရန်မဖြစ်ချင်၊ ဘာမှမဖြစ်ချင်ဘူး (မှန်ပါ့) ဘုရားရဟန္တာတို့မှာ မခိုးချင်ဘူး (ချင်) တဲ့ (အဝိဇ္ဇာ) ကလွတ်တယ် (မှန်ပါ့) (အဝိဇ္ဇာ)ကြောင့်သာလိုချင်တာ (ဝိဇ္ဇာ) မလိုချင်ဘူး၊ ညာဏပုဗ္ဗင်ဂမံ၊ ဉာဏ်တော်သာလျှင် ရှေ့ဆောင်ဖရှ့သွားရှိကြတယ်၊ အာရုံကို အသိမလွဲကြဘူး၊ ဉာဏ်နဲ့ပညာနဲ့အမှန်သိ ဝိဇ္ဇာဥဒပါဒိ၊ ညာဏဥဒပါဒိ ဖြစ်ကြတယ် (မှန်ပါ့)

(အဝိဇ္ဇာ) လွတ်တော့ လိုချင်တာလွတ်ပြီး (သခ်ါရ) ပါ လွတ်တော့ ပြုလုပ်မှုစတဲ့ (ကိလေသာ)တွေလွတ်ကြတာပေါ့၊ (အဝိဇ္ဇာ)

ကြောင့်သာလို့ချင်တာ၊ (ဝိဇ္ဇာ) မလို့ချင်ဘူး (အဝိဇ္ဇာ)မရှိရင် သစ္စာ ၄ပါးထဲ ရောက်ရောက်သွားတယ် (မှန်ပါ့) (ပညတ်) ပျောက်ပြီး (ပရမတ်) ရောက်ရင် (အဝိဇ္ဇာ)မရှိတော့ဘူးပေါ့ (အဝိဇ္ဇာ)မရှိရင် (ဒုက္ခသစ္စာ)နဲ့ (သမုဒယသစ္စာ)ကနေ လွတ်တာပေါ့ (မှန်ပါ့)

(အဝိဇ္ဇာ)မရှိရင် မလှုပ်ရှားဘူး ငြိမ်သက်တယ် (အဝိဇ္ဇာ) ရှိတော့ (သင်္ခါရ) ဖြစ်လာတော့ လှုပ်ရှားတယ် (သင်္ခါရ) က (ကုသိုလ်၊ အကုသိုလ်) နဲ့ လှုပ်ရှားတယ်၊ လှုပ်ရှားတဲ့ (သင်္ခါရ) က (သန်တ) ခေါ်တယ် (အသန်တ) ကမလှုပ်ရှားတော့ဘူး၊ နီရောဓသစ္စာဖြစ်တယ်၊ ငြိမ်းသွားပြီ (မှန်ပါ့) လှုပ်ရှားတဲ့ (သင်္ခါရ) ရှိရင် မရွေ့ဘူးလား (ဓရွေ့ပါတယ်ဘုရား) ရွေ့တော့ (စုတေ)ဖြစ်တာပေါ့။ သေတာပေါ့။ မလှုပ်ရှားတဲ့ အသန်တက နိဗ္ဗာန်(အစ္စုတိရသဲ) ဆိုတော့မရွေ့တော့ဘူး။ စုတိမဖြစ်တော့ (အစ္စုတိ)မသေတော့ဘူး။ ဒီလိုသဘောရှိတယ် (မှန်ပါ့ဘုရား)

ရုပ်တရား

ရုပ်

မြတ်စွာဘုရားရှင် ကိုပါတော်မြတ်ကြီး (ပဋ္ဌာန်း) ဒေသနာတော်ကြီးကိုဟောတဲ့နေရာမှာ ပထမ (ဟေတုပစ္စည်း) ဟောတယ်၊ ဒုတိယ (အာရမဏပစ္စည်း) ဟောတယ်၊ အဲဒီအာရာမဏပစ္စည်း ဟောတဲ့နေရာမှာ -

အာရာမဏပစ္စယောတိ၊ ရူပါရတန်၊ စက္ခုဝိညာဏဓါတုယာတံ၊ သံပယုတ္တကာနဉ္စမဟာန်၊ အာရာမဏပစ္စယေနပစ္စယော လို့ ဒီလိုဟောပါတယ် (မှန်ပါ့)

မျက်စိဖွင့်လိုက်တာနဲ့ (အာရုံ) ရဲ့ အစွမ်းသတ္တိက ကျေးဇူးပြုလို့မျက်စိမှာ ရူပါရုံ (ရုပ်) နဲ့ စက္ခုဝိညာဏ်ဆိုတဲ့မြင်စိတ် (ဝိညာဏ်) ဖြစ်တယ်၊ ဒီမြင်တဲ့ (စိတ်) နဲ့အတူဖြစ်ဘက် သပ္ပယုတ်တရားများဖြစ်ကြတဲ့ နဉ္စမဟာန် = ဆိုတဲ့ (စေတသိက်) (နာမ်) တွေလည်းဖြစ်လာကြတယ်၊ ဒါက (စိတ်၊ စေတိသက်၊ ရုပ်) ခေါ်တဲ့ (ဝိညာဏ်၊ နာမ်၊ ရုပ်) တွေရလာတဲ့ (ပရမတ်) သဘော (မှန်ပါ့)

(အာရုံ) ရဲ့ကျေးဇူးပြုမှုကြောင့် (ဝိညာဏ်၊ နာမ်၊ ရုပ်) တွေဖြစ်လာတယ်ပေါ့ (မှန်ပါ့)၊ ဒါကြောင့် မျက်စိဖွင့်လိုက်တော့ စက္ခုဝိညာဏ်ဆိုတဲ့ မြင်သိစိတ်က ရူပါယတနံ = ရူပါရုံ (ရုပ်) ကိုသာ

မြင်ရမယ်လို့ဟောပါတယ် (မှန်ပါ့)

ပဋိစ္စသမုပ္ပါဒ်မှာလည်း

"စက္ခုံစ ပဋိစ္စ၊ ရူပေစဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ" တဲ့၊ မျက်စိ (ရုပ်)က (ရူပါရုံ)ရုပ်ကိုမြင်လို့ စက္ခုဝိညာဏ် = မြင်သိစိတ်(ဝိညာဏ်) ဖြစ်လာတယ်လို့ ဒီလိုလည်းဟောပါတယ် (မှန်ပါ့)၊ မြင်တာက (ရူပါရုံ) ကိုမြင်ရမယ်လို့ ရူပါရုံ (ရုပ်) ကိုပဲဟောပါတယ် (မှန်ပါ့) သတိပဋ္ဌာန်မှာလည်း မြတ်စွာဘုရားက ရူပဉ္စပဇာနာတိ = ရူပါရုံ (ရုပ်)ကိုသိရမယ်လို့ ဒီလိုပရမတ် (ရုပ်)ကိုသာမြင်ရမယ်လို့ဟောပါတယ် (မှန်ပါ့)

ပုထုဇဉ်တွေက (ရုပ်) လို့မမြင်ကြဘူး၊ လူတို့၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ရွှေ၊ ငွေ၊ ပစ္စည်းအစရှိတဲ့ (ပညတ်)တွေကိုပဲမြင်ကြတော့၊ မြင်ရတဲ့ (အာရုံ)ကရူပါရုံ (ရုပ်) မဟုတ်ပဲ (ပညတ်) တွေဖြစ်တဲ့ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါတွေဖြစ်နေတော့ အသိမှား (အဝိဇ္ဇာ) ဖြစ်ပြီပေါ့ (မှန်ပါ့)၊ (အာရုံ)ကပြတာ ရူပါရုံ (ရုပ်) ကိုပြတာ၊ (ရုပ်)က (အသိမှန်) ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါလို့မြင်ကြတာက (အသိမှား)၊ (အာရုံ)ရဲ့သဘောအမှန်ကိုမသိတဲ့၊ အမှန်မသိတဲ့အသိမှား (အဝိဇ္ဇာ) ဖြစ်ရတာပေါ့ (မှန်ပါ့)

(အာ)ရုံရဲ့သဘောအမှန် (ရုပ်) ကိုမသိပဲ (အာရုံ)ကိုအသိမှားတဲ့ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါလို့စွဲမြင်တော့

(ဖြစ်ချင်)တာတွေက ပေါ်လာပြီပေါ့။ ဖြစ်ချင်တာတွေ ဖြစ်လာပြီပေါ့။။

ဖြစ်ချင်တာက = အဝိဇ္ဇာ (အာရုံကိုအသိမှားတဲ့ အဝိဇ္ဇာကြောင့်)

ပြုလုပ်တာက = (သင်္ခါရ)၊ ဘာတွေပြုလုပ်သလဲ၊ ကောင်းတာ ပြုလုပ်တော့ ပုညာဘိသင်္ခါရတဲ့၊ ကောင်းမှုပြုတာပေါ့။ မကောင်းတာ ပြုလုပ်တော့ အပုညာဘိသင်္ခါရ၊ သင်္ခါရက (Action) ပြုလုပ်မှု၊ ပြုပြင်မှုတွေပဲပေါ့ (မှန်ပါ့)

(ရုပ်) ဆိုတာမြတ်စွာဘုရားမှည့်ထားတဲ့ တကယ်ရှိတဲ့ သဘော၊ နာမည်က (ရုပ်)၊ (ဝိဇ္ဇာမနုပညတ်) ဓမ္မသဘောပဲ၊ (ရုပ်) ဆိုတာ(ဖေါက်ပြန်)တတ်တဲ့သဘောရှိတယ် (ရုပ်) ဆိုတာ (ပရမတ်) ရုပ်ကိုသာ နားလည်ရမယ်၊ ပရမတ် (ရုပ်) ကိုနှလုံးသွင်းတတ်မှ ပရမတ္ထသစ္စာ (ပရမတ်) အမှန်ကိုသိမယ် (မှန်ပါ့)၊ ပရမတ် (ရုပ်) ဆိုတာ (မဟာဘုတ်ရုပ်) ၄ပါးကိုစွဲခေါ်လို့ (ဥပါဒါရုပ်) လို့ဖြစ်ရတယ်၊ မဟာဘုတ်ရုပ်က (ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော) ခါတ်ကြီး ၄ပါးရှိတယ်၊ ပထဝီက မာခြင်း၊ ပြော့ခြင်း၊ တေဇောကပူခြင်း အေးခြင်း၊ အာပေါကယိုစီးခြင်း၊ ဖွဲ့စည်းခြင်း၊ ဝါယောကတွန်းကန်တဲ့သဘောတွေဟာ (ရုပ်) တွေပဲ၊ အဲဒါမဟာဘုတ်ရုပ် ၄ပါးခေါ်တယ်၊ ခါတ်ကြီး ၄ပါး (ရုပ်) လို့လည်းခေါ်တယ်၊ အဲဒါပရမတ် (ရုပ်) ပဲ၊

ပရမတ် (ရုပ်) ကမမြင်ရဘူး၊ မြင်လို့ရတဲ့ရုပ်က (ပရမတ်ရုပ်) မဟုတ်ဘူး (မှန်ပါ့)

(ရုပ်) ဆိုတာ ရုပ္ပဝတီတိရုပံ = ဖောက်ပြန်တဲ့သဘောရှိလို့ (ရုပ်) လို့ခေါ်ရတာ ပဲ၊ (မဟာဘုတ်ရုပ်)ခေါ်တဲ့ဓါတ်ကြီး ၄ပါးရုပ်က ပူလိုက်၊ အေးလိုက်၊ မာလိုက်၊ ပျော့လိုက်၊ ယိုစီးလိုက်၊ တွန်းကန်လိုက် စတဲ့ ဒီလို(ဖောက်ပြန်)တဲ့သဘောတွေရှိလို့ (ရုပ်) လို့ခေါ်ရတာပဲ (မှန်ပါ့)

ပရမတ် (ရုပ်) က (အဘိဓမ္မာ)မှာရုပ် ၂၈ပါးပြပါတယ် (မှန်ပါ့) မဟာဘုတ်ရုပ်ကဓ၄ပါး၊ ကျန်တဲ့ရုပ် ၂၄ပါးက (ဥပါဒါရုပ်) ခေါ်တယ်၊

"စတုံနံမဟာဘူတံဥပါဒါယပဝတ္တာရူပံ" တဲ့

စတုံနံ = ၄ပါးကုန်သော

မဟာဘူတံ = မဟာဘုတ်ရုပ်တို့ကို

ဥပါဒါယ = အစွဲပြု၍

ပဝတ္တာ = ဖြစ်သော

ရုပ် = ရုပ်ကို (ဥပါဒါရုပ်) လို့ခေါ်တယ် (မှန်ပါ့)

ရုပ် (၂၈)ပါးအကြောင်းနဲ့ ဥပါဒါရုပ် (၂၄)ပါးတို့က ဘာတွေ ခေါ်တယ်ဆိုတဲ့ အခေါ်အဝေါ်အမျိုးအစားတွေ သိချင်ရင်(အဘိဓမ္မာ)က (ရုပ်) ပိုင်းမှာကြည့်ပေါ့ (မှန်ပါ့)၊ မြတ်စွာဘုရားက (ရုပ်)

ရောက်အောင်အလွန်ဟောတာ (မှန်ပါ့) ရုပ်ကိုသိမှ (ရုပ်) ရောက်မှ (အဝိဇ္ဇာ)တွေ(ပညတ်)တွေပြုတ်ပြီး(ပရမတ်)ရောက်တာပေါ့ (မှန်ပါ့)

(ရုပ်) ဆိုတာ အပူအအေးစတဲ့ ဆန့်ကျင်ဘက်အကြောင်းတရားများကြောင့် (ဖောက်ပြန်)တတ်တဲ့သဘောရှိပြီး သူ့သဘောသူဆောင်တာကို (ရုပ်) လို့ခေါ်တယ် (ရုပ်) ဆိုတာမာခြင်း၊ ပျော့ခြင်း၊ ပူခြင်း၊ အေးခြင်း၊ ယိုစီးခြင်း၊ တွန်းကန်ခြင်းစတဲ့ (Origin) များစွာစုဖွဲ့မိမှ ကြီးမားလာတယ်၊ အကြီးအကျယ်ဖြစ်လာတဲ့အတွက် 'မဟာဘူတ' (မဟာဘူတ်) မဟာ = ကြီးသော၊ ဘူတ = ထင်ရှားရှိသော ဓါတ်ကြီး ၄ပါးအစုအဝေးလို့ အမည်ရတယ် (မှန်ပါ့)၊ မဟာဘူတ်ရုပ်ကဓါတ်ကြီး၄ပါးရုပ်ပဲ၊ ဒီမဟာဘူတ်ရုပ်မှာ ဝဏ္ဏ = အဆင်း၊ ဂန္ဓ = အနံ့၊ ရဿ = အရသာ၊ ဩဇာ = အဟာရ (ဝဏ္ဏ၊ ဂန္ဓ၊ ရဿ၊ ဩဇာ) ဆိုတဲ့ အဆင်းအနံ့အရသာ ဩဇာဓါတ်ရုပ်တွေရှိပြန်တယ်၊ အဲဒီထဲက (ဝဏ္ဏ) ဆိုတဲ့ အဆင်းရှိလို့ အဆင်း (ရုပ်) ကိုစွဲပြီး (ရူပါရုံ) လို့ခေါ်ရတယ်၊ ဝဏ္ဏ = အဆင်းဖြစ်လို့ (ရူပါရုံ) ဖြစ်ရတာပေါ့၊ အဲဒါရူပါယတနံပဲပေါ့ (မှန်ပါ့)

မြတ်စွာဘုရားက မျက်စိနဲ့မြင်ရတာက ဓါတ်ကြီးလေးပါး အစုအဝေး (ရူပါရုံ) အဆင်း (ရုပ်) ပဲ၊ နားနဲ့ကြားတာက (သောတာရုံ) အသံ (ရုပ်)၊ နှာခေါင်းနဲ့နံတာက (ဂန္ဓာရုံ) အနံ့ (ရုပ်)၊ လျှာနဲ့ထိတွေ့တော့ (ရသာရုံ) အရသာ (ရုပ်) ကိုယ်နဲ့ထိတွေ့တော့

(ဖွတ္တဗ္ဗာရုံ) ထိတွေ့မှု (ရုပ်)၊ မနောနဲ့ထိတွေ့တဲ့ဓမ္မကို (ဓမ္မာရုံ)၊ ကြံတွေးမှု (ရုပ်) ပဲလို့ဒီလိုသိရတယ်၊ ဒါတွေဟာ (ပရမတ်) ရုပ်တွေပဲပေါ့ (မှန်ပါ့)

(ရူပါရုံ) က မိန်းခလေးရဲ့မျက်နှာချောပုံ၊ လှပုံမျိုးကို ရူပါရုံချောလှတယ်လို့ သိချင်းရေးစပ်တဲ့သူပြောတဲ့အတိုင်း ဆိုတဲ့အတိုင်း ယူရတာမျိုးမဟုတ်ဘူး၊ မိန်းခလေးက (ပညတ်) ရုပ်၊ ချောတယ်လှတယ်ဆိုတာ မျက်စိက (ပီယသာတ) ဖြစ်တာ၊ ဒီ (ရူပါရုံ) မိန်းကလေး (ပညတ်)ကိုစွဲပြီး (တဏှာ၊ ရာဂ) တွေကဖြစ်တာ၊ (နီဗ္ဗာန်)နဲ့ဆန့်ကျင်ဘက်ဖြစ်တာပေါ့ (တဏှာ၊ ရာဂ၊ ဒေါသ၊ မောဟ) တွေဖြစ်မဲ့ (ရုပ်) ကိုမြတ်စွာဘုရားမဟောဘူး (မှန်ပါ့)၊ ဒါတွေက (ပညတ်) ပဲခေါ်တယ်၊ ယောကျ်ား၊ မိန်းမသန္တာန်တွေက (နီမိတ်ကြီး) တွေ၊ မျက်နှာတို့ ခေါင်းတို့ ခြေလက်တွေက (နီမိတ်သေး) တွေ၊ အိမ်က နီမိတ်ကြီး၊ သစ်သားက နီမိတ်ငယ်၊ ဒါတွေက (ရုပ်) မဟုတ်ဘူး (ပညတ်) ကွေ၊ နာမည်သန္တာန်တွေပေါ့ (မှန်ပါ့)

ရူပါရုံ (ရုပ်) ဆိုတာ အဆင်း၊ အရောင်ပဲ၊ မျက်စိဖွင့်လိုက်တာနဲ့ မြင်ပြီးပျောက်သွားပြီ၊ အနိမိတ္တဆ္ဆ - နီမိတ်မရှိတဲ့ (ရုပ်) ကိုပြောတာပဲ (မှန်ပါ့)၊ နီမိတ်ရှိတဲ့ (ရုပ်) ကို (ရုပ်) လို့မှတ်ယူရင် (ရာဂ၊ ဒေါသ) က ဘယ်ကင်းနိုင်ပါ့မလဲ (မှန်ပါ့) မြတ်စွာဘုရားကသားတော်ရာဟုလာကို ချစ်သားရာဟုလာတဲ့ အနိမိတ်ဆ္ဆာဝေဟိ

= နိမိတ်မရှိတာကို ပွားလေ့လို့ပြောတာ (မှန်ပါ့)

(ရူပါရုံ) က အနိမိတ္တာ၊ (မဟာဘုတ်ရုပ်) နိမိတ်မရှိဘူး၊ အာရုံက = အဆင်း၊ ရူပါရုံ (ရုပ်) ဒီ (ရူပါရုံ) ရုပ်ကိုမျက်နှာလေးလှ လိုက်တာဆိုရင် (ရာဂ) ဝင်တော့ (အာရုံ)ကနေ (နိမိတ်) ဖြစ်တာပေါ့၊ အကောင်အထည်ဒြပ်ပုံစံဖြစ်သွားတာပေါ့ (မှန်ပါ့)

(သောတာရုံ) ဆိုရင်ကြားတဲ့ (အသံရုပ်) ကနားကအကြည် (ရုပ်) ကို လေလှိုင်းနဲ့ထိခိုက်တဲ့ (ရုပ်)၊ (ဂန္ဓာရုံ) ဆိုတာလည်း အနံ့ (ရုပ်) ကလေးပဲ၊ မျက်စိနဲ့ မမြင်ရဘူး၊ ဒီအနံ့ရုပ်ကလေးက အလွန် သေးငယ်တဲ့အနုမြူလောက် (ရုပ်) ကလေးတွေပဲ (မှန်ပါ့)၊ ဒီအနံ့ (ရုပ်)ကလေးကို လေသင့်တော့ ဒီအနံ့ (ရုပ်) ကလေးက နှာခေါင်းက အကြည် (ရုပ်) နဲ့ထိခိုက်ပြီး (နံစိတ်) ဖြစ်ရတာပဲ၊ အနံ့က (ရုပ်) ကလေး၊ အသံက (ရုပ်) ကလေးဆိုတာ သဘောပေါက်ရင် ရူပါရုံဆိုတဲ့အဆင်း (ရုပ်) ကိုလည်း သဘောပေါက်ရမယ် (မှန်ပါ့)

အနုမြူဟာ (ရုပ်) ပဲ၊ အနုမြူဆိုတာဖုံထတဲ့လမ်းမှာ လှည်းသွားလို့၊ ယာဉ်ရထားသွားလို့ ဖုံထနေတဲ့လေထဲလွင့်ပါနေတဲ့ ဖုံလေး တစ်ခုကိုရထားမြူလို့ခေါ်တယ်၊ အဲဒီရထားမြူကို ၁၆စိတ်စိတ်ရင် တဇာရီမြူခေါ်တယ်၊ အဲဒီတဇာရီမြူကိုထပ်ပြီး ၁၆စိတ်စိတ်ရင် ပရမံအနုမြူ၊ အဲဒါကိုထပ်ပြီး ၁၆ စိတ်စိတ် (အနုမြူ) လို့ခေါ်တယ်

(မှန်ပါ့)

ဒီ (အနုမြူ) လေးကို ရှင်တော်မြတ်ဘုရား၏ ဉာဏ်တော်ကြီးနဲ့ကြည့်တော့ ဒီအနုမြူလေးက (ပထဝီ) ရုပ်ပဲ၊ သိပ္ပံပညာရှင်တွေကတော့ (Atom) ခေါ်တဲ့ဒီအနုမြူလေးမှာ Electron. Proton. Neutron အလက်ထွန်၊ ပရိုတွန်၊ နယူတွန်လို့ ဥခဲ့သိကြတယ်၊ မြတ်စွာဘုရား၏ဉာဏ်တော်ကြီးနဲ့ကြတော့ ဒီအနုမြူလေးမှာ (ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော)ဆိုတဲ့ဓါတ်ကြီးလေးပါးရှိတဲ့အပြင်၊ ဝဏ္ဏ=အဆင်း၊ ဂန္ဓ=အနံ့၊ ရသ=အရသာ၊ ဩဇာ=အဟာရ (ရုပ်)ဓါတ်တွေ (၈)မျိုးအထိ ပါတာတွေ့ရတယ် (မှန်ပါ့)၊ ဒါကြောင့် အနံ့ရုပ်ပါတဲ့အတွက် အကြော်ကြော်လို့ ညှော်တယ်ဆိုတာ ညှော်တဲ့နေရာမှာပဲမဖြစ်ပဲ တစ်အိမ်လုံး လေသင့်ရာညှော်နဲ့ (ရုပ်)ကိုဖြစ်စေတာပေါ့၊ ဒါ အနုမြူမှာ ဂန္ဓဆိုတဲ့အနံ့ရှိလို့ပေါ့ (မှန်ပါ့)၊ အနုမြူမှာ တေဇောဓါတ် ရှိတာကတော့ အနုမြူပုံးချတဲ့နေရာလောက်မှာတောင် မကပဲ တမြို့လုံးအပူ (ရုပ်) တေဇော (ရုပ်)တွေက ပျံ့နှံ့ပြီး ဒီ (ရုပ်)တွေရဲ့အားဟာ လူတောင်မကဘူး၊ အဆောက်အဦပါပြာကျအောင် ထိတွေ့တာ (ရုပ်)ပဲပေါ့ (မှန်ပါ့)

ထရံပေါက်မှာ၊ ပြူတင်းပေါက်မှာနေထိုးတော့ အိမ်ထဲကိုထရံပေါက်၊ ပြူတင်းပေါက်ကအလင်းရောင်တန်းက ကြမ်းပြင်ပေါ်ကိုကျနေရောက်တဲ့အခါမှာ ဒီအလင်းရောင် တန်းထဲမှာ (မြူ) လေးတွေကိုမြင်ရ

တယ်၊ ဒီမြူလေးတွေက လက်လက်လက်လက်နဲ့ လှုပ်ရှားသွားနေကြ
တယ်၊ သူ့မှာ(အဆင်း)ရှိလို့မြင်ရတာ၊ အဲဒါမြူရဲ့အဆင်း (ရုပ်)ပဲ၊ ဒီမြင်
ရတဲ့မြူအလင်းရောင်တန်းလည်း ပျောက်သွားရော မြူကိုမမြင်ရ
တော့ဘူး၊ (မှန်ပါ့)၊ လေထဲမှာ ဓါတ် ကြီးငှပါးပါတဲ့ (ရုပ်) အနုမြူတွေ
များလာတော့၊ ပရမံအနုမြူဒီထက် များလာတော့ စုမိလာတော့
တဇ္ဇာရေမြူ၊ ဒီထက်အလုံးကြီးလာတော့ မြင်ရတဲ့ရထားမြူစတာတွေ
များလာတော့ (ဖုံ) မှုန့်အဖြစ်နဲ့ ကြမ်း ပေါ်မှာ ဖုံမှုန့်ရယ်လို့ ဒီမြေဓါတ်၊
ပထဝီဓါတ်ပါတဲ့ အနုမြူဖုံ (ရုပ်) ကိုအရောင်အဆင်းနဲ့ တွေ့ရ
တော့တယ် (မှန်ပါ့)၊ ဖုံမှုန့်တွေစုလိုက် တော့ လက်တဆုပ်စာ (ဃန)
အစိုင်အခဲ ပထဝီရလာတော့အာပေါဓါတ် ရေနဲ့နယ်တော့ ဝါယော၊
တေဇောကြောင့် ခွဲ့ရုပ်၊ ဃနပညတ်ရုပ်ဖြစ်လာတာပေါ့။ ယောက်ျား၊
မိန်းမကလည်း (ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော) ဖြစ်တဲ့ Cell
ကလပ်ဆည်း တွေပေါင်းထားတဲ့ (ရုပ်) ပေါ့။ (မှန်ပါ့)

မျက်စိထဲရောက်လာတဲ့ အဲဒီအဆင်းရဲ့ (ရုပ်)က ပရမတ်
(ရုပ်)၊ နားထဲရောက်လာတဲ့အသံက (ပရမတ်ရုပ်) နှာခေါင်းထဲဝင်
လာတဲ့အနံ (ရုပ်) က ပရမတ် (ရုပ်) ကိုမြတ်စွာဘုရားက သိစေချင်
တာပဲ (မှန်ပါ့)

ဗာနုမြူ ရထားမြူတွေများလာတော့ ကြမ်းပေါ်မှာ ဖုံတွေ
တက်နေပြီး ဖြစ်တော့ လှည်းလိုက်တဲ့အခါကြတော့ လက်တစ်ဆုပ်စာ

ဖုံဆိုတဲ့ အခေါ်ပညတ်၊ (ဃန) ဆိုတဲ့ အစိုင်အခဲ(ပညတ်)တွေဖြစ်လာတာပေါ့၊ ဒဲ့ဒီဖုံမှုန့်လက်တစ်ဆုဟာ အနုမြူ (ရုပ်)၊ ရထားမြူ (ရုပ်) တွေ (ရုပ်) အပေါင်းအစု (ရုပ်) တွေပဲ၊ ဒါကို (ရုပ်) လို့မမြင်ကြဘူး၊ (ဖုံ) တွေလို့မှတ်ပြီး ခေါ်လိုက်တော့ (ဃနပညတ်) အစိုင်အခဲ(ပညတ်) ကြီးဖြစ်သွားတာပေါ့ (မှန်ပါ့)

လူဆိုတာ ယောကျ်ား၊ မိန်းမဆိုတာ၊ မိခင်ဝမ်းထဲမှာ ပဋိသန္ဓေတည်ကာစမှာကံကြောင့်ဖြစ်တဲ့ (ကမ္မဇရုပ်)ကာယဒသကမှာ မဟာဘုတ် (ရုပ်) ၄ပါး ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောရုပ် (၄)ပါး ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာခါတ်ရုပ် (၄)ပါး ပေါင်း ၈ပါး၊ ယောကျ်ား၊ မိန်းမ ဖြစ်စေတဲ့ဘာဝ (ရုပ်)ဘာဝဒသကရုပ် (၁)ပါး ဇီဝိတရုပ် (၁)ပါး ပေါင်းရုပ် (၁၀)ခုနဲ့ စခဲ့ကြတာပဲ (မှန်ပါ့)

(ပဋိသန္ဓေ)မှာ ပဋိသန္ဓေစိတ်က (ဝိညာဏ်စိတ်) ကလေးပဲ၊ (ဝိညာက္ခန္ဓာ)ပဲ၊ ဝိညာဏပစ္စယာ(နာပရူပံ)အရ၊ (ဝိညာဏ်)ဖြစ်လာရင် (ဝိညာဏ်)စိတ်နဲ့ယှဉ်ပြီး ဖြစ်ဘက် (စေတသိက်)နဲ့ (ရုပ်) ကလေးလည်း ဖြစ်လာတယ်၊ (ပဋိသန္ဓေ)ကလလရည်ကြည်တည်တဲ့ အချိန်မှာ (ရုပ်နဲ့နာမ် ခန္ဓာ၄ပါး) ရသွားတယ် (မှန်ပါ့)၊ ပဋိသန္ဓေတည်တဲ့ဒီကလလရည်ကြည်(ရုပ်)ကလေးကလည်း ဆံပင်လေးတစ်ချောင်းကို ဆီခွက်ထဲနှစ်ပြီးကြည့်ရင် ဒီဆံပင်ဖျားမှာပါလာတဲ့ ဆီကြည်ဥ ကလေးမျှလောက်ပမာဏရှိတဲ့ (ရုပ်) ကလေးပဲ၊ ပဋိသန္ဓေနေတဲ့ (ရုပ်)

ကမ္မဇ (ရုပ်)ကိုမှ(ရုပ်)လို့ဆိုတာ ပေါ့(မှန်ပါ့)

ဒီ ကမ္မဇ (ရုပ်)ကလေးကြီးလာလို့ မွေးလာတော့ လူကြီးဖြစ်လာတော့လည်း (ရုပ်)ပဲ၊ လူဆိုတာအရင်းအမြစ် (Origin) က (ရုပ်)ပဲ၊ လူမဟုတ်ဘူး၊ မွေးလာတော့ မွေးစကလေးရဲ့ပေါင်ကြားကိုကြည့်ပြီး လောကီအခေါ်ယောကျ်ားလေးဟ၊ မိုန်းကလေးဟလို့ ယောကျ်ား၊ မိန်းမရယ်လို့ သတ်မှတ်ကြတာ၊ တကယ်တော့နည်းလမ်းမကျဘူး၊ ငါ၊ သူ၊ယောကျ်ား၊ မိန်းမမဟုတ်ဘူး (ရုပ်)ကအမှန်ပဲ၊ ဘုရားဟောပဲ(မှန်ပါ့)

ပဋိသန္ဓေကမ္မဇရုပ်က ၃-၄လလောက်ဆိုရင် မျက်စေ့၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်စတဲ့ (အာယတန)ခေါ်တဲ့ အင်္ဂါအစိတ်အပိုင်းနဲ့ ဒွါရတွေဖြစ်လာတယ်၊ မွေးလာတော့ လူလို့အခေါ်ရှိတဲ့ လူကမွေးတော့လူ၊ တိရစ္ဆာန်နွားကမွေးတော့နွား၊ ခွေးကမွေးတော့ခွေး၊ ကြက်ကမွေးတော့ကြက်၊ ဘဲကမွေးတော့ဘဲ၊ စတဲ့ ဗီဇသန္တာန်တွေဖြစ်လာတယ်၊ (ရုပ်) ကိုလောကီအမြင်နဲ့ ၂မျိုးခွဲလိုက်ကြတယ်၊ တကယ်တော့ ဘာဝဒသကရုပ်ပါပဲ ပုဗ္ဗဘာဝယောကျ်ားလို့ခေါ်တဲ့(အထီး)၊ကွထိ ဘာဝမိန်းမလို့ခေါ်တဲ့(အမ)ကို ယောကျ်ား၊မိန်းမလို့ခေါ်လိုက်ကြတယ်၊သတ်မှတ်လိုက်ကြတယ်၊(မှန်ပါ့)၊ဒီအခေါ်နာမည်နဲ့ ဖြစ်လာတဲ့ ယောကျ်ား၊ မိန်းမတွေဟာ (ပညတ်)တွေပဲပေါ့၊ အမှန်တရားမဟုတ်ဘူး၊ အမှန်တရားက(ရုပ်)ပဲ (မှန်ပါ့)

ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါဆိုတာအခေါ်အဝေါ်နဲ့ ပုံသန္ဌာန်တွေဆိုတော့ နာမသန္ဌာန် (ပညတ်) တွေပေါ့။ ဒီ ယောက်ျား မိန်းမက ပညတ်က၊ သူရဲ့ (Origin) မူလဘူတအရင်းအမြစ်က မဟာဘူတ်ရုပ် ၄ပါး (ရုပ်) ကမ္မတကယ်ရှိတာ၊ အဲဒါအရှိတရား (ရုပ်)ပဲ၊ ယောက်ျား၊ မိန်းမဆိုတာ (နာမသန္ဌာန်) အခေါ်အဝေါ် (သန္ဌာန် ပညတ်) (ယနပညတ်) တွေပေါ့ (မှန်ပါ့)၊ ဒီလောက်ဆိုရင် ပရမတ် (ရုပ်) သဘောရှင်းလောက်ရောပေါ့ (မှန်ပါ့ရှင်းပါပြီဘုရား)

အေး . . . ပရမတ် (ရုပ်)သဘောက ဖောက်ပြန်လှုပ်ရှား တတ်တာကြောင့် (ရုပ်)လို့ခေါ်တယ်၊ (မှန်ပါ့)၊ ထရံပေါက်ကကျတဲ့ အလင်းရောင်တန်းမှာ မြူမှုန်လေးတွေ ရွှေ့လျားနေသလိုပေါ့၊ (မှန်ပါ့) ဒါကြောင့် ပရမတ် (ရုပ်)က ရွှေ့ရှားတယ်၊ ဖောက်ပြန်တော့ (သခ်ၤတ) ပရမတ်ပေါ့ (နိဗ္ဗာန်) ပရမတ်ကျတော့ အသခ်ၤတပရမတ်၊ မရွှေ့လျားတော့ဘူး၊ ရွှေ့လျားဖောက်ပြန်တဲ့ (ရုပ်၊ နာမ်) တွေမရှိရာပေါ့ (မှန်ပါ့)

မြတ်စွာဘုရားဆိုလိုတဲ့ ရူပါယတနံ (ရူပါရုံ)ဆိုတဲ့(ရုပ်)ဟာ ဒီအနုမြူကနေဖြစ်တဲ့ ဒြပ်တွေပေါင်းစုတော့ မြင်လာရတဲ့ ဝဏ္ဏ = ဆိုတဲ့အဆင်းကိုမှ ရူပါရုံ (ရုပ်) လို့ပြောတာ၊ အနုမြူရုပ်စတဲ့ (ဆဲလ်း) ရုပ်ကလေးတွေကြတော့ မမြင်ရဘူးပေါ့ (မှန်ပါ့) ၊ ယနပညတ်ကြီး ဖြစ်တဲ့ယောက်ျား၊ မိန်းမ၊ သစ်ပင်၊ ခွေး၊ နွားကိုမယူရဘူး။ သူရဲ့

ဝက္ကာ = အဆင်းကိုမှ (ရုပ်)လို့ ရူပါရုံလို့မှတ်ယူရတာ (မှန်ပါ့)၊ ဒလောကမှာ (ရုပ်၊ နာမ်) ပဲရှိတယ်၊ သေတော့လည်း ကာယဒသကရုပ်၊ ဝတ္ထုဒသကရုပ်၊ ဘာဝဒသကရုပ်ရယ်လို့ (၃) ရုပ်ပဲကျန်တာ၊ ဒါကြောင့်ကျန်တဲ့ရုပ်ကို (ရုပ်) အလောင်း (ရုပ်ကလပ်) ရယ်လို့ ပြောကြတာပေါ့ (မှန်ပါ့)

မြတ်စွာဘုရားက (ရုပ်) ရောက်အောင် (ရုပ်) မှန်းသိအောင် အလွန်ဇာဉ်တယ်နော် (မှန်ပါ့)၊(ရုပ်)လို့ဘာကြောင့် သိရမှာလဲဆိုရင် မြတ်စွာဘုရားက ပရမတ္ထသစ္စာတရား ၄ပါးကသာ အဟုတ်ရှိ၊ တကယ် အရှိပဲ၊ ဒီပရမတ္ထသစ္စာ ၄ပါးက (စိတ်၊ စေတသိက်၊ ရုပ်၊နိဗ္ဗာန်) ပဲ မဟုတ်လား၊ စိတ်၊ စေတသိက်အပြင် (ရုပ်)ကိုလည်းမှားတတ်ကြတယ်၊ ဓမ္မသဘာဝဆိုက်အောင်မသိကြဘူး (ပရမတ်ရုပ်)ရောက်အောင်သိမှ ပရမတ္ထသစ္စာသိမယ်၊ ဒီပရမတ္ထသစ္စာကိုသိတာဟာ အရိယာသစ္စာသိ မှန်းသိတော့ (နိဗ္ဗာန်) ရောက်လို့ပေါ့ (မှန်ပါ့)

(နိဗ္ဗာန်) ရောက်ကြောင်းတရားမှာ မြတ်စွာဘုရားရဲ့နှုတ် တော်က (ပရမတ္ထသစ္စာ)ပဲဟောတယ်၊ လူတွေ၊ ယောကျ်ားး၊ မိန်းမတွေ မပါဘူး (မှန်ပါ့)၊ အများသိတဲ့ (ဓမ္မစကြာ) ထဲမှာလည်း ရူပက္ခန္ဓာ အနေနဲ့ (ရုပ်) ကို ဟောတယ်၊ မဟာသတိပဋ္ဌာန်က (ဓမ္မနုပဿနာ)မှာ ကွက်ရုပ် = ဤဟာ (ရုပ်) လို့ပဲဟောတယ်၊ အဘိဓမ္မာမှာလည်း (ရုပ်) ပဲဟောပါတယ် (မှန်ပါ့)၊ (ပဋ္ဌာန်း) မှာလည်း ရူပါယတနံ = ရူပါရုံ

(ရုပ်) လို့ပဲဟောပါတယ် (မှန်ပါ့)

မျက်စိကမြင်ရမှာက (ရုပ်) ကိုပဲမြင်ရမှာ (ရုပ်) လို့မမြင် တော့ဘာဖြစ်သလဲဘုရားလို့မေးမယ်ဆိုရင် မြတ်စွာဘုရားက (အာရုံ) ကို (ရုပ်) လို့ပဲသိကြပါလို့ ဟောတော့၊ ပုထုဇဉ်တွေက (အာရုံ) ကို ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါလို့ စွဲယူသိကြတော့ ဒီမှာပဲအသိမှားပြီပေါ့ (မှန်ပါ့)၊ အာရုံကပြတာရူပါရုံ (ရုပ်) လို့ မသိပဲ၊ ယောကျ်ား၊ မိန်းမလို့သိကြတော့ (အာရုံ)ကိုအသိမှားတဲ့ (အဝိဇ္ဇာ) (အာရုံ)ကို အမှတ်မှားတဲ့ (သညာ) အာရုံကိုအမြင်မှားတာက (ဒိဋ္ဌိ) တို့ကဖြစ်ပြီပေါ့ (အဝိဇ္ဇာ) ဖြစ်တော့ အသိမှားတဲ့ ယောကျ်ား၊ **မိန်းမ**၊ ငါ၊ သူအပေါ်မှာ ဖြစ်ချင်တဲ့သဒ်ါရ၊ တဏှာ၊ ဥပါဒါန်ကံတွေနဲ့ လိုချင်တပ်မက်ငြိကပ်တဲ့ (ရာဂ၊ ဒေါသ၊ မောဟ) တွေနဲ့ ဖြစ်လာကြ တော့ ဇာတိ၊ ဇရာ၊ မရဏတွေနဲ့ (သံသရာ)လည်ပြီပေါ့။ အပါယ်၄ဘုံကို အရောက် များကြပြီပေါ့ အဲဒီလိုဖြစ်လို့ပေါ့ (မှန်ပါ့)

နားကကြားပြန်တော့လည်း (အာရုံ)ကြောင့်ကြားတဲ့ (အသံ) (ရုပ်) ကို (ရုပ်) မှန်းမသိပဲ၊ ငါကြားတာ၊ ငါမကြားရင် ဘယ်သူက ကြားမှာလဲ၊ ဒါ ယောကျ်ား၊ အသံ၊ ဒါမိန်းမအသံ၊ ဒါက ငါ့အသံ၊ ဒါကသူ့အသံ၊ ဘယ်မိန်းကလေးအသံကတော့ ဘယ်လိုကောင်းတာပဲ ဆိုတာဟာ (အာရုံ) ကြောင့်ကြားတဲ့အသံ (ရုပ်) ကို (ရုပ်)မှန်းမသိပဲ၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမလို့သိတော့ အသိမှား (အဝိဇ္ဇာ) ဖြစ်ပြီပေါ့၊

အမှတ်မှား (သညာ) ဖြစ်ပြီပေါ့၊ အမြင်မှား (ဒိဋ္ဌိ) ဖြစ်ပြီး (ပဋိစ္စသမုပ္ပါဒ်) က (အဝိဇ္ဇာ၊ သင်္ခါရ) အစက စတန်းပြီးတော့ (သံသရာ) လည်ပြီပေါ့၊ ဒီ ခန္ဓာဖြစ်စဉ်တွေနဲ့ပဲသေ၊ ဒါနဲ့ပဲဘဝသစ်ရောက်တော့ အပါယ်အရောက်မျှားကြတော့ (သမုဒယသစ္စာ)နဲ့ (ဒုက္ခသစ္စာ)မှာပဲ (သတ္တဝါ) တွေလည်နေကြရတာပေါ့ (မှန်ပါ့)၊ ဒါကြောင့် (ပညာသိ) မဖြစ်ပဲ (သညာ) သိမှုပဲသိကြတော့ မရှိတာကိုမြင်၊ ရှိတာကိုပြင်တတ်ကြတဲ့ ပုထုဇဉ်အကန်းလို့ ဆိုကြရတာပေါ့ (မှန်ပါ့)

လျှာနဲ့စားတဲ့အရသာကလည်း (ရုပ်) ဖြစ်တော့ (ရုပ်) မှန်းသိရတယ် ကိုယ်နဲ့ထိတွေ့တာလည်း (ရုပ်) မှန်းသိရတယ်၊ စိတ်နဲ့ကြံတွေးတာလည်း (ရုပ်) မှန်း (ဝိညာဏ်) မှန်းသိရတယ်၊ ငါ ကြံတာ ငါထိတာ စတဲ့၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါအမြင် မမြင်ရဘူး၊ အဲဒီလိုမြင်ရင် (ဒိဋ္ဌိ) ဖြစ်တယ်၊ အဲဒီလိုမြင်သိရင် အသိမှား၊ အမှားသိ (အဝိဇ္ဇာ) ဖြစ်တော့တယ် (မှန်ပါ့)၊ ဒါကြောင့် အာရုံ ၆ပါးကဖြစ်တဲ့ (အာရုံ) တွေပဲ (ရုပ်နာမ်)ကိုပဲဖြစ်စေတာ ပဋ္ဌာန်းတရားတော်လာ အာရမ္မဏပစ္စယောတိမှာပါတာကို ဘုန်းကြီးဟောကြားပြီးဖြစ်တဲ့အတွက် (ရုပ်) လို့ပဲသိပါဒကာကြီး (မှန်ပါ့ဘုရား)

(အဝိဇ္ဇာ) ကသစ္စာငှပါး မသိတာကိုအရကောက်တာပဲလို့ လည်းပြောလို့ရတယ်၊ (အဝိဇ္ဇာ) ကသစ္စာငှပါးကိုဖုံးထားတာလို့လည်း ပြောလို့ရတယ် (မှန်ပါ့) ဘာကြောင့် (အဝိဇ္ဇာ) ကသစ္စာငှပါးမသိတာ

လ၊ ဘာကြောင့် (အဝိဇ္ဇာ) ကသစ္စာဥပါးကို ဖုံးထားရတာလဲဆိုရင် ဘယ်လိုပြောမလဲ (မှန်ပါ) အေး - (အာရုံ) ရဲ့သဘောအမှန်ဖြစ်တဲ့ (ရုပ်) ကို (ရုပ်)လို့မသိတော့ အသိမှားတဲ့ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ ပဲမြင်တော့အသိမှားတဲ့ (အဝိဇ္ဇာ) ကဖြစ်ပြီး (ပဋိစ္စသမုပ္ပါဒ်) ခန္ဓာ ဖြစ်စဉ်တွေ (ဝါ) ဂွင်းဆက်ဖြစ်တဲ့သဘာဝတရားတွေတန်းသွားတဲ့ (အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒန်၊ ကံ) ဘက်ရောက် ပြီပေါ့ (မှန်ပါ့) ဖြစ်ချင်တဲ့သမုဒယ (တဏှာ) တွေဖြစ်တဲ့ ဒုက္ခတွေ ဖြစ်ပြီပေါ့ (မှန်ပါ့)

တကယ်လို့သာ (အာရုံ) ရဲ့သဘောအမှန် (ရုပ်)ကို(ရုပ်)မှန်းသိရင် သစ္စာဥပါးမသိတာမဖြစ်တော့ဘူး၊ (သစ္စာဥပါး)ကိုလည်း **မဖုံး**တော့ဘူးပေါ့ "ဖြစ်ချင်ဖြစ် မဖြစ်ချင်မဖြစ်" သစ္စာဥပါးအစစ်ဆိုတာ (ဉာဏ်)မှာပေါ်လာတယ် (ပရမတ်) နဲ့နေတတ်လာရင် သစ္စာဥပါးကို သိလာတယ်၊ ဩဩ . . . ဖြစ်ချင်တာက သမုဒယသစ္စာပါလား ဖြစ်တာက ဒုက္ခသစ္စာပါလား၊ မဖြစ်ချင်တာက = မဂ္ဂသစ္စာပါလား၊ မဖြစ်တာက = နိရောဓသစ္စာပါလားဆိုတာ (ရုပ်၊ နာမ်) ပရမတ်ကို သိနေရင် ဒီလို(သစ္စာဥပါး)ဟာ (ဉာဏ်)အမြင်မှာ ပေါ်လာတာပေါ့ (မှန်ပါ့)၊ ပရမတ် (ရုပ်နာမ်) တွေက (ခန္ဓာငါးပါး) ပဲ၊ ဒီရုပ်နာမ် (ခန္ဓာငါးပါး)ရချင်တာက (သမုဒယသစ္စာ)၊ ဒီခန္ဓာငါးပါးရရင် (ဒုက္ခသစ္စာ) ၊ ဒီခန္ဓာငါးပါးမရခြင်းသည် (နိရောဓသစ္စာ)၊ ဒီ ခန္ဓာငါးပါးမရအောင်နေခြင်းသည် (မဂ္ဂသစ္စာ) ဒီ့ ဒီလိုဝိဇ္ဇာဥဒပါဒိ၊ ဉာဏ

ဥဒပါဒိ ပညာဥဒပါဒိနဲ့သိလာတယ် (မှန်ပါ့ဘုရား)

(ရုပ်)ကိုသိချင်ရင် ရူ့ချင်ရင်ဘယ်ဟာမဆို (ပစ္စုပ္ပန်) တည့်တည့်ကိုရူ့ (ရုပ်) ရောက်လိမ့်မယ်၊ ဝင်လေထွက်လေလေးနှာသီးဝကာယပသာဒကို ထိတာလေးကိုသိလို့ ပစ္စုပ္ပန်တည့်တည့်ရူ့နေရင် လေကလေးတိုးတိုက်ဝင်လာတာ၊ လေတွေ၊ နှာသီးဝနဲ့ ထိတာလေးကို ရှုရင် (ရုပ်) ပဲပေါ့၊ ဝင်ရင်အေးတာ၊ ထွက်ရင်နွေးတာကိုသိတာကလည်း (ရုပ်) သိတာပဲပေါ့ (မှန်ပါ့)

(ရုပ်) က (ပရမတ်) ဖြစ်တော့ ရှု့နောက်ကာလ၊ ရပ်ဒဿနှင့် လုံးရပ်သန္ဌာန်ပမာဏအားဖြင့် ညွှန်ပြခြင်းဌာမထိုက်တဲ့ (ရုပ်) သဘောပရမတ်သဘောက ဒီလိုသဘောပဲ (မှန်ပါ့)၊ ရုပ်ရောက် (ဖြစ်ပျက်) တွေ့တာ၊ (ရုပ်)ရဲ့(အနိစ္စ)တွေတွေ့နိုင်တော့တယ်(မှန်ပ့ (ရုပ်) (နာမ်) သန္ဓိတပရမတ်က မတည်ငြိမ်ဘူး ဖောက်ပြန်ပျက်စီးတတ်တယ်၊ ဥဒယနဲ့ ဝယဆိုတဲ့ဖြစ်ခြင်း၊ ပျက်ခြင်းရှိတယ်၊ မမြဲဘူး မတည်ငြိမ်ဘူး၊ ဒါကြောင့်(သန္ဓိတပရမတ်)လို့ခေါ်ရတာပေါ့။ အသန္ဓိတပရမတ် (နိဗ္ဗာန်) ကြတော့ဖြစ်ခြင်း၊ ပျက်ခြင်းမရှိတော် မလှုပ်ရှားတော့ဘူး (မှန်ပါ့)

စက္ခုံစပဇာနာတိ၊ မျက်စိကိုလည်းသိပါ။ ရူပဥ္စပဇာန (ရူပါရုံရုပ်)ကိုလည်း သိပါဆိုတာက (ဓမ္မာနုပဿနာ) ပဲပေါ့ (မှန်ပ့

ကွတိရူပံ = ဤဟာ(ရုပ်)လို့သိတာလည်း (ဓမ္မာနုပဿနာ) ပေါ့။ ဒီလို သိနေရင် (ပရမတ်) ပေါ်ရောက်တော့ (ရာဂ) တို့ (သံယောဇဉ်) တို့ တောင်မဖြစ်နိုင်ဘူး (မှန်ပါ့)၊ မြင်တာက (ရုပ်) ကို (ရုပ်) လို့သိပေး ရင်းနဲ့ကြာတော့ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါလို့မမြင်တော့ ဘူး (မှန်ပါ့)

အမှန်သိတဲ့ (သမ္မာဒိဋ္ဌိ) ဖြစ်အောင် (သမ္မာသင်္ကပ္ပ) နဲ့ ကြံပေးရတယ်၊ ဒါကြောင့် 'သမာသင်္ကပ္ပဂါစရော ပရမ္မတ္တော' လို့ ဆိုတာပေါ့။ ဒီလိုကြံပေးတော့ (သမ္မာသတိ)တို့ (သမ္မာသမာဓိ)တို့က လိုက်လာတာ၊ (ဓမ္မာနုပဿနာ)က(ပညာ)ကို ရှေ့ကထားပြီး (ပဇာနာတိ) သိအောင်လုပ်တာဆိုတော့ အသိရော အကျင့်ရော အဘူတူဖြစ်တော့ (ဝိဇ္ဇာ)ရော (စရဏ)ရောအတူတူဖြစ်ဘာပေါ့။ (မဂ္ဂင်ရှစ်ပါး)မှာ သူ့အစီအ အစဉ်အတိုင်းဖြစ်တာပေါ့ (မှန်ပါ့)

အခေါ်အပြောအားဖြင့် (ရုပ်)လို့ပညတ်အခေါ်နဲ့ပြောရမဲ့ (ရုပ်)ဆိုတာ မဟာဘုတ်ရုပ်၊ မဟာ=ကြီးသော၊ ဘူတ=ဓါတ်ကြီး ၄ပါး ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော အထင်အရှားရှိပြီး ဖောက်ပြန် တတ်တာကို (ရုပ်) လို့ဘုရားကနာမည်ပေးထားတာ၊ အထင်အရှားရှိ တဲ့ (ဝိဇ္ဇာမနပညတ်) ပဲပေါ့။ယောက်ျား၊ မိန်းမ၊ လူဆိုတာက (နာမည်) တကယ်မရှိဘူး၊ တနင်္ဂနွေ၊ တနလ်ာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကဆုန်၊ နယုန်စတဲ့ အခေါ်အဝေါ်နဲ့နာမည်တွေ ပေးထားတာလိုပဲပေါ့၊ တကယ်မရှိလို့

(အဝိဇ္ဇာမနုပညတ်) လို့ခေါ်ရတယ် (မှန်ပါ)

(ရုပ်) လို့ခေါ်တာကိုသိတာနဲ့၊ ယောကျ်ား၊ မိန်းမလို့ခေါ်တာကိုသိတာမှာ အခေါ်အဝေါ်နာမည်တွေချည်း အတူတူဖြစ်ပေမဲ့၊ ဘယ်လိုကွာသလဲဆိုတော့ (ရုပ်) လို့သိတော့ ဘာမှ Reaction တုန့်ပြန်မှုတွေမဖြစ်ပဲ (ပရမတ်)ဘက်ကိုရောက်တာပေါ့၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမအသိနဲ့သိတာက (အဝိဇ္ဇာ) ဖြစ်ပြီး ငါကိုသူကစတဲ့ ကျေနပ်တာ၊ မကျေနပ်တာတွေ၊ ကြိုက်တဲ့မကြိုက်တဲ့တဏှာ၊ စွဲလန်းတဲ့ဥပါဒါန်တွေ မိန်းမ၊ ယောကျ်ားလို့သိရင် လှတယ်၊ ချောတယ်ဆိုပြီး ချစ်တာ၊နှစ်သက်တာက ဝင်ပူးပြီးသားမယားပြုချင်တာအထိ(တဏှာ၊ ရာဂ) တွေဝင်ပြီး (အဝိဇ္ဇာ၊ တဏှာ) အရင်းခံနဲ့ သံသရာလည်တဲ့ဘက်ရောက်တာပေါ့၊ (မှန်ပါဘုရား)(ရုပ်)အမြင်က (ပရမတ်)အမြင်ဖြစ်လို့ (နိဗ္ဗာန်) ဘက်ရောက်တာဖြစ်လို့ ရောက်တာခြင်းကွာတာပေါ့ (မှန်ပါ)

ကောင်မလေးလို့သိထားတဲ့အတိုင်း ကောင်မလေးလို့သိလိုက်ရင် (အဝိဇ္ဇာ) ဖြစ်ပြီး၊ ချစ်တာ၊ ကြိုက်တာဖြစ်ပြီး သားစိတ်မယားစိတ်ကူးလိုက်ရင် (တဏှာ)၊ ကောင်မလေးကိုစွဲလန်းရင် (ဥပါဒါန်) (အဝိဇ္ဇာ၊ တဏှာ) ရေသောက်မြစ်ကြီးက သံသရာလည်ဖို့ စပြီပေါ့ (မှန်ပါ)

ကောင်မလေးလို့မသိပဲ (ကွတိရုပ်)ကြုံဟာ (ရုပ်)လို့ပဲသိလိုက်၊

မြင် လိုက်ရင် အဘိဉေယျ၊ ပရိညာနဲ့ပဟာတပွဖြစ်သွားတာပေါ့ (မှန်ပါ့)၊ အကုသိုလ်နဲ့ ကုသိုလ်ပိုင်းခြားပြီးပါယ်ပြီပေါ့ (မှန်ပါ့)

'အဘိဉေယျ၊ ပရိညာနှင့် ပဟာတပွသစ္စိကဟု' ဆိုတာ (မဂ္ဂ) ဘာဝနာပဲ (မှန်ပါ့) ပဋိသမ္ဘိဒါလို့လည်းခေါ်တယ်၊ (ဝိပဿနာ)လည်းဖြစ်တယ်၊ (သတိပဋ္ဌာန်)ဘာဝနာလည်းဖြစ်တယ် (မှန်ပါ့) ရှေ့တုန်းက (ဝိပဿနာ)တွေက ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ (သတ္တဝါ) တွေကို ပါယ်ပြီးရှုတာ (မှန်ပါ့)

ရှေးတုန်းက (ဝိပဿနာ) က (သိ၊ ပယ်၊ ဆိုက်၊ ပွား) ပဲ (မှန်ပါ့)၊ အဘိဉေယျ = ဆိုတာ (သိ) တာ၊ ကောင်မလေးကို ဤဟာ (ရုပ်) လို့သိလိုက်တာနဲ့ (ပရိညာ) ကပိုင်းခြားလိုက်တော့ ကောင်မလေးဆိုတဲ့ (အကုသိုလ်) အသိကို (ပယ်) လိုက်တော့ ပဟာတဗ္ဗန္တီဖြစ်သွားပြီး အကုသိုလ်ဘက်မရောက်တော့ပဲ ပရမတ် (ရုပ်) ကိုပဲ (ဆိုက်) တော့တာပေါ့ (မှန်ပါ့)၊ ဒီလိုပရမတ် (ရုပ်) အသိ (ဆိုက်) တာကို ဘာဝိတံ (ပွား) တော့ ပရမတ္ထသစ္စာအသိပွားလာတော့ အရိယာသစ္စာအသိကနေ (နိဗ္ဗာန)သစ္စကရိယာစ = ဆိုတာ (နိဗ္ဗာန်) ကို မျက်မှောက်ပြုတာပဲပေါ့ (မှန်ပါ့ဘုရား)၊ ရုပ်တွေနာမ်တွေသိရင် (ဉာတပရိညာ) ဖြစ်တယ်၊ (ရုပ်နာမ်) တို့ရဲ့အနိစ္စသိရင် (တီရဏပရိညာ) ဖြစ်တယ်၊ (ရုပ်နာမ်)မရှိတော့ရင် (ပဟာနပရိညာ) ဖြစ်တယ်၊ မြတ်စွာဘုရားက ငါ၊ သူ၊ ယောက်ျား၊ မိန်းမလို့ မှတ်ထားတဲ့ (သညာ)

နဲ့ မမြင်နဲ့၊ ဟုတ်တိုင်းမှန်စွာတကယ်သိထား တဲ့ (ပညာ) နဲ့၎။ (ပညာ) နဲ့ (ရုပ်) လို့မြင်ရင် ကိလေသာတွေစင်တယ် (မှန်ပါ့) တရားအားထုတ်ပြီး (ရာဂ၊ ဒေါသ၊ မောဟ)တွေ လျော့အောင်လုပ်မယ်ဆိုပေမဲ့ (ရာဂ၊ ဒေါသ၊ မောဟ) တွေဖြစ်နေကြရတာဟာ(ရုပ်)လို့မမြင်ကြလို့ (ရာဂ၊ ဒေါသ၊ မောဟ)တွေမဖြစ်ချင်ပဲနဲ့ဖြစ်ကြရတာပေါ့ (မှန်ပါ့)

အဲဒါ (ရုပ်) ကို (ရုပ်) မှန်းမသိကြပဲ ရွှေတို့ ငွေတို့ တိုက်တို့ ကောင်မလေးစတဲ့ မိန်းမ၊ ယောကျ်ား၊ ပစ္စည်းအသိ (အဝိဇ္ဇာ)တွေ ဖုံးလွှမ်းနေလို့ (ရာဂ၊ ဒေါသ၊ မောဟ) တွေကမဖြစ်ချင်ပဲဖြစ်ကြရတာ (မှန်ပါ့)ထွက်လေဝင်လေရှူနေတာလည်း (ရုပ်) ပဲ အဲဒီထဲမှာ ငွေ့ငွေ့လေးပူတာနဲ့ အေးအေးလေးဖြစ်တဲ့ (တေဇော) လည်းပါတယ် တောင့်တောင့်လေးနေတဲ့ (ပထဝီ) လည်းပါတယ်၊ တိုးတိုက်တဲ့ (ဝါယော) လည်းပါတယ်၊ စေးကပ်တဲ့(အာပေါ)သဘောလည်းပါတယ်၊ အဲဒါနဲ့ကြောင့် ထွက်လေဝင်လေသဘောလေးတွေဟာလည်း (ရုပ်)ပဲ(မှန်ပါ့)

ဒီခန္ဓာကိုယ်ကြီးကလည်း စမ်းကြည့်ရင် မာတာ၊ ပျော့တာ၊ ပူတာ၊ အေးတာ၊ ယိုစီးတာ၊ တွန်းကန်တာတွေ ပေါင်းထားတဲ့ ဓါတ်ကြီး ၄ပါး (ရုပ်) ကာယ = အပေါင်း၊ ခန္ဓာ = အစု၊ ဆံပင်၊ မွေးညင်း၊ အရိုး၊ အသား၊ သွေး၊ အူ၊ အဆုပ်ထိပါတဲ့ ၃၂ ကောဋ္ဌာသက ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောပါတဲ့ ဓါတ်ကြီး၄ပါး (ရုပ်) ပဲ ၊ ဒါကြောင့် ခန္ဓာကိုယ်ကာယကြီးက အတွင်းကလည်း (ရုပ်)ပဲ၊ အပြင်ဗဟိဒ္ဓ

မှာလည်း (ရုပ်) ပဲရှိတာပဲ၊ ဒါကြောင့် မြတ်စွာဘုရားက (သခ်ၤတ) နယ်မှာ (စိတ်၊ စေတသိက်၊ ရုပ်) ရုပ်နာမ်ပဲရှိတာလို့ ဟောတာပေါ့ (မှန်ပါ့)

(ရုပ်) ပထဝီဆိုတာတစ်ဦးတည်းနေလို့မရဘူး၊ အာပေါ၊ တေဇော၊ ဝါယောကိုမှီရမှ ပထဝီ (ရုပ်) ဖြစ်တယ် (ဥပမာ - ဘောလုံးကြီးကလည်း လေမထိုးရင် ပျော့တယ်၊ လေထိုးရင်မာတယ်၊ ဘောလုံးဟာဝါယောတင်မကဘူး၊ တေဇော၊ အာပေါကိုလည်းမှီနေတယ် (မှန်ပါ့) ဒီ(ကမ္ဘာကြီး)ကလည်း ဒီလိုပဲ(မြေဓါတ်)က လေဓါတ်၊ ရေဓါတ်နဲ့မီးဓါတ်ဖြစ်တဲ့ (နေ) ဓါတ်တွေကိုလည်း မှီနေရတယ်၊ အဲဒီသုံးခုထဲက တစ်ခုခုပျက်သွားရင် ဒီကမ္ဘာကြီးကလည်း ပျက်ရတာပဲ (မှန်ပါ့)၊ ဒီကမ္ဘာကြီးစတာလည်း ဒီဓါတ်ကြီး ၄ပါးကပေါင်းစုလာရင်းနဲ့ ဖြစ်လာတာပဲ၊ ဒါကြောင့် (ရုပ်) ဖြစ်ကြောင်းက ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောလို့ ပြောလည်းရတယ် (မှန်ပါ့)

ပရမတ် (ရုပ်) ကမမြင်ရဘူး (Un seen) ဒါကြောင့်
မရှိတာမြင်မှချမ်းသာကိုတွေ့မယ်
ရှိတာမြင်သမျှ ပန်စရာနဲ့နေမယ်
ချမ်းသာတဲ့အတွေ့ကိုယူစမ်းကွယ်

လို့ ရှေ့ပညာရှိတွေ စပ်ဆိုခဲ့ကြတယ် (မှန်ပါ့)၊ မရှိတာက(ခန္ဓာမရှိ)တာကိုသိရတယ်၊ (ရုပ်)ခန္ဓာကိုလည်း မရှိတာကိုပဲမြင်ရတယ်၊ စိတ်ခန္ဓာနဲ့

စေတသိက် (နာမ်) ခန္ဓာလည်း မရှိတာပဲမြင်ရမယ်၊ ဒါမှ (ရုပ်နာမ်) ခန္ဓာမရှိရာမပျက်ရာ (နိဗ္ဗာန်) ကိုရတာပဲ (မှန်ပါ့)

ဒကာကြီး . . . ကိုယ့်ကိုယ်ကိုလည်း ဦးကံညွှန့်လို့လည်း မထားနဲ့ (ရုပ်)ပဲ သဘောထား (မှန်ပါ့)၊ ရုပ်က (အနိစ္စ ဒုက္ခံ၊ ဝိပရိဏာမံ) တဲ့ ဖေါက်ပြန်ပျက်စီးတတ်တဲ့ သဘောရှိလို့ ဒုက္ခသစ္စာ၊ ဒုက္ခလို့ဘုရားဟောတာပေါ့ (မှန်ပါ့)၊ အနိစ္စ = က မမြဲဘူး၊ ဒုက္ခက = ဆင်းရဲတယ်၊ ဝိပရိဏာမံ = က ဖောက်ပြန်ပျက်စီးတဲ့ သဘောရှိတယ် (မှန်ပါ့)

တံမြု၊ သောဟမသ္မိ၊ သောမေအတ္တာ၊ ထိုဖောက်ပြန်သောမမြဲသော ဆင်းရဲသော (ရုပ်) ကိုငါဟူ၍ ငါဥစ္စာဟူ၍ ငါပဲဟူ၍ ဆိုခြင်းငှာသင့်ပါမည်လောလို့ (ဓမ္မစကြာ)မှာမြတ်စွာဘုရားက ပဉ္စဝဂ္ဂိတို့ကိုမေးတော့၊ (ပဉ္စဝဂ္ဂိငါးဦး) လုံးက နောဟေတံဘန္ဒေ = မသင့်ပါဘုရားလို့ ဒီလိုဖြေတော့ (ပဉ္စဝဂ္ဂိငါးဦး)လုံးဟာ ယထာပညာယ၊ သမပညာယကိုရောက်သွားတယ်(ပညာသိ)သိကုန်ကြတယ် ဒကာကြီးရ(မှန်ပါ့)ပဉ္စဝဂ္ဂိငါးဦးလုံးဟာ(ပညာ)သိနဲ့ (သောတာပန်) ကနေ (ရဟန္တာ)တွေဖြစ်သွားကြတယ် (မှန်ပါ့)

(ဓမ္မာနုပဿနာ) က ကွတိရူပံ = ဤဟာ (ရုပ်) လို့သိပါတဲ့၊ ဤဟာ (ရုပ်) လို့အမြင်ရှိရင် (အဝိဇ္ဇာ) တောင်ကွာတယ် (မှန်ပါ့)၊

ခုခေတ်မှာလည်း (ရုပ်) တစ်ခုသိရင် (အနာဂါမ်) အထိဖြစ်တာ ရှိတယ်ဒကာကြီး (မှန်ပါ့)၊ ကျွတိရုပံ = ဤဟာ (ရုပ်) ကိုဟောတဲ့ မြတ်စွာဘုရားရဲ့ ဉာဏ်တော်ကြီးဟာ ဘယ်လောက်ကြီးကျယ်တယ်ဆိုတာသိရတယ် (မှန်ပါ့)

အနုံဆိုးကြီးက နံလိုက်တာလွန်ပါရောပဲလို့ အနုံကိုစိတ်ထဲမထားနဲ့၊ အနုံကလည်း (ရုပ်) ပဲ၊ ကျွတိရုပံ ဤဟာ (ရုပ်) လို့သိလိုက်ပါ (မှန်ပါ့)၊ အနုံဆိုးကြီးကိုစိတ်ထဲခံစားမနေပဲ ဤဟာ (ရုပ်) လို့ (ဉာဏ်) နဲ့ ရှုပြီး ကြဲဖြန့်ပစ်လိုက်ပါတဲ့ (မှန်ပါ့)

ရူပံရာဓဝိကေရထ = (ရုပ်) ကိုကြဲဖြန့်ပစ်ရမယ်၊ အနုံဆိုးကြီးနေရာမှာ ဤဟာ (ရုပ်) လို့ (ရုပ်) နဲ့ကြဲဖြန့်ပြီးဆိုးတဲ့ အနုံကြောင့်ဖြစ်တဲ့ (ဒေါသ) တွေကို ပျောက်အောင်လုပ်ရမယ်၊ အနုံသိပ်ကောင်းနေရင်လည်း (ရာဂ) မဝင်အောင် ဤဟာ (ရုပ်) လို့ကြဲဖြန့်ပစ်ရမယ် ဒကာကြီး (မှန်ပါ့)

(ရုပ်) တစ်လုံးကိုယ်မှာကျရင်
ဘဝထိုထိုကရွတ်ကင်းမလျှောက်ရပဲ
အိုနာသေဆိုတဲ့ ဝိနကင်းပျောက်ကြပါပေါ့
အမျှောင်မသန်းတဲ့ သမ္ဘာအခြေလင်းရမှာဖြင့်
အောင်နန်းအမတာအခြေရောက်တဲ့ လမ်းစဉ်ကြီးသာ

ဖြစ်ပါလေတော့သတည်းလို့ ရှေးတုန်းကဆရာတော်ကြီးတွေ အလွန်ပညာတတ်ကြတော့ ဒီလို ဒီလိုရေးစပ်ခဲ့ကြတယ် (မှန်ပါ့)

ဒကာကြီးတို့မှာ ဒီလို(ဉာဏ်)တွေရောက်ဖို့လိုတာပေါ့ (မှန်ပါ့) ဒီခေတ်မှာလည်း ရူပဗေဒ (Physic) နဲ့ (Bioplasmar) စတဲ့အခြား (ရုပ်) တွေကလည်း ကျယ်ပြန့်တော့ ဒီနေ့ထိ (ရုပ်) ကို သုတေသနပြုလို့မကုန်နိုင်ကြဘူးမဟုတ်လား (မှန်ပါ့ဘုရား)

ပညတ်နာမ်ရုပ် ပုံကိုနုတ်၍
နာမ် (ရုပ်) ပီပြင်နိဗ္ဗာန်ခွင်ကို

ကောင်းကင်ကြီးလိုဟောခဲ့တာမျိုးလည်း ရှေးကဆရာတော်ကြီးများရေးစပ်ခဲ့တာမျိုးလည်းရှိသေးတယ်၊ ဒကာကြီး (မှန်ပါ့)၊ ကိုယ့်ကိုယ်ကို ဒကာကြီး ဦးကံညွှန့်လို့လည်း မမှတ်နဲ့၊ သားတွေသမီးတွေ (ပညတ်) အာရုံနာမသန္တာန် (နာမ်ရုပ်) တွေကိုနှုတ်ပစ်ပြီး (ပရမတ်) ဆိုက်အောင် ကောင်းကင်ကြီးလိုနေရင် ကောင်းကင်ကြီးလိုပဲ အေးငြိမ်းချမ်းသာငြိမ်သက်ပြီး မရွေ့တော့ဘူးပေါ့ ဒကာကြီး (မှန်ပါ့ဘုရား)

သတ္တဝါအမြင်ပျောက်တရား

သတ္တဝါမဟုတ်

(သတ္တဝါ)အမြင်ပျောက်ဘို့ကလည်း သိပ်အရေးကြီးတယ် ဒကာကြီး (မှန်ပါ့)

သတ္တဝါကုန် အတ္တမြဲသည်သာအရိယာ
စိတ်ကကြံတာ (သတ္တဝါ) ဓမ္မာရုံနဲ့လွဲနေပြီ
(သတ္တဝါ) လို့အောက်မေ့နေရင် (အဝိဇ္ဇာ) ဖြစ်တာပဲ။
ဒါကြောင့် (သတ္တဝါ) မဟုတ်ဘူးဆိုတဲ့
အသိသာလိုရင်းဖြစ်သည်လို့ ဘုန်းကြီးအရင်ကဟောပြ ပေးခဲ့ဘူးတယ်နော် (မှန်ပါ့)၊ ဒါကြောင့် (ပညတ်) သိပျောက်ရသလိုပဲ (သတ္တဝါ) သိပျောက်ဖို့ကလည်း အရေးကြီးတယ် ဒကာကြီး (မှန်ပါ့ဘုရား)

(သတ္တဝါ)ဆိုတာ(သတ္တ)ဆိုတာသဠာယတနာ၊ သဠာယတနေ သတ္တဖြစ်တာ(အာရုံ)ကိုငြိကပ်တတ်တဲ့သဘော၊ ခင်တတ်တဲ့သဘော၊ တွယ်တာတတ်တဲ့သဘောတွေ.ရှိကြလို့(ကာမရာဂ) ရှိတတ်လို့မြတ်စွာဘုရားက (သတ္တဝါ) လို့ခေါ်တာ၊ လူတို့နတ်တို့ တိရိစ္ဆာန်တို့အစရှိတဲ့ ကာမ (၁၁)ဘုံသားတွေအားလုံးကို သိမ်းကျုံးပြီး (ခန္ဓာငါးပါး)ကိုစွဲပြီး (အာရုံ)ကိုငြိကပ်တတ်တဲ့သဘောရှိသူတို့ကို (သတ္တဝါ) လို့ခေါ်ဝေါ်

သမုတ်ပြီး နိဗ္ဗာန်ရောက်ကြောင်း တရားကိုဟောတာပဲ (မှန်ပါ)။

မြတ်စွာဘုရားက (ပရမတ်) နဲ့ချည်းဟောနေရင် လူတွေ နားမလည်မှာစိုးလို့ အချို့တရားတွေမှာ ဒေဝပုတ္တနတ်သားတို့ တုဿိတာနတ်ပြည်တို့ စတူမဟာရာဇ်နတ်တို့ သိကြားမင်းတို့ စတာတွေနဲ့ဟောပြောရတယ်၊ လူတွေကြတော့ ဘယ်မင်းကြီး၊ ဘယ်ပုဏ္ဏား၊ ပုဏ္ဏေးမ၊ ဝိသာခါ၊ အနာတပိဏ်စတဲ့ အခေါ်အဝေါ်တွေနဲ့ တိရစ္ဆာန်ကြတော့ နဂါးကြီးတို့၊ နာဠာဂိရိဆင်တို့၊ အာဠာဝက ဘီလူးကြီးစတာတွေနဲ့ လူတွေနားလည်အောင် သမုတိသစ္စာ လောကီ အခေါ်အဝေါ်တွေနဲ့ ခေါ်ဝေါ်ဟောပြောပြီး လူတွေဘုရားတရား သံဃာရတနာသုံးပါးနားလည်အောင်လို့ ဇိနတ္ထပကာသနီတို့ (ဓမ္မပဒ) ဝိနည်း၊ သုတ္တံစတဲ့ တရားတွေထဲမှာ ရဟန်းတွေ လူပွေနားလည်အောင် လောကီအခေါ်အဝေါ်(ပညတ်)နဲ့ပဲ ဟောရပြောရပါတယ် (မှန်ပါ)

အဲ . . . နိဗ္ဗာန်ရောက်ကြောင်း (သုတ္တံ)နဲ့ (အဘိဓမ္မာ)တွေမှာ တော့ ဘယ်နတ်ပြည်က ဘယ်နတ်၊လူပြည်ကယောက်ျား၊မိန်းမ၊ပုဂ္ဂိုလ် စတာတွေ၊ တိရစ္ဆာန်က ဘယ်တိရစ္ဆာန်လို့ကိုမသုံးတော့ဘူး၊ ကာမ (၁၁)ဘုံသားထဲက(အာရုံ)ကိုငြိကပ်တတ်တဲ့ (ကာမရာဂ)ရှိတဲ့ အားလုံး ကိုခြုံပြီး (သတ္တဝါ) လို့သုံးတယ်၊ ပြောပါတယ်၊ နတ်ပြည်က လူပြည်က (အာရုံ)ကို မငြိကပ်တတ်တဲ့ (ကာမ၊ ရာဂ) မရှိတဲ့ (အရိယာ) တွေမပါ

ဘူးပေါ့၊ (အရိယာ) တောင်မှ (အရိယာ)မဖြစ်မှီက (သတ္တဝါ)လို့ခေါ်ရတာပေါ့ (မှန်ပါ့)၊ တကယ်တော့လည်း ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်မှမရှိတော့ အာရုံကိုငြိကပ်တတ်တဲ့ (သတ္တဝါ) ဆိုတာမရှိဘူးလို့ (နိဗ္ဗာန်) ရောက်ကြောင်းတရားတွေမှာ ဟောပါ တယ် (မှန်ပါ့)

(နိဗ္ဗာန်) ရောက်ကြောင်းတရားဖြစ်တဲ့ (ဓမ္မစကြာ) မှာ (သတ္တဝါ) မဟုတ်ဘူးဆိုတာပါတယ်၊ ဘယ်လိုပါသလဲဆိုတော့ (ဓမ္မစက္ခုံဥဒပါဒိ) နဲ့ (သတ္တဝါ) မဟုတ်ဘူးဆိုတာသိရတယ် (မှန်ပါ့)၊ အဘိဓမ္မာမှာလည်း (သတ္တဝါ) လို့မဟောဘူး၊ ရှိမှမရှိတာပဲ၊ (အဘိဓမ္မာ)ကအရှိတရား (ပရမတ်) ကိုပဲ ဟောတာပဲ (မှန်ပါ့)

(သတ္တဝါ)က ငါ၊ သူ၊ လူ၊ နတ်၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ် အစရှိတာတွေကို တပေါင်းတည်း (သတ္တဝါ) ရယ်လို့ခေါ်တာ (သတ္တဝါ)လည်း (ပညတ်)ထဲမှာပါတာပဲ၊ ရှေးတုန်းကလူကြီးတွေက ဝေနေယျသတ္တဝါတွေလို့ပဲ ပြောဆိုသုံးနှုန်းကြတယ်၊ အခုခေတ်တော့ (သတ္တဝါ) အသုံးအနှုန်းနည်းကြပါတယ်။ ယောကျ်ား၊ မိန်းမ၊ လူ၊ နတ်ကိုပဲအပြောများကြတယ်။

မြတ်စွာဘုရားက (ပညတ်) တွေထဲက သက်ရှိထဲက ငါ၊ သူ ယောကျ်ား၊ မိန်းမ၊ပုဂ္ဂိုလ်စတာတွေမသုံးပဲနဲ့၊လူဘုံ၊နတ်ဘုံ၊ တိရိစ္ဆာန်ဘုံထဲကလို့လည်း မခွဲတော့ပဲ၊ ကျားမလည်းမခွဲတော့ပဲ၊ ကာမ

(၁၁)ဘုံသားထဲက (အာရုံ)ကိုငြိကပ်တတ်လို့ (ကာမရာဂ)ရှိတဲ့သူတွေကို (သတ္တဝါ)၊ (အာရုံ)ကိုမငြိကပ်လို့ (ကာမရာဂ)မရှိသူတွေကို (အရိယာ)လို့ နိဗ္ဗာန်ရောက်ကြောင်းတရားတွေမှာ ရှည်ရှည်ဝေးဝေးမပြောတော့ပဲ ဆိုလိုရင်းသိအောင် ဒီလို(သတ္တဝါ)ရယ် (ပုထုဇဉ်)ရယ် (အရိယာ)ရယ်လို့ပဲ သုံးနှုန်းဟောပြောပါတယ် (မှန်ပါ့)

(သတ္တဝါ) ဆိုတာပါဠိစကား ' အာရမ္မဏေသုသဒ္ဓေတိတိ သတ္တဝါ' တဲ့၊ အာရာမဏ္ဏေသု = အာရုံတို့၌၊ သဒ္ဓေတိတိ = ငြိကပ်တတ်၏တဲ့၊ ဣတိတသ္မာ = ထို့ကြောင့် သတ္တဝါ = သတ္တဝါမည်၏တဲ့၊ အဲဒါသဒ္ဓေါတ် = အာရုံကိုငြိကပ်တတ်လို့ (သတ္တဝါ) လို့ခေါ်ရတယ် (မှန်ပါ့)၊ တိရိစ္ဆာန်က (အာရုံ)နောက်ပဲလိုက်တတ်ကြတယ်၊ တိရိစ္ဆာန်အားလုံးပါတယ်၊လူလည်း(အာရုံ)နောက်ကိုလိုက်နေကြတာပဲ၊ ဒါကြောင့် လူဖြစ်တဲ့ယောကျ်ားး၊ မိန်းမ၊ သာမဏေရဟန်းတွေလည်းပါတာပဲ၊ရဟန်းလည်း (အာရုံ)နောက်လိုက်တတ်တဲ့သူဆိုရင်ပါတာပေါ့။ နတ်လည်း (အာရုံ)နောက်လိုက် တဲ့ နတ်တွေဆိုရင် (သတ္တဝါ)ထဲပါတာပဲ (မှန်ပါ့)

ယောကျ်ားး၊ မိန်းမ၊ ပုဂ္ဂိုလ်အသိက (သတ္တဝါ) အသိခေါ်တာပေါ့၊ တကယ်တော့ (သတ္တဝါ) အသိဖြစ်တဲ့ (ငါ၊ သူ၊ ယောကျ်ား၊ မိန်းမပုဂ္ဂိုလ်) အသိက တကယ်မရှိဘူး (မှန်ပါ့) ရှေးတုန်းကတော့ (သတ္တဝါ) လို့မယူနဲ့ (သတ္တဝါ)အသိကမဟုတ်ဘူး၊ တကယ်မရှိဘူးလို့

ဒီလိုပဲပြောကြဟောကြ၊ စာတွေထဲမှာလည်း ဒီလိုပဲရေးကြတာပေါ့ (မှန်ပါ့)၊ (သခ်ၤတ) နယ်ထဲမှာတကယ်ရှိတာ (စိတ်၊ စေတသိက်၊ ရုပ်) ရုပ်နာမ်ပဲရှိတာ၊ (အသခ်ၤတ)နယ်မှာတော့ (နိဗ္ဗာန်) ပဲရှိကြောင်းကို ဟောတာ၊ အဘိဓမ္မာမှာ သတ္တဝါမပါဘူး (မှန်ပါ့)

မြတ်စွာဘုရားက (သတ္တဝါ) မဟုတ်ဘူး (သတ္တဝါ) ဆိုတာ အာရုံကိုကပ်ငြိတဲ့ (ရုပ်နာမ်) ရဲ့ဓမ္မသဘာဝကိုခေါ်တာ၊ ယောကျ်ား၊ မိန်းမ၊ သတ္တဝါက ကပ်ငြိတာမဟုတ်ဘူး၊ ဓမ္မသဘောကကပ်ငြိတာ ဆိုတာသူ့နေရာနဲ့ သူဟောတာ (မှန်ပါ့) မြတ်စွာဘုရားက ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဘူးလို့ ပြောတဲ့နေရာမှာ -

ကုသလာဓမ္မာ၊ အကုသလာဓမ္မာ

နိသတ္တ၊ နိဇီဝ၊ နပုဂ္ဂလောလို့ ဓမ္မသဘာဝကိုပဲဟောတာ၊ အသက်ကောင်၊လိပ်ပြာကောင်၊ပုဂ္ဂိုလ်ကောင်၊မရှိဘူး၊ ကုသိုလ်၊ အကုသိုလ်၊ (ဓမ္မသဘာဝ)သာရှိကြောင်းကိုပဲ ဟောပါတယ်။

(သတ္တဝါ) ဆိုတာ စိတ်ထဲမှာအရိပ်စွဲတာ တခဏ (သခ်ၣါရ) ဆိုတာနဂိုလ်မရှိ အပျိုရှိလို့အရိပ်မြင်၊ စိတ်ထဲထင်လို့ပါးစပ်ပြောဆိုတဲ့ ရှေးတုန်းက စပ်ထားတာတွေက စိတ်အမြင် (ဝိညာဏ်) အမြင်လို့ ခေါ်တယ် (မှန်ပါ့)၊ သမ္မာဒိဋ္ဌိနဲ့မြင်တာမဟုတ်ဘူး၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါဆိုတာ (စိတ်)အမြင် (ဉာဏ်) နဲ့မြင်တာမဟုတ်ဘူး၊ (ဉာဏ်) အမြင်က(ရုပ်)ပဲ၊ မြတ်စွာဘုရားက 'ယထာပညာ

ယပဿတီ' (ပညာဉာဏ်) နဲ့၎ ပါလို့ ဟောတာပေါ့ (မှန်ပါဘုရား)
စိတ်နဲ့ကြံတာ (သတ္တဝါ) ပညတ်တွေလည်း ပါရတာ၊
မကြံတာက(နိဗ္ဗာန်) နဲ့ ပရမတ် တရားတွေပဲ (ပရမတ်)ကို မကြံတတ်
ကြဘူး၊ (ပရမတ်)ကို ကြံတတ်ဖို့က(ရုပ်)မှန်းသိစေတဲ့ (သမ္မာသက်ပွ)က
ဒီနေရာမှာကောင်းစွာ မှန်စွာကြံတတ်အောင် (ပညာဉာဏ်) နဲ့ကြံရ
မှာ(မှန်ပါ)၊ စိတ်နဲ့ကြံတာ(သတ္တဝါ)တွေ၊ငါ၊သူ၊ယောကျ်ား၊ မိန်းမတွေ
ဖြစ်နေရင် ဒိဋ္ဌာသဝ၊ (ဒိဋ္ဌိ) ဝင်ပြီပေါ့ (မှန်ပါ)

စိတ်ကကြံတာသတ္တါဝ (ဓမ္မာရုံ) နဲ့လွဲနေပြီလို့ ဘုန်းကြီး
စပ်ထားတယ်၊ (စိတ်) က ကြံတတ်တာတွေက (သတ္တဝါ) ဖြစ်တဲ့ ငါ၊
သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ် (ပညတ်) တွေပဲကြံတတ်တာ၊ ဒီလို
(ပညတ်) ကိုပဲကြံတတ်တော့ (ဓမ္မာရုံ) နဲ့လွဲနေပြီပေါ့။ ဒါကြောင့် ပညတ်
(သတ္တဝါ) သိကိုပယ်ခွါပြီး (ဓမ္မာရုံ)နဲ့မလွဲအောင် (စိတ်) ကိုလည်း
(မနော)မှန်းသိရတယ် (ငှ) စိတ်လို့မအောက်မေ့ရဘူး (မှန်ပါဘုရား)

(သတ္တဝါ) လို့အောက်မေ့နေရင် (အဝိဇ္ဇာ) ဖြစ်တာပဲ (မှန်ပါ)
ဒါကြောင့် (သတ္တဝါ)မဟုတ်ဘူးဆိုတဲ့ အသိသာလိုရင်းဖြစ်တာ၊ ဒီတစ်ခု
ထဲပဲလိုတယ် (မှန်ပါ) (သတ္တဝါ) လို့သိရင် (ရာဂ၊ ဒေါသ၊ မောဟ)တွေ
ကပေါ်လာတာ (မှန်ပါ) (သတ္တဝါ) တွေပဲဆိုရင် (မောဟ) က ဖြစ်ပြီ၊
(သတ္တဝါ) တွေမဟုတ်ဘူးဆိုရင် (မောဟ)ကလွတ်တာ၊ (သတ္တဝါ)လို့

သိတဲ့အသိကို ပယ်ရမယ်၊ (ဓမ္မာနုပဿနာ)က ဘာပဲမြင်မြင်၊ ဘာပဲကြားကြား (သတ္တဝါ) မဟုတ်ဘူး (ရုပ်) ပဲ (ဝိညာဏ်) စိတ်ပဲ၊ သခ်ၤါရ (ဓမ္မ) ပဲလို့ သူ့နေရာနဲ့သူ သိသိနေရမယ်၊ ဒီ (အသိ) ကိုလေ့ကျင့်ယူရမယ်၊ မဟုတ်ရင် (အဝိဇ္ဇာ၊ တဏှာ) လာမယ်၊ (သတ္တဝါ) မဟုတ်ဘူးလို့သိမှ (ဉာဏ်) ထွက်လာမယ် (မှန်ပါ့ဘုရား)

စက္ခုဉဒပါဒီလို့ (ဓမ္မစကြာ) မှာ မြတ်စွာဘုရားဟောပါတယ် (မှန်ပါ့)၊ မမ္မစက္ခုဆိုတာ ဓမ္မမျက်လုံး (ဉာဏ်) ကိုပြောတာ (ဓမ္မစက္ခု) ဆိုတာ ငါ၊ သူ၊ ယောကျ်ားး၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါမယူမှ (ဓမ္မစက္ခု) ဖြစ်တာ (မှန်ပါ့) မရှိတာကိုမြင်၊ ရှိတာကိုပြင်တတ်တဲ့ ပုထုဇဉ် အကန်းဖြစ်နေရင် (ဓမ္မစက္ခု)မဖြစ်တော့ဘူး (မှန်ပါ့)၊ (သတ္တဝါ) မဟုတ်ပုဂ္ဂိုလ်မပါ၊ဓမ္မသာ၊ဓမ္မစက္ခုဖြစ်သတည်း၊ ပုဂ္ဂိုလ်ပါလျှင် သူ၊ ငါ၊ ဝင်ဏ္ဍိတွင် (ဒိဋ္ဌိ) ဖြစ်သတည်း (မှန်ပါ့)

(သတ္တဝါ) မဟုတ်ဘူး (လူ) မဟုတ်ဘူး၊ ငါ၊ သူ၊ မိန်းမ ယောကျ်ား၊ ပုဂ္ဂိုလ်၊ သတ္တဝါမဟုတ်ဘူး၊ စိတ်၊ စေတသိက် (နာမ်) အကျိုးကြီးက (ရုပ်) အကန်းကြီးကိုခွစီးပြီး (ရုပ်) ကြီးကိုစိတ် စေတသိက် (နာမ်) က လိုရာခိုင်းပြီး သံသရာခရီးသွားနေတာပဲ၊ ရုပ်သေးလိုပဲ၊ ရုပ်သေး (ရုပ်) က (နာမ်) ကြိုးဆွဲရာကနေရတာပဲ၊ တကယ်အမှန်က (စိတ်) နဲ့ကိုယ်ကာယ (ရုပ်) ကြီးကသွားနေတာ၊ စိတ်နဲ့ကိုယ်ဆိုတော့ (နာမ်နဲ့ရုပ်) (ရုပ်နာမ်) ကပဲသွားနေတော့

(ရုပ်နဲ့နာမ်)ပဲလို့ အောင်းမေ့နေရင် လူတို့၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ် (သတ္တဝါ)အသိပျောက်တာပေါ့ (မှန်ပါ့)

လူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ် သတ္တဝါဆိုတာ အခေါ်အဝေါ်နဲ့မည်နဲ့သာရှိတာ၊ တကယ်ရှိတာမဟုတ်ဘူး၊ တကယ်ရှိတာက (ရုပ်၊ နာမ်) ဓမ္မသဘောပဲရှိတာ (မှန်ပါ့)၊ (သတ္တဝါ) ရှိတယ်ဆိုတာ (ပညတ်) ကရှိနေလို့ပဲ (မှန်ပါ့)၊ သတ္တဝါကတကယ်မရှိဘူး၊ ရှိတာကခန္ဓာငါးပါး (ရုပ်၊ နာမ်) ပဲတကယ်ရှိတာ (မှန်ပါ့)၊ ရုပ်နာမ်အမြင်တွေသာရောက်ရင် (သတ္တဝါ) အမြင်ကပျောက်တယ် (မှန်ပါ့)၊ လူတို့တိရိစ္ဆာန်တို့ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါကတကယ်မရှိဘူး၊ သူ့သဘာဝနဲ့သူမို့ ခေါ်ဆိုဖို့မှည့်ထားတဲ့ (နာမည်) ကိုခေါ်တဲ့သဘောပဲ(မှန်ပါ့)

တကယ်တော့ လူဆိုတာ (မနုဿ) လို့ခေါ်တာပဲ၊ မနုဿရဲ့သဘောကအကျိုးအကြောင်းနဲ့တကွ အကျိုးရှိ၊ မရှိကိုလည်း သိတတ်တဲ့သဘောရှိတဲ့ (ရုပ်နာမ်) ဒြပ်ရုပ်ကြီးကိုခေါ်တာ၊ လူဆိုတာအခေါ်အဝေါ်ပဲနာမည် (ပညတ်) ကြီး၊ ဒါကြောင့် (သတ္တဝါ)မဟုတ်၊ အူ၊ အဆုပ်လမ်းဘေးပစ်ထား ယူမသွား၊ ခွေးကချိုလို့သွားလို့ဆိုကြတယ် (မှန်ပါ့)

ဇာနာတိ = နဲ့သိတတ်တာလေးက (ဓမ္မသဘာဝ)လေးပဲ၊ သိတတ်တဲ့ သဘာဝကသိတာ၊ အဲဒါ (စိတ်) မှန်းသိရတယ်၊ လူက

သိတတ်တာမဟုတ်ဘူး၊ ယောက်ျားကသိတာမဟုတ်ဘူး၊ မိန်းမကလည်း သိတတ်တာမဟုတ်ဘူး၊ အဲဒါသဒ္ဒါ (Subject) ကိုမတတ်ရင် (ပရမတ်) ကို မတတ်ဘူး (မှန်ပါ့)

(အာရုံ)ရဲ့သဘောလက္ခဏာအမှန်က (ရူပ်) ပဲ၊ ဒီ(အာရုံ)ရဲ့သဘောလက္ခဏာအမှန်ကိုမသိတာ (မောဟစေတသိက်) ပဲ (မောဟ)ကလည်း (အဝိဇ္ဇာ) ပဲ (မှန်ပါ့) (သတ္တဝါ) လို့သိနေတဲ့မောဟ (အဝိဇ္ဇာ) အသိဖြစ်နေတာ၊ ဒါကြောင့် (သတ္တဝါ) အယူကုန်မှ (အဝိဇ္ဇာ) ကုန်တာ (မှန်ပါ့)

ဒါကြောင့် **"သတ္တဝါကုန်အတ္တမြဲသည်သာ အရိယာ"** ပဲ၊ ဘဝမဆက်တော့ဘူး၊ ပရိနိဗ္ဗာန်ပြုရတာပဲ (မှန်ပါ့)၊ သတ္တဝါအမြင်၊ သတ္တဝါအယူရှိရင် (ယောက်ျား၊ မိန်းမ) အမြင်ဖြစ်တော့ (ရာဂ၊ ဒေါသ၊ မောဟ) ဖြစ်တာပေါ့၊ တကယ်တော့ (ရာဂ၊ ဒေါသ၊ မောဟ) က လွတ်ဖို့အရေးကြီးတာ (ရာဂ၊ ဒေါသ၊ မောဟ) က (နိဗ္ဗာန်)ရဲ့ဆန့်ကျင်ဘက် (မှန်ပါ့)

အခုခေတ်မှာ (သတ္တဝါ) အမြင်ပျောက်အောင် မဟောကြတော့ (ငါ) တရားအားထုတ်နေတာပဲ (ငါ) ရှုနေတာပဲဖြစ်နေကြတော့ (သတ္တဝါ) ရှုကြီးတွေ ဖြစ်နေကြတယ်၊ အမှန်က (ငါ) ရှုနေတာ (ငါ) အားထုတ်နေတာမဟုတ်ဘူး၊ ငါ၊ သူ၊ ယောက်ျား၊ မိန်းမဆိုတဲ့

(သတ္တဝါ) မပါပဲရှု့ရတာ၊ ဒါကြောင့် မိုးကုတ်ဆရာတော်ဘုရားကြီး က (သတ္တဝါ) အမြင်ပျောက်အောင်၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ အမြင်ပျောက်ပြီး (ရုပ်နာမ်) ခန္ဓာငါးပါးပဲဆိုတာသိအောင် ခန္ဓာ ဖြစ်စဉ် (ပဋိစ္စသမုပ္ပါဒ်) နဲ့ပြခဲ့တာပေါ့ (မှန်ပါ့) ဒါကြောင့် (သတ္တဝါ) အမြင်မရှိဖို့ အရေးကြီးဆုံးပဲ(မှန်ပါ့)၊ ငါအားထုတ်တာမဟုတ်ဘူး (ပညာ) အမြင်ကို ရှေ့ကထားပြီး (ဝိရိယ)တို့ (သတိသမ္ဗဇ္ဈင်)နဲ့ သမာဓိနဲ့ အားထုတ်ရတာအားထုတ်တာကလည်း (ဉာဏ်) ဖြစ်အောင် အားထုတ်ရတာ (မှန်ပါ့)

(သတ္တဝါ) အမြင်ပျောက်မှ (နိဗ္ဗာန်)ရောက်တယ် (မှန်ပါ့) (သတ္တဝါ)အမြင်ရှိနေရင် တနည်းပြောရရင် (အာရုံ)ကိုငြိကပ်တတ်တဲ့ အသိရှိနေရင် ဘယ်လိုမှ (နိဗ္ဗာန်) မရောက်နိုင်ဘူး (မှန်ပါ့)၊ ဒုက္ခဆိုတာ ခံစားတာပဲရှိတယ်၊ ဒုက္ခကိုခံစားနေတဲ့ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါမရှိဘူး၊ ဒုက္ခဆိုတာ (ဝေဒနာ) ပဲ၊ ဝေဒနာကိုခေါ်တာ၊ (အဝိဇ္ဇာ၊သင်္ခါရ)အကြောင်းကြောင့်(ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ) ဆိုတဲ့အကျိုး (ရုပ်နာမ်) ခန္ဓာငါးပါးရနေတာပဲ (မှန်ပါ့)

ဒီခန္ဓာငါးပါးထဲမှာ (ဝေဒနာ) ပါနေပြီး အဲဒီ (ဝေဒနာ) ကလည်း ဒုက္ခပဲ၊ (ခန္ဓာငါးပါး) ရလို့အကျိုး (ဒုက္ခဝေဒနာ) ရတာပဲ၊ (ဝေဒနာ) ကခံစားတဲ့သဘောပဲ၊ (ရုပ်နာမ်)ကခံစားတာပဲ၊ ဘယ်မှာလည်း ငါခံစားတာ သူခံစားတာ၊ ယောကျ်ားက ခံစားတာ၊ မိန်းမက

ခံစားတာဆိုတဲ့ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ (သတ္တဝါ)မရှိဘူး၊ (ဝေဒနာ)ကဆင်းရဲတဲ့(ဒုက္ခဝေဒနာ)၊ကာယိကဒုက္ခဝေဒနာ **မဟုတ်** လား မသက်မသာခံစားနေရတာ၊ ကာယိကဒုက္ခဝေဒနာ၊ **ကာယ** ဝိညာဏ်ပေါ့၊ ဝေဒနာက (သတ္တဝါ) မှမဟုတ်တာ၊ ဝေဒနာကွန္ဓာပဲ **(ဝေဒနာ)**ကို ငြိကပ်ရင် (သတ္တဝါ) ဖြစ်ပြီပေါ့ (မှန်ပါ့)

(အာရုံ)ကိုငြိကပ်တဲ့(သတ္တဝါ) အသိကနေလွတ်နေတော့ ယောကျ်ားအပေါ် မိန်းမအပေါ်၊ သားအပေါ် သမီးအပေါ်စတဲ့ကိုယ်နဲ့ ဆက်ဆံတဲ့သူတွေအပေါ် (ဥပါဒါန်) ဆိုတဲ့ အစွဲလည်းငြိမ်းတယ် ဘာလုပ်ချင်တာ ဘာဖြစ်ချင်တာတို့လည်း ငြိမ်းအေးပြီး စိတ်ထဲမှာဘာ အာရုံနိမိတ်မှလည်း မကပ်ငြိမစွဲလန်းတော့ပဲ ဟာလာဟင်းလင်းကြီး လိုပဲ ကိုယ်သန္တာန်မှာ အေးအေးချမ်းချမ်းကြီဖြစ်လာတာကို ကိုယ့်ဟာ ကိုယ်သိလာတယ် (မှန်ပါ့)

ငါ၊ သူမရှိ၊ ယောကျ်ား၊ မိန်းမ မရှိဘူးဆိုတာသိမှ အနိမိတ္တ (နိဗ္ဗာန်)ရောက်မှာမဟုတ်လား(မှန်ပါ့)၊အနိမိတ္တရောက်မှ(အပနိဟိတ) ဆိုတဲ့မတောင်းမတ မကြောင့်မကျတာတို့ ဖြစ်လာတာ (အပနိဟိတ) ပြီးမှ (သုညတ) ဖြစ်လာတာ (မှန်ပါ့)

ဒါကြောင့် (အာရုံ)ကို ငြိကပ်တတ်တဲ့အမြင်ဖြစ်တဲ့ (သတ္တဝါ) အမြင်ပျောက်မှ (နိဗ္ဗာန်) ရောက်တယ်ဆိုတာပေါ်ပြီမဟုတ်လား

(မှန်ပို့ပေါ်ပါပြီဘုရား) ဒါကြောင့် သတ္တဝါ ကုန်အတ္တမြဲသည်သာလျှင် အရိယာတဲ့၊ ငြိကပ်ခြင်းမရှိတော့ဘူး ဉာဏ်ထဲမှာ (သတ္တဝါ) အမြင် (ဝါ) ငြိကပ်တဲ့အမြင်မရှိရဘူး (အတ္တ) ဆိုတဲ့ မိမိကိုယ်လည်းမရှိဘူး၊ ဒါမှအရိယာဖြစ်ပြီး (နိဗ္ဗာန်) ရောက်တော့တယ် ဒကာကြီး (မှန်ပို့ဘုရား)

သိမ့်တ်ဖွယ်ရာတရားများ

ဇာတိတရား

(ဇာတိ) ဆိုတာအစဦးစွာဖြစ်ခြင်းကို (ဇာတိ) ခေါ်တယ် (မှန်ပါ့) ပဋိသန္ဓေနေတဲ့အခါမှာဖြစ်တဲ့ (ဇာတိ) ကလည်း ဇာတိပဲ (ပဝတ္တိ) အခါဆိုတဲ့ ယခုနေရင်းထိုင်ရင်းမှာ (ခန္ဓာ) တွေရနေတာကလည်း (ဇာတိ) တွေရနေတာပေါ့ (မှန်ပါ့)

ပဋိသန္ဓေဇာတိရတာက၊ အဲဒီ (ဇာတိ) မှာ (ဟ့ည်တ်) တွေပါတယ်၊ (ပညတ်) ပါတဲ့ (ဇာတိ) ခေါ်တယ် (မှန်ပါ့)

ပညတ္တိ ဘူတံဝါ = (ပညတ်) တို့ဖြင့်ဖြစ်သောကံ၊ ကမ္မနိမိတ္တံ၊ ဂတိနိမိတ္တံ သမ္ဘတံအာရမ္မဏံ ဟောတိတဲ့

သေခါနီး သေပေါက်သေဝမှာ ရောက်နေတဲ့အခါမှာ (ပညတ်) ပါတဲ့ (ကုသိုလ်စိတ်) (အကုသိုလ်စိတ်) တွေဟာ တစ်ဘဝလုံးမှာသူ (Character) သူမျိုး၊ သူမျိုးစေ့တွေဖြစ်နေတယ်၊ ဒီလိုဖြစ်နေတဲ့ ကုသိုလ်၊ အကုသိုလ်(Character)မျိုးစေ့တွေဟာ သေခါနီးမှာသတိရသည်ဖြစ်စေ၊ သတိလစ်နေသည်ပဲဖြစ်စေ ဝိမုတ္တိစိတ် (၁၉)ပါးက (သခ်ါရ)အနေနဲ့ ပြုပြင်ပေးတော့သူ(အာရုံ)မှာ သူပြုခဲ့တဲ့ သူလုပ်ခဲ့တဲ့သူကံကိုအမှတ်ရသောအားဖြင့် ယခုပဲ ပြုနေရသလို (အာရုံ)မှာ

လာထင်တော့တယ်၊ သေတော့မဲ့အချိန်မှာ သတိလစ်လျက်နဲ့ပဲ ထင်မြဲထင်နေပါတယ် (မှန်ပါ့)

ဒီလိုလာထင်တဲ့(ပညတ်နိမိတ်)အာရုံကိုသူသိစိတ် (ဝိညာဏ်) ကတွယ်ရတော့ တွယ်တဲ့ (ပညတ်) အာရုံမှာအစဉ်းစွာသွားဖြစ်ခြင်း (စိတ်)က(ပဋိသန္ဓေစိတ်) ဖြစ်တာပေါ့။ ဘဝဟောင်းရဲ့အပြတ်မှာ ပဋိသန္ဓေတဖန်၊ သန္တိ=ဆက်စပ်၍ဖြစ်ခြင်းပေါ့ (ပဋိသန္ဓေဇာတိ)ရတာပေါ့။ (မှန်ပါ့)အာရုံကို(ဝိညာဏ်)ကတွယ်ပြီး (ပဋိသန္ဓေဝိညာဏ်စိတ်) ရတော့၊ သူဘဝမှာသူ(ပညတ်)အာရုံကြောင့် ဘဝသစ်မှာ(ဇာတိ)သွားဖြစ်တော့ သူစိတ်က (အာရုံ) သစ်ဆီကိုခွါသွားပြီးဖြစ်တော့ သူမှာနောက်ထပ်အစားထိုးစိတ်မလာတော့ပဲ သူစိတ်ခွါသွားတာကို သူမှာ (စုတိ စိတ်)ကျတယ်လို့ ခေါ်ရတာပေါ့။ စုတေ စိတ်ကျတယ်ဆိုတော့ သူစိတ်ရွေ့လျားသွားပြီပေါ့။ သူ့စိတ် ရွေ့လျားသွားတော့ သူမူလခန္ဓာကိုယ်ကြီး မှာ(စိတ်)ခန္ဓာပျက်သွားတော့ သူသေတာပေါ့(မှန်ပါ့)

အဲဒီလို သေခါနီးသေပေါက်သေဝမှာ တွယ်ရတဲ့အာရုံက (ပညတ်) နိမိတ်တွေပါတော့ ပဋိသန္ဓေဖြစ်တာပေါ့။ ဘဝဟောင်းအပြတ်တွင် တဖန်ဆက်စပ်၍ ဖြစ်တဲ့ ပဋိသန္ဓေဖြစ်တော့ (ဇာတိ) ရတာပေါ့။ (ပညတ်) မပါပဲစုတေရင် (ပဋိသန္ဓေ) မနေတော့ဘူး။ (နီဗ္ဗာန်) ကိုရောက်သွားတာပေါ့။ ဒါကြောင့် (ပညတ်) ခွါဖို့အရေးဟာ (ဝိပဿနာ) အားထုတ်ရာမှာ ဘယ်လောက်အရေးကြီးသလဲဆိုတာ

သီရောပို့ ဒကာကြီး (မှန်ပါ့)

(ပညတ်) အာရုံပါတဲ့အတိတ်အာရုံ၊ နိမိတ်တွေနဲ့ (ပဋိသန္ဓေ) စတာ အဲဒါ (ဇာတိ) ပဲ (မှန်ပါ့)

ဇာတိတပါနဘာဝတောတဲ့=(ဇာတိ)ဟာ(ခန္ဓာ)ကိုဖြစ်စေတယ်၊ ခန္ဓာဗေဓေါဝမရဏံတဲ့=ခန္ဓာပျက်သွားရင် မရဏံသေတာပဲ ဇာတိ၊ ဇရာ၊ မရဏဆိုတာ (ရုပ်နာမ်)ရဲ့ ဇာတိ၊ ဇရာ၊ မရဏကိုဆို တာပေါ့။ (မှန်ပါ့)။ ဇာတိ ပိဒုက္ခော၊ မရဏံပိဒုက္ခံ ဆိုတာဟာ ဇာတိ ဒုက္ခရလာလို့ အိုး၊ နာ၊ သေ ဒုက္ခတွေနဲ့ သံသရာလည်တာမှာ သစ်ပင် ကနေ အသီး၊ အသီးကနေအပင်ဆိုသလို ဘဝသံသရာလည်ကြရ တာပေါ့။

အရင်ဘဝက လူဘဝ၊ နတ်ဘဝ၊ တိရိစ္ဆာန်ဘဝကပဲဖြစ်စေ၊ (အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်ကမ္မဘဝ) တွေ လုပ်ခဲ့လို့ ယခုဘဝ (ပဋိသန္ဓေဇာတိ)ရလာတဲ့အခါ ကိုယ်ဝန် ၃လ ကျော်မှ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ဆိုတဲ့ (အာယတန) တွေရလာမှပဲ (ဇာတိ) လို့ခေါ်တာ (မှန်ပါ့)၊ ဒါကြောင့် ဒီဘက်မှာ (ဇာတိ)လာဖြစ်တဲ့ဘဝက အမိဝမ်းထဲမှာ (ဝိညာဏ်၊ နာမ်၊ ရုပ်၊ သဠာယတနာ၊ ဖဿ၊ ဝေဒနာ) ဆိုတဲ့ (ခန္ဓာငါးပါး)ဇာတိရလာတာပေါ့ (မှန်ပါ့) ခန္ဓာငါးပါး ကို ဇာတိ၊ ဇရာ၊ မရဏ ပေါင်းထည့်ရင် ဝိပါကဝဋ်ကြီး (၈)ပါး ရလာတာပေါ့ (မှန်ပါ့)

ဒီလိုနဲ့ လူရယ်လို့ဖြစ်လာတော့ အခုနေနေတဲ့ပဝတ္ထိအခါ
မှာလည်း(ဇာတိ)တွေရနေတာပဲ၊(ပဝတ္ထိဇာတိ)တွေရနေတာပဲ (မှန်ပါ)၊
လူရဲ့ ခန္ဓာကိုယ်မှာအခဓါတ်ခေါ်တဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊
ကိုယ်၊ စိတ်ဆိုတဲ့ အတွင်းအာယတန ၆ပါးနဲ့ အပြင်က အဆင်း၊ အသံ၊
အနံ့၊ အရသာ၊ ထိတွေ့မှု၊ ကြံတွေးမှု၊ အာရုံ၆ပါးတို့ တွေ့တိုက်တော့
(ဝိညာဏ်) စိတ်ခန္ဓာကနေ (ရုပ်နာမ်) ခန္ဓာငါးပါး ရတာကလည်း
(ပဝတ္ထိဇာတိ)ရတာပေါ့ (မှန်ပါ့)

စက္ခုနဲ့ ရူပါရုံနဲ့တွေ့တော့ စက္ခုသံဖဿဝေဒနာဖြစ်စေတဲ့
(ဖဿ)ကလည်း(ဇာတိ)ပဲ၊ ဝေဒနာရတာလည်း(ဇာတိ)ရတာပဲ
(မှန်ပါ့)၊ ပဝတ္ထိခန္ဓာတွေရတာကလည်း ဇာတိပဲ (မှန်ပါ့) (အာရုံ)
ပညတ်၊ (စိတ်)ကဝိညာဏ်ဆုံရင် (ဖဿ)ဖြစ်သတည်း၊ မဆုံရင်
(နိဗ္ဗာန်) ရောက် သတည်းဆိုတာ (အာရုံ) က ပညတ်စိတ်(ဖဿ)ဖြစ်
တော့(ဇာတိ)ရတာပေါ့၊ အာရုံ (ပညတ်)နဲ့ စိတ်(ဝိညာဏ်)တို့မဆုံရင်
(အဇာတိ) နိဗ္ဗာန် ရောက်သွားတာပေါ့ (မှန်ပါ့)

ပဝတ္ထိဇာတိဆိုတာ အခုအခါ အခုဖြစ်တဲ့ (ဇာတိ) တွေပေါ့၊
မြင်တာတို့ ကြားတာတို့၊ တွေးတာကြံတာတွေလည်း ပဝတ္ထိ (ဇာတိ)
တွေပေါ့ (မှန်ပါ့) အစလေးဖြစ်တဲ့ဟာတိုင်းဟာ(ဇာတိ)တွေပေါ့
(ဥပ္ပါဒေါ)ဖြစ်တဲ့(ခန္ဓာ)လေးရတဲ့(ခန္ဓာ)ရတာလည်း(ဇာတိ)ရတာပဲ
ပေါ့၊ ဒါကြောင့်

ဥပ္ပါဒေါဘယံ၊ အနုပ္ပါဒေါခေမန္တိ
ဥပ္ပါဒေါဒုက္ခံ၊ အနုပ္ပါဒေါ သုခန္တိ
ဥပ္ပါဒေါသင်္ခါရာ၊ အနုပ္ပါဒေါ နိဗ္ဗာနန္တိ။

အဓိပ္ပါယ်က -

ခန္ဓာဇာတိရခြင်း (ဖြစ်ခြင်း) သည်ဘေးမည်၏။
ခန္ဓာဇာတိမရခြင်း (မဖြစ်ခြင်း) သည်ဘေးကင်းရာမည်၏။
ခန္ဓာဇာတိရခြင်း (ဖြစ်ခြင်း) သည် (ဒုက္ခ)မည်၏။
ခန္ဓာဇာတိမရခြင်း (မဖြစ်ခြင်း) သည် (သုခ)မည်၏။
ခန္ဓာဇာတိရခြင်း (ဖြစ်ခြင်း) သည် (သင်္ခါရ)မည်၏။
ခန္ဓာဇာတိမရခြင်း (မဖြစ်ခြင်း) သည် (နိဗ္ဗာန်)မည်၏တဲ့

(မှန်ပါ)

သင်္ခတံ က ဥပ္ပါဒေါပညာယတိ
အသင်္ခတံက အနုပါဒေါပေါ့
အသင်္ခတ = ဆိုတာဖြစ်ခြင်း၊ ပျက်ခြင်းမရှိဘူး
အနိစ္စံသင်္ခတံ၊ ပဋိစ္စသမုပ္ပါဒ်နဲ့တဲ့၊ ခယဓမ္မံ ဝယဓမ္မံဖြစ်ခြင်း၊ ပျက်ခြင်းရှိတယ်၊ (သင်္ခတ) ကဖြစ်ခြင်းပျက်ခြင်းရှိလို့ (ဒုက္ခသစ္စာ) ပဲ

(အသင်္ခံ့တ) ကဖြစ်ခြင်း၊ ပျက်ခြင်း ဒုက္ခမရှိလို့ ဒုက္ခချုပ်ငြိမ်းရာ (နိဗ္ဗာန်)ပေါ့၊ ဒါကြောင့် (ဇာတိ)အဖြစ်မခံရင်(နိဗ္ဗာန်)ပေါ့ (မှန်ပါ)

ကိုယ့်မှာရှိတဲ့ ဒွါရ ၆ပါးက အပြင်ကအတိုက်ခိတ်အာရုံ ၆ပါးကြောင့် (ဝိညာဏ်) စိတ် ၆ပါးရတယ်၊ ဖဿ၊ စေတနာ၊ စေတသိက်တွေက အပြင်က သညာ (ပညတ်) တွေနဲ့ပေါင်းတော့ မနောထိရောက်ပြီး မနောစိတ်၊ အပိုစိတ် (ခန္ဓာငါးပါး) ရတော့တာပဲ၊ (ခန္ဓာ) ဆိုတာနဂိုလ်ကမရှိဘူး၊ အပြင်ကအာရုံ ၆ပါးနဲ့ ဒွါရ ၆ပါးတို့ တွေ့တိုက်တော့မှ (အာရုံ) ကနေ (အာရာမဏိက) ခန္ဓာဆိုတဲ့ နဂိုလ်စိတ် (ခန္ဓာ) ဆိုတာဖြစ်လာတာ၊ နဂိုလ်ကမရှိဘူး၊ (အာရုံ)က (ပညတ်) တွေနဲ့ ပေါင်းမိတော့မှ အပိုစိတ် (ခန္ဓာငါးပါး) ဖြစ်လာရတာပေါ့ (မှန်ပါ့)၊ ဒါကြောင့် (ခန္ဓာငါးပါး)မှာ ဘယ်ခန္ဓာပဲဝင်ဝင် ပိုင်းခြားသိလိုက်တော့ (ခန္ဓာ)ရဲ့ ဖြစ်ပျက်မြင်တော့ (ဇာတိ) အဖြစ်မခံရဘူးပေါ့၊ (ဇာတိ) အဖြစ်မခံရရင် (နိဗ္ဗာန်) ပဲပေါ့ (မှန်ပါ့)

အစဦးစွာဖြစ်ခြင်းက (ဇာတိ)၊ ပြည့်စုံစွာဖြစ်ခြင်းက သဠာတိ (ခက်မငါးဖြာ) ဖြစ်တာပေါ့ (မှန်ပါ့)၊ အဘိနိပ္ပတ္တိ = ကရှေ့၍ဖြစ်ခြင်း၊ ခန္ဓာနံပါတုဘာဝေါ၊ အာယတနာနံပဋိလာဘော = ဒွါရ၆ပါးကလည်း ဖြစ်တယ်၊ အယံဝုစ္စတိဘိက္ခဝေ (ဇာတိ)၊ အဲဒါ (ပဝတ္တိဇာတိ) ကို ပြောတာ (မှန်ပါ့)

ပဋိသန္ဓေအခါမှာ ဇာတိဖြစ်ပုံကတော့၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ အာယတန ၆ပါး (ဝါ) သဠာယတန (ဝါ) ဒွါရ ၆ပေါက်တွေ ပေါ်လာမှ (ဇာတိ) ရတယ်လို့ခေါ်ရတာပဲ (မှန်ပါ့)

ယခုအခါ (ပဝတ္တိ) အခါမှာဒွါရ ဖဿပေါက်ကဖြစ်လာတဲ့ (ဝိညာဏ်) စိတ်ခန္ဓာရလာတဲ့အခါမှာ (ရာဂ) ဖြစ်မှ (ဇာတိ) ဖြစ်တာ (မှန်ပါ့)၊ (ရာဂ) မဖြစ်ရင် (ဇာတိ) မရသေးဘူး၊ ဒါက(အရိယာ)တွေ အတွက်ပဲ၊ (ပုထုဇဉ်)တို့ကတော့ (ခန္ဓာ) ရတာနဲ့ (ရာဂ) ဝင်လာပြီး (ဇာတိ) ရတော့တယ်၊ (မှန်ပါ့)

(ရာဂ) တစ်ခုထဲမဟုတ်သေးဘူး၊ ရာဂဖြစ်ရင် ရာဂ (ဇာတိ) ဒေါသဖြစ်ရင် ဒေါသ (ဇာတိ) လောဘဖြစ်ရင်လောဘ (ဇာတိ) လောကီအကြောင်းတွေပြောနေရင်၊ နားထောင်နေရင် (မောဟ)နဲ့ (ဇာ့တိ) ပေါ့ (မှန်ပါ့)၊ ရာဂတို့ လောဘ၊ ဒေါသ၊ မောဟတို့က ဝမ်းထဲရောက်တဲ့ (ဇာတိ) ပေါ့၊ ဝမ်းထဲရောက်တာ အမျိုးမျိုးဆိုတော့ (ဇာတိ) ကလည်းအမျိုးမျိုးရတာပေါ့ (မှန်ပါ့)၊ သားသမီးအကြောင်း ရွှေ၊ ငွေ၊ တိုက်တာ အစရှိတဲ့ကိုယ်စွဲလန်းရာပြောနေရင် (ဥပါဒါန်) ရဲ့ (ဇာတိ) ပေါ့၊ လောကီအကြောင်း မပြောနဲ့၊ တဏှာဖြစ်စေတာမပြောနဲ့၊ စွဲလန်းတာတွေအမှတ်မရနဲ့၊ ဒါတွေမရရင်အဝိဇ္ဇာရဲ့ (ဇာတိ) တဏှာရဲ့ (ဇာတိ) ဥပါဒါန်ရဲ့ (ဇာတိ) တွေကလွတ်မှာပေါ့ (မှန်ပါ့)

(အာရုံ) က ပညတ်ဖြစ်လို့ (စိတ်) က (ဝိညာဏ်)ဖြစ်တော့ ဝိညနက္ခန္ဓာကို (ဖဿ) ကဝင်ရင် (ဝေဒနာ) တန်းရတာ (ခန္ဓာငါးပါး) တန်းဖြစ်တော့ ပုထုဇဉ်တို့မှာ (ခန္ဓာ) ရတာနဲ့ (ဇာတိ) ရတာပဲ၊ စက္ခုသံဖဿဝေဒနာ၊ မနောသံဖဿဝေဒနာစတဲ့မြင်တာ၊ ကြားတာ၊

တွေးတာနဲ့ ခန္ဓာငါးပါးရကြလို့ (ခန္ဓာ) ဖြစ်တာနဲ့ (ဇာတိ) ရတာပဲ (မှန်ပါ့)၊ ဒါကြောင့်(ဖသ)မဖြစ်ရအောင် ဒိဋ္ဌဒိဋ္ဌမတွံ့၊ မြင်ကာ မတွာ၊ ကြားကမတွာ၊ အသိလိုက်ရင်(ရာဂ)မဝင်တော့ပဲ သတိမဂ္ဂင်၊ ပညာမဂ္ဂင် တို့က (အာရုံခန္ဓာဇာတိ)တွေကို မရအောင် ဖျက်ပစ်လိုက်တော့ ခန္ဓာမရပဲ (မဂ္ဂင်) လမ်းပေါ်ရောက်တော့ (ပရမတ်) ဖြစ်သွားတာဖေ့ (မှန်ပါ့)

ဒါမျိုး(သဒ်တ)ပရမတ်အဖြစ်များလာတော့(အသဒ်တ) ပရမတ်ကိုကြာတော့ ကူးပြောင်းသွားတာပေါ့ (မှန်ပါ့) ခန္ဓာဆိုတဲ့ (ရုပ်နာမ်)ကို၊ သိရာကနေ (ရုပ်နာမ်) မဖြစ်ရာ မပျက်ရာ (နိဗ္ဗာန်) သို့ ကူးပြောင်းသွားတာပေါ့ (မှန်ပါ့)

အသက်တွေဘယ်လောက်ပဲကြီးကြီး၊ တရားမရသေးရင် (ဇာတိ) က ဖြစ်တုံးပေါ့၊ အဲဒီ(ဇာတိ)တွေမဖြစ်တဲ့ (အဇာတိ) က (နိဗ္ဗာန်)ပေါ့၊ (ဇာတိခန္ဓာ)တွေ ရတာမျိုးကို (ဥပါဒါနက္ခန္ဓာ)ခေါ်တယ်၊ ဥပါဒါနက္ခန္ဓာဇာတိရတယ်လို့လည်း ပြောလို့ရတယ်၊ ဇာတိ = ဇာတိ = ဥပါဒါနက္ခန္ဓာဟာအတူတူပဲ (မှန်ပါ့)

ဘိက္ခဝေ = ရဟန်းတို့ ဇာတိ = ဇာတိ အဖြစ်ကို နိဗ္ဗိဒါယ = ငြီးငွေ့ခြင်းငှာ ဝိရာဂါယ = တပ်မက်ခြင်းကင်းခြင်းသည်ရှိသော်၊ အနုပါဒံ = တစ်စုံတစ်ခုဖြင့် မစွဲလန်းသည်ရှိသော်၊ နိရောဓါယ =

ချုပ်ခြင်းငှာ၊ ပဋိနိသဂ္ဂါယ = စွန့်ခြင်းငှာ၊ ပဋိပန္နော = ကျင့်သော ပုဂ္ဂိုလ်ကို ဓမ္မာနုဓမ္မပဋိပန္နော = လောကုတ္တရာတရားအားလျော်စွာ ကျင့်သောပုဂ္ဂိုလ်ဟူ၍လည်းကောင်း၊ ဒိဋ္ဌဓမ္မနိဗ္ဗာနပတ္တော = မျက်မှောက်ထင်ထင် (နိဗ္ဗာန်) ကိုရောက်သော ပုဂ္ဂိုလ်ဟူ၍ ဝစ္စနာယ = ဆိုခြင်းငှာအလွန်ထိုက်၏တဲ့ (မှန်ပါဘုရား)

ရဟန္တာ

ဒကာကြီးက (ရဟန္တာ) အကြောင်းသိချင်တယ်ဆိုတော့၊ အေး . . ပြောရရင် (ရဟန္တာ)ကဘဝအကျိုးပေးကိုလိုက်လို့ ကျင့်တဲ့တရား ကိုလိုက်လို့ ပါရမီအနည်းအများကိုလည်းလိုက်လို့ (ရဟန္တာ)ကလည်း အမျိုးအစားတွေရှိကြတယ်(မှန်ပါ)

(၁) အနိမိတ္တရဟန္တာ က - ၁ပါး
(၂) အပ္ပဏိဟိတရဟန္တာ က - ၁ပါး
(၃) သုညတ ရဟန္တာ က - ၁ပါး
(ရဟန္တာ) က ၃မျိုး၃စားရှိတယ် (မှန်ပါ)

(၁) သုခပဋိပဒါခိပ္ပဘိညာရဟန္တာတဲ့
ချမ်းချမ်းသာသာနဲ့ နေထိုင်ရပြီး လွယ်လွယ်ကျင့်ရပြီး၊ တံဏားရလွယ်တာ မြန်တာမျိုး (မှန်ပါ)
(၂) သုခပဋိပဒါဒန္ဓာဘိညာ ရဟန္တာတဲ့

ချမ်းချမ်းသာသာနေထိုင်ရသော်လည်း ခက်ခက်ခဲခဲကျင့်ရလို့ တရားရနှေးတာမျိုး (မှန်ပါ)

(၃) ဒုက္ခပဋိပဒါခိပ္ပဘိညာရဟန္တာတဲ့

ဆင်းဆင်းရဲရဲနေထိုင်ရသော်လည်း တရားရလွယ်တာ၊ မြန်တာမျိုးပဲ

(၄) ဒုက္ခပဋိပဒါ ဒန္ဓဘိညာရဟန္တာတဲ့

ဆင်းဆင်းရဲရဲနေထိုင်ရတယ်၊ ခက်ခက်ခဲခဲကျင့်ပြီးမှ တရားရနှေးတာမျိုးရယ်လို့ အနေအထိုင်ချမ်းသာမှု၊ ဆင်းရဲမှုနဲ့ နေထိုင်ရပြီးတရားရတော့ လွယ်ကူလျင်မြန်စွာ တရားရမှုနှေးကွေးပြီး ခက်ခဲတာမျိုးရယ်လို့ ဒီ ၄မျိုးပေါ်မှာ မူတည်ပြီး၊ (ရဟန္တာ)ဖြစ်ကြတာမျိုးလည်းရှိကြတယ် (မှန်ပါဘုရား)

အထက်ကပြောခဲ့တဲ့ရဟန္တာ ၃မျိုးကအနေအစားချမ်းသာမှု၊ ဆင်းရဲမှုကွာခြားပြီး တရားရမြန်တာ၊ နှေးတာရယ်လို့ ၄မျိုးကွဲပြီးမှ ရဟန္တာဖြစ်ကြတော့ အမျိုးကွဲတာက ၃မျိုးနဲ့ ကျင့်ကြံရတဲ့ဆင်းရဲချမ်းသာတရား အနှေးအမြန် အမျိုးကွဲရတာက ၄မျိုးကွဲတာနဲ့ မြောက်ရင် ၃ × ၄ = ၁၂ ပါး ၁၂မျိုးထွက်တာပေါ့ (မှန်ပါ)

နောက်ပြီး(ရဟန္တာ)ဖြစ်တဲ့အခါကြတော့ ရှေးရှေးဘဝတွေက ဖြည့်ဆည်းခဲ့တဲ့ ပါရမီသတ္တိသူးခြားမှု အနည်းအများကို လိုက်လို့

ပါရမီနဲ့ဖြစ်တဲ့ ရဟန္တာက (၅)မျိုးရကြပြန်တယ်၊ မြေလျှောက် ရဟန္တာ၊ စျာန်ပံ့ရဟန္တာ ဆိုသလိုပေါ့ (မှန်ပါ့)

(၁) ပညာဝိမုတ္တိရဟန္တာ = ပညာနဲ့ကိလေသာမှလွတ်ပြီး ရဟန္တာ ဖြစ်တာ

(၂) ပုတောဘာဂဝိမုတ္တရဟန္တာ = အသိရော၊ အကျင့်တရားနဲ့ ပါရဟန္တာ ဖြစ်တာ

(၃) တေဝိဇ္ဇာရဟန္တာ = (ပု၊ ဒိ၊ အာ) = ပုပ္ပေနိဝါသညာဏ်၊ ဒိဗ္ဗစက္ခုညာဏ်၊ အာသဝက္ခယညာဏ်တွေရတဲ့ ရဟန္တာ

(၄) ဆဠဘိညာရဟန္တာ = အဘိညာဏ် ၆ပါးနဲ့ရတဲ့ ရဟန္တာ ဖြစ်တာ

(၅) ပဋိသမ္ဘိဒါပတ္တရဟန္တာ = ပဋိသမ္ဘိဒါ ၄ပါးနဲ့ရတဲ့ ရဟန္တာ ဖြစ်တာ

ဒီရဟန္တာ (၅)မျိုးက ခုနက (၁၂) မျိုးထဲက တခါထပ်ပြီး ကွဲပြားတဲ့ ရဟန္တာတွေပေါ့။ ဒါကြောင့် ၁၂မျိုးနဲ့ အခု ၅မျိုးနဲ့ မြှောက်လိုက်ရင် (၅ × ၁၂ = ၆၀) ပေါ့။ (ရဟန္တာ) ဖြစ်ကြတာကွဲပြားတဲ့ အမျိုး(၆၀)ထွက်လာတာပေါ့ (မှန်ပါ့ဘုရား)

နိဗ္ဗာန်

(နိဗ္ဗာန်) ဆိုတာမဖြစ်တာကိုခေါ်တယ်၊ ဘာမဖြစ်တာလည်း ဆိုရင် (ရုပ်နာမ်သခ်ါရ)မဖြစ်တာ (သခ်ါရ) ဆိုတာ (ဖြစ်တာ)၊ သခ်ါရ

ဒုက္ခက (ဖြစ်ဒုက္ခ) ပေါ့၊ ဝိပရိဏာမဒုက္ခဆိုတာ (ပျက်ဒုက္ခ) ပေါ့၊ ဒီ ဖြစ်ဒုက္ခ (သင်္ခါရ) မှမရှိရင် ပျက်ဒုက္ခလည်းမရှိဘူးပေါ့ (မှန်ပါ့)၊ ဒါကြောင့် မိုးကုတ်ဆရာတော်ဘုရားကြီးက (သင်္ခါရ) ကုန်ပျောက် (နိဗ္ဗာန်) ရောက်လို့ဟောတာပေါ့ (မှန်ပါ့)၊ သင်္ခါရဆိုတဲ့ ဖြစ်ဒုက္ခ ကုန်သည်ဖြစ်စေ သင်္ခါရမဖြစ်ဓတ္ဘရင် (အသင်္ခတ) ရုပ်နာမ်ဒုက္ခ မဖြစ်ရာ၊ မပျက်ရာဟာ (နိဗ္ဗာန်) ပေါ့ (မှန်ပါ့)၊ သမုဒယသစ္စာ ဆိုတာလည်း ဖြစ်ကြောင်းပေါ့၊ ဒုက္ခက ဖြစ်တာပေါ့၊ (မှန်ပါ့)၊ ဥပ္ပါဒေါလည်းဖြစ်တာပဲပေါ့၊ အနပ္ပါဒေါက မဖြစ်တဲ့ (နိဗ္ဗာန်) ပေါ့ (မှန်ပါ့ဘုရား)

ဒုက္ခဖြစ်မှုတွေကုန်တာလည်း နိဗ္ဗာန်ပဲ (သင်္ခါရ) ဖြစ်မှုတွေ ငြိမ်းသွားတာလည်း (နိဗ္ဗာန်)ပဲပေါ့ (မှန်ပါ့)

ဝုတ္ထာနဂါမိနီဝိပဿနာကဖြစ်တာကနေ ထတာ၊ ဖြစ်တာက ပဝတ္တိနိမိတ်ခေါ်တယ်၊ နေရင်းထိုင်ရင်း ဖြစ်နေတဲ့ (ပဝတ္တိ) အခါမှာ ဖြစ်နေတဲ့ (အာရုံ)တွေ နိမိတ်(သင်္ခါရ)ကနေ(ဝုတ္ထာန)က ထမြောက်တာ၊ လွတ်မြောက်တာပေါ့၊ အဲဒီ (ဖြစ်နေ) တာကနေတထာကလွတ်မြောက်တာပေါ့ (မှန်ပါ့)၊ ဝုဋ္ဌာနက ပဝတ္တကို့ (သင်္ခါရ)နိမိတ်တွေမရှိတော့တာပေါ့ (မှန်ပါ့)

(နိဗ္ဗာန်)ဆိုတာသူများ ပြောလို့သိရတာမျိုး၊ ရေးပြတာဖတ်ရှု

ရလို့သိရတဲ့ အသိမျိုးနဲ့သိရတာမျိုးမဟုတ်ဘူး၊ ကိုယ်ဟာကိုယ်သိရတာ၊ ကိုယ်မှာဖြစ်တာလည်း မရှိတော့ဘူး၊ ပျက်တာလည်း မရှိတော့ပါလား၊ ကိုယ်မှာ (ရာဂ၊ ဒေါသ၊ မောဟ) တွေ မရှိတော့ပါလားလို့ ကိုယ့်ဟာကိုယ်သိရတာမျိုးပဲ၊ ခန္ဓာငါးပါး (ရုပ်နာမ်) ရစေတဲ့ ဖြစ်စေတဲ့၊ ပျက်စေတဲ့ ဒုက္ခတွေကငြိမ်းပါပေါ့လား၊ (အာရုံ)တွေ(နိမိတ်)တွေ မပေါ်တော့လို့ အေးချမ်းငြိမ်သက်နေလို့ အလွန်နေလို့ကောင်းပါလား ဆိုတာ (နိဗ္ဗာန်)ကို ကိုယ်ဟာကိုယ်သိနေရတာမျိုးပဲ၊ ဒါကြောင့် ကိုယ်ဟာကိုယ်သိရလို့-

ဝ
ဒဋ္ဌဓမ္မော၊ ပတ်တဓမ္မော
ဝိဓိတဓမ္မော၊ ပရိရောဂန္တဓမ္မော
တိဏ္ဏဝိစိကိစ္ဆော၊ ဝိဂတဂတံဂတော
အပရပစ္စယော ဝေသာရဇ္ဇပတော ဆိုတဲ့အတိုင်းပဲ

တဏှာကွယာ၊ ဒုက္ခတိရောနိဗ္ဗာန်တဲ့ = တဏှာကုန်တယ်၊ ဒုက္ခဖြစ်တာတွေ ကုန်တယ်၊ (သခ်ါရ)ဖြစ်တဲ့ လောကီစိတ်တွေ ကုန်သွားတယ် (မှန်ပါ)၊ ဒါကြောင့်တရားတွေလွှတ်လည်း ဟောတာစုံပြီ၊ အားထုတ်ကြဖို့ပဲရှိတော့တယ်၊ ဒီဘဝမှာ အရိယာဖြစ်ဒေါင် အားထုတ်ကြ (မှန်ပါဘုရား)။

ဓမ္မာနုပဿနာ (ဒုတိယတွဲ)ပြီး၏

ဦးကံညွန့်

ဦးကံညွန့် ပုဇော်ထားသော တရားစာအုပ်များ

၁၉၉၅



၁၉၉၆

၁၉၉၇



၁၉၉၈



၁၉၉၉



၂၀၀၁



၂၀၀၀

၂၀၀၀

၂၀၀၂